ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ



၂၀၁၁ ဖေဖော်ဝါရီ      အတွဲ (၁) အမှတ်(၃)

## မျက်နှာဖုံးဆောင်းပါး

# ရှေ့ခရီးအတွက်စဉ်းစားချက်

## ရဲဘော်ညိုမင်း



"လမ်းပြမြေပုံခရီး" ပြီးဆုံးတော့မည်။ "၂၀၀၈ အခြေခံဥပဒေခရီး" စတော့မည်။ မိမိတို့က ရှေ့မှာ ဘာလုပ်ကြမလဲဆိုတာကို စဉ်းစားကြရတော့မည်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ စဉ်းစားချက်ကို တင်ပြပါသည်။

(၁) ကုန်သွားခဲ့သည့် '၆၃' နှစ်ခရီး ဖြစ်စဉ်မျိုးကို တကျော့မပြန်ချင်တော့ပါ။ ဒါက ဗကပ၏ ဆန္ဒဖြစ်သည်။

၆၃ အစတုန်းကလည်း (၁၉၄၈ တုန်းကလည်း) ထိုဆန္ဒမျိုး ရှိခဲ့ပါသည်။ သို့သော် ဆန္ဒအတိုင်း မဖြစ်ခဲ့ပါ။

အာဏာမာန်ယစ်နေတဲ့ ဖဆပလ အစိုးရက သူ့အာဏာစက်အောက်တွင် အားလုံး ပြားပြားမှောက်နေကြစေချင်သည်။

မတ်လ (၁၂) ရက်တွင် ဆိုရှယ်လစ်ဝန်ကြီးတဦးရဲ့ မဖွယ်မရာသတင်း ထည့်ရကောင်းလားဆိုကာ သတင်းစာတိုက်တချို့ကို လူအုပ်နဲ့ ရိုက်ချိုးဖျက်ဆီးခဲ့သည်။ ဒါဟာ တရားဥပဒေပြင်ပမှာ လူအုပ်နဲ့ ရမ်းကားခဲ့ခြင်း ဖြစ်သည်။

ဤကိစ္စ သာမန်ကိစ္စ မဟုတ်ပါ။ သူ့အာဏာစက်အောက်ကို ကျိုးနွံစွာ မဝင်လျှင် ဥပဒေတွင်း ဥပဒေပနည်းဖြင့် နှိမ်နင်းပစ်မည်ဟု ကြေညာလိုက်ခြင်း ဖြစ်သည်။ နောက် (၁၆) ရက်ကြာတော့ ပြည်တွင်းစစ် စပြီး ဖြစ်သည်။

ဖဆပလအစိုးရတဖက် ဗကပ တဖက် ဒီ ၂ ဖက်သာ တိုက်ကြရလျှင် ဗကပ ကြာရှည်တိုက်နိုင်မည် မဟုတ်ပါ။ သို့သော် ဖဆပလက အာဏာမာန်တက်ပြီး လူတကာကို ရန်လုပ်သဖြင့် ပြည်တွင်းစစ်ကြီး ကျယ်ပြန့်သွားခြင်း ဖြစ်သည်။

ယခုလည်း ဖဆပလအစိုးရထက် ပိုတဲ့ အာဏာမာန်ဖြင့် "ကြံ့/ဖွံ့ အစိုးရ"နဲ့ "ကြံ့/ဖွံ့ လွှတ်တော်"တို့က အားလုံးကိုရန်လုပ်နေလေပြီ။

အားလုံးကို ကျိုးနွံသွားအောင်လုပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။ အထူးသဖြင့် ဒီနေ့လို ပြည်တွင်းပြည်ပအခြေအနေတွင် မဖြစ်နိုင်ပါ။

(၂) "၂၀၀၈ အခြေခံဥပဒေ"သည် "၁၉၄၇ အခြေခံဥပဒေ"ထက် ပိုပြီး တင်းမာသည်။ အာဏာပိုင်ကို လုပ်ပိုင်ခွင့် အများကြီး ပေးထားသည်။ ဒါကြောင့် ပိုပြီး ကြမ်းမည်၊ ရမ်းမည်။ အာဏာ၏ အချက်အချာ ဝန်ကြီး(၃) နေရာကို သူတို့ အပိုင်ယူထားသည်။

"အခန်း (၁၀) နိုင်ငံရေးပါတီများ" ဆိုသည့်အခန်းတွင် ရေးထားတာကို ဖတ်ကြည့်လျှင် မည်မျှ ကြမ်းမည် ရမ်းမည်ကို တွေ့နိုင် သည်။

ထိုအခန်းပါ ပုဒ်မများဖြင့် နိုင်ငံရေးပါတီများကို ချုပ်ကိုင်ထားမှာ သေချာသည်။ "ကြံ့/ဖွံ့အစိုးရ"နဲ့ "ကြံ့/ဖွံ့လွှတ်တော်တို့က အစွမ်းပြကြလိမ့်မည်။

ဤသို့သော အခြေအနေတွင် (သူ့ဘက်ကိုယ့်ဘက် တည်ရှိနေတဲ့ ပကတိအခြေအနေအရ) တကျော့ကြီး ခက်ခက်ခဲခဲ ပတ်သွားရတော့မှာ သေချာနေသည်။ ဖြတ်လမ်း မရှိပါ။

(၃) ပြင်ဆင်ချိန် ယူရလိမ့်မည်။ ပြင်ဆင်ချိန် မည်မျှ ယူရမလဲဆိုတာကို ကြိုပြီးပြောဖို့ ခက်သည်။ "၂၀၀၈ အခြေခံဥပဒေ"၏ အခန်း (၇) ပုဒ်မ(၃၃၈) ကို "ကြံ့/ဖွံ့ အစိုးရ"က မည်သို့မည်ပုံ အကောင်အထည်ဖော်မလဲ–ဆိုတာကို စောင့်ကြည့်ဖို့ လိုသည်။ ဒီကိစ္စကို အကိုင်မတတ်လျှင် ပေါက်ကွဲသွားနိုင်သည်။

(၄) ဗကပ ဘာလုပ်မလဲ။

– တော်လှန်တက်ကြွသော အင်အားစုမှန်သမျှကို စုစည်းမည်။

– စစ်အာဏာရှင်စနစ်အောက်သို့ ခေါင်းလျှိုပြီး မဝင်သူမှန်သမျှကို ထောက်ခံမည်။

– မည်သို့ပင် တကျော့ကြီး ခက်ခက်ခဲခဲ ချီတက်ရသည်ဖြစ်စေ၊ စိတ်ပျက်အားလျော့သွားမှာ မဟုတ်။ ဇွဲဖြင့် ချီတက်မည်။

## ခေါင်းကြီးပိုင်း



# 'နတ်ကရာ ကြည့်မော'နေလို့ မဖြစ်

### အာရပ်ကမ္ဘာ

တူနီးရှားက စပါတယ်။ အီဂျစ်က နောက်က လိုက်လာတယ်။ ဒီနေ့ အာရပ်ကမ္ဘာတခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြပြီ။

အာဖရိကမြောက်ဘက်ကမ်းခြေ တူနီးရှားမှာ မငြိမ်မသက်ဖြစ်လာတော့ ဗမာပြည်သူတွေ သတိမထားမိ၊ မသိလိုက် မသိဘာသာပဲ။ ပထဝီအနေအထားအရ လစ်ဗျားကို ခုန်ကျော်ပြီး အီဂျစ်ကိစ္စ ပေါ်လာတော့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တယ်။

ဘဏ္ဍာရေး၊ စီးပွားရေးကပ်ကနေ လူမှုရေး၊ နိုင်ငံရေးအကျပ်အတည်းကို ကူးတာပဲ။

ထိုင်းနဲ့ ကမ္ဘောဒီးယားရန်ပွဲကလည်း လူတွေရဲ့ ဒေါသမြားဦးကို လမ်းလွှဲပေးဖို့ လုပ်တာပဲ။

လူတွေရဲ့ ခေါင်းထဲမှာ နှိုင်းယှဉ်ကြည့်စရာ အဖြစ်အပျက်တွေ၊ အချက်အလက်တွေ ဝဲ,လှည့်ပေါ်လာခဲ့ကြတယ်။

### တူတာနဲ့ မတူတာများ

၈– ၄ လုံးကာလ လူထုလှုပ်ရှားမှု မြင့်တက်လာချိန်မှာ...

– နေဝင်း ဆင်းပေးလိုက်ရတယ်။ စိန်လွင်ကို အာဏာ အပ်ထားခဲ့ပြီး စောင့်ကြည့်နေခဲ့တယ်။ မူဘာရက်လည်း သူ့လူယုံကို လွှဲပြီး ရှောင်ထွက်လိုက်တယ်။

– စိန်လွင်နဲ့ မူဘာရက် အကြမ်းဖက်ဖိနှိပ်နည်းနဲ့ ၁၈ ရက်စီလောက်ပဲ တောင့်ခံနိုင်တယ်။

– ပေးစာကမ်းစာအပေါ်မှာ မှီခိုနေရတဲ့ မူဘာရက်ခမျာ အနောက်ကမ္ဘာက အချက်ပြလိုက်တာနဲ့ ဆင်းပေးလိုက်ရတယ်။ မားကို့စ်တို့ ဆူဟာတိုတို့နဲ့ သွားတူနေတယ်။ နေဝင်းက လူထုတိုက်အားတခုတည်းနဲ့ ဆင်းပေးရတာ ဖြစ်တယ်။

– နေဝင်းရော မူဘာရက်ပါ (လမ်းကြောင်းတွေ ပြထားပေမယ့်) ပြည်ပ ထွက်မသွားကြဘူး။ (ခုအထိ) ဒီနေရာမှာ တူနေသေးတယ်။

– အဲဒီအချိန်အထိ နေဝင်းက တပ်ကို ကိုင်ထားနိုင်သေးတယ်။ အီဂျစ်စစ်တပ်က မူဘာရက်ဖြစ်စေချင်သလို 'ရပ်ခံ'မပေးတော့ဘူး။

– မူဘာရက်က "တိုင်းပြည် အုပ်ချုပ်ရတာ ငြီးငွေ့ပါပြီ"လို့ ပြောဖော်ရသေးတယ်။ သန်းရွှေတို့လူစုကတော့ ဒီလို သံဝေဂသံ တခါမှ မကြားရသေး။

– ခု အာဏာရှင်အစိုးရတွေ အုပ်စိုးနေတဲ့ မူဆလင် ကမ္ဘာမှာတော့ သရဖူတွေ တလုံးပြီးတလုံး ကြွေကျ–မြေခစ ပြုကုန်ပြီ။ ကျန်တဲ့ ရာဇပလ္လင်တွေလည်း တုန်ခါနေကြတယ်။ ဒေါ်လာ ၁၀၀၀ မက်လုံးပေးသူကပေး၊ ခြိမ်းခြောက်သူက ခြိမ်းခြောက် လုပ်နေကြရတယ်။

– ဒါတွေဟာ ခံစစ်အနေအထားနဲ့ အာဏာရှင်တွေ လုပ်လေ့လုပ်ထရှိတဲ့ နည်းတွေပဲ။ အဆုံးသတ်အောင်ပွဲ လိုချင်ရင်တော့ အာရပ်ပြည်သူတွေ တိုက်ပွဲအဟုန်ကို ဆက်တွန်းတင်ကြရပါလိမ့်မယ်။

### ဗမာပြည်မှာ

အချိန်အခါ ကိုက်နေတာကတော့ ဟန်ပြ"လွှတ်တော်"ဆိုတာကြီးမှာ လူတွေ ဝေဝါးကုန်အောင် မျက်လှည့်ပြပွဲကြီး လုပ်နေတယ်။ "ဒီတခါတော့ ဘာပေါ်တယ်"ဆိုတာမျိုး မှောက်ထားတဲ့ခွက်ကို လှပ်,လှပ်ပြနေကြတယ်။ ဝင်က,နေသူတွေရော၊ ပြည်သူလူထုကြီးကပါ စိတ်ပျက် အော့နှလုံး နာနေချိန်...။

ဗမာပြည်သူတွေဟာ ကိုယ်ပိုင်အတွေ့အကြုံတွေလည်း ရှိတယ်။ ဖြစ်ပျက်နေတဲ့ အရေးအခင်းတွေကို သုံးသပ်ကြည့်နိုင်တဲ့ နိုင်ငံရေးရေချိန်လည်း ရှိတယ်။

သူတို့တတွေဟာ "နတ်ကရာ ကြည့်မော"နေမယ့်သူတွေမဟုတ်၊

အဆင့်တဆင့်မှာ တွေဝေသွားရင်၊ တိုက်ပွဲကို ရှောင်လွှဲမိရင် အောင်ပွဲနဲ့ လွဲတတ်တယ်ဆိုတာ သဘောပေါက်ထားတဲ့ သူတွေ...

အာရပ်ကမ္ဘာက ပြည်သူတွေရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ကို အတုယူမယ့်သူတွေ...

အခြေအနေကောင်းကို ဆုပ်ကိုင်ပြီး ရှေ့တလှမ်းတက်မယ့် ပြည်သူတွေ...

ဖြစ်တယ်လို့ ယူဆမိပါကြောင်း။

အရေးတော်ပုံဂျာနယ်၏အမှတ်အသား Logo ကို 'ပန်းချီဒီဇိုင်း ကိုမျိုး'က ကူညီရေးဆွဲပေးပါသည်။

# စစ်အာဏာရှင်စနစ်မှာ မဏ္ဍိုင်တခုတည်း ရှိတယ်။

စိုးအေး

(၁) နအဖ–က လမ်းပြမြေပုံ (၇) ချက်ကို ထုတ်ပြန်တော့ စစ်အာဏာ ရှင်စနစ် နောက်ဆုတ်စပြုပြီလို့ ပြည်တွင်းပြည်ပက ထင်ခဲ့ကြတယ်။ အကောင်းဘက် ပြောင်းတော့မယ်လို့လည်း မျှော်လင့်ခဲ့ကြတယ်။ ဒါပေမဲ့ မျှော်လင့်သလို ဖြစ်မလာတော့ တစတစ အမြင်မှန်ရလာကြတယ်။ ‘အမျိုးသားညီလာခံ’ ကျင်းပတော့ တချို့ အမြင်မှန်ရတယ်။ ‘ဆန္ဒခံယူပွဲ’ လုပ်တော့ ထပ်ပြီး အမြင်မှန်ရသူတွေ ပေါ်လာတယ်။ ‘ရွေးကောက်ပွဲ’ လုပ်တော့ ပိုပြီးအမြင်မှန်ရလာသလို အခု ‘လွှတ်တော်အစည်းအဝေး’ တွေလုပ်တော့ နိုင်ငံရေးအင်အားစုတွေသာမက သတင်းသမားတွေပါ အမြင်မှန်ရလာကြတယ်။‘စတုတ္ထမဏ္ဍိုင်’ ပီပီသသပေါ်ဖို့နေနေသာသာ ‘ဥပဒေပြုမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်’ ဆိုတာတွေက တကယ်တော့ နာမည်ခံတွေသက်သက်ပဲဆိုတာ ထင်ရှားလာတယ်။ နအဖ စစ်အုပ်စု ‘နံပါတ်ဝမ်း’ သာလျှင် တခုတည်းသောမဏ္ဍိုင်ဆိုတာ ပေါ်လွင်လာတယ်။

(၂) မဏ္ဍိုင်တခုတည်းရှိအောင် ဗိုလ်နေဝင်း လုပ်ခဲ့တာပါ။ စိတ်ရှည်လက်ရှည် ပရိယာယ်ကြွယ်ကြွယ် လုပ်ခဲ့ရတာပဲ။ ‘နိုးနှောဖလှယ်ပွဲ’ တွေ အမျိုးမျိုးလုပ်တယ်။ ‘အကြံပေးအဖွဲ့’ ဆိုတာကို ဖွဲ့တယ်။ ‘စေ့စပ်ဆွေးနွေးပွဲ’ ဆိုတာလည်း လုပ်လိုက်သေးတယ်။

ဗိုလ်နေဝင်း စပြီးလုပ်စဉ်မှာဆိုရင် ချိုချိုသာသာပြောတယ်။ သူ့ ‘ကောင်’ တွေ နားမလည်ကြလို့ အတွေ့အကြုံမရှိကြလို့ သင်ပေးကြပါလို့ ပြောမယ်။ (သူ့ကောင်တွေဆိုတာက သူ့ကောင်စီဝင်တွေကို ပြောတာပဲ။) နောက်ဆုံး သူဆင်တဲ့အကွက်ထဲ မဝင်ရင် သူတဦးတည်းသဘောနဲ့ တဖက်သတ် ဖျက်ဆီးပစ်တာချည်းပဲ။ ဒါကို နေဝင်းနည်း နေဝင်းဟန်လို့ ပြောရမယ်။ ဆရာတင်သလိုလိုနဲ့ တပည့်မွေးတဲ့ လုပ်ဟန်ကို နေဝင်းလုပ်တတ်တယ်။ သူ့မှာ အာဏာရှိနေတော့ တပည့်မွေးဖို့ မခက်ဘူး။ နှုတ်မိန့်နဲ့ပဲ ရာထူးပေးနိုင်တယ်။ ငွေကြေး၊ အိုးအိမ် ထောက်ပံ့နိုင်တယ်။ လူညွန့်တုံးအောင်လည်း လုပ်နိုင်တယ်။ လွှတ်တော်တို့၊ တရားရုံးတို့၊ ပါတီညီလာခံတို့ ဆိုတာတွေက ဟန်ပြတွေပဲ။ နေဝင်းရဲ့ နှုတ်မိန့်အောက်မှာပဲ ရှိကြတာပါ။ ဒါတွေကို ကြုံဖူးတဲ့သူတွေက စာနဲ့ ရေးထားကြတာ ရှိပါတယ်။ ကွယ်လွန်သူ ကြေးမုံဦးသောင်းက ‘ဘီလူး တို့ရွာ’ စာအုပ်ရေးခဲ့တယ်။ သခင် တင်မြက “‘ဘုံ’ဘဝ မျှော်တိုင်းဝေး” ရေးနေတယ်။ ဦးသောင်းက အမေရိကန်မှာနေရင်း ရေးတာမို့ ပိုပြီး ရှင်းတယ်။ လွှတ်လွှတ်လပ်လပ် ရေးနိုင်တယ်။

(၃) ဗိုလ်နေဝင်းက စစ်အုပ်စုကို မဏ္ဍိုင်ထားတဲ့ စစ်အာဏာရှင်စနစ်ကို ထူထောင်ထားခဲ့လို့ပဲ ဗိုလ်သန်းရွှေက လမ်းပြမြေပုံ (၇) ချက်ကို တခုပြီးတခု လုပ်နိုင်ခဲ့တာပါ။

ဗိုလ်နေဝင်းက သူရဲ့နံပါတ်ဝမ်းနေရာကို ‘နှုတ်မိန့်’ နဲ့ပဲ လွှဲခဲ့သလို ဗိုလ်သန်းရွှေလည်း ‘နှုတ်မိန့်’ နဲ့ပဲ လုပ်ချင်နေမှာပါ။

အခု ‘ပေါက်ကောင်’ တွေ ပေါ်လာနေပါပြီ။ လိုချင်သမျှ အားလုံးရပြီဖြစ်လို့ အစိုးရဖွဲ့တာ၊ ကောင်စီဖွဲ့တာ၊ ကော်မရှင်ဖွဲ့တာတွေက မြန်ပါလိမ့်မယ်။

(၄) စစ်အုပ်စု ဘာလိုချင်တာလဲ၊ ဘာကို ကြောက်နေတာလဲဆိုတဲ့ကိစ္စကို မိမိတို့အတွင်းမှာ အနှစ် (၂၀) အမျိုးမျိုးအဖုံဖုံ ကြုံဆခဲ့ကြပါတယ်။ နိုင်ငံခြားအတွေ့အကြုံထဲက၊ စာအုပ်တွေထဲက ရှာခဲ့တယ်။ ပြည်တွင်းအတွေ့အကြုံထဲက ရှာခဲ့တယ်။ ပြီးတော့ မိမိတို့အတွင်း ငြင်းခုံကြတယ်။

အခုတော့ ရှင်းသွားပါပြီ။ စစ်အုပ်စုလိုချင်တာက စစ်အာဏာရှင်စနစ်။ သူတို့ကြောက်တာက တခုတည်းသောမဏ္ဍိုင် ကျိုးပျက်သွားမှာကိုပဲဆိုတာ ရှင်းသွားပါပြီ။

မိမိတို့က အဲဒီမဏ္ဍိုင် ကျိုးပျက်သွားအောင် လုပ်နိုင်မယ့်လမ်းစဉ်ကို ချမှတ်ပြီး လုပ်ဆောင်ကြဖို့ ဖြစ်ပါတယ်။



# ကိုချစ်လှိုင် မောင်စူးစမ်း သခင်တင်မြနဲ့ သခင်လှကွန်းတို့သို့

အိတ်ဖွင့်ပေးစာ



## တုံ့ပြန်စာ



(ရဲဘော်ထွန်း)

လက်နက်ချကြတာနဲ့ ကွန်မြူနစ်အရေးတော်ပုံကို သစ္စာဖောက်ကြတာမှာ တူကြပေမယ့် အချိန်ကာလချင်း မတူကြဘူး။ ဒါကြောင့် ရှေ့နောက် 'ဝါစဉ်' အရ နာမည်တွေကို တန်းစီလိုက်တယ်။ ကိုချစ်လှိုင်က ဝါအရင့်ဆုံးပဲ။

ကိုချစ်လှိုင်တယောက်ကလွဲပြီး ကျန်တဲ့ (၃) ယောက်ကို မတွေ့ဖူးပါဘူး။ စာချင်းလည်း အဆက်အသွယ်မရှိပါဘူး။ အဆက်အစပ်ရှိစရာ အကြောင်းလည်း မရှိဘူး။ ကျွန်တော်က (၁၉၄၉) ကတည်းက ရှမ်းပြည် ရောက်နေတာပဲ။

ကိုချစ်လှိုင်နဲ့ကလည်း ခဏတဖြုတ်တွေ့ဖူး၊ စကားပြောဖူးတာပါ။ သူ့ယောက်ဖ (ထင်ပါရဲ့) ကိုသာခင်ကို ပါတီက ခိုလှုံခွင့်ပေးထားဖို့ ဆွေးနွေးဖို့ လာတုန်းကပဲ။ ကိုသာခင်ဆိုတာက သခင်သာခင်ဆိုတဲ့ပုဂ္ဂိုလ်ပါ။ အဲဒီတုန်းက သူ့ကို အင်္ဂလိပ်စစ်အုပ်ချုပ်ရေး CAS (B) က သိပ်ပြီးလိုချင်နေတာပါ။ မိများမိရင် မြစ်ကြီးနားမှာ လုပ်ခဲ့သလို လုပ်မှာပဲလို့ ထင်ပါတယ်။ မြစ်ကြီးနားဝင်စဉ်က သူတို့ကြွေးကြော်တာက 'သခင် သခင် သတ်သတ်'။

သခင်သာခင်က ဂျပန့်ခေတ်မှာ ရွှေဘိုရာဇဝတ်ဝန်လုပ်နေတာပဲ။ သူကြောက်ရှာပေလိမ့်မယ်။

သူ့အကြောင်း ပြောရဦးမယ်။ သူ့ကို ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ချဉ်းကပ်ဖူးတယ်။ သူလက်မခံဘူး။ ဘယ်လ်ဂျီယန်လုပ် ပစ္စတိုတလက် သူ့ဆီက အလှူခံတယ်။ သူက ရောင်းမယ်လို့ပြောတယ်။ ၃၀၀ဝိ/ ပေးပြီး ပါတီက ဝယ်ခဲ့ရတယ်။ အဲဒီငွေက ချပ်သင်းသူဌေး ဦးဘတင်ဆီက အလှူခံလို့ ရတာပဲ။ 'ချပ်သင်း' က အင်္ဂလိပ်နယ်ချဲ့ လက်ဝေခံ အင်္ဂလိပ်နယ်ချဲ့ မျှော်နေသူပဲ။ ဒါကြောင့် လှူတာပါ။ 'လစဉ် ကြေး' အဖြစ်တောင် ပုံမှန် လှူခဲ့ပါတယ်။ ထားပါတော့။

သခင်သာခင်ကို ကျွန်တော့်ဆီမှာ တလကျော် လက်ခံထားပါတယ်။ ပုန်းလျှိုးကွယ်လျှိုးနေရတာ မဟုတ်ပါဘူး။ ရွှေမန်းတင်မောင် ဇာတ်ကရာမှာ ဖဆပလက ဇာတ်ရုံတွင်းမှာ လက်ဖက်ရည်ဆိုင်ဖွင့်ပြီး ရန်ပုံ ငွေရှာခဲ့ရာမှာ သူ့ကိုပါ တပါတည်း ခေါ်သွားတာပါ။ ရတနာ့ဂူ၊ အမရပူရက ပွဲမှာလည်း သူ့ကိုခေါ်သွားတာပါ။

ကျွန်တော်တို့က 'ပါတီတပ်'အဖြစ်နဲ့ ဖက်ဆစ်တော်လှန်ရေး လုပ်ထားခဲ့တာဖြစ်လို့ အင်္ဂလိပ်အာဏာပိုင်တွေက ရန်သူစာရင်း သွင်းတာ ခံရသူတွေ မဟုတ်ပါဘူး။ ဒါကြောင့် လွတ်လပ်ပါတယ်။

ရေစက်မကုန်လို့ ထင်ပါရဲ့၊ အာဏာသိမ်းဗိုလ်နေဝင်းတို့ရဲ့ ရန်ကို ကြောက်လို့ ပြည်ထဲရေးဝန်ကြီးဟောင်း သခင်သာခင် ပြေးလွှားနေရတုန်းကလည်း ကျွန်တော်တို့ (U/G) ကပဲ လက်ခံထားရဖူးတယ်။ နောက်မှာ သူ့ဘာသာသွားပြီး အဖမ်းခံတယ်လို့ ကြားပါတယ်။ ဒီလောက်ပဲ ရေးပါမယ်။

**<u>အခုမှ ဘာကြောင့်တုံ့ပြန်စာရေးသလဲ။</u>**

သူတို့တတွေ မီဒီယာမှာ ရေးသမျှစာတွေကို အားလုံးလောက် ဖတ်ရပါတယ်။ တွေ့တဲ့သူတွေက ပို့ပေးလို့ပါ။ သူတို့က တုံ့ပြန်စာ ရေးစေချင်ကြတယ်။ သမိုင်းမှန် ဘာလဲဆိုတာ သိချင်ကြတယ်။

တချို့ကဆိုရင် ပါတီက 'တုံ့ပြန်စာ' မရေးတာဟာ ဟုတ်နေလို့ နေမှာပေါ့လို့အထိ ပြောလာကြတယ်။ ဘယ်လိုပဲ ရှင်းပြပေမယ့် သူတို့ ဘဝင်မကျပါဘူး။

ကျွန်တော်တို့က အတိတ်ကိစ္စတွေကို လက်နက်ချတွေ၊ သစ္စာဖောက်တွေနဲ့ အချီအချ မငြင်းချင်ဘူး။

အတိတ်ကကိစ္စဟာ သမိုင်းမှတ်တမ်းတင်သူတွေအတွက်ပဲ အသုံးဝင်တယ်။ သမိုင်းသစ်ကို လူထုနဲ့အတူ ရေးနေတဲ့ အခုကာလမှာ ပစ္စုပ္ပန်ကိုပဲ အလေးထားရမယ်။ အနာဂတ်ကိုပဲ မြော်မြင်ရမယ်လို့ ယူဆကြောင်း၊ အတိတ်ကိုပြောနေလို့ အကျိုးမရှိဘူးဆိုတာ ရှင်းပြပေမယ့် ဘဝင်မကျကြဘူး။

သူတို့ ဘဝင်မကျတာ သဘာဝကျပါတယ်။ မှန်ပါတယ်။ ဘေးမဲ့ပေးထားလေလေ အတင့်ရဲလေလေ ဖြစ်နေတာကြောင့် အခုတော့ တုံ့ပြန်စာ ရေးရပါပြီ။

ရေးစရာက သိပ်များတယ်။ ကွယ်လွန်ကြပြီဖြစ်တဲ့ သူတွေကို စော်ကားတာတွေလည်း လွန်လာပြီ။

NLD ကို ပညာပေးသလိုလိုနဲ့ ဗကပကို ခလုတ်တိုက်တာကလည်း များလာပြီ။

မီဒီယာ (စာနယ်ဇင်း)မှာ စင်တခုထိုးချင်တဲ့ ကွန်မြူနစ်ပျက်တွေကလည်း သူတို့ကို သံယောင်လိုက်လာပြီ။

နောက်တကြောင်းကလည်း သမိုင်းမှန်ဘာလဲဆိုတာကို မျိုးဆက်သစ်တွေက သိချင်လို့ ဗကပရဲ့ တုံ့ပြန်စာကို မျှော်လင့်နေကြတယ်။ ဟုတ်တယ်။ သူတို့မျှော်လင့်နေတာကို အခုဖြေရှင်းပေးခဲ့မှ ဖြစ်မယ်။ ကြာရင် 'အမှားကြာ အမှန်'ဖြစ်ကုန်လိမ့်မယ်။ မသေခင်ရေးခဲ့မှ ဖြစ်မယ်ဆိုပြီး ရေးပါတယ်။

သခင်တင်မြက 'ဝေါ' က အတွေ့အကြုံရေးတာကို ပဲခူးကိုနေဝင်းဆီ လှမ်းမေးတော့ သူက ဒါဟာ လုပ်ကြံတာပဲလို့ ဆိုတယ်။ သူက ပြန်ရေးပေးမယ်လို့ ဆိုပါတယ်။ သူက အသက် '၉၀' တန်း ရောက်နေပြီ။ သိပ်ပြီး ကျန်းမာလှတာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်ကပဲ ပွဲဦးထွက် တုံ့ပြန်စာ ရေးပါတယ်။

## စစ်ကိုင်းရဲ့ ပထဝီအနေအထား

စစ်ကိုင်းဟာ ရှေ့တန်းရောက်နိုင်ငံရေးမြို့ မဟုတ်ခဲ့ဘူး။ ဒါပေမဲ့ သူ့မှာ ထူးခြားချက်ရှိတယ်။

ဧရာဝတီရဲ့ တံတောင်ဆစ်ကွေ့မှာ တည်ထားတဲ့မြို့ဖြစ်လို့ စစ်ကိုင်း အရှေ့ခြမ်းက မန္တလေး၊ အမရပူရနဲ့ အရှေ့အနောက် မျက်နှာချင်းဆိုင်။

စစ်ကိုင်းအနောက်ခြမ်းက အင်းဝ၊ တံတားဦးနဲ့ တောင်မြောက် မျက်နှာချင်းဆိုင်။

အဲဒီတော့ အရှေ့ခြမ်းက တက်ကြွလှုပ်ရှားသူတွေက ကိုခင်မောင်လေး (ဗိုလ်ခင်မောင်လေး) နဲ့ နီးစပ်ကြတယ်။ အနောက်ခြမ်းက ကိုဗဟိန်းနဲ့ နီးစပ်ကြတယ်။ ကျွန်တော်က အနောက်ခြမ်းက။ ဒါကြောင့် (၁၉၃၆)ကတည်းက ကိုဗဟိန်းနဲ့ သိကျွမ်းတယ်။ ကျောင်းသားကြီး (ခေါင်းဆောင်) နဲ့ ကျောင်းသားငယ် (နောက်လိုက်) ရဲ့ သိကျွမ်းမှုမျိုးပါ။ ညာလက်ရုံးမဟုတ်သလို ဘယ်လက်ရုံးလည်း မဟုတ်ဘူး။ တောက်တိုမယ်ရ ဆက်သားပဲ။

သူ့ရဲ့စည်းရုံးမှုကြောင့်လည်း ကွန်မြူနစ်ဖြစ်ခဲ့တယ်။

ဒါကြောင့် ဗကပရဲ့ အတိတ်သမိုင်းအမြင်ကို ကျွန်တော်ရေးရ လိမ့်မယ်။ သူတို့စစ်အုပ်စုပြောတဲ့ ဗကပ(လက်ကျန်) ရဲ့ တာဝန်ရှိသူတဦးအနေနဲ့လည်း ကိုဗဟိန်းအကြောင်း ကျွန်တော်ရေးရလိမ့်မယ်။

ဒါကြောင့် လက်ရှောင်မနေဘဲ ရေးပါတယ်။

နောက်တကြောင်းကတော့ အရေးမကြီးလှပါဘူး။ ဒါပေမဲ့ ရေးမှ ပြည့်စုံမှာမို့ ရေးပါတယ်။

အသက်ဝင်လာမယ့် '၂၀၀၈ အခြေခံဥပဒေ' အရ ပေါ်လာမယ့် 'အစိုးရသစ်'မှာ နေရာဦးဖို့ ဖျာခင်းနေတာ၊ သူတို့တတွေ ဂနာ



သခင်ဗဟိန်း

မငြိမ် ဖြစ်နေတာကို သိနေလို့ 'တော်ကောက်' ခံရအောင် 'ညှိုမြ' လုပ်နေတာ သိနေလို့ လက်ရှောင်နေခဲ့တာပါ။

အခုတော့ သူတို့ထဲက (၃) ယောက် 'သတင်းစာ'မှာ နေရာရသွားကြပြီ။ ဒါကြောင့် ရေးလို့ရပြီဆိုပြီး ရေးပါတယ်။

## ကိုဗဟိန်းတွေဝေသူလား

ကိုချစ်လှိုင်က သခင်တင်မြလေသံလိုက်ပြီး ကိုဗဟိန်းကို တွေဝေသူလို့ ပြောတာ တွေ့လိုက်တယ်။ သခင်တင်မြကို ကိုဗဟိန်းသာမက ကိုဗဟိန်းနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့အစုများကပါ သခင်စိုး ရဲ့ဆက်သားအဖြစ် သူလာတုန်းက ခပ်ရှောင်ရှောင် လုပ်ခဲ့တယ်။ ဒါကို သူမကျေနပ်ဘူး။ သခင်စိုးကို သံတော်ဦးတင်တယ်။ အဲဒီကာလကတည်းက ကိုအောင်ဆန်းတို့၊ ကိုဗဟိန်းတို့၊ 'ဗကသ' အနွယ်တို့ကို သခင်စိုးက ဂိုဏ်းဂဏနဲ့ ဆက်ဆံခဲ့တာပဲ။ အလံနီပါတီရဲ့အာဘော် 'အာဏာသစ်' ဂျာနယ်မှာ ပထမဆုံးရေးတဲ့ ဆောင်းပါးတွေ ကြည့်။ "ဆောင်ကြာမြိုင်ဗိုလ်ချုပ်" လို့ ကိုအောင်ဆန်းကို ဆဲတယ်။ ကိုဗဟိန်းကိုတော့ "ချွေးတပ်ဗိုလ်ဗဟိန်း"လို့ ဆဲတယ်။

သခင်တင်မြရဲ့ သံတော်ဦးတင်တာကို လက်ခံပြီး သခင်စိုး အရေးယူခံခဲ့ရသူတွေလည်း ပါတီထဲမှာ မနည်းဘူး။

ကိုဗဟိန်းတွေဝေသူလားဆိုတာကတော့ လက်တွေ့က အဖြေပေးပြီးပါပြီ။ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ ကိုဗဟိန်းနဲ့သူ့အစုဝင်တွေပဲ သီးခြား လက်နက်ကိုင်တပ် ဖွဲ့ပြီး တပ်မတော်နဲ့လက်တွဲကာ တိုက်ခဲ့ကြတာ ဖြစ်တယ်။ ကျွန်တော်တို့က (Partisan)ကို ဘယ်လိုဘာသာပြန်ရမလဲ မသိလို့ 'ပါတီတပ်' လို့ပဲ ခေါ်ခဲ့တယ်။ မကောင်းပါဘူး။ ကိုဗဟိန်းကတော့ 'ရဲခေါင်ပြောက်ကျားတပ်' အမည်ခံခဲ့တာပဲ။ ဂုဏ်နဲ့ဒြပ်ဟပ်မိတယ်။ ကျွန်တော်တို့တပ်က တပ်ခွဲတခုစာသာ ရှိပေမယ့် ကိုဗဟိန်းတို့တပ်က တပ်ရင်းပေါင်းများစွာ ရှိတာပဲ။ ဒါကြောင့်ပဲ ဗိုလ်အောင်ဆန်းက ဖဆပလ ဥက္ကဋ္ဌလုပ်ဖို့ တပ်ကထွက်မယ်လုပ်တော့ ကိုဗဟိန်းကိုပဲ တပ်ကို လွှဲခဲ့ချင်တာ ဖြစ်တယ်။ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးတို့ မခံချိ မခံသာ

ဖြစ်တာလည်း အဲဒါကြောင့်ပဲ။ ဗိုလ်အောင်ကြီးရဲ့ စာတစောင်မှာ ဒီကိစ္စ ရေးထားတာ ဖတ်ဖူးတယ်။

## မောင်စူးစမ်းရဲ့ကိုယ်ပိုင်အတွေးအခေါ်ဘာလဲ။

“သူ့ကို နိုင်အောင်မတိုက်နိုင်ရင် သူ့အောက် ခေါင်း လျှိုဝင်လိုက်” ဆို တာ သူ့ “မူပိုင်” ပဲ။ ဗကပကို ဆရာလုပ်တုန်းကလည်း ဒါပဲ။ အခု NLD ကို ဆရာလုပ်နေတာလည်း ဒါပဲ။

နိုင်ငံရပ်ခြားစာအုပ် အဆိုအမိန့်တခုခုကို အခြေခံပြီးလည်း ဆရာလုပ် လေ့ရှိတယ်။ နိဂုံးချုပ်ရင်တော့ သူ့‘မူပိုင်’ အတွေးအခေါ်နဲ့ ချုပ်လေ့ရှိတယ်။

သူ့“မူပိုင်”အတွေးအခေါ်ကို အာဏာရတွေ ကြိုက်တာလည်း မဆန်းဘူး။ သူ့ကို ‘ချမ်းအေးစစ်တမ်း’နဲ့ စင်တင်ပေးခဲ့တာ ‘ဆွေငြိမ်း ဆိုရှယ်လစ်’ ပါတီပဲ။ ‘မဆလ’ကလည်း စင်တော်ကောက်တာပဲ။ ကိုဘငြိမ်နဲ့ကျမှ သူအရှုံး ပေးရတာပဲ။ NLDထဲပါရတာကိုတော့ သူက ‘ရယ်စရာ’ လို့ ဆိုတယ်။ တကယ်က သူရဲ့ ‘အရှုံးပေးရေး အတွေးအခေါ်’ကြောင့် NLD နဲ့ ကင်းဝေးသွားတာပါ။ အဲဒါကြောင့် အခဲမကျေဖြစ်ပြီး NLD ကို ဆဲရေးတိုင်းထွာနေတာ ဖြစ်တယ်။

သူ့အသက်အရွယ်က အိုတဲ့နာတဲ့အဆင့် ရောက်နေပြီ။ ဟိုတုန်းကလို အထူးအရာရှိနေရာ မှန်းနေတာ မဟုတ်ဘူး။ အခု ပေါ်လာတဲ့ ‘အစိုးရသစ်’ရဲ့ အကြံ ပေးနေရာကို မှန်းနေသလားပဲ။ စာရေးတာတော့ နားလိုက်ပြီလို့ ဆိုတယ်။

## သခင်လှကွန်းဘာလဲ။

သူ့အကြောင်းကို ဗိုလ်စိုးမောင် (ကျဆုံး) ဆီက တစွန်းတစ ကြားဖူးတယ်။ သူ့ဆောင်းပါးတချို့ ဖတ်ဖူးတယ်။ ကြေးမုံဦးသောင်းရဲ့ ‘ဘီလူးတို့ရွာ’ စာအုပ်မှာ ဖတ်ဖူးတယ်။ ဒီလောက်ပါပဲ။

အခုတလောလေးမှာ ‘ဝါရင့်တွေရဲ့အစု’ထဲ ဝင်ပါမလိုလို ကြားရတော့ ဝါရင့်တွေထဲ ဘာများဝင်ရှုပ်မလဲလို့ တွေးမိသေးတယ်။ ဝင်ရောချင်ပေမယ့် ဝင်လို့မရတာလား ဘာလားတော့ မသိဘူး။ အခုတော့ ‘လက်နက်ချဝါရင့်’ မှာ ပါလာတာ တွေ့တယ်။

ကိုအုန်းမောင် (လေထီးဗိုလ်အုန်းမောင်)နဲ့ သူက ဒေါက်တာမောင်မောင်ရဲ့ ‘အပျော့ဆွဲ’ ကို လက်ခံချင်ကြတယ်ဆိုတာကတော့ ပြောင်လိမ်တာပဲ။ ကွယ်လွန်ပြီးဖြစ်တဲ့သူကို မဟုတ်မမှန် ဆွဲထည့်တာကတော့ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တာပဲ။

ကိုအုန်းမောင်က တကယ့်အခြေအနေမှန်ကို အချိန်နဲ့ တပြေးညီ သိနေတာပါ။ ဗိုလ်စိန်လွင်ကို ဓားလွတ်အပ်ခဲ့တဲ့အတွက် တပ်ပျက်ပြီဆိုပြီး ဗိုလ်နေဝင်းက ဒေါက်တာမောင်မောင်နဲ့ ကမန်းကတန်း အစားထိုးတာပဲဆိုတာ သိပါတယ်။ ဒေါက်တာမောင်မောင်ကို အပျော့ဆွဲ ဆွဲခိုင်းထားပြီး ‘စစ်အာဏာသိမ်း’ဖို့ ပြင်နေတာလည်း သိတာပဲ။ တပ်တွေကို စစ်တန်းလျား ပြန်သွင်းပြီး ပျက်ပြားစပြုနေတဲ့ ‘အဆင့်ဆင့်အမိန့်ပေးကွပ်ကဲမှု’ ကို ပြန်ပြီးတည်ဆောက်နေတယ်ဆိုတာ သိတာပဲ။

၄၈၂၈ အလုပ်အဖွဲ့ထဲမှာ သေနတ်ပြောင်းထဲက အာဏာထွက် တယ်ဆိုတာကို အသေကိုင်မထားသင့်ဘူး။ ဗမာပြည်ရဲ့ ချွင်းချက်ရှိတယ်။ ‘လက်ရုံးတွေကလည်း အာဏာထွက်နိုင်တယ်’ ဆိုတဲ့ အတွေးအမြင်များကို သူ ဆန့်ကျင်နေတာပဲ။ ‘ကျွန်းတိုက်ပွဲ’ကို လက်တွေ့ခေါင်း ဆောင်ခဲ့သူပဲ။ စစ်အုပ်စုက အချိန်ဆွဲနေတာကို သူသိတာပေါ့။

အဆင့်ဆင့်အမိန့်ပေးစနစ်လည်း ပြန်ပြီးထူထောင်မိရော ‘စောမောင်၊ ခင်ညွန့် အာဏာသိမ်းကြတော့’ လို့ ဗိုလ်နေဝင်း နှုတ်မိန့်ပေးခဲ့တယ် မဟုတ်လား။

ဗိုလ်ခင်ညွန့်ရဲ့ ‘ဖြတ်လမ်းက အာဏာသိမ်းဖို့ ဗကပ အကြံအစည်’ဆိုတာ လံကြုတ်ပဲဆိုတာလည်း သူသိတာပဲ။ NLD က လစ်ဘရယ်ဒီမိုကရေစီပါတီပဲ။ စစ်အာဏာရှင်စနစ်နေရာမှာ လစ်ဘရယ်ဒီမိုကရေစီစနစ်နဲ့ အစားထိုးဖို့ပဲ ဗကပ က မျှော်မှန်းခဲ့တာကို သိပါတယ်။

သခင်လှကွန်း ဒီလိုမလုပ်ကောင်းပါဘူး။ သခင်သန်းထွန်းကို မွေးစားဖခင်လို့ ပြောချင်ပြောပါ။ ဗိုလ်နေဝင်းကို ကျေးဇူးရှင်လို့ ပြောချင် ပြောပါ။ ကွယ်လွန်ပြီဖြစ်တဲ့ သူတွေကိုတော့ သူခိုးသေဖော်မညှိစေချင်ပါဘူး။

## (၄) ဦးစလုံးသို့ ပြောချင်တာ။

လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ကို လက်ခံပါတယ်။ သမိုင်းမှန်ဆိုပြီး ရေးချင်တာရေး၊ ပြောချင်တာပြောတာမှာတော့ ရိုးသားကြဖို့ လိုပါတယ်။

စစ်နဲ့တော်လှန်ရေးခေတ်ကို ဖြတ်သန်းခဲ့ကြသူတွေ သိပ်မကျန်တော့ပါဘူး။ စစ်တပ် (တပ်မတော်)ထဲမှာတော့ လုံးဝမရှိတော့ပါဘူး။

စစ်အာဏာရှင်စနစ်(ပုံစံသစ်)ကလည်း စစ်နဲ့တော်လှန်ရေးခေတ်က လူတွေနဲ့ နိုင်ငံရေးပါတီတွေကို အတိအလင်း အပုပ်ချနေချိန် ဖြစ်တယ်။ ဂျာနယ်တစောင်မှာဆိုရင် တပ်မတော်မော်ကွန်းတိုက်မှာသာရှိတဲ့ ရှားပါးဓာတ်ပုံတွေ၊ မှတ်စုမှတ်ရာတွေ၊ ကာတွန်းတွေပါမကျန် ထုတ်သုံးပြီး လွတ်လပ်ရေးတိုက်ပွဲခေတ်၊ လွတ်လပ်ရေးရကာစခေတ်က ပုဂ္ဂိုလ်တွေ၊ ပါတီတွေကို စော်ကားနေပါတယ်။ ခင်ဗျားတို့ကပါ ကူပြီး မစော်ကားကြစေချင်ပါဘူး။

နားနားနေနေ ရေကြည်အေးလေး သောက်ရတဲ့အခါ ဇရပ်ဒကာ၊ ရေချမ်းစင်ဒကာရဲ့ ကျေးဇူးကို သိတတ်ကြပါစေ။ သားရေပေါ်အိပ် သားရေနားစားသူတွေအဖြစ်နဲ့ ဘဝဇာတ်သိမ်းတာ မလုပ်စေချင်ပါဘူး။

အတွေးအခေါ်ကိစ္စကိုတော့ ပညာရှင်ဆန်ဆန် ငြင်းခုန်ကြတာပေါ့။ သမိုင်းနိဂုံးမချုပ်သလို ဗမာပြည်ရဲ့နိုင်ငံရေးကလည်း ဘယ်တော့မှ နိဂုံးချုပ်မှာ မဟုတ်ပါဘူး။ မျိုးဆက်သစ်တွေကို မျိုးဆက်ဟောင်းတွေရဲ့ ပခုန်းပေါ်မှာ မားမား မတ်မတ်ရပ်နိုင်အောင် လုပ်ခဲ့စေချင်ပါတယ်။

ဒါပါပဲ။

ရိုးသားပွင့်လင်းစွာဖြင့်

(ရဲဘော်ထွန်း)
(၁၃ – ၂ – ၂၀၁၁)

# သတင်းနဲ့မှတ်ချက်

## နိုင်ငံရေးပါတီများ၏ ရှေ့အလားအလာ

(၂၀၁၁) ကစပြီး အခြေခံဥပဒေရဲ့ ပုဒ်မ (၄၀၉) က အစွမ်းပြပါတော့မည်။

အဲဒီ ပုဒ်မက – ‘‘ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်’’ လို့ ဆိုထားသည်။

ထိုပုဒ်မ မကြာမီ အစွမ်းပြတော့မည်။ ‘‘ကြံ့/ဖွံ့လွှတ်တော်’’က လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းတော့မည်။ ‘‘ကြံ့/ဖွံ့ အစိုးရ’’အတွက် အဟန့်အတား အနှောင့်အယှက် ဖြစ်နေတဲ့ ပါတီတွေကို ရန်ရှာတော့မည်။

တခုတော့ သေချာသည်။ ၁၉၄၈‘‘ဖဆပလ အစိုးရ’’ထက် ပိုပြီး လက်စောင်းထက်လိမ့်မည်။ ဘာကြောင့်လဲဆိုတော့ တည်ဆဲဥပဒေတွေနဲ့ ကိုင် လို့မရတဲ့ပါတီကို ဥပဒေအသစ် ပြဋ္ဌာန်းပြီး ကိုင်မှာမို့ ကြမ်းမည်၊ ရမ်းမည်။‘‘ဖဆပလ’’အစိုးရတုန်းက အင်္ဂလိပ်ထားခဲ့တဲ့ ‘‘တည်ဆဲ ဥပဒေ’’တွေပဲ ရှိသည်။ အခုတော့ ‘‘တည်ဆဲဥပဒေ’’တွေက သိပ်များသည်။ လိုအပ်လျှင် ‘‘ဥပဒေသစ်’’ကြေညာတာမျိုး လုပ်လိမ့်မည်။

## ‘ငွေကြေးစစ်’ရဲ့ ဒဏ် ဗမာပြည် ခံရပြီ



အမေရိကန်က တရုတ်ကို ငွေလဲလှယ်နှုန်း တိုးမြှင့်ဖို့ ပြောမရတဲ့အဆုံးမှာ သူ့ငွေတွေကို ပုံးပေါလအောာ ရိုက်ထုတ်ပြီး ဈေးချပစ်လိုက်တယ်။ အမေရိကန် ဒေါ်လာတွေ ကုဋေကုဋာချီပြီး ကိုင်ထားတဲ့ တရုတ်က သိပ်ပြီး အထိနာပုံ မပေါ်ဘူး၊ ငွေစာရင်းမှာသာ အလျှော့ပြရမှာပါ။

ကြားက ထွေးက ခါးနာသွားတာက ဗမာပြည်ပဲ။ ဒေါ်လာဈေး၊ FEC ဈေးက တော်တော်ကို ကျသွားတယ်။ ဗမာပြည်က အရောင်းအဝယ်လုပ်နိုင်တာက အိမ်နီးချင်းနဲ့ အာဖရိက–က နိုင်ငံတချို့ပဲ ရှိတော့ တွက်ချေမကိုက် ဖြစ်သွားတယ်။

နဝတ/နအဖ ခေတ်မှာ ဘာတွေက ဘယ်လောက်တိုးတက်လာတယ်လို့ စာရင်းဇယားတွေနဲ့ ထုတ်ပြန်နေချိန်ကျမှပဲ ဆန်အရောင်းကျဆင်းတဲ့အကြောင်း၊ မနှစ်ကထက် တဝက်မက ကျသွားကြောင်း၊ ဒေါ်လာကို လူတွေ မမက်တော့ကြောင်း သတင်းတွေ ပေါ်လာနေတယ်။

‘‘ငွေကြေးစစ်’’တာရှည်နေရင် ဗမာပြည် ဒီထက် နာဦးမှာပဲ။

## ဗမာပြည်မှာ ရေနက်ဆိပ်ကမ်းတွေ တည်ဆောက်ပေးနေပြီ၊

တရုတ် ကုလားနဲ့ ယိုးဒယားက တည်ဆောက်ပေးတာပါ။ နအဖက မြေကြီးနဲ့ ဝန်ဆောင်မှု(ညွှဲ့ဝတ်ပြုမှု)ပဲ စိုက်လိုက်ရတယ်။

တခါတလေတော့ ဗိုလ်ချုပ်အောင်ဆန်း နိမိတ်ဖတ်ခဲ့တဲ့ ‘‘–နိုင်ငံ’’မျိုးများ ဖြစ်နေပြီလားလို့ အတွေးပေါ်မိတယ်။ ဗိုလ်ချုပ်က နယ်ချဲ့စနစ်ဟောင်းတုန်းက အခြေအနေနဲ့ နိမိတ်ဖတ်တာပါ။ အခုခေတ်က ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ပဲ။ နိုင်ငံကြီးတိုင်း အရင်းရှင်စနစ်ကို ပုံစံအမျိုးမျိုးနဲ့ လုပ်နေကြတဲ့ ခေတ်ပဲ။ ‘‘နယ်ချဲ့စနစ်သစ်’’ (ကိုလိုနီမထားတဲ့ နယ်ချဲ့စနစ်လို့လည်း တချို့က ခေါ်ကြတယ်) ခေတ်ပဲ။

ဆိပ်ကမ်းတွေသာ မဟုတ်ဘူး၊ မကြာခင်မှာ မြန်နှုန်းမြင့် ရထားလမ်းတွေ ဖောက်ပေးဦးမယ်။ မြန်နှုန်းမြင့်ရထားတွေလည်း ရလာဦးမယ်။ ဆံထုံးလည်း ထုံးပေး၊ ဆီလည်း စိုက်ပေးတာက ဆင်ဖြူလေးစီးရှင် မင်းတရားကြီးရဲ့ ဘုန်းတန်ခိုးကြောင့်တော့ ဟုတ်ဟန်မတူဘူး။

နအဖကတော့ နေပြည်တော်တည်ဆောက်ရေးကို ဇောက်ချလုပ်နေတယ်။ ၂၀၁၁ ထဲမှာ လွှတ်တော် အစည်းအဝေးရှိတယ်၊ သတင်းသမားတွေလည်း လာတာ ရှိတယ်။ နည်းနည်း လူစည်ကားလာတဲ့ သဘော ရှိတယ်။

အဲသလို မစည်ကားတဲ့အချိန်မှာဆိုရင်တော့ ဗိုလ်ချုပ်မှူးကြီးရယ်၊ ဆင်ဖြူတော်ရယ်၊ စစ်ဘုရင်(၃) ဦးရဲ့ ရုပ်တုရယ် လောက်ပဲ ရှိနေမှာပဲ။



# စစ်အုပ်စုရေးဆွဲထားတဲ့ စစ်မှုထမ်းဥပဒေက ဘာလဲ

ကိုထွေး



နအဖ ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်မည့် (၄ – ၁၁ –၂၀၁၀) နေ့စွဲနဲ့ ထုတ်ထားသော 'ပြည်သူ့စစ်မှုထမ်းဥပဒေ' နဲ့ 'အရန်တပ်ဖွဲ့ဥပဒေ' များ နအဖ ဥက္ကဋ္ဌဗိုလ်သန်းရွှေ လက်မှတ်နဲ့ ပြီးခဲ့တဲ့လပိုင်းက ထွက်လာတာ တွေ့ကြရပါတယ်။ လောလောဆယ် နိုင်ငံတော်အတွက် ဘာအရေးပေါ်အန္တရာယ်မှ မရှိသေးသော်လည်း နောင်ရှိလာချိန်မှာ သုံးဖို့ရည်ရွယ်ပြီး ပြင်ဆင်ထားတာလို့ ယူဆကြရမှာပါပဲ။ နအဖ စစ်အုပ်စု ဘာလို့ ဒီလောက်ဝီရိယကောင်းနေရတာလဲ။ ဗမာပြည်ရဲ့ ဒီနေ့အခြေအနေကို ကြည့်ကြရအောင်။

ဗမာပြည်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုဖြစ်စဉ်ကိုကြည့်ရင် နှစ်လမ်းအပြိုင် သွားနေတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ တလမ်းက အာဏာရှိ စစ်အုပ်စုရဲ့ နိုင်ငံရေးလှုပ်ရှားမှုဖြစ်စဉ်ဖြစ်ပြီး နောက်တလမ်းကတော့ စစ်အုပ်စုကို ဆန့်ကျင်တိုက်ပွဲဝင်နေကြတဲ့ နိုင်ငံရေးအင်အားစုအသီးသီးရဲ့ နိုင်ငံရေးလှုပ်ရှားမှုဖြစ်စဉ် ဖြစ်ပါတယ်။

၆၂ အာဏာသိမ်း စစ်အုပ်စုဟာ ရှစ်လေးလုံး လူထုအုံကြွမှုကြီးကြောင့် နိုင်ငံရေးအရ အထိနာခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲမှာ ပြည်သူလူထုကြီး တရပ်လုံးနဲ့ အတိုက်အခံနိုင်ငံရေးအင်အားစုများရဲ့ အလဲထိုးတာ ခံခဲ့ရပါတယ်။ စစ်အုပ်စုဟာ ဒီလိုအရှုံးကြီး ရှုံးခဲ့ရတဲ့ အနေအထားကနေ စစ်အင်အားတခုကို အားကိုးပြီး တလှမ်းချင်း ပြန်ထလာခဲ့ပါတယ်။ ခုဆိုရင် ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ဆက်ခံစိုးစံနိုင်မယ့် စစ်အုပ်စုမင်းဆက်ကို ထူထောင်နိုင်တော့မယ့် အခြေအနေထိ ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။

ဗမာပြည်မှာ ဒီမိုကရေစီအစိုးရတရပ် ပေါ်ပေါက်လာပြီး စစ်တပ်က စစ်တပ်တာဝန်သက်သက်ကို လုပ်ဆောင်တဲ့ နိုင်ငံတော်တရပ် ပေါ်ပေါက်ဖို့ ကြိုးစားနေကြတဲ့ အတိုက်အခံနိုင်ငံရေးအင်အားစုများမှာတော့ မိမိတို့ရည်မှန်းချက်နဲ့ အလှမ်းဝေးနေဆဲမို့ ဆက်လက်တိုက်ပွဲဝင်ဖို့ စည်းရုံးပြင်ဆင်နေကြရဆဲ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အိမ်ချုပ်က လွတ်လာပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ပိုမိုသွက်လက်လာပါတယ်။ ရှေ့ဂုံတိုင်ကြေညာချက်အတိုင်း ဆက်လက်ရပ်တည်မှု ပိုမိုအားကောင်းလာပါတယ်။ ပါတီဆက်လက်ရှင်သန်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်တာ၊ ပါတီရဲ့ စည်းရုံးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာတာ၊ ပြည်တွင်းပြည်ပက လူငယ်အင်အားစုများရဲ့ လှုပ်ရှားမှုများကို အရှိန်မြှင့်တင် လုပ်ဆောင်လာတာ စသဖြင့် ဆက်တိုက်လှုပ်ရှားလာတာ တွေ့ကြရပါတယ်။ CRPP နဲ့ တိုင်းရင်းသားပါတီများကလည်း ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကြပြီး ပင်လုံစိတ်ဓာတ်ရှင်သန်ရေး လှုပ်ရှားမှုများကို အရှိန်မြှင့်လုပ်လာနေကြပါတယ်။ အပစ်ရပ်လူမျိုးစုလက်နက်ကိုင်အင်အားစုများထဲက အများစုကတော့ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကို လက်မခံဘဲ နောင်တက်လာမယ့် စစ်အုပ်စုရဲ့ အရပ်သားအစိုးရသစ်နဲ့ ထပ်မံတွေ့ဆုံဆွေးနွေးဖို့ လက်နက်ကိုင်ထားရင်း စောင့်နေကြဆဲပါ။ အပစ်အခတ်ရပ်စဲရေး မရတဲ့ လူမျိုးစုလက်နက်ကိုင်အင်အားစုများက မူလအတိုင်း ဆက်ပြီးတိုက်ပွဲဝင်နေကြပြီး (ဗကပ) အပါ ရှစ်လေးလုံးအတိုက်အခံ နိုင်ငံရေးအင်အားစုအသီးသီးကတော့ မူလအတိုင်း စစ်အုပ်စုတိုက်ဖျက်ရေး၊ ဒီမိုကရေစီအစိုးရတရပ် ပေါ်ပေါက်ရေးအတွက် နည်းပေါင်းစုံနဲ့ ဆက်လက်တိုက်ပွဲဝင်နေကြပါတယ်။

ဒီလို အတိုက်အခံနိုင်ငံရေးအင်အားစု အသီးသီးက မိမိတို့နိုင်ငံရေးရည်မှန်းချက်ရရှိဖို့ ဦးတည်လုပ်ဆောင်နေချိန်မှာ နအဖ စစ်အုပ်စုကတော့ ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်လာတယ်ဆိုတဲ့ ကြံ့/ဖွံ့ပါတီအမတ်များနဲ့ စစ်တပ်ကိုယ်စားလှယ်အမတ် ၂၅% တို့က အုပ်စီးထားတဲ့ ပြည်သူ့လွှတ်တော်ဆိုတာကိုခေါ်ပြီး အရပ်သားအစိုးရတရပ်ဖွဲ့စည်းဖို့ လုပ်နေပြီ ဖြစ်ပါတယ်။ ဒီလို အခြေအနေအထိ ခရီးပေါက်လာခဲ့ပေမယ့် ပြည်တွင်းနိုင်ငံရေးအခြေအနေဟာ သူတို့အတွက် စိတ်မချရဘူးဆိုတာ နအဖ စစ်အုပ်စုက ဒီ‘ပြည်သူ့စစ်မှုထမ်းဥပဒေ’ နဲ့ ‘အရန်တပ်ဖွဲ့ဥပဒေ’ ဆိုတာတွေ ရေးထားပြီးဖြစ်ကြောင်း ပေါက်ကြားတဲ့နည်းနဲ့ ထုတ်ပြလာတာ ဖြစ်ပါတယ်။

နိုင်ငံတနိုင်ငံအနေနဲ့ အမျိုးသားအချုပ်အခြာအာဏာ ထိပါးခံရတဲ့ အခြေအနေရောက်ခဲ့ရင် တနိုင်ငံလုံးကို စစ်မှုထမ်းရန် ဆင့်ခေါ်ပြီး နိုင်ငံကို ကာကွယ်ဖို့ လုပ်ကြရတာကို အားလုံးက သဘောပေါက်လက်ခံကြပြီး ဖြစ်ပါတယ်။ ဗမာပြည်သမိုင်းမှာ ဒီလို အခြေအနေမျိုး ရှိခဲ့တဲ့ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး၊ ဖက်ဆစ် ဂျပန်ဆန့်ကျင်ရေးကာလများတုန်းက ပြည်သူလူထုတရပ်လုံးက မိမိနိုးကြားမှုနဲ့ စစ်ထဲဝင်ခဲ့ကြတာ၊ သက်စွန့်ကြိုးပမ်းတိုက်ပွဲဝင်ကြတာတွေ့ခဲ့ကြရပြီးပြီ မဟုတ်ပါလား။ ခု ဗမာပြည်မှာ ဒီလို နိုင်ငံတော်အန္တရာယ်ကျရောက်တဲ့ အခြေအနေမျိုး မရှိပါဘဲ စစ်အုပ်စုက ဘာကြောင့် စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချင်နေတာပါလဲ။ ဒီနေ့ဗမာပြည်ရဲ့ နိုင်ငံရေးအခြေအနေအရ စစ်အုပ်စုရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ စစ်အင်အားစုဆောင်းနိုင်ဖို့ မြော်မြင်ပြီး ကြိုတင်ပြင်ဆင်နေတာဖြစ်ကြောင်း ရှင်းနေပါတယ်။

မပြီးဆုံးသေးတဲ့ နိုင်ငံရေးတိုက်ပွဲကို ဆက်တိုက်ဖို့ NLD က လူမျိုးပေါင်းစုံပြည်သူလူထုနဲ့ အထူးသဖြင့် လူငယ်ထုကို စည်းရုံးနေတယ်။ တခြားအတိုက်အခံနိုင်ငံရေးအင်အားစုများကလည်း လူငယ်ထုနဲ့ ပြည်သူလူထုကြီးကို စည်းရုံးနေတယ်။ လူမျိုးစုလက်နက်ကိုင်အင်အားစုအသီးသီးကလည်း လက်ရှိကာလမှာ မတိုက်ကြရသေးပေမယ့် မကြာခင်မှာ တိုက်ရနိုင်တဲ့ အခြေအနေရှိနေသေးတာမို့ သူတို့လက်နက်ကိုင်တပ်များအတွက် တပ်သားသစ်တွေ စုဆောင်းနေကြတယ်။ တကယ်တော့ ဒီလိုတင်းမာနေတဲ့ အခြေအနေတွေအားလုံး ပြေလည်သွားအောင် နအဖဟာ အတိုက်အခံနိုင်ငံရေးအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းမယ်ဆိုရင် ရနိုင်ပါတယ်။ ဒါပေမဲ့ စစ်အင်အားကို အားကိုးပြီး စစ်အုပ်စုရဲ့ အကျိုးကိုသာ ဦးစားပေးလိုတဲ့ ဗိုလ်သန်းရွှေစစ်အုပ်စုကတော့ တွေ့ဆုံဆွေးနွေးတဲ့နည်းအစား စစ်အင်အားနဲ့ ဖြေရှင်းတဲ့နည်းကိုသာ ပိုအားသန်နေကြောင်း ဒီဥပဒေများ ထွက်ပေါ်လာတာက သက်သေပြနေပါတယ်။

ဒီဥပဒေများရဲ့ ရည်ရွယ်ချက်ဟာ စစ်တပ်အတွက် စစ်အင်အားတပ်သားသစ် စုဆောင်းဖို့ဖြစ်ပြီး ပြည်သူလူထုတရပ်လုံးကိုလည်း သူ့ကိုဆန့်ကျင်ရင် ဒုက္ခပေးမယ့်အစီအစဉ် ရှိထားပြီးဖြစ်ကြောင်း ဖော်ထုတ်ခြိမ်းခြောက်လိုက်တာ ဖြစ်ပါတယ်။ ဒီဥပဒေအရ ရလာမယ့် တပ်သားသစ်များနဲ့ သူ့ရဲ့လူအင်အား မပြည့်တဲ့တပ်အများစုကို လူဖြည့်နိုင်ပြီး တပ်သစ်များလည်း ထပ်ဖွဲ့ကာ သူ့ကိုဆန့်ကျင်မယ့် အင်အားစုများကို နှိမ်နင်းဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။ ဒ့ါအပြင် အတိုက်အခံနိုင်ငံရေးအင်အားစုများဘက် ပါသွားမယ့် လူငယ်များကိုကလည်း အပြိုင်လုယူဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။

ဗမာပြည်ပြည်သူလူထုဟာ စစ်အုပ်စုလက်အောက်မှာ နေခဲ့ရတာ ကြာပါပြီ။ ဒါကြောင့် စစ်တပ်ရဲ့ ပေါ်တာဆွဲတာ၊ အတင်းအကျပ် လုပ်အားပေးခိုင်းစေတာ၊ အတင်းအကျပ် ဆန္ဒမဲပေးရတဲ့ အတွေ့အကြုံလည်း ရှိခဲ့ကြပြီး ဖြစ်ပါတယ်။ အကယ်၍ ဒီဥပဒေ အတည်ဖြစ်ပြီး သူ့စစ်တပ်ထဲ ဝင်ခဲ့ကြရင်လည်း မိမိတို့ နိုင်ငံရေး ရည်မှန်းချက်အတွက် ဆက်လက်လုပ်ဆောင်နိုင်ဖို့ နည်းလမ်းသစ်တွေ ပေါ်ထွက်လာမှာပဲ ဖြစ်ပါတယ်။

ဗိုလ်နေဝင်းဟာ သူ့ရဲ့နောက်ဆုံးအချိန်မှာ စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်လို့ သူအားကိုးရာ စစ်တပ်ကို အမြင့်ဆုံး မြှောက်ပင့် အမိန့်ပေးပြီး လူထုကို ခြိမ်းခြောက်ကာ ဆင်းသွားခဲ့ပါတယ်။ လူထုအုံကြွမှုကြီးက တားမရခဲ့ပါဘူး။ ခုလည်း ဗိုလ်သန်းရွှေက သူ့ရဲ့နောက်ဆုံးပိုင်းအချိန်မှာ ဥပဒေထုတ်ပြီး စစ်အင်အားစုဆောင်းဖို့ ပြောနေပါပြီ။ စစ်အုပ်စုထိပ်သီးပီပီ စစ်အင်အားကို အားကိုးပြီး သူတို့စည်းစိမ်ကို ကာကွယ်ဖို့ ပြင်ခိုင်းနေပါပြီ။ စစ်အုပ်စုရဲ့ အရပ်သားအစိုးရ ပေါ်ပေါက်လာပြီးရင် ဗမာပြည်ရဲ့ လက်ရှိနိုင်ငံရေးပြဿနာများကို ဆက်လက်ဖြေရှင်းရပါလိမ့်မယ်။ ဖြေရှင်းနိုင်တဲ့နည်းက နှစ်နည်း ရှိနေပါတယ်။ တွေ့ဆုံဆွေး နွေးညှိနှိုင်းဖြေရှင်းတဲ့နည်းနဲ့ စစ်အင်အားသုံးပြီးချေမှုန်းတဲ့နည်း ဖြစ်ပါတယ်။ နောက်တက်လာမယ့် စစ်အုပ်စုသစ်တွေ ဗိုလ်နေဝင်းနဲ့ ဗိုလ်သန်းရွှေတို့ရဲ့ ခြေရာအတိုင်း ဆက်လျှောက်ခဲ့ရင်တော့ ဗမာပြည်ဟာ ပြည်တွင်းစစ်မီး ပြန်တောက်လောင်မှာ မုချပါပဲ။

ပြည်သူလူထုနဲ့ အတိုက်အခံ နိုင်ငံရေးအင်အားစုများကတော့ စစ်အုပ်စု တွေ့ဆုံဆွေးနွေးဖြေရှင်းမယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသွားကြရုံရှိပြီး စစ်အင်အားနဲ့ ချေမှုန်းတဲ့နည်းနဲ့ ဖြေရှင်းမယ်ဆိုရင်တော့ ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံ သုံးပြီး ဆန့်ကျင်ခုခံတိုက်ပွဲဝင်သွားကြတဲ့နည်းသာ ရွေးစရာရှိပါလိမ့်မယ်။

**ကိုထွေး**

ရွေးကောက်ပွဲလွန်ကာလမှာ ဖြစ်ပေါ်လာမယ့်
**စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ကြ။**
**ပြည်သူ့အင်အားကို စုစည်းကြ။**

# စစ်အုပ်စုရဲ့ နောက်ကွယ်မှာ "ဘွဲ့ဖြူလက်နက်" ရှိနေတယ်

မောင်လှဝင်း

**"ဒီမိုကရေစီဆိုတာ ရှေ့ဆောင်တစုရဲ့ ကွန်ဂရက်လွှတ်တော်ထဲက ပေါက်ဖွားလာတာမဟုတ်ဘူး"တဲ့။**

ဒီစကားဟာ ဂျာမန်အလုပ်သမားလူတန်းစားရဲ့ခေါင်းဆောင်၊ တိုက်ပွဲဝင်ရင်း ဂုဏ်ပြောင်စွာ ကျဆုံးသွားခဲ့တဲ့ အမျိုးသမီးရဲဘော် "ရိုဇာလူဇင်ဘတ်"ပြောခဲ့တဲ့ နာမည်ကျော် စကားစုပါ။ သွေးနဲ့ရင်းခဲ့ရတဲ့ တိုက်ပွဲအတွေ့အကြုံတွေက သင်ကြားပေးလိုက်တဲ့စကား ဖြစ်ပါတယ်။

ဒီနေ့ဗမာပြည်မှာတော့ စစ်အုပ်စုရဲ့လွှတ်တော်အပေါ် အကောင်းမြင်ပြီး မျှော်လင့်ချက်ထားနေသူတချို့ (လွှတ်တော်အမတ်တချို့အပါအဝင် ပညာတတ်တစိတ်တပိုင်းနဲ့ တချို့တလေ) ရှိနေသေးတယ်။ ဒီလွှတ်တော်ဆိုတာ အတွေးအခေါ်ရှင်းရှင်းနဲ့ကြည့်ရင် ထင်းထင်းကြီးမြင်နိုင်တဲ့ပွဲပါ။ စစ်အုပ်စုက ကိုယ်ပွား ပွားဖို့ လုပ်တဲ့ပွဲ၊ စစ်အုပ်စုက ကိုင်းဆက်ပြီး မျိုးကူးပေးဖို့ လုပ်တဲ့ပွဲ၊ အာဏာကို ဘယ်လက်ကနေ ညာလက်ကို ပြောင်းဖို့ လုပ်တဲ့ပွဲ စသဖြင့် အမျိုးမျိုးပြောလို့ရပါတယ်။ ပြည်သူတွေက 'ဘာမှ မထူးပါဘူး' ဆိုတဲ့ သဘောနဲ့ စိတ်ဝင်စားမှုမပြတာလည်း ဒါကို သူတို့နည်းနဲ့ သူတို့သိနေတဲ့သဘောပါပဲ။ သေချာတာကတော့ စစ်အုပ်စုက စစ်အာဏာရှင်စနစ် ရေရှည်ဆက်လက်ထိန်းသိမ်းမှုကို တရားဝင်ဖြစ်အောင် အဘက်ဘက်က ထောင့်စေ့စေ့ အကွက်ချပြီး ပန္နက်ရိုက်လိုက်ခြင်းပါပဲ။ လွှတ်တော်ထဲမှာ သူတို့အခုလုပ်နေတာတွေကို ကြည့်ရင်လည်း သူတို့အာဏာကို နည်းနည်းမှ အတိမ်းအစောင်းမခံဘဲ အပိုင်ဆုပ်ကိုင်ထားဖို့ လုပ်နေတာမှန်း သိသာပါတယ်။

ဒါကိုပဲ တချို့က သမ္မတဦးသိန်းစိန်က ဘယ်အချက်ဖြင့် မဆိုးဘူး… ဒီအချက်ကလေးကဖြင့် မျှော်လင့်စရာ ရှိနေတယ်…စသဖြင့် ဆင့်အံ့ဖတ်မျှော်သလို ကြံဖန်မျှော်လင့်နေကြသေးတယ်။ ဦးသိန်းစိန် စရိုက်ဘယ်လိုပဲရှိရှိ၊ ဦးတင်အောင်မြင့်ဦး စရိုက်ကြမ်းကြမ်းနုနု စစ်အုပ်စုက နဖားကြိုးကို လိုသလို ဆွဲလို့ရတဲ့ သူတွေမို့ သုံးလိုက်တာပါ။ တချို့က အစိုးရသစ်ဟာ တစုံတရာ အပြောင်းအလဲသစ် ဖြစ်လာနိုင်တယ်။ စစ်အုပ်စုသစ်ဟာ ဦးသန်းရွှေစစ်အုပ်စုဟောင်းလို ပဒေသရာဇ်မဆန်ဘဲ တိုးတက်လာနိုင်စရာရှိတယ်…စသဖြင့် မျှော်လင့်နေတာလည်း ရှိသေးတယ်။ မထင်ပါနဲ့။ ဆိုင်းသံကြားလို့ စားရနိုးနိုး မျှော်ကိုးနေပေမယ့် အလှူပွဲ မဟုတ်တာတော့ သေချာပါတယ်။

ရုပ်ပြသမ္မတတွေကို ပိုပြီး နာခံတတ်သူကို ရွေးတာဖြစ်ပေမယ့် စစ်အုပ်စုက သူတို့လူ ဘယ်သူ့မဆို ထားရဲပါတယ်။ ထားလည်း ထားခဲ့ဖူးတာပဲ။ သူတို့ အကျပ်အတည်းဖြစ်လို့ ဟန်ပြထုတ်ချင်တယ်ဆိုရင်(ရှစ်လေးလုံးကာလတုန်းက) သမ္မတ ဦးစိန်လွင်တို့၊ ဒေါက်တာမောင်မောင်တို့ စသဖြင့် ထုတ်သုံးခဲ့ဖူးတာပဲ။ ဒီလို ထုတ်သုံးရတာကို သူတို့မကြောက်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့မှာ ဘွဲ့ဖြူလက်နက်ရှိနေတာကိုး။

ဘွဲ့ဖြူလက်နက်ဆိုတာက အာဋ္ဌဝီဘီလူးတွေ အားအကိုးဆုံး လက်နက်ပါ။ စစ်အုပ်စုရဲ့ "အားအကိုးဆုံး" ဘွဲ့ဖြူလက်နက်ကတော့ "အာဏာသိမ်းတဲ့နည်း"ပါပဲ။ သမ္မတဦးစိန်လွင်တို့၊ သမ္မတ ဦးမောင်မောင်တို့ စင်ပေါ်တင်ပြီး ထုတ်သုံးလို့ မအောင်မြင်တော့တဲ့အခါ ဒီဘွဲ့ဖြူလက် နက်ထုတ်သုံးလိုက်တာပဲ။ ဒီဘွဲ့ဖြူလက်နက်က သူတို့အားအကိုးဆုံး ဖြစ်သလို သည်းချေကြိုက်ပါ။ ၁၉၅၈ ကတည်းက အာဏာသိမ်းတဲ့နည်းရဲ့ အရသာကို သူတို့ ကောင်းကောင်းသိလာခဲ့တာ မဟုတ်လား။ ဒါကြောင့်လည်း ၂၀၀၈ အခြေခံဥပဒေထဲမှာ ဒီအာဏာသိမ်းနည်းကို တရားဝင်ဖြစ်အောင် ထည့်ထားခဲ့တာ မဟုတ်လား။

ဒီတော့ သမ္မတသစ်က မနာခံမှာလည်း သိပ်ပူစရာမလိုဘူး။ အစိုးရသစ်(ကိုယ်ပွား)က ပင်မဖြစ်သွားပြီး စစ်အုပ်စုက စပယ်ယာ (အရန်) ဖြစ်သွားမှာလည်း သိပ်စိုးရိမ်နေစရာမလိုဘူး။ အစိုးရသစ် လူထုတိုက်ပွဲတွေကြောင့် မတော်တဆ ကတိမ်းကပါး ဖြစ်သွားမှာပဲ သူတို့စိုးရိမ်တယ်။ ဘာတွေပဲဖြစ်ဖြစ် သူတို့မှာ သိပ်ဆိုးတဲ့အကျပ်အတည်း ကြီးကြီးမားမား ပေါ်လာတယ်ဆိုရင်တော့ ဘွဲ့ဖြူလက်နက် ထုတ်သုံးလိုက်မယ်ဆိုတဲ့ စိတ်ကူးကတော့ စစ်အုပ်စုခေါင်းထဲမှာ သံမှိုနှက်ထားသလို စွဲနေပြီးသားပါ။ နောက်ပြီး လူရွေးတာမှာ ပြဿနာပေါ်ရင်လည်း အာဏာသိမ်းမယ့်နည်းကို သုံးဖို့ ခေါင်းထဲမှာ ပြင်ထားပြီးသားပါ။

ချုပ်လိုက်ရင် အခုလွှတ်တော် မဆိုထားနဲ့၊ သူတို့ရဲ့ အဆိုးဆုံးအခြေအနေအထိ စစ်အုပ်စုက အသေအချာ ပြင်ဆင်ထားပြီးသားပါ။ စစ်အုပ်စုပဲဖြစ်တဲ့ အစိုးရသစ်အပေါ် ထင်ယောင်မှားမှုတွေနဲ့ မျှော်လင့်ချက်ထားနေရင် လမ်းလွဲနေကြဦးမှာပါ။ စစ်အုပ်စုကို ခင်ပျားတို့ ဖယ်ရှား နိုင်ပြီလို့ ထင်တဲ့အချိန်မှာတောင် သူတို့မှာ ဘွဲ့ဖြူလက်နက်(အာဏာသိမ်းတဲ့နည်း) ရှိနေသေးတယ်ဆိုတာ မမေ့ပါနဲ့။

ဒါကြောင့် စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ကို (ကုန်စင်အောင်) တိုက်ရေးလို့ ပြောနေကြရတာပါ။



နိုင်ငံရေး

# လွှတ်တော်လွှန်ကာလမှာမှ ပွဲကြမ်းလာလိမ့်မယ်။

ညိုစိန်ဝင်း

ရာဇဘိသိက်ခံယူမယ့် ဘယ်ရှင်ဘုရင်ကမှ သွေးစွန်းလက်နဲ့ ရာဇပလ္လင်တက်ပြီး သံလျက်ကိုင်ချင်ကြမှာ မဟုတ်ပါဘူး။ သူတို့ ကိုယ်က သွေးညှီနံ့တွေ ဘယ်လောက်ပဲ နံစော်နေနေ၊ ရာဇဘိသိက်ပွဲတော်ကာလ အခိုက်အတန့်မှာတော့ မင်္ဂလာယူချင်ကြတဲ့သူတွေ ချည်းပါပဲ။

ယခုကျင်းပတဲ့ လွှတ်တော်ဟာလည်း ရာဇဘိသိက်ခံပွဲ တမျိုးလို့ ဆိုရမှာပါ။ အခြေခံဥပဒေ အသက်သွင်းရေးလုပ်ငန်း တဖက်မှာ ရှိနေတယ်ဆိုပေမယ့် အစိုးရသစ်ထဲ ပါမယ့်သူတွေက ကိုယ့်ကုလားထိုင်၊ ကိုယ့်ပလ္လင်ပေါ် တက်ပြီး နေရာယူကြမယ့်ပွဲပါ။ ဒီလို နေရာယူကြမယ့် ပုဂ္ဂိုလ်တွေကလည်း ဒီလွှတ်တော်သဘင်ရဲ့ အခိုက်အတန့်မှာ သူတို့ကို နောက်ကွယ်ကနေ တရားခံပူပူနွေးနွေး အဖြစ် လက်ညှိုးထိုး မေးငေါ့တာ ခံချင်ကြတာ မဟုတ်ပါဘူး။

လွှတ်တော်မခေါ်ခင် ကပ်နေတဲ့အချိန်မှာ ပြည်တွင်းက ပြဿနာတွေကို ပွဲကြမ်းပြီး ဖြေရှင်းလိုက်မယ်ဆိုရင် အခိုင်အမာ ဖြေရှင်းတဲ့သူရော အမိန့်ပေးသူပါ တရားခံအဖြစ် အစွပ်စွဲခံနိုင်စရာ အလားအလာတွေ ရှိနေပါတယ်။ ထိပ်ဆုံးကနေ အမြဲ အမိန့်ပေးလာခဲ့တဲ့ ဗိုလ်သန်းရွှေကိုယ်တိုင် ဒီအချိန်မှာတော့ ကိုယ်ရှိန်သတ်ထားချင်ပုံ ပေါ်ပါတယ်။ လွှတ်တော်မတိုင်မီ ပြဿနာတွေ ဖြေရှင်းမယ်ဆိုရင်လည်း ဖြေရှင်းစရာ ပြဿနာတွေက အများကြီးပါ။ ပြဿနာ ဖြေရှင်းလိုက်လို့ ပြဿနာပြီးမသွားဘဲ တိုးလိုးတန်းလန်းဖြစ်နေရင် ဒီကိစ္စက တဖက်လွှတ်တော်ကတဖက် ဗျာများနေရမှာလည်း စိုးရိမ်ပုံပေါ် ပါတယ်။

ဒါကြောင့် မျက်မှောက် သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာတချို့ ဖြေရှင်းရေးကို အချိန်ဆိုင်းငံ့ထားတာပါ။ ဥပမာတခု နှစ်ခု လောက်ပဲ ပြောပါမယ်။

အပစ်ရပ်အဖွဲ့တွေက နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေး လက်မခံဘဲ ခေါင်းမာနေတာကို သူတို့ နည်းနည်းမှ မကြိုက်ပါဘူး။ ခပ်စပ်စပ်ကလေးဆုံးမမှ ရမယ်ဆိုပြီး တိုက်မယ်ခိုက်မယ် ကြမ်းမောင်းနေတာပါ။ ဒါပေမဲ့ လွှတ်တော်ကာလတပိုက်မှာတော့ အလောတကြီးမလုပ်သေးဘဲ အောင့်အည်းထားရတဲ့အဖြစ်မျိုးပါ။ ဒါကြောင့် လတ်တလော မြဝတီဘက်မှာ ဒီကေဘီအေဘက်က စတိုက်လာခဲ့တဲ့ အတွက် တိုက်ပွဲအနည်းအကျဉ်းဖြစ်တာနဲ့ မိုင်းယောင်းဘက်မှာ အမြောက်စမ်းတာလောက်ပဲ လုပ်နေတာပါ။

ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးအပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ် လူထုက ဒီလောက် လိုက်လိုက်လှဲလှဲ ဖြစ်နေတာတွေ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဘက်ပေါင်းစုံမှာ ခပ်သွက်သွက်ကလေး လုပ်ရှားနေကြတာတွေကိုလည်း သူတို့က မနှစ်မြို့ပါဘူး။ ဒါပေမဲ့ အခုအထိ လက်ပိုက်ပြီး ဘေးကနေ ထိုင်ကြည့်နေရတုန်းပါ။

ဒီနှစ် အဦးပိုင်းမှာ ဆန္ဒပြပွဲကလေးတွေ ဟိုနေရာ ဒီနေရာမှာ ပေါ်လာနေတာကလည်း သူတို့ကို စိတ်အနှောင့်အယှက် ဖြစ်စေပါတယ်။

ဒါက လွှတ်တော်ပြင်ပက ပြဿနာတွေပါ။ လွှတ်တော်ထဲမှာတော့ သူတို့က ပြဿနာမထွက်အောင် ကန့်သတ်ချက်တွေ စည်းမျဉ်းတွေနဲ့ ချည်တုပ်ထားပြီးသားပါ။ ဒါတောင် စိတ်မချသေးလို့ သူတို့လူမဟုတ်တဲ့ တခြားလွှတ်တော်အမတ်တွေကို ဘယ်လို ထိန်းချုပ်ရမလဲဆိုတာ ကြိတ်ကြံထားကြ တာပါ။ "စစ်မှုထမ်းဥပဒေ" ဆိုတာကတော့ လွှတ်တော်မခေါ်သေးမီကတည်းက အပြင်မှာ ပူညံ့ပူညံ ဖြစ်နေပါပြီ။



သူတို့က ဖြစ်နေတဲ့ ပြဿနာတွေကို အစိုးရသစ်လက်ထက်မှာမှ ဖြေရှင်းရေးဆိုတာမျိုး လုပ်ချင်ဟန်တူပါတယ်။ နအဖနဲ့ အစိုးရသစ်ဆိုတာကလည်း ဘယ်ပခုံးကနေ ညာပခုံး ပြောင်းထမ်းတာလောက်ပဲ ကွာခြားတာပါ။ အစိုးရသစ်ကလည်း ထွက်မယ်ဆိုလို့ ထွက်လာရ၊ ဘီလူးဆိုင်းနဲ့ ဘီလူးက ချက်ချင်းကြီး ထ,ကရမယ့်အရေးကိုတော့ စိတ်လေးနေမှာပါ။ ဒီလိုဆိုလို့ အစိုးရသစ်ရဲ့ စိတ်ကောင်းစေတနာကို မျှော်လင့်နေလို့လည်း မရပါဘူး။

အစိုးရသစ် ပေါ်လာမလာသေးခင်ကတည်းက အဲဒီအစိုးရအပေါ် မယုံကြည်မှုတွေ ဖြစ်ပေါ်နေတာပါ။ ဒါကြောင့် စီးပွားရေး လုပ်ငန်းရှင် လွှတ်တော်အမတ်လောင်းက "လူတချို့မကောင်းလို့ပါ" ဆိုပြီး (မဆလခေတ်က မူကောင်းပြီး လူမကောင်းလို့ပါ" ဆိုတဲ့ ပြောပုံပြောနည်းမျိုးနဲ့) ထွက် "ကာ" နေရတာပါ။

ဘယ်လိုပဲ ဖြစ်ဖြစ် (နအဖပဲ ဖြစ်ပစေ၊ အစိုးရသစ်ပဲ ဖြစ်ပစေ) သူတို့အတွက် အနှောင့်အယှက်လို့ ထင်တဲ့ အင်အားတွေကို အာဏာနဲ့ အင်အားသုံးပြီး အပြတ်နှိမ်ပစ်ချင်တာကတော့ သူတို့ရဲ့ အရိုးစွဲနေတဲ့ စိတ်ဓာတ်ပါ။ လွှတ်တော်နဲ့ မင်္ဂလာယူရမယ့်အချိန်မို့ ယာယီ ကြိတ်မှိတ်အောင့်အည်းနေရတာပါ။

ခင်ပုပ်က ခင်ပုပ်၊ ကျီးကကျီး၊ ဘီလူးက ဘီလူး၊ လူကလူ ဇာတိရုပ်ကို ဘယ်သူမှ မဖျောက်နိုင်ပါဘူး။ လွှတ်တော်လွှန်ကာလမှာ (ချက်ချင်းကြီးမဟုတ်တောင် အချိန်တချိန်အရောက်မှာ) လူ့စည်းဘီလူးစည်း ကွဲလာမှာဖြစ်သလို ပွဲကလည်း ကြမ်းလာမှာပါ။

အခုကျင်းပတဲ့ လွှတ်တော်ရဲ့ ရာဇပလ္လင်အောက်ခြေမှာကိုပဲ သင်ကြည့် တတ်ရင် မြင်နိုင်ပါလိမ့်မယ်။ ပြည်သူတွေရဲ့ မျက်ရည်နဲ့ သွေးအိုင်ကွက်ကြီး ရှိနေပါတယ်။

နိုင်ငံရေး

# ၂၀၁၁ နှစ်ဦးမှာ ဗမာပြည် ပြည်သူလူထုရဲ့ တိုက်ပွဲများကို ကြိုဆိုဂုဏ်ပြုလိုက်ပါတယ်။

လှပေါ်ဦး

လှုပ်ရှားမှုအကြီးကြီးတွေဖြစ်ဖို့ လှုပ်ရှားမှု အသေးကလေးတွေ ကနေ စရတာပါ။

၂၀၁၀ ခုနှစ်မှာကတည်းက ဗမာပြည်မှာ အထည်ချုပ်စက်ရုံ ဆန္ဒပြပွဲကအစ လှုပ်ရှားမှုတိုက်ပွဲအသေးကလေးတွေ ဖြစ်နေခဲ့တာ အခု ၂၀၁၁ နှစ်ဦးပိုင်းအထိ နှစ်ကူးပြီး ဖြစ်ပေါ်နေဆဲပါပဲ။ မတူတဲ့ နေရာတချို့မှာ အလုပ်သမားတိုက်ပွဲကလေးတွေ ပေါ်ခဲ့ပါတယ်။ လယ်သမားတိုက်ပွဲ လေးတွေကတော့ ဗမာပြည်ခေါင်းဖျား ကချင်ပြည်နယ်မှာ ပေါ်ပေါက်ခဲ့သလို ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနဲ့ အခြားနေရာ ဒေသတချို့မှာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပေါ်ခဲ့ပါတယ်။

ရန်ကုန်တိုင်း သိရိမင်္ဂလာဈေး ပြောင်းရွှေ့မှုမှာ ဈေးသူဈေးသားတွေက မြို့တော်ဝန်ကို ဆန္ဒပြတဲ့ တိုက်ပွဲမျိုးတောင် တွေ့လာရပါတယ်။

ကလေးမြို့ ချယ်ရီရေနံမြေက အင်အား ၁၀၀၀ ကျော်ပါဝင်တဲ့ အလုပ်သမားဆန္ဒပြပွဲကိုတော့ ရဲတွေက ရိုက်နှက်ဖြိုခွဲခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီတိုက်ပွဲမှာ ကုမ္ပဏီပိုင်ရှင်ဘက်က ရေနံဈေးတဆင့်မြှင့်ပေးလာရတာကတော့ တိုက်ပွဲရဲ့ အောင်သီးအောင်ပွင့်လို့ ဆိုနိုင်ပါတယ်။

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် ဒဂုံမြို့သစ် အရှေ့ ပိုင်းနဲ့ ဒဂုန်ဆိပ်ကမ်းမြို့နယ်တို့မှာလည်း လယ်သမားတွေဟာ လယ်အသိမ်းခံရလို့ နစ်နာရမှုတွေအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြပါတယ်။ သဃ်ာန်းကျွန်းမြို့နယ်မှာ သက်ဆိုင်ရာက ပြေလည်မှု ရရှိသည်အထိ ဖြေရှင်းပေးပါမယ်လို့ အာမခံလာရတာဟာလည်း တိုက်ပွဲရဲ့ အကျိုးအမြတ်လို့ ဆိုရမှာပါ။

ဒါဟာ ပြည်သူလူထုက မိမိတို့အရေးကို မိမိတို့ ကိုယ်တိုင် ဖြေရှင်းလာကြတာပါ။ မှန်ကန်တဲ့ တိုက်ပွဲလမ်းကြောင်းပေါ် တက်လှမ်းလာကြတာ ဖြစ်ပါတယ်။

ဒီလူတန်းစားအသီးသီး တိုက်ပွဲကလေးတွေဟာ မြေအောက်လုပ်ငန်းဆိုင်ရာ 'မျက်စိ'(အမြင်) နဲ့ ကြည့်ရင် မှန်ကန်ရုံမက သေသပ်တဲ့ တိုက်ပွဲတွေလို့ ဆိုရပါမယ်။

တိုက်စည်တိုက်မောင်းနှက်ပြီး အုန်းအုန်းကြွက်ကြွက်နဲ့ တိုက်ပွဲဝင်တာမျိုး မဟုတ်ပါဘူး။ တလှမ်းချင်း တဆင့်ချင်း တိုက်ပွဲဝင်တာ ဖြစ်ပါတယ်။ ကိုယ်သက်ဆိုင်ရာ အလုပ်ခွင်အတွင်းက ကိုယ့်အခွင့် အရေးအတွက် တိုက်ပွဲဝင်တာကနေ အစချီတာ ဖြစ်ပါတယ်။ ဒါကြောင့်–

ဒီတိုက်ပွဲတွေဟာ အကြောင်းအကျိုး ရှိရမယ်။ အကန့်အသတ်ရှိရမယ်။ အကျိုးအမြတ် ရှိရမယ်ဆိုတဲ့ အချက်တွေနဲ့လည်း ကိုက်ညီနေပါတယ်။ (တချို့ လယ်သမားတိုက်ပွဲတွေရော၊ အလုပ်သမားတိုက်ပွဲတွေပါ အပြည့်အဝမဟုတ်တောင် တစိတ်



တဒေသ အကျိုးအမြတ်ရခဲ့တာ တွေ့ရပါတယ်။)

ကလေးမြို့က ကျောင်းသားတိုက်ပွဲမှာဆိုရင် ကျောင်းသားတွေက ဒီတိုက်ပွဲကို အားလုံးက ဦးစီးတာ၊ အားလုံးဆန္ဒအရ လုပ်ခဲ့တာလို့ ပြောတာ မှန်ကန်တဲ့ ရပ်ခံချက်ပါ။ ဘယ်တိုက်ပွဲမှာမဆို ပြင်ပ ပရောဂ၊ ပြင်ပက သွေးထိုးပေးလို့ ဆိုတဲ့ စွပ်စွဲချက်မျိုးတွေကို ရိုက်ချိုးဖယ်ရှား ပစ်ရပါမယ်။ ကျောင်းသူတွေက ဒီတိုက်ပွဲရဲ့ အများစုအင်အား ဖြစ်နေတာ ကလည်း ကြိုဆိုဂုဏ်ပြုရမယ့်အချက်ပါ။ ဒီတိုက်ပွဲလည်း အောင်မြင်မှုအကျိုးအမြတ် ရခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

တိုက်ခဲ့တဲ့ တိုက်ပွဲများကနေ တိုက်ပွဲအတွေ့အကြုံနဲ့ တိုက်ပွဲနည်းနာတွေကို သင်ကြားပေးပါတယ်။ ဒါထက် ပိုမို ကောင်းမွန်လှပတဲ့ တိုက်ပွဲတွေ ပေါ်ထွက်လာမှာကိုလည်း ကြိုတင်မျှော်မှန်းထားနိုင်တာ အသေအချာပါ။ အဲဒီဂျစ်မှာ လူထုတိုက်ပွဲအောင်ခဲ့တဲ့အပြင် လူထုတိုက်ပွဲလှိုင်းလုံးတွေ တလုံးပြီးတလုံး ပေါ်စပြုလာတဲ့အချိန်ပါ။


တရားမဲ့ရင် ကူသူရှားတယ်။ တရားရှိရင် ကူသူများ ပါတယ်။ တိုက်ပွဲဝင်ပြည်သူတွေကို တပြည်လုံးက ပြည်သူတွေက တစထက်တစ တိုးမြှင့် ထောက်ခံကူညီလာကြမှာကလည်း အသေအချာပါ။ ။

# ရန်ကုန်ဆင်းရဲသားရပ်ကွက်နဲ့ ညှော်စာရင်းဒုက္ခ

ဝင်းသူ

မြန်မာနိုင်ငံရဲ့ မြို့ကြီးပြကြီးတွေ အားလုံးလိုလိုမှာ လွန်ခဲ့တဲ့ဆယ်စုနှစ် တခု ကျော်လောက်အတွင်းမှာ လူဦးရေ သိသိသာသာကြီးကို တိုးပွားများပြားလာခဲ့ပါတယ်။ အဲ့ဒီအထဲမှာ အသိသာဆုံးကတော့ ရန်ကုန်မြို့ကြီးပါပဲ။ ဒီနေ့စာရင်းဇယားတွေအရ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ သန်း ၆၀ နီးပါး ရှိနေပါပြီ။ ရန်ကုန်မြို့ရဲ့လူဦးရေက ၆ သန်းနီးပါးဆိုတော့ မြန်မာနိုင်ငံသား ၁၀ ဦးမှာ တဦးက ရန်ကုန်မှာ နေနေတဲ့ သဘောပါ။ ပြီးခဲ့ဆယ်စုနှစ် တခု အတွင်းမှာ ရန်ကုန်မြို့ရဲ့ လူဦးရေတိုးပွားမှု သိသိသာသာ အဖြစ်ဆုံး ထင်သာမြင်သာ အရှိဆုံးအချိန်ကတော့ နာဂစ်လေမုန်တိုင်းကြီး ရေဝတီမြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတခုလုံးကို ချေမွဖျက်ဆီးပြီး လူတွေသိန်းနဲ့ချီ သေကြေခဲ့ရတဲ့ နောက်ပိုင်းကာလမှာပါ။ မုန်တိုင်းဒဏ်သင့်ဒေသနေ ပြည်သူအများအပြားဟာ အိုးအိမ်တွေ၊ လယ်ယာကိုင်းကျွန်းတွေ၊ တံငါလုပ် ငန်းတွေ၊ ဈေးဆိုင်တွေ လုံးဝဥသုံ ဆုံးရှုံးသွားခဲ့ရတယ်။ အဆိုးဝါးဆုံး ဆုံးရှုံးရမှုကတော့ မိသားစုဝင်တွေ ဆုံးရှုံးသွားရ တာပါပဲ။ တမိသားစုလုံးဆုံးရှုံးသွားပြီး တဦးတည်း တယောက်တည်း ကျန်ခဲ့ရရှာတဲ့ အဖေတွေ၊ အမေတွေ၊သားတွေ၊သမီးတွေ မရေမတွက်နိုင်အောင်ကို များပြားလှပါတယ်။ ဒီဒေသမှာ ကျန်ခဲ့သူတွေမှာ မိသားစုဝင် အပြည့်အဝ ကျန်ခဲ့တဲ့မိသားစု အတော်ရှားပါတယ်။ ဒီလိုကြုံတွေ့ရသူ အများအပြားဟာ နေရင်းဒေသကို စွန့်ခွာပြီး ရေကြည်ရာမြက်နုရာ ရှာခဲ့ကြတာပါ။ ဒါပေမဲ့ သူတို့ရှာလို့ တွေ့တဲ့ နေရာတွေက ရေလည်းမကြည် မြက်လည်းမနုတဲ့ ရန်ကုန်တို့ ယိုးဒယားနယ်စပ်တို့လို နေရာမျိုးတွေကို ရောက်သွားကြတာပါ။

ရန်ကုန်ကို တိုးဝင်လာကြတဲ့ လူတွေထဲမှာ ရောဝတီတိုင်းကလာတဲ့ သူအများစုက လှိုင်သာယာတို့ ရွှေပြည်သာတို့ကို တိုးဝင်ကြပြီး ပဲခူးဘက်ကတိုးဝင်တဲ့သူတွေက တောင်ဒဂုန်လို နေရာမှာ များပါတယ်။ ဒီနေရာတွေကို တိုးဝင်လာတဲ့သူ အများစုဟာ မရှိ ဆင်းရဲသား တွေပါ။ ဒီလို မြို့ပတ်မြို့နယ်တွေပဲခေါ်ခေါ်၊ ဆင်းရဲသားမြို့နယ်တွေပဲ ခေါ်ခေါ် နေရာတွေမှာ အိမ်ငှား အခန်းငှားနေတဲ့ သူတွေ အလွန်ပေါပါတယ်။ လူဦးရေရဲ့ ရာခိုင်နှုန်း အများစုဟာ အခန်းငှားနေကြရတာပါ။ အိမ်ပိုင်ရှင်တွေကလည်း ရှိတဲ့အိမ်ကို အခန်းတွေ ရသမျှ ကန့်ပြီး ငှားစားကြပါတယ်။ အခုနောက်ပိုင်းကျတော့ တိုးလာတဲ့လူဦးရေက များပြီး ရှိတဲ့အခန်းကနည်းတော့ အဆောင်ဆောက်ပြီး ငှားစားတဲ့စနစ်တခု ပေါ်လာပါတယ်။ အစပိုင်းမှာတုန်းကတော့ မြေပိုင်ရှိတဲ့သူက အိမ်မဆောက်တော့ဘဲ တဲတန်းလျားကြီးထိုး၊ အခန်းကျဉ်းလေးတွေ ဖွဲ့ပြီး ပြန်ငှားစားကြတာပါ။ တချို့အဆောင်တွေဆိုရင် အခင်းကမြေကြီး အကာက ဝါးထရံ အမိုးက ဓနိမိုးပါ။ အခန်းက အလျား ၇ ပေ၊ ၈ ပေနဲ့ အနံက ၅ ပေ၊ ၆ ပေ လောက်ပဲ ကျယ်ပါတယ်။ အထဲမှာအိပ်ဖို့ ဝါးနဲ့ လုပ်ထားတဲ့ ခုတင်ကလေးတလုံးပဲ ရှိပါတယ်။ အမိုးကလည်း နိမ့်နိမ့်လေး မိုးပေးထားတာပါ။ တယောက်တည်းနေရင်တောင် တော်တော်ကျပ်ကျပ်တည်းတည်း နေရမှာပါ။ ဒီအခန်းမျိုးကို တချို့နှစ်ယောက်နေကြပါတယ်။ ကလေးငယ်လေး တယောက်နဲ့ မိသားစု နေတာကိုတောင် တွေ့ဖူးပါတယ်။ ပေ ၂၀၊ ပေ ၆၀ မြေကွက်ပေါ်မှာ ဆောက်ထားတဲ့ တန်းလျားထဲမှာ ဒီလိုအခန်းပေါင်း ၁၅ ခန်း၊ ၁၆ ခန်းလောက်ရအောင် ဖွဲ့ထားတာပါ။ အဝင်ထိပ်နားမှာ ထမင်းဟင်း ချက်ဖို့ မီးဖိုနေရာ ပေးထားပါတယ်။ အဆောင်ရဲ့ နောက်ဆုံးအစွန်မှာတော့ အိမ်သာတလုံး ဆောက်ပေးထားပါတယ်။ အိမ်သာကလည်း စနစ်တကျ သေသေသပ်သပ် လုပ်ပေးထားတာ မဟုတ်ပါဘူး။ ရေလောင်းချတဲ့ မိလ္လာပိုက်ကို နောက်ဖေးလမ်းကြား ရေဗွက်အိုင်ထဲ ထိုးထည့် ထားလိုက်တာပါ။ သိကြတဲ့အတိုင်း လှိုင်သာယာတို့၊ ရွှေပြည်သာတို့၊ တောင်မြောက်ဒဂုန်တို့ ဆိုတာတွေက အရင်က လယ်ကွင်းတွေ။ အဲ့ဒီနေရာတွေကို တိုးချဲ့မြို့နယ်တွေလုပ်ကြတော့ အဓိကလမ်းနေရာတွေကိုပဲ မြေဖို့ပေးတာ။ ရပ်ကွက်တွေအားလုံးက အနိမ့်ပိုင်းမှာ။ မိုးရွာပြီဆိုတာနဲ့ အိမ်တွေကရေဝိုင်းနေတာပါ။ ဒီရေတွေထဲမှာ ကလေးတွေက





လည်း ဆော့ကစားနေ လူကြီးတွေကလည်း ဖြတ်သန်းသွားလာနေကြတာပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် အတော်ရင်လေးဖို့ ကောင်းပါတယ်။ ဒါပေမဲ့ သူတို့ကတော့ ဘာမှမဖြစ်သလိုပါပဲ။ ဖြစ်ခါမှဖြစ်ရော သူတို့အဖို့ကတော့ ရွေးစရာလမ်းမရှိဘူးလေ။ ဒီနေရာဟာ သူတို့ရပ်ကွက်၊ သူတို့အိမ်ပဲလေ။

တချိန်က လယ်ကွင်းတွေ ဖြစ်ခဲ့တာရယ်၊ အမြဲလိုလို ရေမပြတ်ရှိနေတာရယ်ကြောင့် မြွေအလွန်ပေါပါတယ်။ ဒီရပ်ကွက်တွေမှာ လမ်းပေါ် မြွေတွေ့တာ၊ အိမ်ထဲ မြွေဝင်တယ် ဆိုတာတွေဟာ ဘာမှမဆန်းတော့ပါဘူး။ ဖြစ်ရိုးဖြစ်စဉ်တွေပါ။ မြွေတွေက များသောအားဖြင့် အဆိပ်မရှိတဲ့ မြွေအမျိုးအစားတွေ ဖြစ်နေလို့ တော်သေးတာပေါ့။ ဒါပေမဲ့ မြွေကိုက်လို့ သေတဲ့သူတွေ၊ ဆေးရုံဆေးခန်း ရောက်ရသူတွေလည်း မရှားဘူး။ အခုနောက်ပိုင်းမှာ ငွေကြေးတတ်နိုင်သူများ အဆောင်ငှားစားတဲ့အလုပ်က တွက်ခြေကိုက်မှန်း သိလာကြလို့ ငွေအလုံးအရင်းနဲ့ ဒီဈေးကွက်ထဲ ဝင်လာကြပါတယ်။ သူတို့က ပေ ၄၀၊ ပေ ၆၀ မြေကွက် ၂ ကွက်၊ ၃ ကွက်။ တချို့ကတော့ လေးငါးကွက် တခါတည်းဝယ်ပြီး ရွှံ့ဗွက်အိုင်တွေကို မြေဖို့၊ နှစ်ထပ်တိုက် အဆောင်ကြီးတွေ ဆောက်ပြီး ငှားစားကြတာပါ။ တချို့ အဆောင်တွေဆို အင်းစိန်ထောင်ထဲက အကျဉ်းသားတွေ ထားတဲ့ အဆောင်တွေနဲ့တောင် ခပ်ဆင်ဆင် တူနေပါသေးတယ်။ အရွယ် နည်းနည်းငယ်တာပဲ ကွာပါတယ်။ ဒီလို အဆောင်တွေက အခန်းခဈေးမြင့်လို့ ဝင်ငွေအနိမ့်ဆုံးအလွှာက လူတွေ မငှားနိုင်ကြပါဘူး။ သူတို့က ဝါး ဆောင်၊ သစ်သားဆောင်တွေကို ရှာပြီးငှားနေကြရတာပါ။ အဆောင်တွေ မှိုလိုပေါက်နေပေမယ့် အခန်းအား အခန်းလွတ် သိပ်မရှိပါဘူး။ လိုချင်ရင် ချက်ချင်း မရတတ်ပါဘူး။

ကျေးလက်က အထူးသဖြင့် မြစ်ဝကျွန်းပေါ်က တက်လာပြီးတော့ ဒီရပ်ကွက်တွေမှာ လာအခြေချတဲ့သူတွေထဲမှာ မိန်းကလေး အများစုက စက်မှုဇုန်တွေက စက်ရုံတွေမှာ အလုပ်သမလေးတွေ ဖြစ်သွားကြတာ များပါတယ်။ တချို့ကတော့ အကြောင်းကြောင်းကြောင့် အနှိပ်ခန်းတို့၊ ဘီယာဘားတို့ကို ရောက်သွားကြရပါတယ်။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည် ဖြစ်သွားကြသူတွေလည်း မနည်းပါဘူး။ ယောက်ျားလေးတွေကတော့ ကြုံရာကျပန်း တွေ့ကရာ အလုပ် အကုန်လုပ်ကြရပါတယ်။ ဒီနေ့ခေတ် ရန်ကုန်မှာ အလုပ်လက်မဲ့အများစုဟာ ယောက်ျားလေးတွေ ဖြစ်နေတာပါ။ မိန်းကလေးတွေက အလုပ်မရှားပါဘူး။ ရန်ကုန်စက်မှုဇုန်တွေက အလုပ်သမားအများစုဟာ အမျိုးသားတွေ မဟုတ်ကြပါဘူး။ အမျိုးသမီးတွေ စက်ရုံအလုပ် သမတွေဖြစ်နေပါပြီ။ မိန်းကလေးတွေလုပ်တဲ့ အလုပ်တွေကို ယောက်ျားလေးတွေလည်း လုပ်နိုင်ပေမယ့် မခေါ်ပါဘူး။ စက်ရုံတွေမှာ မိန်းကလေးတွေချည်းပဲထားတာတောင် ဆန္ဒတွေ ခဏခဏ ပြနေတာ၊ ယောက်ျားလေးတွေချည်းသာဆိုရင် အခက်ပဲပေါ့။ စက်ရုံအုပ်ချုပ်တဲ့ အသိုင်းအဝိုင်းကလည်း အမြော်အမြင် မနည်းပါဘူး။ အလုပ်လက်မဲ့ ယောက်ျားလေးတွေ များလေလေ ပိုကြိုက်လေလေဆိုတဲ့ အသိုင်းအဝိုင်းမျိုးကလည်း ရှိသေးတယ်လေ။ မင်းတို့ ယောက်ျားလေးတွေ အလုပ်မရှိရင် လာခဲ့လေ၊ ငါတို့တပ်မတော်ကြီးက အမြဲတံခါးဖွင့်ထားတယ်။ ကြိုဆိုနေပါတယ်တဲ့။ မင်းတို့မလာရင်တော့ မလာ,လာတဲ့နည်းနဲ့ ခေါ်ရမှာပဲတဲ့။ ဟုတ်ပါတယ်။ ခေါ်လည်းခေါ်နေပါတယ်။ လမ်းဘေးမှာညဥ့်နက်ခံပြီး ဈေးရောင်းစားရတဲ့ ဈေးသည်လေးတွေ မှတ်ပုံတင် မပါမှု၊ ဧည့်စာရင်း မတိုင်မှု၊ မှောင်ရိပ်ခိုမှု စတာတွေနဲ့ ဖမ်းဆီးခေါ်ဆောင်သွားပြီး တပ်ထဲ အတင်းဝင်ခိုင်းတဲ့ အမှုမျိုးတွေက မရေမတွက်နိုင်လောက်အောင် များပြားလှပါတယ်။

စက်မှုဇုန်တွေက အလုပ်သမလေးတွေ အများစုဟာ ကျေးလက်ကတက်လာပြီး အလုပ် လာလုပ်ကြတာဖြစ်လို့ အများစုဟာ မိသားစု ပါမလာကြပါဘူး။ တကိုယ်ရေတကာယ မိန်းကလေး တွေများပါတယ်။ ရတဲ့လခကလည်း တက်ပြီးရင်း တက်နေတဲ့ ကုန်ဈေးနှုန်းကို လိုက်လို့မမီပါဘူး။ ဒီကြားထဲ တောမှာကျန်ခဲ့တဲ့ မိဘတွေကို ပြန် ထောက်ပံ့ပေးဖို့ကလည်း တဖက်က စဉ်းစားနေရတော့ အဝတ်လည်းခြိုးခြံ၊ အစားလည်းခြိုးခြံ၊ အနေလည်းခြိုးခြံ၊ အစစအရာရာ ခြိုးခြံချွေတာ နေကြရတာပါ။ ဒါပေမဲ့ မိန်းကလေးသဘာဝ လှချင်ပချင် ဝတ်ချင် စားချင် စိတ်တွေကြောင့် ငွေရလွယ်တဲ့ အနှိပ်ခန်းလုပ်ငန်းတို့၊ ကာရာအိုကေခန်းတို့ ဘီယာဘားတို့ကို ရောက်သွားကြတာတွေလည်း မနည်းပါဘူး။ စက်ရုံအလုပ်သမလေးတွေ ဘယ်လောက်အထိ ခြိုးခြံရသလဲဆိုရင် ထမင်းချိုင့်ထဲမှာ ထမင်းပဲပါပြီး ဘာဟင်းမှမပါဘဲ အလုပ်သွားရတာမျိုးတောင် ရှိတတ်ပါတယ်။ ဟင်းဖိုးအတွက်ကို ၅၀ ဖိုး၊ ၁၀၀ ဖိုး ထက်ပိုပြီး မသုံးနိုင်ကြပါဘူး။ တကယ်တော့ ၅၀–တန်ဆိုတာကလည်း တချို့သူတောင်းစားကတောင် သိပ်လိုချင်တာ မဟုတ်ပါဘူး။ နေထိုင်ရတဲ့ဘက်မှာလည်း သူတို့ဘဝတွေက မလွယ်လှပါဘူး။ ရတဲ့လခလေးကို တတ်နိုင်သမျှ ချွေတာနေရတော့၊ နေဖို့အခန်း ငှားတဲ့အခါ တယောက်တည်းနဲ့ တခန်းငှား မနေနိုင်ပါဘူး။ ဘဝတူမိန်းကလေးတွေစုပြီး သုံးယောက်တခန်း၊ ၅ယောက်တခန်း ဆိုသလိုမျိုး စုပေါင်းစပ်ပေါင်း ငှားနေကြတာ များပါတယ်။ အခန်းထဲမှာ ဘာ ခုတင် ဘာကုလားထိုင်မှ မရှိပါဘူး။ အားလုံး ကြမ်းပေါ်မှာ တန်းစီအိပ်ရတာပါ။ ရန်ကုန်ဆင်းရဲသားရပ်ကွက်တွေဟာ ရေအိုင်ဗွက်အိုင်တွေနဲ့ ပြည့်နေတာဖြစ်လို့ ခြင် အလွန်ပေါလှပါတယ်။ မိုးကမှ မချုပ်သေးဘူး၊ ခြင်တွေက တပ်ရင်းလိုက် တပ်မလိုက် ချီတက်လာပြီး အိမ်တွေထဲကို ဝင်ရောက်လာကြတာပါ။ ဒီရပ်ကွက်တွေမှာနေရင် ခြင်ထောင်လေး တလုံးကတော့ မရှိမဖြစ် လိုအပ်တာပါ။ ခြင်ထောင်မပါဘဲ အိပ်ရင် လူကို ခြင်ချီသွားတယ်ဆိုတာ တကယ်ဖြစ်နိုင်ကောင်းရဲ့လို့တောင် ထင်ရလောက်ပါတယ်။

ဟိုတလောက အဖြစ်အပျက်ကလေး တခုကတော့ သနားစရာလည်းကောင်း ရင်နာစရာလည်းကောင်းလှပါတယ်။ အထက်ကပြောခဲ့သလို မိန်းကလေးတွေစုနေတဲ့ အိမ်တအိမ်က အဖြစ်အပျက်ပါ။ အဲဒီလို ဆင်းရဲသားရပ်ကွက် တခုမှာ မိန်းကလေး ၅ ယောက် အိမ်ခန်းလေး တခန်းမှာ စုငှားနေကြရာကနေ ဖြစ်ပွားခဲ့တဲ့

အဖြစ်အပျက်ပါ။ သူတို့အားလုံးက ကျေးလက်ကနေ ရန်ကုန်ကိုတက်ပြီး အလုပ်လုပ်နေကြတဲ့ ဘဝတူလေးတွေပါ။ သူတို့ဘဝက မနက် အစောကြီးထ၊ ရေမိုးချိုး၊ အဝတ်အစားလဲ၊ ထမင်းချိုင့်ထည့်ပြီး စက်ရုံကိုအချိန်မီ ရောက်အောင် အပြေးအလွှားသွားကြရတာပါ။ စက်ရုံမှာ နေ့လည်ထမင်းစားချိန်ကလေးပဲ နားရတာပါ။ တနေကုန် တကုပ်ကုပ်နဲ့ ကျရာအလုပ်တာဝန်ကို မနားမနေ လုပ်ရတာပါ။ ညနေခင်းအလုပ်ပြန်တော့လည်း မနားရပါ။ ညနေစာနဲ့ နက်ဖန်မနက်စာအတွက် ဈေးထဲဝင် ဈေးဝယ်ရပါသေးတယ်။ ဈေးဝယ်တော့လည်း သူများတကာတွေလို ကြက်သားဝက်သားတွေ ဝယ်တာမဟုတ်ပါဘူး။ သူတို့အမြဲဝယ်တာက ကန်စွန်းရွက်ပါ။ တခါတရံတော့ မိုးချုပ်ခါနီး ဈေးလျှော့ရောင်းတဲ့ အနံ့ မထွက်တထွက်၊ မအူ့တအူ ဝက်သားလေးငါးလေး ဝယ်တတ်ကြပါတယ်။ အိမ်ပြန်ရောက်မှ ချက်ပြုတ် ညနေစာစားသောက်ပြီး မောမောနဲ့ အိပ်ရာဝင်ကြတာပါ။ မနက် ထမင်းချိုင့်ထည့်ဖို့ ဟင်းကိုတော့ ညနေကတည်းက တခါတည်း အပြီးချက်ထားကြတာပါ။ မနက်ထမင်းချိုင့်ထည့်မယ့် ထမင်းကိုတော့ အလှည့်ကျ မနက်စောစော ထချက်ရပါတယ်။

ကံဆိုးမိုးမှောင်ကျတဲ့တနေ့မှာတော့ အလှည့်ကျတဲ့ မိန်းကလေးက မနက် ၃ နာရီလောက်မှာ အိပ်ရာကထပြီး ထမင်းချက်ဖို့ ပြင်ရှာပါတယ်။ မနက်လင်းအားကြီး ၃ နာရီဆိုတော့ ဘာအလင်းရောင်မှမရှိဘဲ ပိန်းပိတ်အောင် မှောင်မည်းနေတာပါ။ ထုံးစံအတိုင်း ရန်ကုန်မြို့ရဲ့ လျှပ်စစ်မီးကလည်း ဘယ်ဆီမှာသွားလင်း နေတာလဲ မသိပါဘူး။ ရန်ကုန်မြို့ရဲ့ လျှပ်စစ်မီး အကြောင်းကို မီဒီယာမျိုးစုံက အကြိမ်ကြိမ် ပြောကြဆိုကြပြီး ဖြစ်လို့ အားလုံးသိပြီးသားပါ။ ဒါပေမဲ့ နည်းနည်းတော့ ပြောရဦးမယ်။ ရန်ကုန်မှာက လျှပ်စစ်မီးကို ရပ်ကွက်အလိုက် အလှည့်ကျ ပေးတာ။ ဒီနေ့ မနက်ဘက်လာရင် မနက် ဖန်ကို ညဘက် လာရမှာပါ။ ဒါပေမဲ့ လာချင်မှလည်း လာမှာပါ။ မီးလာပြီဟေ့ဆိုရင် လူတွေက ဝမ်းသာအားရ ဟေးကနဲ ပြိုင်တူ အော်ဟစ်ကြတာဟာ တရပ်ကွက်လုံးကို ဆူညံသွားတာပါ။ ဒီအသံကို မီဒီယာတခုက ဘောလုံးပွဲမှာ ဂိုးသွင်းလို့ ပွဲကြည့်ပရိသတ် အော်ဟစ်တဲ့အသံနဲ့ နှိုင်းတာမလွန်ပါဘူး။ လျှပ်စစ်မီးလာတယ် ဆိုတာ ရန်ကုန်လူထုအဖို့ ရတောင့်ရခဲ ဆုလာဘ်တခုလို ဖြစ်နေတာပါ။ မီးလာတယ်ဆိုတာနဲ့တပြိုင်နက် လမ်းမပေါ်မှာ ဆော့ကစားနေတဲ့ ကလေးတွေရော လူကြီးတွေပါ အလျို အလျိုအိမ်တွေထဲ ဝင်သွားကြပြီး တီဗွီဖွင့်တဲ့ လူကဖွင့်၊ အောက်စက်နဲ့အခွေထိုးကြည့်တဲ့ လူကကြည့်၊ လျှပ်စစ်နဲ့ ထမင်းဟင်းချက်တဲ့သူက ချက်နဲ့ အလုပ်ရှုပ်သွားတာပါ။ ဒါပေမဲ့ ၁၀ မိနစ် ၁၅ မိနစ်လောက် နေရင်တော့ ပူညံပူညံအသံ တွေနဲ့အတူ ကလေးတွေလည်း လမ်းပေါ်ပြန်ရောက်လာကြပါတယ်။ အကြောင်းကတော့ လာခါစက လင်းထိန်နေတဲ့ ဖြ၀ ဝပ်အားမီးသီးက တဖြည်းဖြည်း မှိန်မှိန်သွားပြီး ၁၀ မိနစ်လောက် အကြာမှာတော့ လေထဲ ခရမ်းချဉ်သီးလေး ကြိုးနဲ့ဆွဲထားသလို အလင်းရောင်မထွက်တော့ဘဲ ရဲရဲလေးပဲ ကျန်ပါတော့တယ်။ တီဗွီအောက်စက် ကြည့်နေတဲ့သူတွေလည်း ဇာတ်လမ်းတပိုင်းတစနဲ့ ထမင်းချက်တဲ့သူကလည်း ပွက်တောင် မပွက်သေး၊ မီးအားက မလောက်တော့ စက်တွေက အလုပ်မလုပ်နိုင်ဘဲ ရပ်သွားကြတယ်။ ဒီလိုအချိန်မှာ ရပ်ကွက်ထဲက မီးအား မြှင့်စက်ရှိတဲ့ အိမ်တချို့ကတော့ သူများတွေလို ဒုက္ခမရောက်၊ လျှပ်စစ်မီးကို ဟန်မပျက် ဆက်သုံးနိုင်ကြတယ်။ မီးအားမြှင့်စက်သုံးနိုင်တဲ့ အိမ်က လက်ချိုးရေလို့ရတယ်။ အိမ်ခြေ ၁၀၀ မှာ ၁၀ အိမ်မပြည့်ပါဘူး။

မနက်လင်းအားကြီး ၃ နာရီလောက် ထမင်း ထချက်ရတာ သိပ်မလွယ်လှပါ။ အိပ်ရေးကမဝ မှောင်နဲ့မည်းမည်း၊ ဖယောင်းတိုင်တိုလေး ထွန်းပြီး လုပ်ရကိုင်ရတာပါ။ ထမင်းချက်တဲ့နေရာက အိမ်အပြင်မှာဆိုတော့ ချမ်းချမ်းစီးစီး အိမ်ပြင်ထွက် မီးသွေးမီးဖိုလေး မီးမွှေးပြီး ထမင်းအိုးတည်ရတာပါ။ ထမင်းရည်ငှဲ့ပြီးတော့ မီးသွေးနည်းနည်းလျှော့ ထမင်းအိုးကို ပြန်တင်ပြီး နှပ်၊ ပြီးတော့ ခဏပြန်မှိန်းဦးမယ်ဆိုပြီး အခန်းထဲပြန် ဝင်လာ၊ ဖယောင်းတိုင်လေးကို ခေါင်းရင်းက သေတ္တာပေါ်မှာ တင်ထွန်းပြီးတော့ အိပ်ရာထဲ ပြန်လှဲလိုက်တာပါ။ အိပ်ရေးက ဝမထားတော့ မှိန်းရာက တကယ်အိပ်ပျော်သွားပါတော့တယ်။ ကံကလည်း ဆိုးရှာပါတယ်။ ခေါင်းရင်းမှာ ထွန်းထားခဲ့တဲ့ ဖယောင်းတိုင်က မီးစွယ်က အနီးဆုံးခြင်ထောင်ကို မီးစွဲလောင်ပါတော့တယ်။ အိပ်မောကျနေကြလို့ ဘယ်သူမှ ချက်ချင်း မနိုးကြပါဘူး။ သူတို့နိုးလာတော့ မီးက အိမ်နံရံတွေ လောင်နေပါပြီ။ သူတို့အား လုံး ကုန်းရုန်းထပြီး ကိုယ်လွတ်ရုန်းပြေးကြရပါတော့တယ်။ ဘာတခုမှ သယ်မလာနိုင်တော့ပါဘူး။ သူတို့အားလုံး အပြင်ရောက်တော့ မီးက တအိမ်လုံးကို ကူးစက်လောင်ကျွမ်းနေပါပြီ။ တရပ်ကွက်လုံးနိုးလာပြီး ငြိမ်းသတ်ပေမယ့် မီးအားက ကြီးလို့ မနိုင်တော့ဘဲ တခြားအိမ်တွေကိုပါ ကူးစက်လောင်ကျွမ်းကုန်ပါတော့ တယ်။ နောက်ဆုံး အိမ် ၇ လုံး၊ ၈ လုံးလောက် ပြာကျပြီးမှ မီးညွန့်ကျိုးသွားပါတယ်။ အဲဒီအမှုအတွက် ရဲက တရားခံအဖြစ်နဲ့ မိန်းကလေး ၅ ယောက်စလုံးကို ဖမ်းပြီး အချုပ်ထဲ ဆွဲထည့် လိုက်ပါတော့တယ်။ ဒါကတော့ တောကနေ မိဘကို ထောက်ပံ့ရအောင်လို့ ရန်ကုန်တက်လာ ပြီး အလုပ်လုပ်ရင်း အချုပ်ထဲ ရောက်သွားရတဲ့ မိန်းကလေးတွေရဲ့ ဇာတ်လမ်းလေးတခုပါ။

**ညှော်စာရင်းဒုက္ခ**

ရန်ကုန်မြို့နေ ပြည်သူအများ နေ့စဉ်ကြုံတွေ့နေရတဲ့ နောက်ဒုက္ခတခုကတော့ ညှော်စာရင်းတိုင်ရတဲ့ ဒုက္ခပါ။ ရန်ကုန်မြို့ရဲ့ လူချမ်းသာရပ်ကွက်တွေမှာတော့ ဘယ်လိုညှော်စာရင်းတိုင်သလဲ မသိပါဘူး။ ဆင်းရဲသားရပ်ကွက်တွေမှာတော့ ညှော်စာရင်းက ၇ ရက်တခါ တိုင်ရတာပါ။ ညှော်စာရင်းဆိုတာ အမှန်တကယ်ကတော့ ညှော်သည်တွေကိုပဲ စစ်ရမှာပါ။ ဒါပေမဲ့ တကယ်အဖြစ်က ဒီလိုမဟုတ်ပါဘူး။ ရပ်ကွက်ထဲမှာနေတဲ့ လူ တယောက်မကျန်ကို စစ်တာပါ။ ဒီရပ်ကွက်မှာနေလာတာ ဘယ်နှစ်နှစ် ရှိရှိ၊ အိမ်ပိုင်ရှင် ခြံပိုင်ရှင်ဖြစ်ဖြစ် အိမ်ရှိလူကုန် အားလုံး

ဧည့်စာရင်းတိုင်ရပါတယ်။ ဧည့်စာရင်းစာရွက် ဆိုတာကလည်း အပေါ်တကာ့အပေါ်ဆုံး အညံ့တကာအညံ့ဆုံး စက္ကူပေါ်မှာ ဧည့်စာရင်းဇယားကွက်ကို မသေမသပ် ရိုက်ထားတဲ့ စက္ကူပိုင်းကလေးပါ။ ကိုယ် ဧည့်စာရင်း စတိုင်တဲ့နေ့က တနင်္လာဆိုရင် အပတ်စဉ် တနင်္လာနေ့တိုင်း ဧည့်စာရင်းတိုင်ရမှာပါ။ မတိုင်ဖြစ်လို့ ရက်ကျော်ရင် ဒဏ်ငွေဆောင်ရမှာပါ။ မများပါဘူး။ တရက် ၁၀၀ ကျပ်နှုန်းပါ။ ဆိုတာက ဒဏ်ငွေဆောင်ရတာ မဟုတ်ပါ။ ဧည့် စာရင်းရက်ပြည့်လို့ မေ့နေတာ ဖြစ်ဖြစ်၊ မအားလို့ဖြစ်ဖြစ် ရက် ကျော်သွားရင် ဖြစ်လာနိုင်တဲ့ပြဿနာက မသေး ပါဘူး။ ဧည့်စာရင်းက နေ့တိုင်းစစ်တာ မဟုတ်ပေမယ့် ဘယ်အချိန် စစ်မယ်ဆိုတာ သိရတာ မဟုတ်ပါဘူး။ စစ်ချင်တဲ့အချိန် ဝင်စစ်တာပါ။

သူတို့လာစစ်တဲ့အချိန်နဲ့ ကိုယ်ကရက်ကျော်တာနဲ့တိုးနေလို့ကတော့ ပိုက်ဆံအိတ်ထဲ ထောင် တန်တထပ်လောက်မှ မရှိရင်တော့ အချုပ်ခန်းထဲ ညအိပ်ဖို့သာ ပြင်ထားပေတော့။ ရက်ကလည်းကျော် အိမ်မှာ ဧည့်သည်ကလည်း ရောက်နေလို့ကတော့ မိုးမီးလောင်ပြီသာ မှတ်ပေတော့။ ဒါပေမဲ့ ပြဿနာအကြီးအသေးက အိတ်ထဲကပိုက်ဆံ အနည်းအများပေါ်မှာတော့ တည်ပါသေးတယ်။ အဲ့ဒါကြောင့် ဧည့်စာရင်းရက် စေ့တဲ့နေ့ဆိုရင် ညနေ ၇ နာရီထိုးတာနဲ့ ဧည့်စာရင်းတိုင်ရမယ့်လူတွေ ရယက ရုံးမှာသွားပြီး တန်းစီရတာပါ။ ဒီအချိန်မှာ ဘယ်အလုပ်မှ ဧည့်စာရင်း တိုင်တာလောက် အရေးမကြီးပါဘူး။ ဧည့်စာရင်းတိုင်ရမယ့်အထဲမှာ ဧည့်သည်ပါလာပြီဆိုရင် အလုပ်ရှုပ်တော့တာပါပဲ။ တခါတလေ အသာ တကြည် လက်ခံပေမယ့် ရစ်တဲ့ ရယကလူကြီးနဲ့ တွေ့ရင်တော့ ဧည့် သည်ကို လူကိုယ်တိုင်ခေါ်လာခဲ့တို့ ဘာတို့ ဖြစ်ကုန်တော့တာပါပဲ။ ည ၉ နာရီ ကျော်သွားရင်လည်း ဧည့်စာရင်းက ပေး မလုပ်တော့ပါဘူး။ ဧည့်စာရင်းချိန်လေးအတွင်းမှာ ဧည့်စာရင်းရအောင်လုပ်နိုင်ဖို့ကတော့ ရပ်ကွက်လူထုအဖို့ မဖြစ်မနေထမ်းဆောင်ရမယ့် ဝန်ထုပ်ဝန်ပိုး တခု ဖြစ်မြဲ ဖြစ်နေလျက်ပါပဲ။

ပြီးခဲ့တဲ့ရွေးကောက်ပွဲအကြိုရက်တွေတုန်းက ကြံ့ခိုင်ရေးတွေက ရပ်ကွက်လမ်းတွေကို လိုက်ပြင်ပေးမယ်ဆိုပြီး ရပ်ကွက်တွေမှာ ကြေညာပါတယ်။ တကယ်ပြင်တဲ့မနက်ကျတော့ လမ်းပြင်ဖို့လုပ်အားပေးနေတဲ့ လူက နည်းနေပါတယ်။ အဲဒီအချိန်မှာ လမ်းထိပ်ထီးမိုးထားတဲ့ အရိပ်အောက်က ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ ဝဝဖိုင့်ဖိုင့် ခံ့ခံ့ညားညား ရယကလူကြီးက သီချင်းဖွင့်ထားတဲ့ အသံချဲ့စက် မိုက်ကရိုဖုန်းကို ကောက်ကိုင်လိုက်ပြီး အောက်ပါအတိုင်း ပြောချလိုက်ပါတယ်။

“လမ်းသူလမ်းသားအပေါင်းတို့ခင်ဗျား၊ အခုပြင်နေတဲ့လမ်းဟာ တခြားလူတွေသွားဖို့လာဖို့ ပြင်နေတဲ့လမ်းမဟုတ်ပါဘူး၊ အခုလမ်းထဲမှာ နေနေတဲ့ ခင်ဗျားတို့အားလုံးသွားဖို့လာဖို့အတွက် ပြင်နေတာပါ။ လမ်းကို ပြင်မထားဘူးဆိုရင် အားလုံးသိတဲ့အတိုင်းပဲ ရွှံ့ထဲဗွက်ထဲမှာ သွား နေကြရတာပါ။ လမ်းပြင်ဖို့အတွက် တအိမ်တယောက် ထွက်ဖို့ နှိုးဆော်နေပါတယ်။ကိုယ့်အိမ်ရှေ့ ကိုယ်တာဝန်ယူပါ။ အခု လမ်းပြင်နေတဲ့ အင်အားက နည်းနေပါတယ်။ အိမ်အားလုံး မထွက်သေးပါဘူး။ ဘယ်အိမ်တွေ မထွက်သေးဘူးဆိုတာ ကျွန်တော်တို့သိပါတယ်။ ကိုယ့်အိမ်ရှေ့ ကိုယ်တာဝန်ယူပါ။ မထွက်တဲ့အိမ်တွေ ကျွန်တော်တို့ စာရင်းမှတ်ထားမှာပါ။ အဲ့ဒီစာရင်းထဲ ပါတဲ့အိမ်တွေ ဧည့်စာရင်းတိုင်ရင် ပြဿနာရှိမှာပါ။ ကျွန်တော်တို့ ခြိမ်းခြောက်နေတာ မဟုတ်ပါဘူး။ တကယ် လုပ်မှာပါ။ မထွက်တဲ့အိမ်တွေ စာရင်းမှတ်ထားမှာပါ”

ခဏအကြာမှာတော့ အိမ်တွေထဲကလူတွေ အလျှိုအလျှို ထွက်လာကြပြီး ကိုယ့်အိမ်ရှေ့ကိုယ် လမ်းပြင်လုပ်ငန်းများ လုပ်ကိုင်နေကြပါတော့တယ်။

အဲဒါကတော့ ကြံ့ခိုင်ရေးက လမ်းပြင်နေပါသည်ဟု ဆိုင်းဘုတ်တင်ထားတဲ့ လမ်းပြင်ပွဲတခုရဲ့ အမှတ်တရမြင်ကွင်းတခုပါ။

**ဝေးနေသေးတဲ့ အနာဂတ်**

ဆင်းရဲသားလူတန်းစားပဲခေါ်ခေါ်၊ လူ့အဖွဲ့အစည်းရဲ့ အောက်ဆုံးအလွှာက လူတွေလို့ပဲပြောပြော၊ အမြဲတမ်း အဖိနှိပ်ခံနေရသူတွေလို့ ဆိုဆို၊ သူတို့တွေရဲ့ ဘဝတွေ၊ ခံစားချက်တွေ၊ နာကြည်းချက်တွေကတော့ ဘယ်လိုမှရေးလို့လည်း မကုန်နိုင်၊ ပြောလို့လည်းဆုံးနိုင်မယ် မဟုတ်ပါ။ အခုရေးနေတဲ့ စာတိုကလေးကလည်း အပေါ်ယံရှုမြင်ချက်တချို့သာ ဖြစ်ပါတယ်။ အသေးစိတ် ရေးသားထားခြင်းမဟုတ်ပါ။ လူ့အဖွဲ့အစည်းရဲ့ ဒီအလွှာမှ လူတန်းစားတွေဟာ ကိုလိုနီခေတ်မှစပြီး ဖဆပလ ခေတ်၊ မဆလခေတ် နဝတ နအဖခေတ်၊ ခေတ်အဆက်ဆက် တခါမှ အဖိနှိပ်ခံဘဝက လွတ်မြောက်ခဲ့ရတယ်လို့ မရှိခဲ့ပါဘူး။ အခုလည်း ရွေးကောက်ပွဲကြီး ပြီးသွားပါပြီ။ လွှတ်တော်ကြီးတွေလည်း ပေါ်လာတော့မှာပါ။ ဗမာပြည်ကြီး တိုးတက် ပြောင်းလဲလာတော့မှာပါ– ဆိုပြီး တချို့တချို့သော စီးပွားရေး၊ နိုင်ငံရေး အသိုင်းအဝိုင်းတွေက မျှော်လင့်နေတာ တွေ့ရပါတယ်။ သူတို့ရဲ့စိတ်ကူးယဉ်မှုတွေ၊ လေထဲတိုက်အိမ်ဆောက်နေတာတွေက သူတို့ရဲ့ လွတ်လပ်ခွင့်ပါ။ ကြိုက်သလို စိတ်ကူးယဉ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ အဖိနှိပ်ခံပြည်သူတွေကတော့ စိတ်ကူးမယဉ်ကြပါဘူး။ ဒီစာစုကလေးကိုလည်း ရန်ကုန်လမ်းမတွေပေါ်က အဖိနှိပ်ခံပြည်သူတွေ ပြောလေ့ရှိတဲ့ စကားလေးတခုနဲ့ဘဲ အဆုံးသတ် ပါရစေ။

“ဘယ်အစိုးရတက်တက် ကျွန်တော်တို့ကတော့ ဒီလိုပဲ လုပ်စားရမှာပါပဲ”

အဖိနှိပ်ခံပြည်သူများ အမှန်တကယ် လွတ်မြောက်မည့် အချိန်ကို ရည်မျှော်လျက်။

ဝင်းသူ



တွေးစရာနဲ့ ဆွေးနွေးစရာ

# ဆိုဗီယက်ဘာကြောင့် ကျဆုံးသလဲ

ထွန်းသော်



ကျဆုံးသွားရတဲ့ အကြောင်းအချက်တွေ များတယ်။ အရေးကြီးဆုံး ၃ ချက်ကိုပဲ တင်ပြ ဆွေးနွေးလိုတယ်။

- ပထမအချက်က မာ့က်စ်ဝါဒ အခြေခံအတွေးအခေါ်နဲ့ သွေဖည်သွားလို့
- တိုင်းပြည်တိုင်း၊ ပြည်သူတိုင်း၊ ပါတီတိုင်းမှာ ကိုယ်စီ အမျိုးသား အကျိုးစီးပွား ရှိတယ်ဆိုတာကို အသိအမှတ်မပြုလို့။
- တတိယအချက်က အပြောင်းအလဲတွေနဲ့အညီ မိမိပေါ်လစီကို ထိန်းညှိမှုမလုပ်နိုင်လို့။

### ပထမအချက်ကို ရှင်းလင်းချက်

မာ့က်စ်ဝါဒအခြေခံအတွေးအခေါ်က "ကုန်ထုတ်စွမ်းအားစုတွေအတွက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနဲ့ အခန်းကဏ္ဍရှိ နေသေးသမျှ အဲဒီလူမှုရေးစနစ်ဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး။ ပြီးတော့လည်း သူ့ကို အစားထိုးမယ့် ကုန်ထုတ်ဆက်ဆံမှုအသစ်ဟာ ဆက်ဆံမှုဟောင်းအတွင်းမှာပဲ သန္ဓေတည်ပြီး ရုပ်ဘဝအခြေအနေ ရင့်မှည့်လာမှ မွေးဖွားလာရမှာ ဖြစ်တယ်။ မရင့်မှည့်သေးဘဲ မွေးဖွားရင် လျှောမွေးပဲဖြစ်မယ်။ ဒါမှမဟုတ် ချုချာတဲ့ သန္ဓေသားပဲ မွေးဖွားလာမှာ ဖြစ်တယ်" လို့ဆိုတယ်။ (ကိုယ်နားလည်သလို သဘောကိုပဲယူပြီး ရေးတာပါ)

ရုရှားပြည်ကိုကြည့်။ သူဟာ ခေတ်နောက်ကျတဲ့ နိုင်ငံကြီးပဲ။ မာ့က်စ်တို့က ဆိုရှယ်လစ်တော်လှန်ရေး လုပ်နိုင်တဲ့ တိုင်းပြည်တွေက ရှေ့တန်းရောက် တိုင်းပြည်တွေဖြစ်တဲ့ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်တို့ပဲလို့ ယူဆခဲ့တယ်။ ရုရှား မပါဘူး။

လီနင်ကလည်း ဒါကို လက်ခံတယ်။ နယ်ချဲ့အချင်းချင်း စစ် ဖြစ်နေတာကို ချက်ကောင်းယူပြီး ရုရှားက တော်လှန်ရေးစနက်တံကို ဖောက်ခွဲလိုက်ရင် နောက်ကနေ ရှေ့တန်းရောက် တိုင်းပြည်တွေရဲ့ တော်လှန်ရေးတွေ ဆက်တိုက်ပေါက်ကွဲလာမှာပဲလို့ တွက်တယ်။ (လီနင်ရဲ့ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးနောက်ပိုင်း ရေးသမျှဆောင်းပါးတွေကို ကြည့်။)

ဒါပေမဲ့ သူတွက်သလို ဖြစ်မလာဘူး။ ဂျာမနီမှာလည်း ခဏကလေး တော်လှန်ရေးဖြစ်တယ်။ ချေမှုန်းခံလိုက်ရတယ်။ ပြင်သစ်နဲ့ အင်္ဂလန် ဘာမှ မဖြစ်ဘူး။ ကမ္ဘာစစ်မှာ နိုင်လိုက်လို့ ဝမ်းသာ အားရ ဖြစ်နေကြတာပဲ ရှိတယ်။ ကိုလိုနီသစ်တွေ တိုးလာလို့ အုပ်စိုးသူတွေက သူတို့ရလာတဲ့ အကျိုးအမြတ်ထဲကနေ နည်းနည်းပါးပါး အရိုးအရင်းတွေ စွန့်ကြဲတာကိုရပြီး ကျေနပ်နေကြတယ်။ တော်လှန်ရေးလုပ်ဖို့ သိပ်မစဉ်းစားဘူး။

အဲဒီတော့ လီနင်က အခြေအနေနဲ့အညီ ထိန်းညှိတာကို ရဲရဲလုပ်တယ်။ ၁၉၂၀ တဝိုက်မှာ ရေးတဲ့ဆောင်းပါးတွေမှာ ကိုလိုနီ၊ ကိုလိုနီ တပိုင်း တိုင်းပြည်တွေက အမျိုးသားဒီမိုကရေစီတော်လှန်ရေးတွေ ပေါ်လာဖို့ ပြတ်ပြတ်သားသား လှုံ့ဆော်တယ်။ အားပေးတယ်။ ကွန်မြူနစ်ပါတီတွေ ပေါ်ဖို့ မြေတောင်မြှောက်ပေးတယ်။ အာရှတိုက်မှာ ကွန်မြူနစ်ပါတီတွေ တိုင်းပြည်လိုက်ပေါ်လာတာဟာ အဲဒီ ၁၉၂၀ နဲ့ နောက်ပိုင်းမှာပဲ ဖြစ်တယ်။



ဗမာပြည်မှာက ထုံးစံအတိုင်း နောက်ကျပါတယ်။

လီနင်က ပြည်တွင်းရေးမှာလည်း ကုန်ထုတ်စွမ်းအားစုကို ဖွံ့ဖြိုး တိုးတက်လာစေဖို့ စီးပွားရေးပေါ်လစီသစ် (NEP) ချမှတ်တယ်။ ဒါပေမဲ့ သူ့အနေနဲ့ အကောင်အထည် မဖော်နိုင်ခဲ့ဘူး။ သေနတ်ပစ်လုပ်ကြံခံရပြီးကတည်းက သူ့ကျန်းမာရေးက မကောင်းတော့ဘူး။ ၁၉၂၄ မှာ ကွယ်လွန်တယ်။ သူသာ ကျန်းမာ နေရင်၊ အသက်ရှင်နေရင် စီးပွားရေးပေါ်လစီသစ်ကို ရဲရဲကြီး အကောင်အထည်ဖော်မှာပဲ။ သူက ပြည်သူလူထုရဲ့ ထောက်ခံမှုကို တခဲနက်ရနေတာပဲ။ စတာလင်ကတော့ စီးပွားရေးပေါ်လစီသစ်ကို မလုပ်ဘူး။ အာဏာအမွေ ဆက်ခံရေးကိစ္စမှာပဲ နစ်မွန်းနေတယ်။

ဒါပေမဲ့ စတာလင်အတွက် အခွင့်သာစေတာက (၁၉၂၉–၁၉၃၀) အမေရိကားက စလိုက်တဲ့ စီးပွားရေးကပ်ကြီးဆိုက်တာပဲ။ ၁၉၃၀ စီးပွားရေးကပ်ရဲ့ အကျိုးဆက်က ရှေ့တန်းရောက် တိုင်းပြည်တွေမှာ သပိတ်တိုက်ပွဲ၊ ကိုလိုနီနဲ့ ကိုလိုနီတပိုင်းတိုင်းပြည်တွေမှာ လယ်သမားသူပုန်တွေ ပေါ်တာပဲ။ (ဆရာစံသူပုန်ထချိန်တုန်းက တရုတ်ပြည်မှာ၊ အိန္ဒိယပြည်မှာ၊ မလေးယားမှာ လယ်သမားသူပုန် ပေါ်တယ်)။

နောက်အခွင့်သာတာက အီတလီမှာ 'ဖက်ဆစ်'အစိုးရ၊ ဂျာမနီမှာ 'နာဇီ'အစိုးရ တက်လာတာပဲ။ စစ်နိုင်တဲ့ အင်္ဂလိပ်၊ ပြင်သစ်က ဖိထောင်းတာခံရလို့ ဂျာမန်လူထုက ဟစ်တလာကို အားပေးထောက်ခံလိုက်ကြတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တော့မယ် ဆိုတာကိုလည်း လူတိုင်းလောက် သိနေကြပြီ။

ဟစ်တလာကလည်း ဘော်လ်ရှီဗစ်ကွန်မြူနစ်ကို တိုက်ဖျက်မယ်လို့ပဲ ကြွေးကြော်နေတာပဲ။ တကယ်တမ်း စပြီးတိုက်တော့သာ အင်္ဂလိပ်၊ ပြင်သစ်ကို တိုက်တာပဲ။

စတာလင်က တိုင်းချစ်ပြည်ချစ်ဝါဒကို ပြတ်ပြတ်သားသား ကိုင်စွဲခွင့် ရသွားတယ်။

အတိုချုပ်လိုက်တော့ ဒုတိယကမ္ဘာစစ်ဖြစ်တယ်။ နိုင်လိုက်တယ်။ ဆိုရှယ်လစ်နိုင်ငံတွေ အပြိုင်းအရိုင်းပေါ်တယ်။ တရုတ်တော်လှန်ရေး အောင်ပွဲခံတယ်။

စတာလင်က အောင်မြင်မှုနဲ့ ယစ်မူးတယ်။ ပေါ်လစီ ထိန်းညှိမှု လုပ်ဖို့ လီနင်ပြောခဲ့တဲ့ စီးပွားရေးပေါ်လစီသစ်လုပ်ဖို့ စိတ်မကူးဘူး။

ကမ္ဘာစစ်ဒဏ်ကြောင့် ရုရှားတပြည်လုံး အထိနာနေတယ်။ လီနင်ရဲ့ စီးပွားရေးပေါ်လစီသစ်ကိုသာ လုပ်ခဲ့ရင် အချိန်ကောင်းပဲ။ ဒါပေမဲ့ စတာလင် မလုပ်ခဲ့ဘူး။ မလုပ်ခဲ့ရုံမက ပိုဆိုးတာကို လုပ်တယ်။ (ဒုတိယအချက်မှာ တင်ပြမယ်)။

## ဒုတိယအချက်ကို ရှင်းလင်းချက်

ဘယ်လိုပဲ ညီနောင်ပါတီလို့ပြောပြော တိုင်းပြည်က ၂ ပြည်၊ ပြည်သူက ၂ ရပ်၊ ပါတီက ၂ ခု ရှိကြတာဖြစ်လို့ အကျိုးစီးပွားက ဘယ်သူနဲ့ ဘယ်သူမှ တထပ်တည်း မကျနိုင်ဘူး။

အရှေ့ဥရောပနိုင်ငံတွေကို ဆိုဗီယက်က သူပဲ မွေးမြူပြီး နန်းတင် ထားတာဖြစ်လို့ ငယ်နိုင်လိုသဘောထားပြီး အနိုင်ကျင့်တယ်။

တရုတ်ပါတီကတော့ သူ့အစွမ်းအစနဲ့သူ ရေရှည်တိုက်ပြီး အောင် ပွဲရတာပဲ။ (နယ်ချဲ့ချင်း စစ်ဖြစ်ကြတာရဲ့ အကျိုးဆက်ပါ၊ ရုရှားတော်လှန်ရေးက ပထမကမ္ဘာစစ်ကနေ အောင်ပွဲရသလို တရုတ်တော်လှန်ရေးက ဒုတိယကမ္ဘာစစ်ကနေ အောင်ပွဲရတာ)။

ကွန်မြူနစ်အင်တာနေရှင်နယ် (Comintern) ဖျက်သိမ်းပြီးကတည်းက ကွန်မြူနစ်ပါတီတွေဟာ ပါတီချင်းဆက်ဆံရေးမှာ မူ ၄ ချက်အရပဲ ဆက်ဆံသင့်တာပဲ။ မူ ၄ ချက်ဆိုတာက လွတ်လပ်မယ်၊ လုံးဝတန်းတူရမယ်၊ အပြန်အလှန်လေးစားရမယ်၊ တဦးအတွင်းရေး တဦးက ဝင်မစွက်ရ ဆိုတာပဲ။

ခေါင်းဆောင်ပါတီ၊ နောက်လိုက်ပါတီ မရှိရဘူး။ အစ်ကိုကြီး ပါတီ၊ ညီလေးပါတီ မရှိရဘူး။

ဆိုဗီယက်ပါတီ (CPSU) က အင်တာနေရှင်နယ် ရှိတုန်းကလို ခေါင်းဆောင်ပါတီ လုပ်ချင်နေတော့ အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့တာတွေ ရှိလာတယ်။ အထူးသဖြင့် တရုတ်ပြည်ကွန်မြူနစ်ပါတီ (CPC) နဲ့ ဖြစ်တယ်။ ကြာလာတော့ ပွင့်ပွင့်လင်းလင်း လူသိရှင်ကြား ဝေဖန်တာတွေ ဖြစ်လာတယ်။ ကြိတ်ပြီးဖြစ်တာကနေ ဖြောင်ဖြစ်လာ တာပဲ။

နောက်ဆုံးတော့ ဆိုဗီယက်ကို ဆိုရှယ်လစ်စကားပြောပြီး နယ်ချဲ့နေတဲ့ 'ဆိုရှယ်နယ်ချဲ့'လို့ ပြောတော့တာပဲ။ အမေရိကန်နဲ့ ရင်ကြားစေ့တာကို ပွင့်ပွင့်လင်းလင်း လုပ်တော့တာပဲ။

၁၉၇၀ ပြည့်လွန်နှစ်တွေမှာနဲ့ ၁၉၈၀ ပြည့်လွန်နှစ်တွေမှာ ဆိုဗီယက်ကတဖက်၊ အမေရိကန်၊ တရုတ်ကတဖက် အတိအလင်းအားပေးတဲ့ စစ်ပွဲကလေးတွေ ဖြစ်ခဲ့တယ်။ (ကမ္ဘောဒီးယား၊ အာဖဂန်နစ္စတန်)။

အာဖဂန်နစ္စတန်စစ်မှာတော့ ဆိုဗီယက် နွံနစ်တော့တာပဲ။ ကျွံသွားပြီ နုတ်မရတော့ဘူး။ ဆိုဗီယက် ကျဆုံးရတာပဲ။

ဆိုဗီယက် ကျဆုံးတာမှာ တရုတ်က တခန်းတကဏ္ဍ ပါနေတယ်ဆိုတာက ရှင်းနေတာပဲ။

CPB (ဗကပ)က ဒီဖြစ်စဉ်မှာ အနီးကပ် လေ့လာခဲ့ရတာဖြစ်တယ်။ ဆိုရှယ်နယ်ချဲ့က နယ်ချဲ့သစ်ဖြစ်တယ်။ အရင်းရှင်နယ်ချဲ့က နယ်ချဲ့ဟောင်းဖြစ်တယ်။ နယ်ချဲ့ဟောင်းက တလျှောက်လုံး သွေးစုပ်နေရတဲ့ ကြမ်းပိုး(ဂျပိုး) ပဲ။ အငမ်းမရ သွေးမစုပ်ဘူး။ သွေးစုပ်ခွင့် ပြတ်လပ်နေတဲ့ ဂျပိုးကတော့ သွေးစုပ်ခွင့်ရစဆိုတော့ သွေးစုပ်ကြမ်းတယ်ဆိုတဲ့ အပြောအဆိုတွေ ကြားလာခဲ့ရတာပဲ။

အခြေခံအကျိုးစီးပွားချင်း ပဋိပက္ခဖြစ်တာတွေက သူတို့အကြားမှာ များပါတယ်။ ကာယကံရှင်တွေလည်း ပြောချင်ရင်ပြောပါ စေ။ 'ဗကပ'က ဒီဟာမျိုးမှာ ဝင်ပြောလေ့မရှိပါဘူး။ ကိုယ့်ကိစ္စကိုပဲ ပြောပါမယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီက ဆိုဗီယက်နဲ့ လမ်းခွဲတော့ ယူဂိုစလပ်ပါတီ (တီတိုး) နဲ့ ပြန်လည်သင့်မြတ်ကြတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီက ဗကပကိုလည်း ယူဂိုပါတီနဲ့ ပြန်လည်သင့်မြတ်စေချင်တယ်။

ဒါပေမဲ့ ဗကပ မှာက ယူဂိုပါတီ(တီတိုး) နဲ့ ရှင်းစရာ ရှိတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ယူဂိုပါတီတို့က အာဏာရပါတီတွေပဲ။ အယူအဆ အတွေးအခေါ်မှာပဲ တချိန်က ကွဲကြတာဖြစ်တယ်။ အဲဒီကိစ္စပြေလည်ရင် ပြန်လည်သင့်မြတ်လို့ရတာပဲ။

ဗကပမှာက ရှင်းစရာ ရှိတယ်။ ၁၉၅၅ တခိုက ဖဆပလဆိုရှယ်လစ်အစိုးရကို ဆွဲဆောင်ဖို့၊ ခရုရှက်တို့ လာတယ်။ တီတိုးတည်း လာတယ်။ ခရုရှက်က ဖဆဆိုရှယ်အစိုးရကို နိုင်ငံရေး၊ စီးပွားရေးအကူအညီ တွေပေးတယ်။ တီတိုးက စစ်ရေးအကူအညီပါ ပေးတယ်။ ဒီ အစိုးရက ဗမာပြည်ကွန်မြူနစ်ပါတီကို ဆန့်ကျင်တဲ့ ပြည်တွင်းစစ်လုပ်နေတာကို မသိတာ မဟုတ်ဘူး။ သိလျက်နဲ့ စစ်လက်နက် အကူအညီ ပေးခဲ့တယ်။

ဒီကိစ္စမှာ သူတို့ မှားပါတယ်လို့ ပြောမှပဲ ဗကပက ပြန်လည်သင့်မြတ်ပြီး ညီအစ်ကိုပါတီ ဆက်ဆံရေးလုပ်နိုင်မှာပဲ။

ဒီကိစ္စမှာ တစ်နေလို့ပဲ ၂ ပါတီ ပြန်လည်သင့်မြတ်ရေး မအောင်



မြင်ခဲ့ပါဘူး။

အဓိကပြောချင်တာက တိုင်းပြည်က ၂ ပြည်၊ ပြည်သူက ၂ ရပ်၊ ပါတီက ၂ ခု ဖြစ်နေရင် သူ့အကျိုးစီးပွား၊ ကိုယ့်အကျိုးစီးပွား ကွဲပြားကြမှာပဲ။

အကျိုးစီးပွားချင်း ကိုက်ညီမှ သင့်မြတ်နိုင်မှာပဲဆိုတာကို တင်ပြချင်တာပါ။

ဆိုဗီယက်ဟာ သူ့အကျိုးစီးပွားကို သူများတကာက လိုက်နာ ရမယ်လို့ လုပ်ခဲ့လို့ ကြာလေတကောင်ကြွက် အထီးကျန်ဖြစ်ပြီး ကျဆုံးရတာပဲ။

**တတိယအချက်ကို ရှင်းလင်းချက်**

ကမ္ဘာမှာ အပြောင်းအလဲတွေများတယ်။ ကိုယ်တွေးထားသလို မဖြစ်တာတွေလည်း ရှိတယ်။ အခြေအနေတွေပြောင်းရင် ကိုယ်က လိုက်လျော ညီထွေဖြစ်အောင် ထိန်းညှိရမှာပဲ။

ထိန်းညှိတာမှာ ပျော့ပျောင်းလွန်းရင်လည်း ပန်းပြားပင် ပေါ်လစီပဲဖြစ်မယ်။ သိပ်ပြီးတင်းမာတောင့်တင်းနေရင်လည်း တရားသေ၊ အစွန်း ရောက်ပဲဖြစ်လိမ့်မယ်။

ဘယ်လောက် ထိန်းညှိရမလဲ။ ဘယ်ဟာကတော့ 'မူ'ပဲ။ လျှော့လို့ မဖြစ်ဘူးဆိုတာမှာ ရှင်းနေရမှာပါ။

နိုင်ငံတကာ ဆက်ဆံရေးမှာသာမက ပြည်တွင်းဆက်ဆံရေးမှာပါ ဒီအတိုင်း ဖြစ်ရမှာပါ။

ဆိုဗီယက်ပါတီ (CPSU) ကတော့ အဲဒါတွေနဲ့ ပြောင်းပြန်ပဲ လိုက်ပြီး လုပ်နေသလိုပဲ။

ခရုရှက်တက်လာတော့ မာနက တလူလူနဲ့။ ဘရက်ဇနက် ကျတော့ ပါးစပ်သာ သရမ်းတာ မဟုတ်ဘူး။ လက်ကပါ သရမ်းတော့ အာဖဂန်မှာ နှံ့နစ်တယ်။

နောက်တော့ သက်ကြီးရွယ်အိုတွေက တယောက်တလှည့် တက်ကြတယ်။ ပေါ်လစီထိန်းညှိဖို့ မစဉ်းစားဘူး။ သူတို့က တော်လှန်ရေး မျိုးဆက်တွေပဲ။ လီနင်ကို လေ့လာပြီး ထိန်းညှိတဲ့အလုပ် လုပ်သင့်တယ်။ ဒါပေမဲ့ မလုပ်ကြဘူး။ ဂိုဗာချော့ဗ်က တော်လှန်ရေးမျိုးဆက် မဟုတ်ဘူး။ သူ့လက်ထက်မှာ ဆိုဗီယက် ကျဆုံးတာပဲ။

ဘယ်ပါတီဖြစ်ဖြစ်ပါ။ အခြေအနေနဲ့အညီ ထိန်းညှိတာမလုပ်ရင် အနှေးနဲ့အမြန် ကျဆုံးမှာပဲ။

နိဂုံး– ပထမအချက်ကို ပြန်ကောက်ပါဦးမယ်။ အခု ကမ္ဘာ့အခြေ အနေရော ဗမာပြည်အခြေအနေပါ ပြောင်းနေပြန်ပြီ။ အမေရိကားက စီးပွားရေး ကပ်က ကမ္ဘာကို ပြန့်နေပြန်ပြီ။ ကမ္ဘာလွှမ်းခြုံတဲ့ခေတ်၊ နည်းပညာ (IT) ခေတ်ဖြစ်လို့ ဖြစ်ပေါ်မှုမြန်တယ်။

ငွေရေးကြေးရေးစစ် (Currency War) ကုန်ထုတ်လုပ်ရေးသာမက ကွန်ပြူတာအင်တာနက် ဆိုင်ဘာစစ် (Cyber War) ဆိုတဲ့အသံတွေ ကြားနေရတယ်။ စစ်အင်အားတိုးတာ၊ စစ်ရေးလေ့ကျင့်တာတွေကလည်း စိပ်လာတယ်။ အားလုံးကလည်း အာရှအရှေ့မြောက်နဲ့ အရှေ့တောင်မှာချည်းပဲ။

မိမိတို့လည်း ထိန်းညှိဖို့ ဘာလိုနေသလဲဆိုတာ စဉ်းစားရပါမယ်။ သူများညီအစ်ကိုပါတီတွေ ဘယ်လိုထိန်းညှိသလဲဆိုတာလည်း လေ့လာရပါမယ်။

အထူးသတိထားရမှာက စနစ်ဟောင်းရဲ့ ဝမ်းကြာတိုက်မှာပဲ စနစ်သစ်က သန္ဓေတည်ရမယ်။ လစေ့ရက်စေ့မှပဲ ကျန်းမာသန်စွမ်းတဲ့ သန္ဓေသားမွေးဖွားနိုင်မယ်ဆိုတာပါ။ ။

ထွန်းသော်



အတ္ထုပ္ပတ္တိ

## ကျွန်မဆက်ရေးချင်သော ဖေဖေ့အကြောင်း (အမှတ် ၂၁)

လှကျော်ဇော



ဗိုလ်ကျော်ဇော(၁၉၄၉)

ဖေဖေမမေ့နိုင်တဲ့ မိတ္ထီလာမြို့

စာရေးဆရာမကြီး (ဒေါ်) ခင်နှင်းယုရဲ့ နာမည်ကျော်ဝတ္ထုကြီး "မွေး"ထဲမှာ အဓိကဇာတ်ကောင် မွေးတယောက် တီဘီအဆုပ်ရောဂါ ရရှိတော့ အိန္ဒိယက အာရောဂျံဆိုတဲ့ အရပ်က တီဘီကုသရေးစခန်းမှာ သွားရောက် ကုသတဲ့ အခန်းပါ,ပါတယ်။ အဲဒီအာရောဂျံ ဆိုတဲ့အရပ် အကြောင်း ရေးသားထားရာမှာ အာရောဂျံအရပ်ရဲ့ ရာသီဥတုဟာ ပူနွေးစွတ်စိုပြီး နေရောင်ခြည် အများအပြားရရှိတဲ့ အရပ်ဖြစ်လို့ တီဘီရောဂါပျောက်ကင်းဖို့ အလွန်လွယ်ကူတယ်။ ဗမာပြည်က မိတ္ထီလာမြို့နဲ့ ဆင်တူတယ်။ ဒါ့ကြောင့် မိတ္ထီလာမှာ အဆုပ်ရောဂါကုသရေးစခန်း(အာရောဂျံမှာလိုပဲ) ဖွင့်သင့်တယ်လို့ ရေးထားတာ ဖတ်ဖူးပါတယ်။

ဒါကြောင့်မို့ ထင်ပါရဲ့။ ဖေဖေ မိတ္ထီလာမှာ ၆ လလောက် စိတ်အေးလက်အေး အနားယူလိုက်ပြီးနောက် အတော်ကျန်းမာလာလို့ ၆ လပြည့်တဲ့အချိန် ရောက်တော့ ဆေးမှူးကြီး ကာနယ်မောင်မောင်ကြီးက ရန်ကုန်ပြန်လာဖို့ ခေါ်လိုက်ပြီး စစ်ဆေးကြည့်ရှုတဲ့ အခါမှာတော့ ဖေဖေတီဘီရောဂါ ပျောက်ကင်းသွားတာကို တွေ့ရှိရတဲ့အတွက် အနားယူခွင့် ဆက်မပေးတော့ဘဲ၊ တာဝန်ပြန်ထမ်းနိုင်ပြီဆိုတဲ့ ထောက်ခံချက်ကိုသာ ပေးလိုက်ပါတော့တယ်။

မိတ္ထီလာမြို့ဟာ ရာသီဥတု အတော် မျှတပြီး၊ အလွန်နေကောင်းတဲ့အရပ်ပါ။ ပူနွေးပြီး နေရောင်ခြည်ကို အလျှံပယ်ရတဲ့ အရပ်ဖြစ်ပေမယ့် မိတ္ထီလာကန်ကြီးရှိတဲ့ အတွက် ခြောက်ကပ်ပူပြင်းမှု အတော်သက်သာတဲ့အရပ် ဖြစ်ပါတယ်။ ရာသီဥတုတင် ကောင်းတာ မဟုတ်ပါဘူး။ အစားအသောက်ကလည်း အလွန်ပေါဆိုပဲ။ ဟင်းသီးဟင်းရွက်ကလည်း အမယ်စုံ၊ များမှများ၊ လတ်မှလတ်ဆိုပဲ။

အဲဒီတုန်းက ဖေဖေက ခွင့်နဲ့လာတာဆိုတော့ မိတ္ထီလာမှာရှိတဲ့ ဗိုလ်တဲ (အင်္ဂလိပ်ခေတ်က အင်္ဂလိပ်အရာရှိများ တည်းခိုတဲ့အိမ်) မှာ နေပါတယ်။ အဲဒီဗိုလ်တဲမှာရှိတဲ့ ထမင်းချက်ကြီးက ချက်ပြုတ်ကျွေးတာတဲ့။ အဲဒီထမင်းချက်ကြီးက(မေမေက နာမည်ပြောဖူးပေမယ့် ကျွန်မ မေ့သွားပြီ) အတော် အချက်အပြုတ် ကောင်းသတဲ့။ အနောက်တိုင်း အစားအစာတွေအပြင် ဗမာစာ အချက်အပြုတ် အထူးသဖြင့် အညာစာ အချက်အပြုတ် သိပ်ကောင်းဆိုပဲ။

မိတ္ထီလာမှာ အင်မတန်ပေါတဲ့ ခရမ်းချဉ်သီးနဲ့မြေပဲကို တနပ်မလွတ်အောင် အမျိုးမျိုးချက် ပြုတ်ကျွေးတယ်တဲ့။ ဟင်းတွေထဲမှာ ခရမ်းချဉ်သီးကို အလျှံပယ်ထည့်သတဲ့။ ခရမ်းချဉ်သီး မြေပဲဆန်သုပ်တို့၊ မြေပဲဆန်ချက်တို့၊ ပန်ထွေဖျော်တို့ ဆိုတာ တနေ့တမျိုး မထပ်အောင်ကို လုပ်တတ်သတဲ့။ မြေပဲဆန်ကို ဟင်းချက်ခါနီးမှ လှော်ပြီး အသုပ်အမျိုးမျိုးမှာ ထောင်းထည့်တတ်သတဲ့။

ဒါ့အပြင် အဲဒီထမင်းချက်ကြီးက တရုတ်အစားအစာ အမျိုးမျိုးလည်း ချက်တတ်သေးသတဲ့။ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲသုပ်၊ အစိမ်းကျော်အမျိုးမျိုး လုပ်တတ်ဆိုပဲ။ မေမေ တစွဲတလမ်းပြောဖူးတဲ့ အစိမ်းကြော်ကတော့ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်တွေ (ဂေါ်ဖီပန်း၊ မုန်လာဥနီ၊ မုန်ညှင်းဖြူ၊ စိမ်း စတာတွေ)ကို စားခါနီးမှ ကျက်ရုံလေးကြော်ပြီး ငံပြာရည်နဲ့ ပြုတ်ထားတဲ့ ဝက်သား ၃ ထပ်သား အတုံးလိုက်ကို ပါးပါးလှီးပြီး အပေါ်ယံက ဖြူးပေးတဲ့ ၁၂ မျိုးဟင်းရွက်ကြော် ဟင်းခွက်ပါပဲ။ မေမေက ဟင်းသီးဟင်းရွက် မကြိုက်တတ်ပေမယ့် အဲဒီဟင်းမယ်တော့ အတော်ကြိုက်ပြီး (ဝက်သားလည်း ပါတာကိုး)၊ ကျွန်မတို့ကို ချက်ကျွေးတတ်ပေမယ့် မိတ္ထီလာမှာ စားခဲ့ရတဲ့ ဟင်းကို ဘယ်လိုမှ မမီဘူးလို့ ပြောတတ်ပါတယ်။

ဒီလို အစားအသောက်ကောင်းများ အပြင် ဖေဖေရောဂါ ပျောက်ကင်းသွားရတဲ့ နောက်အရေးကြီး အချက်တချက်လည်း ရှိပါသေးတယ်။ အဲဒါကတော့ အဲဒီခေတ် အဲဒီအခါက နာမည်အကျော်ဆုံး အတော်ဆုံးသမားတော်ကြီး ၂ ယောက် (ကာနယ်မောင်မောင်ကြီးနဲ့ ဒေါက်တာ ဘသန်း) တို့ရဲ့ အနီးကပ် ပေါင်းစပ်ကုသမှုကို ခံယူရရှိလို့ပါပဲ။ အဲဒီအချိန်က တီဘီ

ကုဆေး (စတရက်တိုမိုင်စင် Stretomycin)မပေါ်သေးပါဘူး။ ဒါပေမဲ့ တီဘီပျောက်ကင်းရေး အတွက် အမျိုးမျိုး အားဖြည့်ကုသတဲ့ဆေးတွေ အများအပြား ပေါ်လာနေပြီ။ ဒါတွေကို အဲဒီသမားတော်ကြီးများ ထောက်ခံချက်နဲ့ အင်္ဂလန်တို့ အိန္ဒိယတို့က မှာယူပြီး ဖေဖေ့ကို ကုသ ပေးခဲ့တာပါ။ ဖေဖေကိုယ်တိုင်ကလည်း ဆရာဝန်တွေ မှာတဲ့အတိုင်း တသွေမတိမ်း နားထောင်ပြီး လိုက်နာ လုပ်ဆောင်နေထိုင်ခဲ့ပါတယ်။ ဒါ့ကြောင့်ပဲ ကာနယ်မောင်မောင်ကြီးက "ကျုပ်ကုရတဲ့ လူနာတွေထဲမှာ ဗိုလ်ကျော်ဇောဟာ ကုရတာအကောင်းဆုံး လူနာပဲ၊ ကျုပ်စကားနား အထောင်ဆုံး လူနာပဲ"လို့ မေမေ့ကို ပြောခဲ့ ဟန်ရှိပါတယ်။

ဒီလိုနဲ့ပဲ ဖေဖေ တီဘီရောဂါ ပျောက်ကင်းသွားရတာပါ။

မိတ္ထီလာကို ဒီလို ပထမဦးဆုံးအခေါက် ရောက်ခဲ့စဉ်မှာပဲ ဖေဖေ ရော မေမေပါ မိတ္ထီလာမြို့လေးကို ချစ်ခင်စွဲလမ်းသွားပုံရပါတယ်။ ဒါ ကြောင့်ပဲ ၁၉၅၀ ခုနှစ် ဖေဖေအင်းစိန်တိုက်ပွဲကြီးအပြီး ဒဏ်ရာရပြီးနောက် နာလန်ထချိန်မှာ ဆေးခွင့် ၆ လယူပြီး၊ မိတ္ထီလာမြို့မှာ နောက်တကြိမ် သွား နားခဲ့ပါတယ်။

အဲဒီ ဒုတိယအခေါက်မှာ ကိုကျော် (ကျော်ဇောဦး)ကို မွေးပါ တယ်။ မေမေက ကိုယ်ဝန်ကြီးနဲ့တုန်းမှာ ဇီးကွက်တကောင် ညနေတိုင်း အိမ်မှာ လာလာ နားတတ်တာကို နေ့တိုင်းကြည့်နေမိလို့၊ ကိုကျော့် မျက် လုံးတွေဟာ ဇီးကွက်လို ပြူးပြူးကြီး ဖြစ်နေတာလို့ မေမေက ကျွန်မတို့ ငယ်ငယ်က ပြောတတ်ပါတယ်။ (ကျွန်မတို့အဘွား ဖေဖေ့အမေဟာ ငယ်ငယ်တုန်းက မျက်လုံး အတော်ပြူးတာကို ဖေဖေတို့ ငယ်ငယ် ရှင်ပြုတုန်းက ရိုက်ထားတဲ့ ဓာတ်ပုံထဲမှာ တွေ့ဖူးပါတယ်။ မျိုးရိုး လိုက်ဟန် ရှိပါတယ်။)

အဲဒီမိတ္ထီလာမှာ ဖေဖေတို့နဲ့ အတော်ခင်တဲ့ မိတ်ဆွေကြီးတဦး ရှိပါတယ်။ မိတ္ထီလာမြို့ အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်သင်းနု ပါ။ B.A, B.Ed ဘွဲ့ ရထားသူဖြစ်ပါတယ်။ ဖေဖေတို့နဲ့က ပထမအခေါက် ကတည်းက ခင်နေတာပါ။ ဖေဖေက သူတာဝန်တွေ မပိဘဲ နားရတုန်းမှာ အင်္ဂလိပ်စာကို အဲဒီဆရာမကြီးနဲ့ ဆက်သင်တာပါ။ တနေ့ အဲဒီ ဆရာ မကြီးရဲ့ခင်ပွန်းနဲ့ လမ်းမှာတွေ့တော့ ဖေဖေက နာမည်မေ့နေလို့ "ဆရာမ ကြီးကတော် နေကောင်းရဲ့လား"လို့ နှုတ် ဆက်ဆိုပဲ။ မေမေက ဖေဖေ့ကို မကြာခဏ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး စ,တတ် နောက် တတ်ပါတယ်။

ဖေဖေက အဲဒီ မိတ္ထီလာမှာနေတုန်း ညနေတိုင်း မိတ္ထီလာ ကန်ဘောင်ရိုးမှာ လမ်းလျှောက်ပြီး ကန်ထိပ်ကနတ်စင်လေးရောက်ရင် အိမ်ဘက် ပြန်လှည့်လာတတ်သတဲ့။ အဲဒီနတ်စင်လေးဟာ ဖေဖေတို့ကို အသက်ကယ်ဖူးလိုက်လို့ ဖေဖေ့မှာ မိတ္ထီလာကို မမေ့နိုင်တဲ့အကြောင်း တရပ် ဖြစ်ပေါ်လာပါတော့တယ်။

ဖေဖေတို့တတွေ ၁၉၅၄–၅၅ မှာ တရုတ်ဖြူကို တိုက်နေရတုန်း ကပေါ့။ ဖေဖေက ရှေ့တန်း မိုင်းဆတ်ကနေပြီး နောက်တန်း ကျိုင်းတုံကို ပြန်လာပြီး စစ်ရုံးချုပ်အရာရှိများနဲ့ ပြန်တွေ့ရပါတယ်။ ရှေ့တန်းအ တွက်လိုအပ်တဲ့ ပစ္စည်းပစ္စယတွေ၊ စစ်ကူတွေ၊ ထောက်ပံ့ရေးပစ္စည်းတွေ ရရှိဖို့အတွက်ပါ။ အဲဒီတုန်းက စစ်ရုံးချုပ်ကို ဗိုလ်အောင်ကြီးတို့ ဆိုရှယ် လစ်အုပ်စုက အုပ်စီးထား တာပါ။ ပြည်တွင်းစစ်တိုက်ဖို့ပဲ သူတို့တတွေက အားသန်နေလေတော့ တရုတ်ဖြူ စစ်ဆင်ရေးအတွက်ဆို ပြောရဆိုရတာ သိပ်လက်ဝင်တာပဲလို့ ဖေဖေက ပြောပြဖူးပါတယ်။

ဖေဖေက ရှေ့တန်းစစ်ဆင်ရေးမှာ ဦးစီးပြီး သူ့ရဲ့ဌာနချုပ်ကို လည်း ရှေ့တန်းမိုင်းဆတ်မှာပဲ ဖွင့်ထားပါတယ်။ မိုင်းဆတ်မှာက နဂိုက တည်းက တရုတ်ဖြူတွေ ဆောက်လုပ်ထားတဲ့ လေယာဉ်ပျံကွင်းရှိတယ်။ ဖေဖေ့ကိုလည်း ကင်းထောက်လေယာဉ်တစင်း ပေးထားပါတယ်။ လေယာဉ် မှူးဟာ (နောင် လေတပ် ဦးစီးချုပ်ဖြစ်လာတဲ့) ဗိုလ်စောဖရှူးပါ။

ဖေဖေက ကျိုင်းတုံမှာ အစည်းအဝေးလုပ်ရင်း မိုးချုပ်သွားပါတော့ တယ်။ ဖေဖေ့ကို စောစောကတည်းက ဗိုလ်စောဖရှူးက မိုးချုပ်ရင် ရှမ်းပြည် တောင်တန်းတွေက ဒုက္ခပေးတတ်တယ်လို့ အလိမ္မာနဲ့ သတိပေးထားပါ လျက်နဲ့ အစည်းအဝေးမှာ ပြောရင်းဆိုရင်းက နောက်ကျသွားရတာပါ။ ဖေ ဖေက ညတွင်းချင်း လုပ်စရာတွေ ရှိနေလို့ မနက်မှ ပြန်ဖို့ ဝိုင်းတားနေတဲ့ကြား က လေယာဉ်ပျံနဲ့ ဇွတ်ထွက်လာခဲ့မိသတဲ့။ လေယာဉ်ပျံတက်ပြီး မကြာခင် မှာပဲ မှောင်ကြီးကျလာလို့ လေယာဉ်မှူးခမျာ တောင်စောင်းတွေနဲ့ မတိုက် မိအောင် တိမ်းရှောင်ရင်းက လမ်းပျောက်သွားဆိုပဲ။ အဲဒီလို လမ်းပျောက် သွားတော့မှ မြေပုံတချပ်နဲ့ လေယာဉ်ပေါ် အလုပ်များနေတဲ့ ဖေဖေ့ကို လာ အသိပေးသတဲ့။ ဒီတော့ ဖေဖေက လေယာဉ်မှူးအခန်းထဲ လိုက်သွားပြီး အောက်မြေပြင် အခြေအနေကို ကြည့်တော့လည်း ဘာမှမမြင်ရဖြစ်နေလို့ –"ကဲ–ဒါဖြင့်ရင် အနောက်တည့်တည့်ကို မောင်း၊ ဧရာဝတီမြစ်ကတော့ ပြေး မလွတ်တော့ဘူး။ ဧရာဝတီ မြစ်ဘေး သောင်တွေမှာ ဆင်းကြည့်တာပေါ့"လို့ ဖေဖေက အကြံပေးပါတယ်။ ဒါနဲ့ ဗိုလ်စောဖရှူး(နောင်မဆလခေတ်မှာ ဗိုလ်ချုပ်စောဖြူ)လည်း အနောက်ဘက်တည့်တည့် ပျံလာရာမှာ ဧရာဝတီ မြစ်ပေါ် ရောက်လာပါတော့တယ်။ ဖေဖေက – "ကဲ ဧရာဝတီမြစ်ကြော အတိုင်း ဆက်လိုက်၊ အဆင်သင့်တဲ့မြို့မှာ ဆင်းတာပေါ့" လို့ ပြောနေတုန်း မှာပဲ လေယာဉ်ဆီကုန်တော့မယ်လို့ လေယာဉ်ဝန်ထမ်းတဦးက လာ အကြောင်းကြားသတဲ့။

ဒါကြောင့် အောက်ခြေက မြေအခြေအနေကို သဲကြီးမဲကြီး ဝိုင်း ကြည့်ရသတဲ့။ အောက်ကမြို့တွေကလည်း အဲဒီအချိန်က တရုတ်ဖြူ လေ ယာဉ် (တကယ်တော့ အမေရိကန်လေယာဉ်တွေပါ)တွေ မကြာခဏ လာဝဲတတ်လို့ လေယာဉ်သံကြားတာနဲ့ မီးမှောင်ချပြီးနေတတ်ကြသတဲ့။ ဒါ့ကြောင့် အောက်ကလည်း မှောင်နဲ့မည်းမည်း ဘာမှ သဲသဲကွဲကွဲ မရှိဖြစ် နေချိန်မှာပဲ ဂျစ်ကားတစင်း ရှေ့မီးဖွင့်ပြီး မောင်းလာတာတွေ့ရသတဲ့။ အဲဒီ ဂျစ်ကားမီးက ရိပ်ခနဲ မီးထိုးလိုက်ရာမှာ ဖေဖေက သူ့အမြင်မှာ အလွန် ရင်းနှီးခဲ့တဲ့ မိတ္ထီလာ ကန်ဘောင်ရိုးထိပ်က နတ်စင်လေးကို မြင်လိုက်ရဆိုပဲ။ ဂျစ်ကားလေးက ကန်ဘောင်ရိုးကားလမ်းအတိုင်း မောင်းလာတာ ဖြစ်ဟန် ရှိပါတယ်။

နတ်စင်လေးကို မြင်လိုက်ရတော့ ဖေဖေက "ဟာ–ဒါ မိတ္ထီလာကွ၊ မိတ္ထီလာ"လို့ အော်ပြောလိုက်ရော လေယာဉ်ပျံတစင်းလုံး အလွန်နဲ့ကို ဝမ်း သာသွားကြရောတဲ့။ ဗိုလ်စောဖရှူးအပါအဝင် အဲဒီခေတ်က လေသူရဲတွေက မိတ္ထီလာကွင်းမှာ လေယာဉ်မောင်းကျင့်လာသူတွေ ဖြစ်တော့၊ မိတ္ထီ လာကွင်း ဆိုရင် သူတို့က မျက်စိမှိတ်တောင် ဆင်းနိုင်သူတွေ ဖြစ်နေတာလေ။

ချက်ချင်းပဲ မိတ္ထီလာကွင်းကို သတင်းပို့။ မြို့ထဲရှိတဲ့ ကားတွေ အားလုံး တန်းစီပြီး လေယာဉ်ပြေးလမ်းတဖက်တချက်ကနေ မီးတွေထိုးပြီး ဖေဖေတို့လေယာဉ် ချောချောမောမောနဲ့ မိတ္ထီလာကွင်းဆင်းလာရဆိုပဲ။ နောက်နေ့မနက်မှပဲ ဆီဖြည့်ပြီး မိုင်းဆတ်ကို ဖေဖေတို့တတွေ ပြန်ခဲ့ကြသတဲ့။

အဲဒီသည်းထိတ်ရင်ဖို ဇာတ်လမ်းကလေးကြောင့်ပဲ ဖေဖေ့အနေနဲ့ (ကျန် ကျွန်မတို့မိသားစုအပါပေါ့လေ) မိတ္ထီလာမြို့လေးကို မမေ့နိုင်ဖြစ်ရ တော့တာပါပဲ။

လှကျော်ဇော
၂၁–၁–၁၁

မမေ့တဲ့နိုင်

ဆရာ–ရာဂျန်ဇနီး ဒေါ်မိမိ
ကွယ်လွန်တဲ့သတင်း ကြားသိရလို့
မိသားစုနည်းတူ ဝမ်းနည်းကြေကွဲရပါကြောင်း
ဖော်ပြအပ်ပါသည်။



**ကိုကိုးကျွန်း**
**ဆရာရာဂျန်နှင့် ...**
**ဆရာကတော်**

(၁)

၂၀၁၁ ခု ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အသက် ၉၃ နှစ်အရွယ် ဝါရင့်နိုင်ငံရေးသမားကြီးဒေါ်မိမိ ကွယ်လွန်ကြောင်း တာဝန်သိမီဒီယာများမှတဆင့် ကြားသိလိုက်ရတယ်။ သူ့နိုင်ငံရေး ဖြတ်သန်းမှုကိုလည်း အတော်အသင့် ဆုပ်ကိုင်မိလိုက်တယ်။

– မျိုးဆက်ဟောင်းတဦး

– အင်္ဂလိပ်နယ်ချဲ့၊ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးခေတ်အဆက်ဆက်မှာ ရှေ့တန်းက ပါခဲ့သူ

– ၄၈ လက်နက်ကိုင်တော်လှန်ရေးမှာ လင်ယောကျ်ားနဲ့အတူ လက်တွဲတိုက်ပွဲဝင်ခဲ့သူ

×××××××××××××××××××××××××

ကျွန်းမှာနေစဉ် ဆရာကလည်း သူ့အကြောင်း မပြောဖူးခဲ့။ ခေါင်းဆောင်တွေအနေနဲ့ မိသားစုကိစ္စ ပြောလေ့ပြောထမရှိ။ ကျွန်းဘဝမှာ မိသားစုအတွက် ဘယ်သူမှ အချိန်မပေးနိုင်တာလည်း ပါပါလိမ့်မည်။

(၂)

ရက် ၄၀ အစာငတ်ခံတိုက်ပွဲကာလမှာတော့ ဒေါ်မိမိအကြောင်း 'တကွက်' ပေါ်လာတယ်။ ရဲနီတင်ငြိမ်းအလောင်း ပြည်မမိသားစုထံ ပြန်ပို့ရေး တောင်းဆိုချက်ကို အာဏာပိုင်တွေက ငြင်းဆန်ပြီး အလောင်းလာလုနေချိန်။

ဆရာရာဂျန်က သံဆူးကြိုးဝင်းထဲကနေ နိုင်ငံရေးအကျဉ်းကျ 'ထိန်းသိမ်း' တွေကို ကွပ်ကဲနေပါတယ်။

ဒီအချိန် ရန်ကုန်က ဆင်းလာတဲ့ ထောင်မင်းကြီးဦးငြိမ်းလှိုင်က ခြံစည်းရိုးဝင်းအပြင်မှာ ရှိနေတယ်။ ထောင်အမှုထမ်းတွေကို အရက်ကိုးမောင်းတိုက်ပြီး သွေးထိုးပေးနေတယ်။ ဒါပေမဲ့ သူတို့လုမရ၊ တပ်လန်လန်ထွက်နေလို့ အနားယူခိုင်းထားချိန်။

ဝင်းအပြင်ဘက်ကနေ ဦးငြိမ်းလှိုင်က 'ဆရာ! ဆရာ! ဆရာ! ဆရာ့အဖွားကြီးက စာတစောင်နဲ့ စားစရာတထုပ်ပေးလိုက်တာပါ လာပါတယ်' လို့ လှမ်းပြောတယ်။

ငွေရောင်ဆံပင်နဲ့ ချွေးတလုံးလုံးဖြစ်နေတဲ့ ဆရာက 'ထားလိုက်စမ်းပါဗျာ။ ဒီကိစ္စတွေ တိုက်ပွဲပြီးမှ ပြောမယ်' လို့ တုံ့ပြန်လိုက်တယ်။

ဆရာကတော် တတ်နိုင်တာ 'ဒါပဲ'။

(၃)

နောက်ပိုင်းသိရတာက ဆရာတို့မိသားစု အတော်နွမ်းပါးကြကြောင်း – တခါတော့ ...

လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြရင်း ဆရာက 'အေးဗျာ ကျွန်တော်ကတော့ ဒီမှာလက်ဖက်ရည် အဝသောက်ရပါရဲ့။ လက်ဖက်ရည်ကြိုက်လှတဲ့ ကျုပ်အဖွားကြီးကဖြင့် မသောက်ရမနေနိုင်တော့ ယူနီဆက်ကပေးတဲ့ နို့မှုန့်ရယ်၊ လက်ဖက်ခြောက်နှပ်ရည်ရယ်၊ ထန်းလျက်နဲ့ကျိုပြီး သောက်နေလေရဲ့' လို့ ပြောဖူးသတဲ့။

ဆရာရဲ့ဇနီးမယားအပေါ် ကြင်နာမှုပြနိုင်တာက 'ဒါပဲ'။

(၄)

မျိုးဆက်ဟောင်းကြီးတွေ ကြည့်လိုက်တော့ အငယ်ပိုင်းက ၈၀ ကျော်၊ ၉၀ တန်း ရောက်ကုန်ကြပါပြီ။ တပြည်လုံးအတိုင်းအတာနဲ့ကို ဘယ်လောက်မှ မကျန်တော့ပါဘူး။

အဖွားဒေါ်မိမိကွယ်လွန်တာကို အကြောင်းပြုပြီး

– မျိုးဆက်ဟောင်းကြီးတွေကို ဂုဏ်ပြုဖို့

– ကျွန်းပြန်ဆရာ–ရာဂျန်ကို ဂုဏ်ပြုဖို့

– သက်ရှိထင်ရှား ကျွန်းပြန်ရဲဘော်များကို၊ မဟာမိတ်များကို နှုတ်ခွန်းဆက်ဖို့

– ကျန်ရစ်တဲ့မိသားစုများကို နွေးထွေးမှုပေးဖို့

ကျွန်တော်တို့တတွေ အခွင့်အရေးရလာပါတယ်။

ဆရာတို့ဇနီးမောင်နှံ တာဝန်ကျေခဲ့ပါပြီ။

ကျရာတဝန် ကျွန်တော်တို့ ထမ်းဆောင်လျက်ပါ။

အဝေးရောက်ကျွန်းပြန်များ
(၁၈ – ၂ – ၂၀၁၁)

မမေ့တဲ့နိုင်

တော်လှန်ရေးရုပ်ပုံလွှာ

# ကျွန်တော်မမေ့နိုင်တဲ့ လေထီးဗိုလ်အုန်းမောင် ရဲဘော်ဖိုးသံချောင်း

ဦးလေးဗိုလ်အုံးမောင်ကို ကျွန်တော် ၉–၁၀ နှစ်သားအရွယ်တုန်းက ရန်ကုန်ထောင်ကြီးထဲမှာ ပထမဆုံးအကြိမ်အဖြစ် တွေ့ဖူးခဲ့တာဖြစ်ကြောင်း ကျွန်တော် ရေးပြခဲ့ဖူးပါတယ်။ ကျွန်တော့်အဖေ ထောင်ကျနေစဉ်တုန်းက ကျွန်တော်အဖေ့ကို သွားတွေ့တော့ ထောင်ပိုင်တို့က ကျွန်တော့်ကို မနက်ကနေ ညနေအထိ ထောင်ထဲရှိ အဖေနေတဲ့ (၅) တိုက်အထဲအထိ သွားလည်ခွင့်၊ အဖေနဲ့အတူနေခွင့် ပေးတာပါ။ (အခုခေတ်လူများအဖို့တော့ မယုံချင် ပုံပြင်လို ဖြစ်နေကြမယ် ထင်ပါတယ်။)

ထုံးစံအတိုင်း ထောင်ထဲမှာက သူရဲကောင်းတွေ၊ နာမည်ကြီး နိုင်ငံရေးသမားတွေ၊ စာပေသမားတွေ စုစည်းလေ့ရှိတာမို့ ကျွန်တော့်ကို ဒီအထဲမှာ ကျွန်တော့်ကို အဖော်လုပ်တဲ့ အသက်အတော်ငယ်တဲ့ ဗကပကိုဖုန်းက "အဲဒါ ဗိုလ်အုန်းမောင်ပဲ"လို့ လက်ညှိုးထိုးပြပါတယ်။ ကျွန်တော်မှတ်မိသလောက်ဆိုရင် ကိုဖုန်းဟာ အရင်က အစိုးရတပ်က အရာရှိငယ်တယောက်ပါ။ တိုက်ရေယာဉ် တစင်းကို မောင်းပြီး တွံတေးဘက်ကို တောခိုခဲ့သူတဦးဖြစ်ပါတယ်။ (သူ့လိုပဲ ဗိုလ်ညဏ်မောင်ကလည်း မိတ္ထီလာလေတပ်စခန်းကနေ လေယာဉ်ပျံတစီးနဲ့ တောခိုဖူးပါတယ်)

သူပြရာကို လှမ်းကြည့်လိုက်တော့ အသက် ၄၀ လောက် ပိန်ပိန်လူတယောက် တုတ်ကောက်တချောင်းနဲ့ ထော့နင်းထော့နင်း လျှောက်လာနေတာကို တွေ့ရပါတယ်။ သူ့ခေါင်းပုံက အလယ်မှာ မောက်နေပြီး ဆံပင်ကတော့ ကတုံးဆံထောက်ပါပဲ။ အသက်အရွယ်နဲ့ ဒဏ်အမျိုးမျိုးကြောင့် ဦးလေးဗိုလ်အုန်းမောင်ရဲ့ ရုပ်ဟာ ပါးချောင်ကျ၊ မျက်တွင်းဟောက်နေတာပဲ တွေ့ရလေ့ရှိပါတယ်။ ပေါ်လွင်လှတဲ့နှာတံကို ထောက်ထားတဲ့ သူ့ရဲ့ပါးရိုးတွေဟာ ကြံ့ခိုင်လှပြီး နောင်မှာ ဖိနှိပ်သူ အာဏာပိုင်တွေနဲ့ ရင်ဆိုင်တိုင်း အဲဒီပါးရိုးကြီးတွေ တင်းနေတာဟာ ကျွန်တော်တို့လို နောက်လိုက်တွေကို သိပ်အားတက်စေပါတယ်။

တကယ်တော့ သူ့ကို လူကိုယ်တိုင်မတွေ့ရမီကတည်းက ကျွန်တော်ဟာ သူ့အကြောင်းကို အဖေနဲ့ ပုဒ်မ ၅ တခြားအကျဉ်းသားတွေဆီက ကြားထားပါပြီ။ လေထီးဆင်းတဲ့ကိစ္စအပြင် ဖမ်းမိတဲ့အခါမှာ အစိုးရက ဘယ်လိုနှိပ်စက်တယ်ဆိုတဲ့ အကြောင်းတွေရောပါ။ ကလေးတယောက်ရဲ့ မျက်စိထဲမှာ ရောမသူရဲကောင်းကြီးတဦး ဖြစ်နေတာကို နားလည်နိုင်ကြမယ် ထင်ပါတယ်။

အဲဒီနောက် ၁၄ နှစ်လောက်ကြာတော့ ဦးလေးဦးအုန်းမောင်ကို ဘဝတူအဖြစ် ပြန်တွေ့ရပါတယ်။ ကိုကိုးကျွန်းပေါ်မှာပါ။ ကျွန်တော်တို့အားလုံးကို တင်ခေါ်သွားတဲ့ ပြည်တော်အေးသင်္ဘောပေါ်က ဆင်းလို့ ကိုကိုးကျွန်းမြေကို နင်းပြီး မိတာ ၅၀ လောက်လျှောက်ပြီးတဲ့နောက် ကျွန်တော်တို့အားလုံးကို သဲသောင်ပြင်ပေါ်မှာ အထိုင်ခိုင်းပါတယ်။ ပြီးတော့ အကျဉ်းဌာန အထူးအရာရှိ ဗိုလ်ထွန်းရင်လောက မိန့်ခွန်းချွေပါတယ်။ ထောင်ထဲရောက်ရင် ဘယ်သူ ဘယ်နေရာရောက်လို့ ဘယ်လိုကန့်သတ်ထားမယ်ဆိုတာ ဘယ်သူမှ ပြောနိုင်တာ မဟုတ်ပါဘူး။ ဒါကြောင့် အခုလိုအားလုံးစုပြုံနေတုန်းမှာ မြင်နိုင်သူအားလုံးကို ကြည့်ရပါတယ်။ နောက်ပြီး နေရာအသစ်တခုကိုရောက်ရင် ကိုယ့်ပတ်ဝန်းကျင်ကို အရင်ဆုံး အကဲခတ် စနည်းနာတာဟာ နိုင်ငံရေးအကျဉ်းသားများရဲ့ အကျင့်တခုပဲ မဟုတ်ပါလား။ ဒီလိုနဲ့ ကျွန်တော်တို့လည်း ပူလှတဲ့သောင်ပြင်ပေါ်မှာထိုင်ပြီး စိတ်ပျက်စရာ၊ ရွံမုန်းစရာ



လေထီးဦးအုန်းမောင်နဲ့ စာရေးဆရာ လင်းယုန်မောင်မောင်

မိန့်ခွန်းကို စိတ်မပါ့တပါနားထောင်ရင်း တခြားလူတွေကို လှည့်ပတ်ကြည့် ကြပါတယ်။

ကျွန်တော့်အထင်တော့ ဦးလေးဗိုလ်အုန်းမောင် ရုပ်ဘာမှ ပြောင်း မသွားဘူးပဲ။ အဲဒီနောက် အကျဉ်းစခန်းထဲရောက်တော့ ဆက်တိုက်ဆိုသလိုပဲ အင်းစိန်ထောင်ကပါလာတဲ့ တခြားဘဝတူတွေဆီကနေ သူ့အကြောင်းတွေကို ဆက်ကြားရပါတယ်။ အင်းစိန်ထောင်အတွင်းမှာ စစ်ဆင်ရေးစီမံကိန်းဆွဲပြီး ဖိနှိပ်ရာမှာ ဦးလေးဗိုလ်အုန်းမောင်ကို ဝိုင်းရိုက်ကြလို့ နံရိုးသုံးချောင်းတောင် ကျိုးခဲ့သတဲ့။ ဒါကြောင့် သူ့ကျန်းမာရေးဟာ အတော်ကို မကောင်းဘူးတဲ့။ တီဘီရောဂါလည်း ရှိနေသတဲ့။ အဲဒီအချိန်မှာ သူ့အသက်က ငါးဆယ်လောက်ရှိနေပါပြီ။

ဒါပေမဲ့ သူဟာ ကိုကိုးကျွန်းပေါ်က တိုက်ပွဲတွေကို မားမားမတ်မတ် ခေါင်းဆောင်နိုင်ခဲ့ပါတယ်။ နံရိုးကျိုးပေမယ့် နှလုံးက ခိုင်ကျည်ပါတယ်။ တုတ်ကောက် တချောင်းနဲ့ ထော့နင်းထော့နင်းပဲ သဲသောင်ပြင်ပေါ်လျှောက်၊ ထောင်အာဏာပိုင်တွေကို တဖဝါးမဆုတ် ရင်ဆိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အားလုံးကိုယ်စား ထောင်အာဏာပိုင်တွေနဲ့ ရင်ဆိုင်တဲ့အခါမှာ တုတ်ကောက်ကိုယ်စီနဲ့ ရပ်ပြီး ပြတ်ပြတ်သား

သား ပြောဆိုနေတဲ့ ဦးလေးဖိုလ်အုန်းမောင်နဲ့ ဆရာရာဂျန်တို့ နှစ်ဦးကို မြင်ရတာဟာ အင်မတန်ကျက်သရေလည်းရှိ၊ အားလည်းတက်စရာလည်း ကောင်းလှပါတယ်။

ကိုကိုးကျွန်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ နီးစပ်သူတွေ၊ အလံနီနဲ့ နီးစပ်သူတွေနဲ့ မလည်ပခေါ် အရင်ပမညတ–ပြည်သူ့ရဲဘော်နဲ့နီးစပ်သူတွေ ဆိုပြီး အဓိက အစုကြီးသုံးစု ရှိခဲ့တာကို အများ သိကြပါတယ်။ အဲဒီထဲမှာ ဗကပနဲ့ နီးစပ်သူတွေအစုဟာ အများဆုံးပါ။ ဒါပေမဲ့ ဒီအထဲမှာ ဗမာ ပြည် နေရာအရပ်ရပ်က လာတဲ့သူတွေ ပါဝင်ပါတယ်။ မန္တလေး၊ မြင်းခြံ၊ ပျဉ်းမနားစတဲ့ အထက်ဗမာပြည်ကလာတဲ့ လူတွေ၊ တောင်တွင်းကြီး၊ သရက်စတဲ့ ဗမာပြည်အလယ်ပိုင်းက လာတဲ့လူတွေ၊ ရန်ကုန်ကလူတွေ၊ မြစ်ဝကျွန်းပေါ်ကလူတွေ၊ ရခိုင်ပြည်နယ်ကလူတွေ စသဖြင့် အနယ်နယ် အရပ်ရပ်ကပါ။ နောက်ပြီး နောက်ခံကို ပြောရရင်လည်း ကျောင်းသားအနွယ်၊ အလုပ်သမားအနွယ်၊ အမှုထမ်းအနွယ်၊ လယ်သမားအနွယ်၊ လက်နက်ကိုင်တော်လှန်ရေးထဲကလာတဲ့သူ တကယ့်ကို စုံမှစုံ ဖြစ်ပါတယ်။ တယောက်ကိုတယောက် မမြင်ဖူး၊ တယောက်နာမည်တယောက် မကြားဖူးတဲ့လူတွေ အများကြီးဖြစ်ပါတယ်။

အဖမ်းခံကြရတာကလည်း ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြီးနောက် အဖမ်းခံရတာကနေ ၁၉၆၇ ခုနှစ် တရုတ်ဗမာအရေးအခင်းနောက် အဖမ်းခံရတဲ့သူအထိ အချိန်တွေကွာခြားနေပါတယ်။ ဒီအထဲမှာ အသက်အကြီးဆုံးက ၆၀ တန်းဖြစ်တဲ့ မြစ်ဝကျွန်းပေါ်က အဘကြင်နဲ့ အမရပူရက ဦးခင်မောင်။ အငယ်ဆုံးက ၁၈ နှစ်သား ရန်ကုန်၊ သာကေတက ကိုလှဋ္ဌေး (အဖမ်းခံရတုန်းက အသက် ၁၄ နှစ်လောက် ရှိသေးတာပါ) တို့ ပါဝင်ပါတယ်။ ဒါကြောင့် အဲဒီ လူတွေကို စုစည်းမိဖို့ လုပ်ရတဲ့အလုပ်ဟာ တကယ်ပဲမလွယ်လှဘူး။ ဒီလိုအခါမှာ အားလုံးဟာ ဒီအဖိုးကြီးနှစ်ယောက်ကို ပုံအပ်ပြီး ဒီအလံအောက်မှာ စုဝေးခဲ့ကြပါတယ်။ အဲဒီလိုပုံအပ်ခဲ့ကြတဲ့အတွက် မှားတယ်လို့ ကျွန်းပေါ်မှာ၊ ထောင်ထဲမှာ၊ ထောင်ပြင်မှာ ဘယ်သူကမှ မခံစားခဲ့၊ မယူဆခဲ့ကြပါဘူး။ သူတို့များ မရှိခဲ့ရင်ဆိုတဲ့ အတွေးမျိုးသာ ပေါ်တာတွေ့ရပါတယ်။

ကိုကိုးကျွန်းပေါ်မှာ သူတို့နှစ်ဦးရဲ့ ဂုဏ်သိက္ခာကို တခြား ဘယ်သူမှ မယှဉ်နိုင်ဘူးလို့ပြောရင် မလွန်ဘူးထင်ပါတယ်။ ဒါကို တခြားအဖွဲ့အစည်းတွေကလည်း အသိအမှတ်ပြုကြတဲ့သဘော ရှိပါတယ်။ သခင်ဘဝကတည်းက နိုင်ငံရေးလုပ်လာတဲ့၊ ဂျပန်တော်လှန်ရေးမှာ နာမည်ကျော်ခဲ့တဲ့၊ လက်နက်ကိုင်တော် လှန်ရေးလုပ်လာတဲ့၊ နှစ်ကျွန်းပြန်(နောက်တော့ သုံးကျွန်းပြန်) ဦးလေးဖိုလ်အုန်းမောင်လိုလူကို နိုင်ငံရေးဝါမှာ ယှဉ်နိုင်သူမရှိပါဘူး။ ဒါပေမဲ့ အဖွဲ့အစည်းတခုနဲ့တခုမှာ အားလုံး တန်းတူ၊ အပြန်အလှန်လေးစားစွာ ဆက်ဆံကြပါတယ်။ တခြားအဖွဲ့အစည်းက ခေါင်းဆောင်တွေ၊ တသီးပုဂ္ဂလတွေကလည်း ကိစ္စရှိရင် သူတို့ဆီကို လာပြီး လေးလေးစားစား တိုင်ပင်ကြပါတယ်။

တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးနဲ့ တဆက်တည်း ပဲခူးရိုးမမှာလည်း “ယဉ်ကျေးမှုတော်လှန်ရေး”ဖြစ်တော့ ကိုကိုးကျွန်းက ဗကပအနွယ်တွေထဲကိုလည်း ဂယက်တွေ ရိုက်ခဲ့ပါတယ်။ အဲဒီလိုအခါမျိုးမှာ ဦးလေးဖိုလ်အုန်းမောင်နဲ့ ဆရာဂျန်တို့သာ တည်တည်ငြိမ်ငြိမ် ခေါင်းမဆောင်နိုင်ခဲ့ရင် ကိုကိုးကျွန်း သမိုင်းဟာ တမျိုးပြောင်းသွားနိုင်တယ် ထင်ပါတယ်။ သူတို့ဆီကို ရဲဘော်တွေက အယူအဆအမျိုးမျိုးတွေ သွားပြီး တင်ပြနေကြတာပါ။ အရမ်းတက်ကြွနေကြတော့ အပြောအဆို အသုံးအနှုန်း ပြင်းထန်တာတွေလည်း ပါပါတယ်။ တိုက်ပွဲတခု ဖော်တယ်ဆိုရင် ရဲဘော်တွေက “ကျွန်တော့်ကိုလည်း တိုက်ပွဲထဲ ပါဝင်ခွင့် ပေးပါ” ဆိုပြီး သွား နားပူနားဆာလုပ်တာမျိုးလည်း အမြဲလိုလို ရှိတတ်ပါတယ်။ အဲဒါမျိုးတွေကို ခေါင်းအေးအေး၊ စိတ်ရှည်ရှည်နဲ့ ကာလရှည်ကြာစွာ ပြန်ဆွေးနွေးရတယ်ဆိုတာ အဲဒီတုန်းက ကျွန်တော့်အရည်အချင်းမျိုးနဲ့တော့ မဖြစ်နိုင်တာ အမှန်ပါပဲ။

နောက်အရေးကြီးတဲ့ ထောက်ပြစရာတခုက ကိုကိုးကျွန်းအကျဉ်းစခန်းမှာ ကျွန်တော်တို့ ကျွန်းဖျက်သိမ်းရေး အစာငတ်ခံတဲ့ပုံစံဖြစ်ပါတယ်။ ကိုကိုးကျွန်း အကျဉ်းစခန်းရဲ့ ထူးခြားချက်အရလို့ ပြောနိုင်ပါတယ်။ အဲဒါက တိုက်ပွဲတိုက်တယ်ဆိုရင် အစာငတ်ခံသူတွေဟာ ထောင်အာဏာပိုင်တွေကို အစာငတ်ခံပြတာပဲ လုပ်ပါတယ်။ သူတို့ကိုယ်တိုင် အာဏာပိုင်တွေနဲ့ စကားပြောတာ ဖြေရှင်းတာ လုံးဝ မလုပ်တော့ဘဲ ပြင်ပမှာရှိတဲ့ တိုက်ပွဲဆောင်ပြင်ပမှာရှိတဲ့ ခေါင်းဆောင်ရဲဘော်တွေလက်ထဲ ဆုံးဖြတ်ခွင့်တွေ၊ နောက်ပြီး ကိုယ့်အသက်တွေကို လုံးဝအပ်နှံထားလိုက်တာဖြစ်ပါတယ်။ အဲဒီတုန်းက တိုက်ပွဲဝင်ရဲဘော်များအနေနဲ့ ဦးလေးဖိုလ်အုန်းမောင်နဲ့ ဆရာရာဂျန်တို့လက်ထဲကို ဒီလိုအခွင့်အာဏာတွေနဲ့ ကိုယ့်အသက်တွေ အပ်နှင်းခဲ့တာကို ထောက်ရင် ဒါဟာ သူတို့အပေါ် နည်းနည်းနောနော ယုံကြည်မှုမဟုတ်ပါဘူး။

ကျွန်တော့်တဦးချင်းအနေနဲ့ကတော့ အဲဒီတုန်းက အဲဒီလို သူတို့နှစ်ဦးရဲ့ ခေါင်းဆောင်မှုခံယူခဲ့ရတဲ့အတွက် အသိပညာတွေ၊ သတ္တိတွေ တိုးတဲ့အပြင် လမ်းမှန်ပေါ်လည်း လျှောက်နိုင်ခဲ့တာမို့ သူတို့ကို ကျေးဇူးတင်ရုံမက သူတို့နောက်က လျှောက်ခဲ့ရတာကို ဂုဏ်ယူနေမိတာ အမှန်ပါပဲ။

ရဲဘော်ဖိုးသံချောင်း





## မမေ့တဲ့နိုင်

## တော်လှန်ရေးရုပ်ပုံလွှာ

# ရခိုင်ရိုးမနှင့် တသသ ...ဗိုလ်ဇေယျ

ဖိုးနီ

**ဗိုလ်ဇေယျ သို့မဟုတ်... ...**

**ဗမာပြည်နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် အစဉ်အလာ ကြီးမားခဲ့သူ......**

**ရဲဘော်သုံးကျိပ်ဝင်......**

**၁၉၄၈ ခုနှစ်၊ မတ်လ(၂၈) ရက်နေ့က စတင်ခဲ့သော ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ဂုဏ်ပြောင်စွာ အသက်ပေးလှူသွားခဲ့သူ... ...**

**ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုခေါင်းဆောင်တယောက်...**

**စသည်...စသည်ဖြင့်သူ၏ဘဝရုပ်ပုံလွှာများ။**

ရိုးသားစွာ ဝန်ခံရမည်ဆိုလျှင် ကျွန်တော်သည် သူ၏ ဂုဏ်ပြောင်သော အစဉ်အလာကြီးမားသော ဘဝရုပ်ပုံလွှာ တစ်ခုလုံးကို ရေးဖွဲ့ရန် ဝမ်းစာလုံလောက် သူတယောက်မဟုတ်ပါ။ ဆရာဒဂုန်တာရာတို့ကဲ့သို့သော သူနှင့်ရင်းနှီးပျော်ဝင်ခဲ့ဖူးသူများ...တိုက်ဖော်တိုက်ဖက်များ...သမာသမတ်ကျသောသမိုင်းပညာရှင်များကသာ တူးဖော် မှတ်တမ်းတင်သင့်သည် ဟု ယူဆပါသည်။

သမိုင်းသည် မြစ်မရေစီးလို သူ့လမ်းကြောင်းနှင့်သူ တသွင်သွင် မရပ်မနား စီးဆင်းနေသည်။ သဘာဝကျစွာပင် အကွေ့အကောက် အဆင်းအတက်များနှင့်ပင်။ ရောင်စုံဆေးစက်များဖြင့် ခြယ်မှုန်းထားသော မှန်ကူကွက်တခုလို...။ သို့မဟုတ် ကျောက်ထွင်းပန်းချီကားတချပ်လို...။

**"လူထုဟာ သမိုင်းကို ဖန်တီးသူ ဖြစ်တယ်။ လူထုသာ သူရဲကောင်း အစစ်ဖြစ်တယ်"**

ဤကား တရုတ်ပြည် နိုင်ငံရေးခေါင်းဆောင် **မော်**၏ အဆိုအမိန့်တခု ဖြစ်ပါသည်။ လူစွမ်းကောင်းတယောက် သို့မဟုတ် ကယ်တင်ရှင်တယောက်က သမိုင်းကို ဖန်တီးခြင်းမဟုတ်ဟု ဆိုလိုခြင်း ဖြစ်မည်ထင်သည်။ သို့သော် သမိုင်းရေစီးတွင် လှော်ခတ်သူများသည်ကား သမိုင်းရုပ်ပုံလွှာ ပန်းချီကား၏ရောင်စုံဆေးစက်များပင် ဖြစ်သည်။ ဤသို့ဖြင့် သမိုင်းနှင့် သမိုင်းဝင် ပုဂ္ဂိုလ်တို့၏ ရုပ်ပုံလွှာကို တူးဆွရေးဖွဲ့ကြရာတွင် မတူသော ရှုထောင့်နှင့် ရပ်တည်မှုများဖြင့် ချဉ်းကပ်မှုများ မုချရှိမည်ပင်။ ဗိုလ်ဇေယျဆိုသော သမိုင်းဝင်ပုဂ္ဂိုလ်တယောက်အပေါ် ရှုမြင်ကြရာတွင်လည်း ဤသို့ပင် ဖြစ်မည်။ လွတ်လပ်စွာ ကွဲလွဲခွင့် ရှိပါသည်။ သမိုင်းက မှတ်ကျောက်တင်မှာ ဖြစ်သည်။ ကျွန်တော်ကတော့ သူ...ဝတ်မှုန်ကူးခဲ့သော ရခိုင်ရိုးမရှိ တောပန်းရနံ့ကလေးများကို မွှေးမြခံစားရင်း...ရိုးမနံရံတွင် ပဲ့တင်ရိုက်ခတ် ကျန်ရစ်ခဲ့သော သူ့အသံလှိုင်းများတွင် စီးမျောရင်း သူ့ရုပ်ပုံလွှာ အပိုင်းအစတချို့ကို ပကတိအတိုင်း ဖတ်ကြည့်ခြင်းမျှသာ...



၁၉၆၆ ခုနှစ် နွေနှောင်းဝသန်ကာလ၏ တခုသော နေ့တွင် သူ ရခိုင်ရိုးမသို့ ရောက်ရှိလာခဲ့သည်။ ရောက်သည်နှင့် ပထဝီမြေလွှာကို

သူ၏နှလုံးသားဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီးနောက် ရိုးမကို သူ့ပခုံးပေါ်သို့ ရှိသမျှအားနှင့် ပင့်တင်လိုက်သည်။ ရိုးမတောင်မကြီး၏ လက်မောင်းလက်တံများသဖွယ် ဖြာဆင်းနေသော မှိုင်းညို့ညို့ တောင်ကြောများတွင် သူ၏ ခြေလှမ်းတိုင်းသည် ပန်းပွင့်များ ဖြစ်ခဲ့သည်။ သူ၏လက်စွဲတော် တောင်ဝှေး တချက် ဝှေ့ရမ်းလိုက်တိုင်း ဘင်္ဂလားပင်လယ်အော်မှ လှိုင်းလုံးများ အားကောင်းမောင်းသန် ကြွတက်လာခဲ့သည်။ ရိုးမတခွင် မမောနိုင် မပန်းနိုင် ပျံသန်းရင်းဖြင့်...ရင်နှင့်လွယ်၍ သယ်ယူလာသော မျိုးစေ့တို့ကို ပက်ကြဲခဲ့သည်။ မိုးသက်လေပြင်းအောက်မှ ရုန်းကန်ထိုးထွက်လာသော ပျိုးပင်ကလေးများကို ပင်စည်မထိ အမြစ်မငြိအောင် ပေါင်းသင်မြေဆွသည်။ ဤသို့ဖြင့် သူသည် ရိုးမ၏ အသွင်အပြင်ကို သူ့နှလုံးသားဖြင့် သစ်လွင်စေခဲ့သည်။

သို့သော်...သူသည် ကယ်တင်ရှင်တယောက်တော့ အလျှင်းမဟုတ်ပါ။ ထိုကာလက ညှိုးငယ်နွမ်းလျနေသော ရခိုင်ရိုးမကို နိုးထစေခဲ့သူ၊ အားသစ်လောင်းပေးခဲ့သူအဖြစ် ရဲဘော်များ၊ ပြည်သူများ၏ လေးစားကြည်ညို မြတ်နိုးမှုကို ရယူနိုင်ခဲ့သူသာ ဖြစ်ပါသည်။

ရိုးမတွင် လတချို့နေပြီး မိုးအကုန် ဆောင်းအကူး ကာလတွင် သူ ပြန်သွားခဲ့သည်။ လင်းယုန်တကောင်၏ အားမာန်မျိုးနှင့် သူ ထပြန်သွားခဲ့ပြီ။ သူ ပြန်ထွက်သွားချိန်တွင် ရိုးမကတော့ ကြေကွဲမှုနှင့် တုန်ခါကျန်ရစ်သည်။ လွမ်းတသသနှင့်...။ သူ့ပုံရိပ် သူ့အကြောင်းလေးတွေကို ပြောကြဆိုကြ တဖွဖွနှင့်...။ သည်မှာတော့ သူ့ရနံ့က မပြယ်...လေသင့်ရာ မွှေးနေဆဲ...။ သူ့အသံက ရိုးမနံရံမှာ ရိုက်ခတ်ပဲ့တင် ညံနေဆဲ...

ရဲဘော်ဗိုလ်ဇေယျ ပြန်သွားပြီးနောက် (၆)နှစ်အကြာ ၁၉၇၂ နှစ်–နှစ်ဆန်းမှာမှ ကျွန်တော် ရခိုင်ရိုးမကို ရောက်ပါသည်။ တော်လှန်ရေးလက်တွေ့နှင့် သဘောတရားကို ဆာလောင်ငံ့လင့်နေသော ကျွန်တော့်အဖို့ သူ၏ သုံးဆင့်ကေဒါ သင်တန်းမှ ပို့ချချက်များ၊ ဟောပြောချက်မှတ်တမ်းများနှင့် တည့်တည့်ကြီး တိုးမိပါတော့သည်။ ရေငတ်တုန်း ရေတွင်းထဲကျသလို ဖတ်မိသည်နှင့် လက်က မချနိုင်တော့။ ထိုနေ့ မဟူရာညကတော့ နှင်းထုဖြင့် သိပ်သည်းနေသည်။ ရေနံဆီမီးခွက်အလင်းရောင်ဖြင့် ညလုံးပေါက်ပြီးအောင်ဖတ်လိုက်မိသော ထိုတညကို အမှတ်ရနေမိသည်... ယနေ့တိုင်...။



သူ့စာတမ်းက အရေးအသား ရိုးရှင်းသည်။ ပဋ္ဌလက်ဆန်သော၊ ဟိတ်ဟန်ထုတ်သော၊ စကားလုံး ကြီးကြီးကျယ်ကျယ်များ လုံးဝမပါ။ သို့သော် အဘိဓမ္မာ ပါသည်။ ဘက်စုံသည်။ စူးရှသည်။ လက်တွေ့ကျသည်။ ပါတီတည်ဆောက်ရေး၊ တပ်တည်ဆောက်ရေး စသည့် နယ်ပယ်အသီးသီးတွင် စီးမျောရင်း အလုပ်လမ်းညွှန်များ ပေးသည်။ သာမန် ရေးတတ်ဖတ်တတ် အဆင့်ရှိသူတိုင်း နားလည်နိုင်ပြီး ရိုးသားစွာ စွန့်လွှတ်လုပ်ကိုင်လိုသော တော်လှန်ရေးသမားများအတွက် အဖိုးမဖြတ်နိုင်သော (ရုပ်တည်မှု၊ အမြင်၊ နည်းနာ) များပင် ဖြစ်သည်။ ကျွန်တော့်အဖို့တော့ ဦးနှောက်၊ နှလုံး သွေးကြောမျှင်များထဲတွင် ယနေ့တိုင် ရှင်သန်လတ်ဆတ် လှုပ်ရှား နေဆဲ ဖြစ်သည်။

သူ...ရခိုင်ရိုးမသို့ ရောက်လာခဲ့ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ပါတီဗဟို၏ လမ်းစဉ်နှင့် စိတ်ဓာတ်ကို ချပြအကောင် အထည်ဖော်ရန် ဖြစ်ပါသည်။ ထိုစဉ်ကာလ...ရခိုင်ဒေသ၏ လက်နက်ကိုင် တော်လှန်ရေးအခြေအနေမှာ ချုပ်ပြောရလျှင် လူမမာတယောက်လို ဖြစ်နေသည်။ ၅၅ လမ်းစဉ်အောက်တွင် အဘက်ဘက် ယိုယွင်း

ကျဆင်းခဲ့ရပြီး ဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နှက်နေခဲ့ရာမှ ၅၈ ခုနှစ် လက်နက်ချပွဲကြီးနောက်ပိုင်းတွင် ပိုမို ဆိုးရွားလာခဲ့သည်။ ပါတီတွင်း စည်းရုံးရေးစည်းကမ်းများ လျော့ရဲလာပြီး အတွေးအခေါ်ပျက်၊ စိတ်ဓာတ်ကျဆင်းလာခြင်း...စည်းလုံးညီညွတ်မှု အားနည်းလာခြင်း...တပ်တွင်း ဒီမိုကရေစီ အားနည်းလာပြီး ဗျူရိုကရက်ဆန်မှုများ၊ ကိုယ်ကျိုးကြည့်မှုများ ရှိနေခြင်း... စစ်ရေးတွင် တက်ကြွမှုမရှိ၊ တိုက်စိတ်ခိုက်စိတ်လျော့ပါးပြီး ရန်သူကို ကြောက်သည့်အတွေးအခေါ် လွှမ်းမိုးနေခြင်း...စသည်ဖြင့် မလိုလားအပ်သည့် အခြင်းအရာများ အနံ့အပြား ဖြစ်ပေါ်နေခဲ့သည်။ ၆၄ လမ်းစဉ်(စစ်နိုင်ရေး အာဏာသိမ်းရေးလမ်းစဉ်)သို့ လှည့်ပြောင်းခဲ့ပြီး ဖြစ်သော်လည်း တော်လှန်ရေး၏ အဘက်ဘက်အခြေအနေမှာ ယိုယွင်းနေဆဲ...အိလေး ကျဆင်းနေဆဲ ဖြစ်သည်။

သို့သော် ဒီအခြေအနေတွေကို လှည့်ပြောင်းဖို့ သူ့မှာ ခိုင်မာသည့် သန္နိဋ္ဌာန် ရှိခဲ့သည်။ ခေါင်းဆောင်တယောက် အနေနှင့် ချမှတ်ထားသည့် လမ်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်သည့် ဖြစ်စဉ်ကို ဖြတ်သန်းလျက် မိမိကိုယ်ကို မှတ်ကျောက်တင်ရမည်ဟု သူ နားလည်ထားသည်။ တကယ်တော့ ပြတ်သားသည့် လုပ်ငန်းစားရပ်တည်မှု၊ တိုးတက်သည့် ကမ္ဘာ့အမြင်၊ အသွယ်သွယ်သော နည်းနာနှင့် တော်လှန်ရေး လက်တွေ့များ သူ့မှာ ရှိပြီး ဖြစ်သည်။

ဦးစွာ အခြေအနေတစုံလုံးကို နားလည်သိရှိအောင် လုပ်သည့် ဖြစ်စဉ်ကို သူ ဖြတ်သန်းရသည်။ ခေါင်းဆောင်များ၊ တပ်မှူးတပ်သားများနှင့်သာမက ရွာသူရွာသားများနှင့်ပင် ထဲထဲဝင်ဝင် ရင်းရင်းနှီးနှီး ထိတွေ့လေ့လာသည်။ မွန်မြတ်သော ကိုယ်ကျင့်သိက္ခာနှင့် ရိုးသားနိမ့်ချမှုရှိသော သူ့အဖို့ ဘာသာစကား အခက်အခဲ ရှိစေကာမူ အချိန်တိုအတွင်းမှာပင် ဒေသအခြေအနေကို နားလည်နိုင်ခဲ့သည်။ ပြီးနောက် သူက ( **ရခိုင်ဒေသဟာ လူထုရဲ့ နိုင်ငံရေးနိုးကြားမှုလည်း မြင့်တယ်၊ ရိက္ခာလည်း ဖူလုံတယ်။ တောင်တန်း၊ မြေပြန့်၊ မြစ်ချောင်းတွေနဲ့ ပေါင်းစပ်ထားတဲ့အတွက် ပြောက်ကျားစစ်ဆင်ဖို့ ကောင်းတဲ့ စစ်ရေးပထဝီ ဖြစ်တယ်။ ချုပ် ပြောရရင် တော်လှန်စစ်အတွက် သာလွန်ချက်တွေ ရှိတယ်။)** ဟု မှတ်ချက်ချသည်။

ပြည်နယ်ခေါင်းဆောင်နှစ်ယောက်ဖြစ်သော ရဲဘော်ကျော်မြ၊ ရဲဘော်တူ...တို့နှင့် နိုင်ငံရေးအတွေးအခေါ်ဆိုင်ရာ ပြဿနာများ၊ လက်ရှိအခြေအနေကို အကောင်းဘက်သို့ လှည့်ပြောင်းရေး ခြေလှမ်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင်သည်။ တကယ်တော့ ထိုစဉ်က ရဲဘော်ကျော်မြနှင့် ရဲဘော်တူတို့နှစ်ယောက်မှာ ရခိုင်ပြည်နယ်၏ ဦးနှောက်နှင့် နှလုံးသားလို ဖြစ်နေသည်။ ရဲဘော်ကျော်မြက နိုင်ငံရေးအတွေးအခေါ် လမ်းညွှန်ပေးသူ...။ ရဲဘော်တူကတော့ စစ်ရေးတွင် ထက်မြက်ပြီး လယ်သမားထုထဲတွင် ဩဇာကြီးသူ... အစဉ်အလာကြီးသူ။ ဤခေါင်းဆောင်တဦးချင်း၏ အားကောင်းချက်နှင့် ထူးခြားချက်များကို ဆုပ်ကိုင်ပြီး စည်းလုံးညီညွတ်မှု တဆင့်တိုးတက်လာရေး၊ အတွေးအခေါ်ညီညွတ်ရေးအတွက် ပျော့ပျောင်းညင်သာစွာ ကိုင်တွယ်ဖြေရှင်းပြီး အလှည့်အပြောင်း အတွက် ရှေ့လုပ်ငန်းများကို ချမှတ်နိုင်ခဲ့သည်။

**သို့သော် နိုင်ငံရေးအတွေးအခေါ်လုပ်ငန်းသည် တခုလုံးနှင့်ဆိုင်သည့် ပြဿနာ ဖြစ်သည်။ ခေါင်းဆောင်တစု အတွင်းမှာပဲ ကြိတ်ဝိုင်းနှင့် လုပ်ရုံနှင့် မရနိုင်။ ထု၏ နိုင်ငံရေးအတွေးအခေါ်ရေချိန်ကို ပညာပေးလှုံ့ဆော် မြှင့်တင်ပေးရမည်။ ခေါင်းဆောင်နှင့် ထုအကြားတွင် အပြန်အလှန် ယုံကြည်လေးစားသော အခြေအနေတခု မုချ ရှိနေရမည်၊**–ဟု သူက ယူဆသည်။

ဒုတိယခြေလှမ်းအဖြစ် တပ်ထုတခုလုံး၏ နိုင်ငံရေးအတွေးအခေါ် မြှင့်တင်ရေးလှုပ်ရှားမှုကို အစီအစဉ်ရှိရှိ ခြေလှမ်းရှိရှိဖြင့် စတင်ခဲ့သည်။

တပ်တခုလုံး၏ နိုင်ငံရေးရေချိန်ကို မြှင့်တင်ရန် ပညာပေးဆွေးနွေးပွဲများ လုပ်ရင်းဖြင့် သင်တန်းပို့ချသည့် လုပ်ငန်းဖြင့် စတင်သည်။ သင်တန်းပို့ချချက်များဖြင့် လက်ရှိအခြေအနေကို ပကတိဘာဝကျစွာ သုံးသပ်ကြ၊ အပြန်အလှန်ဆွေးနွေးကြနှင့် လေ့လာရေးကို လှုပ်ရှားမှုသဏ္ဌာန်ဖြင့် အသက်ဝင်စေခဲ့သည်။ ဒီမိုကရေစီလှုပ်ရှားမှုများကို ဦးတည်ချက်ရှိရှိ အစီအစဉ်ရှိရှိ ခေါင်းဆောင်မှုရှိရှိဖြင့် လုပ်သည်။ ထုကို ဒီမိုကရေစီ ရဲရဲ ဖွင့်ပေးသည်။ ပြောရဲဆိုရဲ ရှိအောင် အခြေအနေ ဖန်တီးပေးသည်။ အာမခံချက်ပေးသည်။

အစည်းအဝေးဖြစ်စဉ်အတွင်း အဖြစ်အပျက်ကလေး တခု အမှတ်ရစရာ ရှိခဲ့ဖူးသည်။ အစည်းအဝေးအတွင်း တပ်မှူးကြီးတယောက်က ဝေဖန်တာ မခံနိုင်၍ “မင်းတို့က ငါ့ကို ဘယ်တုန်းကများ ဝေဖန်ခဲ့ဖူးလို့လဲ”ဟု ဒေါသနှင့် တုံ့ပြန်ချိန်တွင် ရဲဘော်ဗိုလ်ဇေယျက “...သူ့အလှည့်ပဲ။ ပြောပါစေဗျာ။ ရဲဘော်ကြီးအလှည့်ကျတော့ အားရပါးရပြောပေ့ါ–ဟုတ်လား...”ဟု ဟာသနှော၍ ကြားဝင်ဘရိတ်အုပ်ပေးလိုက်ရပုံလေး ပြောစမှတ်ကျန်ရစ်သည်။ သူက တပ်တည်ဆောက်ရေးကို ပန်းချီကားတချပ်ရေးဆွဲသလို ဆေးစပ်ညီစွာ စုတ်ချက်မှန်စွာဖြင့် အနုပညာမြောက်စေခဲ့သည်။ ဤသို့ဖြင့် တပ်မှူးတပ်သား အထက်အောက် ဆက်ဆံရေးတွင် ပိုမို ရင်းနှီးပွင့်လင်းသော၊ စည်းလုံးညီညွတ်သော၊ လန်းဆန်းတက်ကြွသော အခြေအနေသစ်တရပ်၊ အသွင်သစ်တရပ် ဖြစ်ပေါ်လာခဲ့သည်မှာ အသေအချာ ဖြစ်သည်။

မင်းပြားမြို့နယ်မှ မြစ်ဝကို လှေဖြင့် ဖြတ်လာစဉ်လည်း ပြောစမှတ်လေးတခု ရှိခဲ့သည်ဟု ဆိုကြသည်။ ရန်သူ့ဒေသအတွင်း ဖြစ်သောကြောင့် အမြန် ဖြတ်ကျော်နိုင်ရန် ဗိုလ်ဇေယျကိုယ်တိုင် ဝင်ပြီး လှော်ခတ်ရသည်။ သို့သော် လှေပေါ်တွင် ထိုင်လိုက်လာသော သန့်သန့်ပြန့်ပြန့်နှင့် ရဲဘော်တယောက်ကတော့ တုတ်တုတ် မျှမလှုပ်သဖြင့် သူက ပိုနေသော တက်တချောင်းကို ပေးလိုက်သည် တွင် ထိုရဲဘော်က "ကျုပ်က ခရိုင်ကော်မတီလေဗျာ..."ဟု ဆို၍ တက်ကို လှမ်းမယူ။ ဤတွင် ဗိုလ်ဇေယျက "ခရိုင်ကော်မတီမင်း မြတ်လည်းလှော်ခတ်လို့ ရပါတယ်ဗျာ...ရော့–ယူ"ဟု ပေးတော့မှ အောင့်သက်သက်ဖြင့် တက်ကို လှမ်းယူလိုက်ပါသတဲ့။ တကယ်တမ်းတွင် ထိုရဲဘော်က သူ့ကိုပြောလိုက်သူမှာ ဗိုလ်ဇေယျမှန်း မသိရှာချေ။

ရဲဘော်တချို့က သူ့လည်ပင်းတွင် အမြဲလိုလို ရစ်ပတ်ထားသော တဘက်ကလေးကို 'သုံးမျိုးသုံးတဘက်ကလေး'ဟု တင်စားပြောဆိုကြသည်။ လည်တွင် ရစ်ပတ်ထားတော့ မာဖလာ ...မျက်နှာသုတ် လက်သုတ်တော့ အသုတ်စုံ ပဝါ...ရေချိုးတော့ အကာ...(ရေလဲလုံချည်အဖြစ် သုံးတာကို ပြောတာ ဖြစ်သည်) ...ဟူ၍။

သူ့ကျောပိုးအိတ်အတွင်းမှာတော့ အဖာအထေးများနှင့် ပြည့်နှက်နေသဖြင့် စိတ္တဇပန်းချီလို ဖြစ်နေသော စစ်ဝတ်စုံ နှစ်စုံနှင့် စောင်ပါးတထည်...နှင့် စာအုပ်စာတမ်းများသာ ရှိသည်။

စစ်တွေခရိုင်ရုံးသို့ ရောက်လာသည့်အချိန်တွင် သူ့ကို အထူးဧည့်ခံသည်။ နံနက်စာ(ဘရိတ်ဖတ်စ်)၊ နေ့လည်စာ(လန့်ချ်)၊ ညစာ(ဒင်နာ)တွေနှင့် အဆင့်မြင့်နေသည်။ တော်လှန်ရေးစခန်းနှင့် မတူဘဲ ပျော်ပွဲစားစခန်းလိုလို...အရာရှိ ရိပ်သာလိုလို ဖြစ်နေသည်ဟု သူက မြင်သည်။ သို့သော် တလုံးတပါဒမျှ ပြင်းထန်သော ဝေဖန်ချက် မပေး။ အကြောင်းပြချက်တခုခုပေးပြီး မစားဘဲနေကာ လာပို့ သည့်ရဲဘော်ကို "ဒါမျိုးတွေ ဒီကလယ်သမားတွေ စားရသလား" ဟုသာ ပြန်မေးလေ့ရှိသည်။ ကြာတော့ စခန်းကရဲဘော်တွေလည်း အထာပေါက်လာသည်။ ပညာသားပါပါနဲ့ ဝေဖန်နေတာဟု သဘော ပေါက်လာသည်။ ဒီနောက်ပိုင်းမှာတော့ စခန်းတွင်းမှာ နေထိုင်မှု ဘဝလည်း ရိုးရှင်းသော၊ ခြိုးခြံချွေတာသော၊ တော်လှန်ရေးလက်တွေ့ ဘဝနှင့် ကိုက်ညီသော အခြေအနေ ဖြစ်လာခဲ့သည်။ တချို့ရဲဘော်များက **"ဗိုလ်ဇေယျက ခရိုင်စခန်းကို ဆေးကြိမ်လုံးနဲ့ တို့ပြီး ပြောင်း လိုက်တာ"** ဟု တင်စားပြောဆိုကြသည်။

လယ်သမားရဲဘော်ကြီးတယောက်ကတော့ သင်တန်းပို့ချချက်တွေကို လေ့လာရင်း "ကျုပ်က မာ့က်စ်ဝါဒကိုတော့ ယုံတယ်။ ဒါပေမဲ့ ကမ္ဘာလုံးတာကိုတော့ မယုံဘူး" ဟု စောဒက တက်လာသည်။ သူကတော့ စိတ်ရှည်လက်ရှည် ရှင်းပြရှာသည်။ "ကဲ–ရဲဘော်ကြီးရေ... ကမ္ဘာလုံးတာ မယုံရင်တော့ ဒီည တညလုံး ရေဒီယို ဖွင့်ပြီး နားထောင်ကြည့်ပေတော့...ကျုပ်တို့ဆီမှာ ညအချိန်ဖြစ်ပေမယ့် တခြားနေရာတွေမှာ တော့ နေ့အချိန်ဖြစ်နေလို့ ရေဒီယိုအသံလွှင့်တာတွေက ရပ်သွားမှာ မဟုတ်ဘူး။ စမ်းကြည့်လိုက်စမ်းပါဦး"

အဆိုပါ ရဲဘော်ကြီးလည်း တညလုံး ရေဒီယိုဖွင့် နားထောင်ပြီး၊ နောက်တရက်တွင် ငြိမ်ကျသွားသည်ဟု ဆိုသည်။ တချို့ကတော့ "သူ...ကမ္ဘာလုံးတယ်ဆိုတာ ယုံသွားလို့ မဟုတ်ဘဲ နောက်တညဆက်



( ဝဲမှယာ) ရဲဘော်အောင်ကြီး၊ ရဲဘော်ဌေး၊ ဗိုလ်ဇေယျ၊ ဗိုလ်စိုးမောင်နှင့် ဗိုလ်ပု

ပြီး ရေဒီယိုနားထောင်ရမှာ ကြောက်သွားလို့ ဖြစ်မယ်'' ဟု ထင်ကြေး ပေးကြသည်။

ရခိုင်ရိုးမ၏ ငှက်ဖျားက နာမည်ကြီးသည်။ ဗိုလ်ဇေယျကိုလည်း အလွတ်မပေး။ သို့သော် ကိုယ်အပူချိန် ၁၀၄ ပြဒါးတိုင် ဂိတ်ဆုံး ရောက်နေသော်လည်း လမ်းလျှောက်မပျက်။ မျက်နှာမညှိုးသော သူ့ဇွဲသတ္တိကို ရဲဘော်တွေက ရင်သပ်ရှုမော အံ့သြကြရသည်။ သည့်နောက်တွင်ကား ကျန်းမာရေးမကောင်းသော ရဲဘော်တွေအတွက် စံနမူနာတခု သို့မဟုတ် မှတ်တိုင် တခုအဖြစ် ကျန်ရစ်သည်။

သူက မိမိကိုယ်ကို တည်ဆောက်ရေးတွင် အတွေးအခေါ်တိုက်ပွဲ၏ အရိုတရားကို လက်ခံထားသည်။ နေရှင်အတွေး အခေါ်၏ ဘက်ပေါင်းစုံထိုးနှက်တိုက်ခိုက်မှုများ အဆက်မပြတ် ရှိနေသဖြင့် သတိရှိဖို့ လိုသည်။ ဖောက်ပြန်မှားယွင်းသည့် အတွေးအခေါ်များကို မပြတ်တိုက်ပွဲဆင်ရမည်။ မတိုက်ရင်တော့ တော်လှန်ရေးရဲ့ ညှော်သည်ပဲ။ တော်လှန်ရေးထဲမှာ ညှော်သည်တွေလည်း ရှိတတ်တာ သဘောပေါက်ထားရမည်–ဟု ဆိုသည်။

တကယ်တော့ ရခိုင်ရိုးမတွင် သူ၏ရုပ်ပုံလွှာ(သို့မဟုတ်) ကြေးမုံပြင်အပိုင်းအစကလေးများ ပြန့်ကြဲနေမည်မှာ အသေ အချာ ဖြစ်သည်။ သူနှင့် တိုက်ရိုက်ထိတွေ့ခဲ့ကြသူများက မှတ်တမ်းတင်ကြလျှင် သူ၏ ရုပ်ပုံလွှာပန်းချီကားသည် ပိုမိုပီပြင် အသက်ဝင်လာနိုင်ပါသည်။

ပသို့ဆိုစေ…သူသည် ရိုးမနှစ်ခု၏ ရင်ခုန်သံကို ညှိုယူသွယ်ဆက်ခဲ့သော သမိုင်းဝင် ပေါင်းကူးတံတား တခု(သို့မဟုတ်) မှိုင်းပျပျ ရခိုင်ရိုးမတွင် သာခဲ့ဖူးသော လတစင်းပင် ဖြစ်သည်။ သူ၏ နူးညံ့သော လက်ဖြင့် ရခိုင်ရိုးမ၏ ပိတ်နေသော တံခါး များကို သိမ်မွေ့ညင်သာစွာ တွန်းဖွင့်ပေးလိုက်ပြီး အရုဏ်ဦး၏ အလှကို အားအင်အပြည့်နှင့် ဆန်းသစ်စေခဲ့သည်။

သူပြန်ချိန်တွင် ရဲဘော်တွေက ကာဘိုင်သေနတ်တလက် အမှတ်တရ လက်ဆောင်ပေးလိုက်သည်။ ရဲဘော်တွေရဲ့ သွေးနဲ့ချွေးနဲ့ ရင်းပြီး တိုက်ယူရရှိခဲ့တဲ့ ပစ္စည်းဖြစ်လို့ သူ မြတ်မြတ်နိုးနိုး တန်ဖိုးထားမှာ သေချာသည်။ သူနှင့်အတူ ရခိုင် ပြည်နယ်မှ ပါတီဗဟိုသို့ ထောက်ပံ့ငွေတချို့ကိုလည်း ထည့်ပေးလိုက်ကြသည်။

တာဝန်အရ သူ ပြန်သွားခဲ့ပြီ။ ရဲဘော်တွေကတော့ တသသနှင့် ကျန်ရစ်သည်။ သူ့အကြောင်း တဖွဖွနှင့် ပြောဖြစ် ကြသည်။ နောင် သူ ကျဆုံးသည့်သတင်း ကြားရချိန်တွင် ရိုးမကတော့ ကြေကွဲမှုနှင့် တုန်ခါကျန်ရစ်ပါသည်။

**လာရောက်…သူ နား**
**ပျံထွက်သွားသော်**
**ကိုင်းဖျားသိမ့်သိမ့် ခါရစ်သည်။**
**မောင်ပေါက်စည်(မန်းတက္ကသိုလ်)**

**…ရဲ့ ကဗျာကလေးကလည်း တုန်ခါလို့… … …။**

ဖိုးနီ
(၁၀–၂–၂၀၁၁)



ကမ္ဘာ့ငြိမ်းချမ်းရေး
အာရှငြိမ်းချမ်းရေး
ပြည်တွင်းငြိမ်းချမ်းရေး
ငြိမ်းချမ်းရေးအလံကို မြင့်မြင့်မားမား လွှင့်ထူကြ။



# ငြိမ်းချမ်းရေးအလံကို မြင့်မြင့်မားမားလွှင့်ထူကြ

မောင်သန်းမြွှေ

စစ်အေးလွန်ခေတ်နဲ့ စီးပွားရေးကပ်ကျော် ကာလ ကမ္ဘာကြီးဟာ ပြဿနာတွေ သောင်းခြောက်ထောင်နဲ့ ကြုံတွေ့နေတယ်။ ကျူးဘားတော်လှန်ရေးခေါင်းဆောင် ကက်စထရိုက မကြာသေးမီကပဲ အီရန်နဲ့ မြောက်ကိုရီးယားကို အကြောင်းရှာပြီး စစ်ဖြစ်လာနိုင်ကြောင်း သတိပေးခဲ့တယ်။ ယခုအရှေ့မြောက်အာရှမှာ အမြောက်သံပေါ်လာပြီ၊ အမေရိကန် တောင်ကိုရီးယား ဂျပန် ပူးတွဲစစ်အင်အားပြမှုတွေ လုပ်လာပြီဖြစ်တယ်။ ဘယ်လောက်ပဲ ငြိမ်းချမ်းရေးကို အကြောင်းပြပြ၊ ဘယ်လောက်ပဲ အကန့်အသတ်စစ်လို့ ပြောပြော စစ်ဖြစ်ရင် ရပ်ဖို့ မလွယ်ပါ။ စစ်ပွဲမဟုတ်တဲ့နည်းနဲ့ ပြေလည်အောင် ဖြေရှင်းလို့ရနိုင်တဲ့နည်းလမ်းတွေ အများကြီး ရှိနေပါသေးလျက်နဲ့၊ ဘာကြောင့် စစ်လမ်းကိုရွေးတာလဲ။

ကိုဆိုဗိုစစ် အာဖဂန်စစ် အီရတ်စစ် စစ်တိုင်းမှာ အကြောင်းပြချက် ရှာကြတာချည်းပဲ။ လူမျိုးတုံးသတ်ဖြတ်မှုကြောင့် အကြမ်းဖက်မှုကြောင့် အာဏာရှင်စနစ်ကြောင့် စသဖြင့် အကြောင်းပြကြတာချည်းပါပဲ။ အမြန် အဆုံးသတ်နိုင်လိမ့်မယ်လို့ တွက်ကြတာချည်းပါပဲ။ ဒါပေမဲ့ ဘုရှ် ပြုတ်ပြီး အိုဘားမားသာ တက်လာတယ် စစ်ကရပ်လို့ မရသေးဘူး။

ဟစ်တလာ ဩစတြီးယားဝင်တိုက်တုန်းက ဂျာမန်မျိုးနွယ်ပေါင်းစည်းရေး အကြောင်း ပြခဲ့တာပဲ။ ၁၉၃၉ ပိုလန်၊ ဟန်ဂေရီ ဝင်သိမ်းတော့မှ အင်္ဂလိပ်-ပြင်သစ်တို့က အလန့်တကြား စစ်ကြေညာခဲ့တာ ဖြစ်ပါတယ်။

အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲ (နိုဝင်ဘာ ၃)မှာ ဒီမိုကရက်တစ်ပါတီရှုံးနိမ့်၊ ရီဘတ်ပလီကန်ပါတီ အနိုင်ရပြီး အောက်လွှတ်တော်ကို ထိန်းချုပ်သွားခဲ့တယ်။ စီးပွားရေး ကပ်ဒဏ်ပိနေတဲ့အောက်က လွတ်အောင် ဆောင်ကြဉ်းမပေးနိုင်တဲ့အတွက် (တခြား ရွေးစရာလမ်းလည်း မရှိတဲ့ အတွက်)ရီဘတ်ပလီကန်တွေကို မဲပုံပေးလိုက်တာ ဖြစ်တယ်။

ငါနဲ့မတူငါ့ရန်သူလို့ သတ်မှတ်တဲ့ ရီပတ်ပလီကန်-နီယိုကွန်တွေ ခေါင်းပြန် ထလာတဲ့ အကြောင်းတွေထဲမှာ လက်ဖက်ရည်ဝိုင်းလှုပ်ရှားမှု Tea Party Movement လည်းပါတယ်။ စစ်တမ်းကောက်ယူမှု အသီးသီးရဲ့ ဖော်ပြချက်အရ ၄၄ င်းတို့ဟာ အများစုလူဖြူ၊ ယောက်ျားအိမ်ထောင်သည်၊ အသက်၄၅ အထက် ကွန်ဆာဗေးတစ် (ရှေးရိုးစွဲ) သာမန်လူထက် ပိုကြွယ်ဝ၊ ပညာတတ်လို့ ဆိုတယ်။ သူတို့ဟာ မြင်တွေ့နေကျ စစ်ဆန့်ကျင်ရေး၊ အလုပ်လက်မဲ့ပပျောက်ရေး ချီတက်ဆန္ဒပြကြသူများ မဟုတ်ဘူး။ သူတို့က အောက်ခြေလူတန်းစားတွေကိုလည်း တစုံတရာ စည်းရုံးဆွဲ ဆောင်ထားနိုင်တယ်။ ပါတီလွန်ခေတ် post-party era လို့ ပြောကြတယ်။ သူတို့က စီးပွားရေးမှာ အစိုးရစွက်ဖက်မှုလျှော့ချဖို့ ကော်ပိုရေးရှင်းတွေအပေါ် အခွန်လျှော့ဖို့ အသုံးစရိတ်ဖြတ်တောက်ဖို့၊ ကိုယ်ကျိုးစီးပွား ကာကွယ်ဖို့၊ လွှတ်လပ်ဈေးကွက်လုပ်ဖို့၊ စစ်အင်အားတိုးချဲ့ဖို့၊ ဖွဲ့စည်းပုံဥပဒေ ခိုင်မာဖို့ ပြောကြတယ်။ လက်ညှိုးထိုး တရားခံရှာတာ လုပ်ကြတယ်။ အိုဘားမားကို အမေရိကန်မဟုတ်ဘူး ခရစ်ယာန် မဟုတ် ဘူးလို့ ဝါဒဖြန့်တယ်။ ဟစ်တလာ၊ လီနင်တို့နဲ့ တောင် နှိုင်းတယ်။ အသားအရောင်၊ လူမျိုးရေး၊ ရွှေ့ပြောင်းလုပ်သား ခွဲခြား ဆန့်ကျင်မှု တစွန်းတစရှိတယ်။ အမေရိကားမှာ လူဖြူ လက်ယာအစွန်းရောက် အတွေးအခေါ် ခေါင်းပြန်ထလာစရာ ရှိတယ်။ ကွန်ဂရက်=ကျွန်ပိုင်ရှင်၊ အခွန်ထမ်းဆောင်သူ= ငမဲ၊ congress = slaveowner , taxpayer = nigger လို့ တောင် ကြွေးကြော်တယ်။ နောက်ပိုင်းမှာ ပြန်ဖယ်ရှားလိုက်တယ်။

အိုဘာမားလည်း အပြောင်းအလဲ change ဆိုတဲ့စကား မပြောတော့ဘူး။ ကွန်ဆာဗေးတစ်တွေနဲ့ ပူးပေါင်းလုပ်ဆောင်ရေးပဲ ပြောတော့တယ်။ အမေရိကန်က အာရှကိုဦးဆောင်ဖို့ ပြောင်ပြောလာနေပြီ။ ကုန်သွယ်ရေးစစ်ပွဲ ငွေကြေးစစ်ပွဲ၊ ဆိုက်ဘာစစ်ပွဲ၊ ယခုလေယာဉ်တင်သင်္ဘောစစ်ရေးပြပွဲတွေ လုပ်လာနေပြီ။

ဥရောပစီးပွားရေးကလည်း နွံနစ်နေဆဲပဲ။ ဒုတိယ ကမ္ဘာစစ်နောက်ပိုင်း စစ်သုံးစရိတ် လျှော့ချထားတဲ့ နစ်နိုင်ငံပေါင်းစည်းထားတဲ့ ဂျာမနီမှအပ ကျန်ဥရောပနိုင်ငံအားလုံး ကပ်သင့်နေဆဲပဲ။ ဂရိ၊ အိုင်ယာလန် အမျိုးသားကြွေးမြီဟာ စုစုပေါင်းအမျိုးသားဝင်ငွေ GDP ထက်ကျော်လွန်သွားပြီး ဒေဝါလီခံရမယ့်ကိန်း ဆိုက်နေတယ်။ အီတလီ၊ ပေါ်တူဂီ၊ စပိန် တို့လည်း ကြွေးလည်ပင်းကပ်နေတယ်။

အနောက်ကမ္ဘာမှာ သပိတ်တိုက်ပွဲတွေ မတည်ငြိမ်မှုတွေနဲ့အတူ လက်ယာစွန်းရောက် အမျိုးသားရေး အတွေးအခေါ်တွေလည်း ခေါင်းပြန်ထလာနေတယ်။ စစ်ရေးနည်းလမ်းနဲ့ ထွက်ပေါက်ရှာလိုသူတွေ ရှိနေတယ်။

အရှေ့မြောက်အာရှ တည်ငြိမ်မှုပျက်ပြားရင် အရှေ့တောင်အာရှလည်း တည်ငြိမ်မှုပျက်ပြားမှာပဲ။ ကိုရီးယားစစ်ပွဲ (၁၉၅၀-၅၃) ဖြစ်ပွားတော့ ဗမာပြည်မှာ တရုတ်ဖြူ ကျူးကျော်ရေး ပေါ်ပေါက်လာတာကို မမေ့သင့်ပါဘူး။ ဆီးတိုး SEATO စစ်မဟာမိတ်အဖွဲ့ ပေါ်ပေါက်လာတာကို ကြည့်ပါ။ အိန္ဒိယသမုဒ္ဒရာမှာ ရေတပ်အင်အားပြပွဲတွေ ပေါ်ပေါက်လာတာကို ကြည့်ပါ။ တော်ဝီဒီ ရေလုပ်သင်္ဘော အကြောင်းပြပြီး ဗီယက်နမ်စစ်ပွဲ (၁၉၆၄-၁၉၇၅) ဖြစ်ပွားလာတာကို ကြည့်ပါ။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ အာရှငြိမ်း

ချမ်းရေးကို ခြိမ်းခြောက်နေတဲ့ တည်ငြိမ်မှုပျက်ပြားစေနိုင်တဲ့ စစ်အင်အားပြပွဲတွေ စစ်လက်နက်တိုးချဲ့တပ်ဆင်မှုတွေ အုပ်စုဖွဲ့မှုတွေ ပေါ်ပေါက်လာနေတဲ့အချိန်မှာ ဗမာပြည်မှာ အမျိုးသားစည်းလုံးညီညွတ်ရေး ပြိုကွဲနေရုံတင်မက အမျိုးသားပြန်လည် သင့်မြတ်ရေး(ရင်ကြားစေ့ရေး) အရိပ်အယောင်တောင် မတွေ့ရသေးဘူး။ တိုင်းပြည် အနာဂတ်အတွက် ရင်လေးစရာပါပဲ။

(နှစ်)

စစ်ကိုမလိုလားဘူး၊ ငြိမ်းချမ်ရေးကိုပဲ လိုလားတယ်။ ဒါဟာ လူ့သဘာဝပဲ။ ဒါပေမဲ့ လက်တွေ့မှာ ငြိမ်းချမ်းရေးကိုရှာ၍ ငြိမ်းချမ်းရေးကားမရှိ ဆိုသလိုဖြစ်နေတယ်။ စစ်သံသရာထဲက မထွက်နိုင် ဖြစ်နေတယ်။ စစ်နဲ့ငြိမ်းချမ်းရေးပြဿနာဟာ အလွန်နက်နဲ သိမ်မွေ့တယ်။ လူ့အဖွဲ့အစည်း တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းခံပြဿနာလည်းဖြစ်တယ်။

ဒါကိုနားလည်ဖို့ဆိုရင် စစ်နဲ့တော်လှန်ရေး သဘောတရားကို နားလည်ဖို့ လိုတယ်။ စစ်ကြောင့် ငြိမ်းချမ်းရေး ပျက်ပြားတယ်။ ငြိမ်းချမ်းရေးကို စစ်နဲ့တည်ဆောက်တယ်။ ငြိမ်းချမ်းရေး နှစ်ရပ်ကြား စစ်ရှိနေတယ်။ ဆိုလိုတာက ဖိနှိပ်တဲ့စစ်၊ ကျူးကျော်တဲ့စစ်၊ လူမျိုးတုံးသတ်ဖြတ်တဲ့စစ် မတရားတဲ့စစ်ရှိရင်၊ မုချပဲ ခုခံတဲ့စစ်၊ တော်လှန်တဲ့စစ် တရားတဲ့စစ် ရှိမှာပဲ။ စစ်ဖြစ်ရင် ငြိမ်းချမ်းရေး ပျက်ပြားမှာပဲ။ တရားတဲ့စစ်က မတရားတဲ့စစ်ကို နိုင်မှာပဲ။ ငြိမ်းချမ်းရေးကို ပြန်တည်ဆောက်မှာပဲ။ စစ်နဲ့ငြိမ်းချမ်းရေးဟာ အနန္တပဋ္ဌိလောမကျစွာ ဆက်စပ်နေတယ်။

ဒါကို မော်စီတုန်းက "စစ်ကြောင့် တော်လှန်ရေးဖြစ်ပွား၊ တော်လှန်ရေးက စစ်ကိုဟန့်တား"လို့ သဘောတရားတရပ်အဖြစ် တင်ပြခဲ့တယ်။ စစ်ကိုမလိုလားဘူး ငြိမ်းချမ်းရေးကိုပဲလိုလားတယ်။ ဒါပေမဲ့ စစ်အင်အားနဲ့ အကြမ်းဖက်တိုက်ခိုက်လာရင် မကြောက်ဘူး၊ တော်လှန်စစ်နဲ့ တုံ့ပြန် တိုက်ခိုက် အနိုင်ယူမယ်၊ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို တည်ဆောက်မယ်လို့ ပြောတာဖြစ်တယ်။

ပြည်သူတွေလိုလားတဲ့ ငြိမ်းချမ်းရေးက အကောင်အထည်ရှိတဲ့ ငြိမ်းချမ်းရေးဖြစ်တယ်။ ဒီမိုကရေစီရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေးတို့နဲ့ ဒွန်တွဲနေတဲ့ ငြိမ်းချမ်းရေးဖြစ်တယ်။ မတင်မကျ ငြိမ်းချမ်းရေး သဏ္ဍာန်အရငြိမ်းချမ်းရေး၊ အကြောက်တရားအောက်မှာ ပိပြားနေတဲ့ ငြိမ်းချမ်းရေး မဟုတ်ဘူး။ စိတ်ကူးစံ ငြိမ်းချမ်းရေးလည်း မဟုတ်ဘူး။ ပါးစပ်လောကွတ် ငြိမ်းချမ်းရေးလည်း မဟုတ်ဘူး။ ၂၀၀၈ –၂၀၁၀ စစ်ဗျူရိုကရက်အာဏာရှင်စနစ်အောက်က စစ်ကျွန်ဘဝ ငြိမ်းချမ်းရေး မဟုတ်ဘူး။

ဗမာပြည်လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းစစ် ဖြစ်ပွားခဲ့တယ်။ စစ်ဗျူရိုကရက်လူတန်းစား ပေါ်ပေါက်ကြီးထွားလာတယ်။ ဒီမိုကရေစီ ဆိတ်သုဉ်းလာတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေး ပြိုကွဲသွားတယ်။ တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျသွားတယ်။ ၆၂နှစ်(၁၉၄၈ –၂၀၁၀)ရှိပြီ၊ ဒီသံသရာထဲက မထွက်နိုင်သေးဘူး။ နအဖစစ်အုပ်စုလုပ်နေပုံနဲ့ ရှေ့မှာလည်း သံသရာ တပတ်လည်ဦးမယ့်သဘော မြင်တွေ့နေရတယ်။

လွတ်လပ်ရေးအတွက် တိုက်ခဲ့တဲ့ ရှေ့မျိုးဆက်ဟောင်းများက သေတဲ့လူသေပြီ အိုတဲ့လူအိုပြီ။ သက်ရှိထင်ရှားရှိသူ အနည်းအပါးပဲကျန်တော့တယ်။ သူတို့တတွေ အနေနဲ့ "ငြိမ်းချမ်းရေး – ဒီမိုကရေစီရေး – အမျိုးသားစည်းလုံးညီညွတ်ရေး" အတွက် မှန်မှန်ကန်ကန် နိဂုံးချုပ်ပေးခဲ့ဖို့ လိုပါတယ်။ ဝါရင့်တွေရဲ့ အသံကိုတော့ ကြားရတယ်။ တိုင်းပြည်အတွက် အကျိုးရှိတယ်။ ဒါပေမဲ့ ကျားသေတွေလိုဖြစ်နေတဲ့ မျိုးဆက်ဟောင်းတွေနဲ့ စစ်အုပ်စုဝင်ဟောင်းတွေရဲ့ အသံကိုတော့ သိပ်မကြားရပါ။ သူတို့တတွေရဲ့ အပြုသဘောဆောင်တဲ့ အသံကိုလည်း ကြားရရင် နောက်မျိုးဆက်သစ်များအတွက် အားဖြစ်စေပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ငါတို့ လွတ်လပ်ရေးအတွက် တိုက်ခဲ့တာများပြီဆိုတဲ့ နိဂုံးချုပ်မှုမျိုး၊ ဗမာပြည်သူတွေဟာ ငတုံးတွေပဲဆိုတဲ့ နိဂုံးချုပ်မှုမျိုး၊ တိုင်းပြည်ကို ပြည်တွင်းစစ်တိုက်ပြီး ငါတို့က ကယ်တင်ထားရတာဆိုတဲ့ နိဂုံးချုပ်မှုမျိုးကိုတော့ နောက်မျိုးဆက်များက လက်ခံကြလိမ့်မယ် မဟုတ်တာ သေချာပါတယ်။

(သုံး)

ငြိမ်းချမ်ရေးအလံကို မြင့်မြင့်မား မား လွှင့်ထူရမယ်။ ဘာကြောင့်လဲဆိုတော့ စစ်ဖြစ်မယ့်အန္တရာယ်ရှိနေလို့ ဖြစ်တယ်။ ကမ္ဘာစစ်အန္တရာယ်၊ အာရှစစ်အန္တရာယ် တင်မက ပြည်တွင်းစစ် ပိုမိုနက်ရှိုင်းလာမယ့် အန္တရာယ်ပါ ရှိနေလို့ဖြစ်တယ်။ စစ်အုပ်စုဟာ အမျိုးသားပြည်သူအပေါင်းရဲ့ ဆန္ဒနဲ့ဆန့်ကျင်ပြီး ၂၀၀၈ –၂၀၁၀ကို ဇွတ်လုပ်နေတယ်။ သူတို့ရဲ့ အာဏာနဲ့ဥစ္စာခနေ ထာဝရတည်တံ့ဖို့မှအပ တိုင်းပြည်မျက်နှာ ပြည်သူ့မျက်နှာဘာကိုမှ မထောက်ထားတော့ဘူး။

အဓမ္မနည်းနဲ့ လုယက်သိမ်းပိုက်လိုက်တဲ့ တရားဝင်မှုဟာလည်း ပွင့်ကျသထက် ပွင့်ကျနေရုံတင်မက အဆက်မပြတ် စိန်ခေါ်မှုကို ခံရလိမ့်မယ်။ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြဿနာကို မှန်မှန်ကန်ကန် ဖြေရှင်းမပေးတဲ့အတွက် 'ငြိမ်း'တွေကနေ'စစ်'တွေ ဖြစ်လာလိမ့်မယ်။ ၁၉၉၀ အနိုင်ရနိုင်ငံရေးပါတီတွေကို မတရားသင်းကြေညာပြီး တရားဝင် ဒီမိုကရေစီအခွင့်အရေးကို ရုပ်သိမ်းဖိနှိပ်လာရင် လူထုကြီးရဲ့ ပြင်းပြင်းထန်ထန် တုံ့ပြန်ဆန့်ကျင်မှုခံရမယ်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အထွေထွေမကျေနပ်မှုတွေနဲ့အတူ လူထုလူတန်းစားပေါင်းစုံ အုံကြွတော်လှန်မှုကိုခံရလိမ့်မယ်။

ဖိနှိပ်မှုရှိရင် အုံကြွမှုရှိမှာပဲ။ ဖိနှိပ်မှုအမျိုးမျိုးထဲမှာ လက်နက်နဲ့အကြမ်းဖက် ဖိနှိပ်မှုဟာ အဖောက်ပြန်ဆုံး အဆိုးဝါးဆုံး အရက်စက်ဆုံးဖြစ်တယ်။ တပ်မတော်ရဲ့ ဂုဏ်သိက္ခာ အညစ်နွမ်းဆုံးလည်း ဖြစ်တယ်။ မြို့လယ်လမ်းမတွေပေါ်မှာ လက်နက်မဲ့ ကိုယ့်ပြည်သူတွေကို ပစ်ရင်မှန်အောင်ပစ်တယ်လို့ ပြောရဲလုပ်ရဲတာဟာ ကမ်းကုန်အောင် ဖိနှိပ်မှုကို ဖော်ပြလိုက်ခြင်းပဲဖြစ်တယ်။ ကျေးလက်နဲ့ တောင်ပေါ်ဒေသ နယ်စွန်နယ်ဖျားမှာ ဘယ်လောက် လက်လွတ်စပယ်ပြုမယ်ဆိုတာ သိသာတယ်။ စစ်ပြုလာရင် စစ်နဲ့ တုံ့ပြန်တာဟာ ရှောင်လွှဲလို့မရတော့ဘူး၊ ဒါ ကြောင့် တရားတယ်လို့ပြောတာ ဖြစ်တယ်။

စစ်မှန်သမျှ အဖျက်ချည်းပဲ အလုံးစုံပျက်သုဉ်းရေးပဲလို့ ပြောတာဟာ ဘက်တဖက်အတွက်ပဲ မှန်တယ်။ ဒုတိယကမ္ဘာစစ်ကာလက ဖက်ဆစ်နာဇီ ကျူးကျော်မှုကို ဆိုဗီယက်တပ်နီတော်က ပြည်သူသန်းနှစ်ဆယ် အသက်ပေးလှူပြီး မခုခံမတိုက်ခိုက်ခဲ့ရင် ဥရောပတင်မက ကမ္ဘာတဝန်းလုံးရဲ့ ကံကြမ္မာဟာ တွေးဝံ့စရာတောင် မရှိတော့ဘူး။

လူမျိုးပြုတ်အောင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံရမယ်။ သွေးမြေကျခံပြီး ဖက်ဆစ်တော်လှန်ရေးသာ မဆင်နွှဲခဲ့ရင် ဗမာပြည်ဟာ ကျွန်သက် ပိုရှည်မယ်။ ဖောက်ပြန်တဲ့ပြည်တွင်းစစ် ခင်းလာတာကို လက်နက်ကိုင် ခုခံဆန့်ကျင်တာ မလုပ်ဘူးဆိုရင် ဗမာပြည်မှာ ဘာတော်လှန်ရေးမှ ရှိတော့မှာ မဟုတ်ဘူး။ စစ်ကျွန်ပြုခံရတာ တရားပါတယ်လို့ ပြောရုံပဲရှိတော့မယ်။

ငြိမ်းချမ်းရေးအလံကို မြင့်မြင့် မားမားလွှင့်ထူရမယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးရေးတံခါးကို အမြဲဖွင့် ထားရမယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် တရားမျှတစွာ တောင်းဆိုတိုက်ပွဲဝင်ရမယ်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးဖို့ အစဉ်တက်ကြွနေရမယ်။ အမျိုးသားပေါင်းစုံ ပြည်သူလူထုကြီး ခွန်အားသတ္တိတွေတိုးပွားပြီး တစည်းတလုံးတည်း ရှိနေအောင် တက်ကြွလှုပ်ရှားသူများက အစဉ်တစိုက် ကြိုးစားလုပ်ဆောင်ကြရမယ်။

ရှေ့မှာ စိန်ခေါ်မှုတွေ အများကြီး ကြုံတွေ့ရမယ်။ စစ်အုပ်စုက အာဏာတည်မြဲရေးအတွက်သာ တကြောင်းတိုက် လုပ်သွားဖို့ များတယ်။ သူတို့ဟာ အလုံးစုံပျက်သုဉ်းရေးလမ်းအကြမ်းဖက် ဖိနှိပ်ရေးလမ်း အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲရေးလမ်းကိုသာ လျှောက်ဖို့ တာစူနေတယ်။ နိုင်ငံတကာ့အခြေအနေက အာရှမှာ ပါဝါလွန်ပွဲနဲ့ စစ်အင်အားပြပွဲတွေ ပေါ်ပေါက်နေတဲ့အောက်မှာ စစ်အုပ်စုဟာ အမြော်အမြင်နည်းလွန်းတယ်။

ဒါပေမဲ့ ဗမာပြည်ပြည်သူတွေဟာ ၁၉ ရာစု ပဒေသရာဇ်ခေတ်က ပြည်သူတွေ မဟုတ်တော့ဘူး။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီတော်လှန်ရေး အစဉ်အလာ ကောင်းတွေရှိတဲ့ ပြည်သူတွေဖြစ်တယ်။ ဗမာပြည်ရဲ့ကံကြမ္မာကို စစ်အုပ်စုလက်ထဲ ဝကွက်အပ်ထားမှာ မဟုတ်ဘူး။ ယနေ့ခေတ်ဟာ ၂၁ ရာစု နည်းပညာခေတ် ကမ္ဘာပြုမှုခေတ် ဖြစ်တယ်။ မတော်မတရားမှုတွေကို အမှောင်ချထား၊ ပြည်သူကို နားမျက်စေ့ပိတ်ထားချင်လို့ မရတော့ဘူး။

ပြည်သူတွေမှာ ရွေးလမ်း များပါတယ်။ ငြိမ်း ချမ်းတဲ့နည်း၊ တွေ့ဆုံဆွေးနွေးတဲ့နည်း၊ ရင်ကြားစေ့ရေးနည်းလမ်းပိတ်သွားခဲ့ရင် စစ်ဟာ မလွှဲရှောင်သာတော့ဘူး။ လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ အကောင်အထည်ရှိတဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ရတော့မှာ ဖြစ်ပါတယ်။

ဒီတခါပြည်တွင်းစစ် တကျော့ပြန် ဖြစ်ပွားရင် 'အားလုံးက အားလုံးကို တိုက်နေတဲ့စစ်' ဖြစ်မှာမဟုတ်တော့ဘူး။ တမျိုးသားလုံး အမျိုးသားပြည်သူတရပ်လုံးရဲ့ 'ဘုံရန်သူစစ်အုပ်စု'ကို ဦးတည်တိုက်တဲ့ တော်လှန်စစ်ပဲ ဖြစ်မှာပါ။ ပြည်တွင်းစစ်ရဲ့တရားခံ ဘယ်သူလဲဆိုတာ ပုဂ်ဂရာဇဝင်လို တုတ်ထမ်းခေါ်ထမ်းငြင်းနေစရာ မလိုတော့ဘူး။ စစ်အုပ်စုပဲဖြစ်မှာပါ။ ။

မောင်သန်းမြရွှေ

# စာရင်းဇယားတွေ ပြန်တွေ့လာရပြီ

**လေးမြတ်သွင်**

မဆလ အစိုးရခေတ်တုန်းက စာရင်းဇယားတွေ အများကြီး ထုတ်ခဲ့တယ်။ "ပြည်သူသို့ အစီရင်ခံစာ" မှန်မှန် ထွက်ခဲ့တယ်။

မဆလအစိုးရလည်း ပျောက်ရော စာရင်းဇယားတွေလည်း ပျောက်သွားတယ်။ ကြာပြီ။

အခု တလောမှာတော့ စာရင်းဇယားတွေ ပြန်ပေါ်လာတယ်။ "တပ်မတော် အစိုးရလက်ထက် တိုးတက်မှုများ"ဆိုတဲ့ ခေါင်းစီးနဲ့ ထုတ် ပြန်လာတာဖြစ်တယ်။

မြန်မာမင်းများလက်ထက်မှ (၁၉၈၈) ခုနှစ်အထိမှာ ဘာတွေက ဘယ်လောက်ရှိခဲ့တယ်။ (၂၀၁၀) ကျတော့ ဘယ်လောက်တိုးတက်လာတယ်ဆိုတာကို ကိန်းဂဏန်းတွေနဲ့ အတိအကျ ဖော်ပြထားတယ်။

**<u>တိုးတက်မှုတွေက အံ့မခန်း</u>**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဇယားမှာ ဖော်ပြထားတာက မြန်မာမင်းများ လက်ထက်ကနေပြီး မဆလအစိုးရ ကျဆုံးတဲ့ (၁၉၈၈) ထိ တနှစ် ဆန်တင်း သန်းပေါင်း (၆၃၀) ပဲ ထွက်ရှိရာက သူတို့ နအဖ အစိုးရလက်ထက် (၂၀၁၀) မှာ ဆန်တင်း သန်းပေါင်း (၁၅၆၀) ကျော် ထွက်ရှိလာတယ်လို့ ဖော်ပြတယ်။ တိုးတက်မှုတွေက အံ့မခန်းလိလိပါပဲ။ (ရှေးမင်းများ လက်ထက်က စာရင်း သူတို့ဘယ်က ရသလဲ။ လူဦးရေကော ဘယ်လောက် ရှိသလဲ။)

သူတို့လက်ထက်ကျတော့ စာရင်းအရ ဝမ်းစာဖူလုံရုံမက ဆန်ပို လျှံတာက (၇၁) ရာခိုင်နှုန်း ရှိသတဲ့။

အဲဒီ ပိုလျှံဆန်တွေ ဘယ်လိုထိန်းသိမ်းထားသလဲဆိုတာ ဆက်တွေးကြည့်မိတယ်။

ပိုလျှံဆန်တွေ နိုင်ငံခြားကို အောတိုက် ရောင်းရတာလည်း မရှိ၊ နိုင်ငံခြားကို အလုံးအရင်းနဲ့ လှူဒါန်းတာလည်း မကြား။ ဒီပို လျှံဆန်တွေ ဘယ်ရောက်သွားသလဲ။ ဂိုဒေါင်ကြီးတွေနဲ့ သိမ်းထားသလား။ မုန်တိုင်းမိ ဒေသတွေကိုပဲ ကယ်ဆယ်ရေးအနေနဲ့ ဖြန့်ဖြူးသလား။

တခုမှ မဟုတ်ပါဘူး။ စာရွက်ပေါ်မှာ ပေါ်လာတဲ့ လံကြုတ်စာ ရင်းက စာရွက်ပေါ်မှာပဲ ပျောက်သွားတာပါ။

**<u>"ပြည်သူသို့ အစီရင်ခံစာ"ခေတ်</u>**

မဆလအခြေခံဥပဒေအရ ပေါ်လာတဲ့ "လွှတ်တော်"တုန်း က "ပြည်သူသို့ အစီင်ခံစာ"ဆိုတဲ့ စာအုပ်ထူကြီး ပုံမှန် ထုတ်တယ်။ စာရင်းဇယားတွေ တင်းကျမ်းပါတယ်။

အဲဒီစာရင်းဇယားတွေကို ပညာရှင်က မယုံဘူး။ မသုံးဘူး။ လူထုက ဂရုမစိုက်ဘူး။

စာအုပ်ကြီးတွေက ပုံမှန်ထွက်တယ်။ မဆလလွှတ်တော် အမတ်တွေကလည်း ပုံမှန်ပဲ ပြန်လည်ရှင်းလင်းပွဲ လုပ်လေ့ရှိတယ်။ လူထုကလည်း "ခ" သုံးလုံး ပေါ်လစီအရ ခေါ်ရင်သွားတယ်။ ခိုင်းရင် လုပ်တယ်။ ခံပြီး မပြောဘူး။ အလိုက်သင့်ပဲ နေလိုက်တယ်။

အခုလည်း "နအဖ လွှတ်တော်"က ရသုံးခန့်မှန်းခြေစာရင်း (ဘတ်ဂျက်) ထုတ်ပြန်ဦးမှာပါ။ ပညာရှင်နဲ့လူထုကလည်း ဟိုတုန်းကလိုပဲ လုပ်ရဦးမှာပဲ။



# စစ်မှုထမ်းဥပဒေ ခေါင်းပေါင်းလွှတ်တော်နဲ့ အေးစက်လေထု

ညီဋ္ဌေးကျော်

နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ရေးထိုးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ အရန်တပ်ဖွဲ့ဥပဒေ ဆိုတာကို ထုတ်ပြန် လိုက်တယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရွယ်ရောက်သူတိုင်း ကျား – မ မရွေး စစ်ထဲလိုက်ရမယ်။ ၂နှစ်၊ လိုအပ်ရင် ၃နှစ်၊ အရေးပေါ်ဆို ၅နှစ်၊ "တို့တာဝန် အရေးသုံးပါး"အရ စစ်ထဲလိုက်ရမယ်။ ပျက်ကွက်ရင် ထောင်ဒဏ် ၃နှစ်နှင့်ငွေဒဏ်၊ တိမ်းရှောင်လွှဲဖယ်ဖို့ကြံရင် ထောင်ဒဏ် ၅နှစ်နှင့်ငွေဒဏ် ကျခံရမယ်။ ထောင်ကျပြီးရင်လည်း စစ်ထဲဆက်လိုက်ရမယ်။ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို ဗဟိုမှ တိုင်းနှင့်ပြည်နယ်အလိုက် ခရိုင်အလိုက် မြို့နယ်အလိုက် အဆင့်ဆင့် ဖွဲ့စည်းထားရှိမယ် လို့ဆိုတယ်။

အရန်တပ်ဖွဲ့ဥပဒေအရ အငြိမ်းစားဗိုလ်ချုပ်ကြီးများ– စစ်မှုထမ်းဟောင်းများ အနေနဲ့ အငြိမ်းစားယူပြီး နောက်လည်း ၄င်းရာထူးအတိုင်းနောက်ထပ် ၅ နှစ်၊ လိုအပ်ရင် မသေမချင်း ဆက်လက်ရှိနေကြောင်း ပြဋ္ဌာန်းထားတယ်။

ပထမအချက်အနေနဲ့ ဘာကြောင့် ဒီဥပဒေကို ကမန်းကတန်းထုတ်ရသလဲ။ ၂၀၁၁ ဇန်နဝါရီ ၃၁ ကြံ့ဖွံ့လွှတ်တော် မတိုင်မီ ၂၀၁၀ ဒီဇင်ဘာ ၁၇ ပြန်တမ်းမှာ (၂၀၁၀ နိုဝင်ဘာ ၄ နေ့စွဲနဲ့) နအဖဥက္ကဋ္ဌ လက်မှတ်ထိုးပြီး မာရယ်လောအာဏာနဲ့ ထုတ်ရတာလဲ။ ဒုတိယအချက်အနေနဲ့ ဘာကြောင့် သတင်းစာ ရေဒီယို ရုပ်သံစတဲ့ မီဒီယာများမှာ လူသိရှင်ကြားမဖော်ပြဘဲ ခိုးကြောင်ခိုးဝှက် ပြန်တမ်းမှာဖော်ပြရတာလဲ။

ရှင်းနေတဲ့အချက်က ကိုယ့်ကိုယ်ကိုယ် တရားဝင် လူရာရောက်အောင် ခြေပုန်းခုတ်နေရတဲ့ ၂၀၁၁ကြံ့ဖွံ့လွှတ်တော်မှာ အရာရာ(သူတို့အထင် )အောင်မြင်ချောမွေ့ပြီး အထစ်အငေါ့ မဖြစ်စေချင်လို့ပဲ။ ဒီလွှတ်တော်ဟာ သူတို့ဘိသိက်သွန်းပြီး လွှတ်လွှတ်ကျွတ်ကျွတ် အောင်ပွဲခံနေတာ လုံးလုံးမဟုတ်ဘူး။ အကျပ်အတည်းကနေ ထွက်ပေါက်ရှာနေတာလည်း ဖြစ်ပါတယ်။

(နှစ်)

ကြက်ပြေးနေပြည်တော်ကြံ့ဖွံ့လွှတ်တော်ဟာ လုံခြုံရေးတွေအထပ်ထပ်ချ၊ သတင်းသမားတွေ အဝင်မခံ၊ အမတ်တွေအပေါ် ကန့်သတ်ချက်တွေ တသီကြီးအောက်မှာ၊ 'ဝှက်ဖဲ' တွေတချပ်ပြီးတချပ်ထုတ်လာပြီး၊ စစ်အုပ်စုအာဏာ ထာဝရတည်တန့်ခိုင်မြဲရေးကို၊ 'ဖန်' နေရတာဖြစ်တဲ့အတွက် 'မလန်းမှာကို' စိုးနေတာ ဖြစ်တယ်။ ၂၀၀၈ ဆန္ဒခံယူပွဲမှာ ၉၀%ကျော်၊ ၂၀၁၀ ရွေးကောက်ပွဲမှာ ၇၅%ကျော်နဲ့ အနိုင်ရထားတယ်လို့ ဆိုနေတာတောင် မပိုင်မနိုင်ဖြစ်နေသေးပုံပဲ။ နဝတ–နအဖ စစ်အစိုးရ ၂၂ နှစ်(၁၉၈၈–၂၀၁၀)ကာလ တိုင်းပြည်ဟာ နိုင်ငံရေးအရ ဘာမှမပြောင်းလဲဘူး၊ စီးပွားရေးအရ ချွတ်ခြုံကျ သွားတယ်၊ လူမှုရေးအရ တအားနိမ့်ကျသွားတယ်။ ပြောင်းလဲသွားတာက စစ်အုပ်စုထိပ်သီးတွေ အောက်ခြေ လွှတ်(ဘဝင်မြင့်)သွားပြီး ကျိကျိတက်ကြွယ်ဝချမ်းသာ လာကာ၊ အမြီးစားဖက်ခေါင်းစားဖက် လက်ဝေခံရေပေါ်ဆီ စီးပွားရေး အလွှာတခုကို ဖန်တီး လိုက်တာပဲဖြစ်တယ်။ အခုကြက်ပြေးလွှတ်တော်မှာ သူတို့ပဲတွင်ကျယ်နေတယ်။

ကျည်ဆန်၊ နှစ်ရှည်ထောင်ဒဏ်နဲ့ နယ်နှင်တာမှအပ ပြည်သူလူထုကို ဘာမှပေးစရာမရှိတဲ့ စစ်အစိုးရဟာ ကြောက်မယ်ဆို ကြောက်လောက်ပါတယ်။ ၂၂ နှစ်ကာလမှာ '၈' လေးလုံးတစ္ဆေ အခြောက်ခံနေရဆဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးဒီရေ ဟာ ကျဆင်းသွားတာမဟုတ်ဘူး။ အိနေတာပဲဖြစ်တယ်။ ကျောင်းသားတွေ လူငယ်တွေ တော်လှန်တက်ကြွသူတွေဟာ ဦးကျိုး ဒူးထောက်သွားတာ မဟုတ်ဘဲ ဒီမိုကရေစီအရေးအတွက် စွန့်လွှတ်စွန့်စား လုံးပန်းနေကြတုန်းပဲ။ မျိုးဆက်သစ် လူငယ်များဟာလည်း အင်နဲ့အားနဲ့ နိုင်ငံရေးကိုစိတ်ဝင်စား လာကြဆဲပဲ။ လူထုကလည်း စစ်အာဏာရှင်စနစ်ကို မုန်းတီးဆဲပဲ။

၁၉၆၂ မဆလ စစ်အုပ်စုအာဏာသိမ်းတော့ ၇ ဇူလိုင်အရေးအခင်းပေါ်ခဲ့တယ်။ ၁၉၇၄ မဆလ လွှတ်တော်ခေါ်တော့ ၇၄–၇၅–၇၆ အုံကြွမှုတွေဖြစ်လာတယ်။ ယခုလည်း ဒီလိုဖြစ်မှာကို စိုးနေတယ်။

နအဖစစ်အစိုးရဟာ တခြားခေနရှင်အစိုးရများနဲ့မတူဘူး။ ပါးနပ်ကျင်လည်တဲ့ နိုင်ငံရေးစေ့စပ်မှုမျိုးလည်း မလုပ်တတ်ဘူး။ နိုင်ငံရေးကစားကွက် အမျိုးမျိုးထွင်ပြီး အပြောင်းအလဲလည်း မလုပ်တတ်ဘူး။ စင်ကာပူဝါရင့်နိုင်ငံရေးသမားကြီးလီကွမ်ယူက ဗမာပြည်ကဗိုလ်ချုပ်ကြီးတွေဟာ အသေကောင်တွေလိုပဲ ဘယ်လောက်ပြောပြော ဒုံးဝေးတယ်လို့ ဒါကြောင့် ပြောတာဖြစ်တယ်။ ဗိုလ်သန်းရွှေစစ်အုပ်စုဟာ ဗိုလ်နေဝင်း အရာကျပုံကို နိဂုံးချုပ်ထားပုံရပါတယ်။ ဗိုလ်နေဝင်းက ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲနဲ့ ကစားခဲ့လို့ကျရတာလို့ ယူဆထားပုံရပါတယ်။ (တကယ်ကဗိုလ်နေဝင်း ကျတာဟာ ဗိုလ်သန်းရွှေအာဏာသိမ်းလို့ ကျတာပဲ၊ အိုကြီးအိုမဖြစ်ပြီး မမာမကျန်းဖြစ်နေလို့လဲ အာဏာသိမ်းရဲတာပဲ) တကယ်လို့ ဒေါက်တာမောင်မောင်က ပါတီစုံရွေးကောက်ပွဲကတိ မပေးခဲ့ရင်၊ အပျော့ဆွဲမဆွဲဘဲ ပတ်ကြမ်းတိုက်ခဲ့ရင် လူထုနဲ့တပ်မတော် ပေါင်းမိတော့မှာဖြစ်တယ်။ ၉၀ ရွေးကောက်ပွဲမှာ စစ်တပ်က NLD ကိုမဲပုံပေးခဲ့တာကိုကြည့်ပါ။

၂၂နှစ်ကာလအတွင်း ဘာအပြောင်းအလဲ ဘာစေ့စပ်ရေးမှ မလုပ်ခဲ့ဘူး။ စေ့စပ်ရေး(ရင်ကြားစေ့ရေး)လုပ်ရင် ငါတို့ရှုံးပြီလို့ တွက်ပုံရတယ် (ကိုယ့်ကိုယ်ကိုယ် ဒီလောက်ယုံကြည်မှုရှိတာ)။ ဘယ်သူဘာပြောပြော စစ်တပ်ကိုတင်းကျပ်တဲ့ ဗျူရိုကရေစီယန္တရားနဲ့ ချုပ်ကိုင်ပြီး ဘုတ်ထိုင်ထိုင်နေတယ်။ တပ်ချုပ်ကြီးဟာ ရှေ့လည်း မထွက်

စကားလည်းထွက်မပြော နောက်ကွယ်ကနေ ကြိုးကိုင်တာကိုပဲ သန်ပုံရတယ်။ နိုင်ငံရေးနဲ့ဒုံးဝေးတော့ ပြောင်လိမ် ပြောင်ညစ်ပဲလုပ်တော့တယ်။ ၉၀ ရွေးကောက်ပွဲရလဒ်ကို ချောင်ထိုးဖို့ကြိုးစားတာ၊ အတုအယောင် ဟန်ပြ အမျိုးသားညီလာခံကို နှစ်ရှည်လများလုပ်နေတာ၊ လမ်းပြမြေပုံကို (လီကွမ်ယူ အကြံပေးမှုနဲ့) ထွင်လာတာ၊ ၂၀၀၈ နာဂစ်ဆန္ဒခံယူပွဲ လုပ်တာ၊ နသားပါရား ၂၀၁၀ ရွေးကောက်ပွဲကျင်းပတာ၊ ယခု ၂၀၁၁ ကြက်ပြေးလွှတ်တော်ကျင်းပပြီး စစ်အုပ်စုကို တရားဝင်အောင်လုပ်နေတာ။ ဒါတွေကို လူထုကစိတ်မဝင်စားဘူး။ ပွင့်ကျနေပြီလည်းဖြစ်တယ်။ ဆန့်ကျင်မှုကိုလည်း နည်းမျိုးစုံနဲ့ ဖော်ပြနေတာဖြစ်ပါတယ်။

ဗမာပြည်လူထုရဲ့ သဘာဝကထူးခြားတယ်။ လယ်သမားဗိဇက မပြောင်းလဲသေးဘူး၊ ဖိနှိပ်မှုပြင်းထန်ပြီး ဒီမိုကရေစီ ဆိတ်သုဉ်းနေတာ ကြာတော့ အရေထူနေပြီ။ ခံနိုင်ရည်ရှိတယ်။ ပြန်လည်းမပြောဘူး နားလည်းမထောင်ဘူး။ ဒါပေမဲ့ သိတယ်။ ပေါက်ကွဲရင်လည်း ကြောက်စရာကောင်းတယ်။ သိပ်ပြတ်သားတယ်။

ယခု ကြက်ပြေးလွှတ်တော်က စစ်အုပ်စုရဲ့အသက်ဘူးပဲ။ သူတို့တံခွန်ထူတော့မယ်လို့ထင်နေတယ်။ တဖက်ကလည်း ကြောက်နေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လက်ခုပ်သြဘာသံ ဘယ်ကမှမကြားရဘူး။ မကျေမနပ်သံတွေပဲကြားနေရလို့ဖြစ်တယ်။ လွှတ်တော်ကို နအဖဥက္ကဋ္ဌကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရာထူးကမနုတ်ထွက်သေးဘဲ နောက်ကွယ်ကကြိုးကိုင်ပြီး ကျားကွက်တကွက်ချင်း ရွှေ့နေတယ်။

ဘာဖြစ်လို့လည်းဆိုတော့ အာဏာအမွေခွဲရာမှာ တွန်းတိုက်မှုတွေ မဖြစ်အောင်နဲ့ လက်ခုပ်သံမကြားရဘဲ ဆဲသံတွေ ကြားရမှာစိုးလို့ဖြစ်တယ်။ ပြည်တွင်းပြည်ပက မျက်လှည့်ပွဲကို စောင့်ကြည့်နေတယ်။ လှည့်ကွက် (ဗုက်ဖဲ) ဘာလဲဆိုတာ သိပြီးသားပဲ။ ဘယ်သူမှရင်ခုန်နေတာ မဟုတ်ပါဘူး။

(သုံး)

စစ်အစိုးရဟာ နည်းလမ်းဟောင်းတခုတည်းနဲ့ ဆက်လက်အုပ်စိုးလို့ မရတော့ဘူးဆိုတာ သိနေတာကြာပါပြီ။ နိုင်ငံရေးအရ စီးပွားရေးအရ တပ်တွင်းအခြေအနေအရ အရပ်သားဒီမိုကရေစီ မျက်နှာဖုံး စွပ်ဖို့လိုအပ်လာတယ်။ ဒါကြောင့် “စက္ကူပေါ်က လူ့အခွင့်အရေး”တချို့နဲ့ “ခေါင်းပေါင်းလွှတ်တော်” ဆိုတာကိုလုပ်လာရတယ်။ ဖွဲ့စည်းပုံပုဒ်မ ၃၅၄ အရ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် ‘ဆောင်ရွက်ခွင့်’ (၄) ခုပေးထားတယ်။

က။ လွှတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရေးသားဖြန့်ဝေခွင့်

ခ။ ငြိမ်းချမ်းစွာစုဝေးခွင့် စီတန်းလှည့်လည်ခွင့်

ဂ။ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်

ဃ။ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွှတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် လို့ဆိုတယ်။

စက္ကူပေါ်မှာပဲရှိပါသေးတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအရ “အရေးသုံးပါး” “အမျိုးသားနိုင်ငံရေးတွင် တပ်မတော်က ပါဝင်ထမ်းဆောင်(ဦးဆောင်)ရေး” “စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ” ဆိုတဲ့ ထွင်လုံးများနဲ့၊ မာရှယ်လောကာလ ပြဋ္ဌာန်းထားတဲ့ (ဖောက်ပြန်တဲ့)ဥပဒေအမျိုးမျိုးကို ဆက်ခံသည်(ပုဒ်မ ၄၄၅) ဆိုတဲ့ဘောင်ထဲမှ ပေးထားတဲ့ ဆောင်ရွက်ခွင့်များဖြစ်ပါတယ်။ နှစ်ရှည်ထောင်ဒဏ်တွေနဲ့ နယ်စွန်နယ်ဖျားပို့ထားတဲ့ ထောင်ချီတဲ့ နိုင်ငံရေးအကျဉ်းသမားတွေဟာ အဲဒီဆောင်ရွက်ပိုင်ခွင့်တွေကြောင့် အကျဉ်းကျနေကြတာဖြစ်ပါတယ်။ အဲဒါတွေအတွက်တိုက်ပွဲဝင်ရင်း အသက်စွန့်ခဲ့ကြတာဖြစ်တယ်။

ပါတီစုံဒီမိုကရေစီကို စစ်အုပ်စုမျက်ကွယ်ပြုလို့မရတာဟာ လူထုတိုက်ပွဲကြောင့်ဖြစ်တယ်။ ၉၀ ရွေးကောက်ပွဲနဲ့ NLD-CRPP ဟာတိုက်ပွဲအသီးအပွင့်ဖြစ်တယ်။ ထုတ်ဖော်ခွင့်၊ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်၊ ယဉ်ကျေးမှုအခွင့်အရေး စတဲ့ အခြေခံအခွင့်အရေးတွေကို စစ်အစိုးရမျက်ကွယ်ပြုလို့မရ ဖြစ်ရတာဟာ တိုက်ပွဲကြောင့်သာဖြစ်တယ်။ စည်းလုံးညီညွတ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးဖို့ နည်းပေါင်းစုံနဲ့ ဖွဲ့စည်းထူထောင်လာတဲ့ လူထုလူတန်းစားအဖွဲ့အစည်းများ ပရဟိတအဖွဲ့အစည်းများဟာ ပါမစ်စောင့်နေစရာမလိုဘူး။ ဒါတွေဟာ ဘယ်ဖောက်ပြန်ရေးသမားကမှ တားဆီးလို့မရ တားဆီးခွင့်လည်း မရှိတဲ့ ကိုယ်ပိုင်အခွင့်အရေးတွေပဲ ဖြစ်ပါတယ်။

(လေး)

ယခု ကမန်းကတန်းနဲ့ ခိုးကြောင်ခိုးဝှက်ထုတ်လိုက်တဲ့ “စစ်မှုထမ်းဥပဒေ”ဟာ နောက်ထပ်တိုးလိုက်တဲ့ ‘ဆောင်ရွက်ခွင့်’ တရပ်ပဲ ဖြစ်ပါတယ်။ ကမန်းကတန်းထုတ်တာက လွှတ်တော်မှာဆိုရင် သံသရာရှည်တယ် အပေါက်အစများတယ်၊ မာရှယ်လောနဲ့ဆိုရင် လွယ်တယ်၊ အော်တိုမက်တစ် ၂၀၀၈ ထဲမှာအကျုံးဝင်သွားမယ်လို့ တွက်ပုံရပါတယ်။ ခိုးကြောင်ခိုးဝှက်ထုတ်တာက ရှင်းပါတယ် လူသိမှာကြောက်လို့ပဲ။ ၁၉၈၇ ငွေစက္ကူကိစ္စလို ၂၀၀၇ ဓာတ်ဆီကိစ္စလို လူသိရှင်ကြားဖြစ်ပြီး လူထုအုံကြွလာမှာစိုးလို့ဖြစ်တယ်။ ဒါကိုလက်နက်ပုန်းတခုလို လိုအပ်ရင် ထုတ်သုံးမှာပဲ။ လူထုကြီးနိုးကြားအုံကြွနေတဲ့အခါ နိုင်ငံရေးဒီရေထနေတဲ့အခါမှာတော့ သုံးရဲမှာမဟုတ်ဘူး။ နိုင်ငံရေးသေနေတဲ့အခါ လူထုကိုလက်စားချေဖို့ ပညာပေးဖို့ သုံးမှာဖြစ်တယ်။ စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များကို ဗဟိုကနေမြို့နယ်အထိဖွဲ့ပြီး အာဏာထူထောင်မှာဖြစ်လို့ ရယက–မယကတို့လိုပဲ လက်စောင်းထက်ကြပေလိမ့်ဦးမယ်။

ဘာကြောင့်စစ်မှုထမ်းရမှာလဲ။ ဘယ်သူ့အတွက် စစ်မှုထမ်းရမှာလဲ။ ဘယ်သူ့ကိုတိုက်ဖို့ စစ်မှုထမ်းရမှာလဲ။ ဒါဟာအခရာကျတဲ့မေးခွန်းတွေပဲ။ ဇာဘုရင်ခေတ်ရုရှားမှာ ၁၉၀၃ ရုရှား–ဂျပန်စစ်ကာလ သပိတ်မှောက်ကျောင်းသားများကို ဦးချိုးတဲ့အနေနဲ့ စစ်တပ်ထဲ အဓမ္မသွတ်သွင်းတယ်။ အကျိုးဆက်ကတော့ ၁၉၀၅ တော်လှန်ရေးပေါ်ပေါက်ပြီး ဇာဘုရင်စစ်ရှုံးတယ်။ ၁၉၁၄ ရုရှား–ဂျာမန်စစ်(ပထမ ကမ္ဘာစစ်)ကာလ “အဖနိုင်ငံတော်ကာကွယ်ကြ” ဆိုတဲ့ ရှော်ဗင်ဝါဒကြွေးကြော်သံအောက်မှာ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းတယ်။ သန်မာသူ ၁၄ သန်းကို အဓမ္မစစ်ထဲသွင်းတယ်။ အကျိုးဆက်ကတော့ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးကြီးပေါ်ပေါက်ပြီး တပ်တွင်းပုန်ကန်မှုတွေဖြစ်ပွားတယ်။ ဟစ်တလာဂျာမနီ ချန်ကေရှိတ်ကူမင်တန်၊ အလားတူပဲ စစ်မှုထမ်းဥပဒေတွေဆင့်ခေါ်ပြီး ဟစ်တလာကဖောက်ပြန်တဲ့ ကျူးကျော်စစ် ချန်ကေရှိတ်က ဖောက်ပြန်တဲ့ ပြည်တွင်းစစ် တိုက်ခဲ့ကြတာပဲ။ တပ်တွင်းပုန်ကန်မှုတွေ ပေါ်တာပဲ။ အရှုံးနဲ့ရင်ဆိုင်ရတာပဲ။ သေနတ်ပြောင်းဝဟာ ဖောက်ပြန်ရေးသမားတွေဘက် လှည့်တာပဲ။ စစ်သားဆိုတာ အများစုက လယ်သမားတွေဖြစ်ကြတော့၊ တပ်ထဲမှာလည်း ကြီးနိုင်ငယ်ညှဉ်း (ရေဘူးပေါက်တာမလိုချင်ဘူး ရေပါတာပဲလိုချင်တယ် ဆိုတဲ့) စစ်ကျွန်ပြုခံနေရတာတွေကြုံရတော့၊ အခြေအနေမှန်ကို သူတို့က အရင်ဆုံးသိသူတွေဖြစ်တယ်။အခွင့်သာတာနဲ့ တော်လှန်ရေးဘက် ကူးပြောင်းတာပဲ။

တရားတဲ့စစ်အတွက်ဆိုရင် စစ်မှုထမ်းဖို့ ဆင့်ခေါ် နေစရာတောင်မလိုဘူး။ ဆန္ဒအရစစ်ထဲဝင်ပြီး ဆန်ပြုတ် ကန်စွန်းဥပြုတ်စားပြီး စစ်တိုက်ကြတာပဲ။ဖက်ဆစ်တော်လှန်ရေး အတွေ့အကြုံတွေရှိပါတယ်။ ယခု နအဖ စစ်မှုထမ်းဥပဒေက တပ်ရင်းပေါင်း ၅၀၀ ရှိတဲ့

စစ်တပ်မှာ ရင်းတရင်းရှေ့ထွက်အင်အား ၁၀၀ တောင်မပြည့်တဲ့ အနေအထားမှာ၊ တပ်ပြေးနဲ့ပြန်းတီးအင်အား တိုးပွားနေတဲ့အနေအထားမှာ၊ ခလေးစစ်သားနဲ့ အဓမ္မစစ်သား ချောဆွဲနေရတဲ့အနေအထားမှာ၊ 'ငြိမ်း' တွေကနေ 'စစ်' တွေဖြစ်လာပြီး ပြည်တွင်းစစ်တကျော့ပြန် ကျယ်ပြန့်လာတဲ့ အနေအထားမှာ၊ 'ခေါင်းပေါင်းလွှတ်တော်' စခါနီးမှာ ကမန်းကတန်း ခိုးကြောင်ခိုးဝှက် ထုတ်ပြန်တာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်က လူထုကို နဖားကြိုးထိုး စစ်ကျွန်ပြုပြီး ပြည်တွင်းစစ်ကိုတိုးချဲ့ကာ နိုးထလာတဲ့ တော်လှန်ရေးဒီရေကို တားဖို့ပဲဖြစ်ပါတယ်။

ဘက်တဖက်ကပြောရရင် နိုင်ငံရေးအရ ထွက်ပေါက်ပိတ်နေလို့ ကမူးရှူးထိုးလှမ်းလိုက်တဲ့ခြေလှမ်းပဲ။ ကိုယ့်ရှူးကိုယ်ပတ်လိမ့်မယ်။ ဗမာပြည်ပြည်တွင်းစစ်ကို အပြုတ်တိုက်ရေးနဲ့ဖြေရှင်းလို့ ဘယ်တော့မှမရဘူး၊ အရန်တပ်ဖွဲ့ဥပဒေအရ "ရာသက်ပန်တပ်ချုပ်ကြီး" လုပ်ဖို့ ကြံပြန် တယ်။ အတော်တော့ ရယ်ရတယ်။ ခေတ်က ဒီမိုကရေစီခေတ်ဖြစ်နေပြီ၊ ပဒေသရာဇ်ခေတ်လို အော်တိုမက်တစ် သားစဉ်မြေးဆက် ရာသက်ပန်မင်းတရားကြီး လုပ်လို့လည်း မရတော့ဘူး။ ဖွဲ့စည်းပုံတို့ လွှတ်တော်တို့ ဆိုတာတွေကိုလည်း ရှောင်ချင်လို့မရဘူး။ မတော် မတရားရယူထားတဲ့ ဥစ္စာခနတွေကိုလည်း တည်တံ့ဖို့တိုးပွားဖို့ စိတ်ချလက်ချဖြစ်ဖို့လိုသေးတယ်။ သခီါရအရ ဇရာကိုလည်း ရှောင်လို့မရဘူး။ ကိုယ့်တုန်းက ငါ့တပါးမင်းလုပ်ခဲ့တဲ့ တစ္ဆေကလည်း အခြောက်ခံနေရပုံရတယ်။ ဒါ့ကြောင့် ဘောင်းဘီချွတ် ခေါင်းပေါင်း ပေါင်းပေမယ့် ခေါင်းပေါင်းပေါ်မှာ "အပွင့်တွေ အချောင်းတွေ" ချိတ်ဖို့ 'ဖန်' တာဖြစ်တယ်။ စစ်သားခန်းလာတဲ့တပ်မှာ တပ်ချုပ်ကြီးကကော ဘယ်လိုလုပ်ထာဝရ တည်မြဲနိုင်မှာတုန်း။

စစ်မှုထမ်းဥပဒေကို နည်းပေါင်းစုံနဲ့ဆန့်ကျင်ကြ။

(ငါး)

တဆက်တည်းတင်ပြဖို့ရှိတာက ကမ္ဘာ့မူစီးပွားရေးခေတ်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှု FDI ဆိုတာ အဆန်းမဟုတ်တော့ဘူး။ သူဌေးနိုင်ငံတွေက သူကကိုယ့်ဆီမြှုပ် ကိုယ်ကသူ့ဆီမြှုပ် မြှုပ်နှံနေကြတာပါ။ ဆင်းရဲတဲ့နိုင်ငံ တွေကတော့ FDI ရဖို့ တံခါးဖွင့်ရတာပါ။ ကိုယ့်ပြည်တွင်းမှာ ပြဿနာတွေ ရှိနေရင် မတည်ငြိမ်ရင် သူများကမမြှုပ်နှံချင်ကြဘူး။ မြှုပ်နှံသူက အကျိုး အမြတ်မရှိရင် မမြှုပ်နှံဘူး။ အကျိုးအမြတ်ဆိုတာမှာ နိုင်ငံရေးအကျိုးအမြတ် စီးပွားရေးအကျိုးအမြတ်ရယ်လို့ နှစ်မျိုးရှိပါတယ်။ ရှင်းနေတာက တရုတ် အိန္ဒိယ ASEAN စတဲ့ အိမ်နီးချင်းတွေက စီးပွားရေးအကျိုးအမြတ်ကို ကြည့်တယ်။ US, EU ကနေဒါ ဩစတေးလျ စတာတွေက နိုင်ငံရေး အကျိုးအမြတ်ကို ကြည့်တယ်။ စစ်အုပ်စုက သူ့အကျိုးအမြတ်ကို ကြည့်တယ်။ မတော်မတရားရယူထားတဲ့ ငွေမည်းတွေငွေညစ်တွေကို ခဝါချဖို့ တရားဝင်အောင်လုပ်ဖို့လိုနေတယ်။ ဒါကြောင့် ခေါင်းပေါင်းလွှတ်တော် လုပ်ပြီး အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့မှုမှလွှတ်ဖို့ကြိုးစားတာပဲ။

အရှေ့ကပဲဖြစ်ဖြစ် အနောက်ကပဲဖြစ်ဖြစ် ဘယ်က FDI ပဲဖြစ်ဖြစ် စစ်ဗျူရိုကရက်အာဏာရှင်စနစ်အောက်မှာ စစ်အုပ်စုအတွက်ပဲ အကျိုးရှိမှာပဲ။ အမိုခိုခံလက်ဝေခံ စီးပွားရေးပဲဖြစ်မှာပဲ။ ဘာဖြစ် လို့လည်း ဆိုတော့ ဖိနှိပ်သွေးစုပ်မှုလက္ခဏာဟာ ပြောင်းမသွားလို့ဖြစ်တယ်။ ပြည်သူ့ဒီမိုကရေစီ အစိုးရတရပ်ကသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အကျိုးရှိရှိအသုံးချပြီး တိုင်းပြည်နဲ့ ပြည်သူကို တစည်းတလုံးတည်း ဖြစ်စေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် စေနိုင်မှာဖြစ်ပါတယ်။ (စီးပွားရေးနဲ့ ပတ်သက် လို့ ပြောစရာတွေ အများကြီးရှိပါတယ်။ တိုင်းချစ်ပြည်ချစ် စီးပွားရေး ပညာရှင်များရဲ့ သုတေသနပြု သုံးသပ်ချက်များကို လေးလေးစားစား လေ့လာချင်ပါတယ်။။ အထူးသဖြင့် ၂၀၁၁ ခေါင်းပေါင်းလွှတ်တော် အကူးအပြောင်းမှာ ဘာတွေဖော်ပြီး ဘာတွေဖျောက်ထားတယ် ဆိုတာကို ဖော်ထုတ်ဖို့ လိုတယ်ထင်ပါတယ်။)

တကယ်တော့ ပိတ်ဆို့မှုဆိုတာ 'ဂ' လေးလုံးရဲ့ အထွက်ပစ္စည်းတရပ်ပါပဲ။ စစ်အေးလွန်ခေတ်မှာ ခေတ်မစားတော့တဲ့ နဝတ–နအဖ စစ်အုပ်ချုပ်ရေးရဲ့ ဘေးထွက်အကျိုးဆက်ဖြစ်တယ်လို့လည်း ပြောနိုင်ပါတယ်။ စစ်ဗျူရိုကရက်ခနေရှင်လူတန်းစားနဲ့ လက်ဝေခံအစွယ်အပွားတွေရဲ့ ထင်သလိုဖိနှိပ်သွေးစုပ်ခံနေရတဲ့ အလုပ်သမား လယ်သမား ပျံကျနဲ့ လက်လုပ်လက်စား အခြေခံလူတန်းစားရဲ့ မလွှတ်မြောက်သေးတဲ့ဘဝကို မျက်ကွယ်မပြုမိဖို့ လိုတယ်။ FDI ကလူထုကို ကယ်တင်နိုင်တာမဟုတ်ဘူး။ တော်လှန်ရေးကသာ လူထုကြီးကို လွှတ်မြောက်စေမှာဖြစ်ပါတယ်။

(နိဂုံး)

စစ်အစိုးရကို တောင်းတောင်းပန်ပန် နှိမ့်နှိမ့်ချချပြောရုံနဲ့ အဆင်ပြေသွားလိမ့်မယ်လို့ ယူဆရင်မှားလိမ့်မယ်။ ဖုံးတဝက် ဖော်တဝက် လက်သိပ်ထိုးကျင်းပနေတဲ့ ခေါင်းပေါင်းလွှတ်တော်ထဲမှာ စည်သံဗျောသံနာခံရင်း စစ်အုပ်စုနဲ့ စေ့စပ်ဖို့ ရှေ့နေလိုက်ရင်း ကိုယ်တိုင်အချောင်သမား ဖြစ်သွားတတ်တာ သာဓကတွေ ရှိခဲ့ပါတယ်။ စစ်အစိုးရကို တော်လှန်ရေးတစ္ဆေနဲ့ခြောက်လိုက် ပိတ်ဆို့မှုတစ္ဆေနဲ့ခြောက်လိုက်လုပ်ရင်း ပူးပေါင်းဖို့ကြိုးစားတဲ့ နည်းနာဟာ ကလေးကလားနိုင်လှတယ်။

အေးစက်ငြိမ်သက်မှုလေထုဟာ ကြာကြာခံမှာမဟုတ်ဘူး မကြာခင်ပြိုကွဲတော့မှာပါ။ စစ်အာဏာရှင်စနစ်ကို ခုခံအန်တုဖို့ ပြည်သူလူထုကြီးရဲ့ တခုတည်းသောလက်နက်က စည်းလုံးညီညွတ်မှုပဲဖြစ်ပါတယ်။

ညီဌေးကျော်(၁၂ ဖေဖော်ဝါရီ ၂၀၁၁)



နိုင်ငံရေး

# သဏ္ဍာန်တူ မှတ်တမ်းရဲ့ နိမိတ်ပုံ

နှစ်သစ်ကူးပေမယ့် မကူးနိုင်တဲ့အရာတွေ တပုံတခေါင်းကြီးပါ။ မျောက်လောင်းတွေကလည်း မျောက်လောင်း မျောက်လောင်းချည်း တသုတ်ပြီး တသုတ် ဇာတ်ထုပ်ပြသလို ပြနေကြတာ နှစ်ဟောင်းနှစ်သစ်ကူးပေမယ့် ဘာမှမထူးတဲ့ မဲပြာပုဆိုးဇာတ်ကွက်ပါပဲ။ မဆလစစ်အစိုးရ၊နဝတ–နအဖ စစ်အစိုးရ၊ စစ်အစိုးရချည်းပဲ မဟုတ်ပါလား။အခုလည်း လာပြန်ပြီ သဏ္ဍာန်ပြောင်း စစ်အစိုးရ။

မဆလ–က ဆိုရှယ်လစ်အတုအယောင် ဆေးကို ဖော်ပြီး တိုင်းပြည်ကို လိမ်ညာခဲ့တယ်။ အခု နဝတ–နအဖက ဒီမိုကရေစီအတု အယောင် ဆေးကို ဖော်ပြီး တိုင်းပြည်ကို စစ်ကျွန်ပြုခဲ့ ကြတယ်။ သမိုင်းကို သိနေကြတဲ့ ပြည်သူတွေကတော့ အလိမ်အညာခံရတာ များလွန်းလို့ ဘယ်စစ်အစိုးရကိုမှ အယုံအကြည် မရှိကြတော့ပါ။

ကျွန်တော်နဲ့ သူငယ်ချင်းတယောက် နှစ်ယောက်သား နောက်ကြောင်းပြန် စကားလက်ဆုံကျရင်း ဟိုး လွန်ခဲ့တဲ့ ၁၉၇၄ ခုနှစ် ညနေခင်း တခုဆီ ပြန်ရောက်သွားကြတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တက်လာမယ့် ပထမဆုံး လွှတ်တော်မကျင်းပမီ တညနေခင်းပေ့ါ။ ကွက်ကွက်ကွင်းကွင်း ပြန်လည်မြင်ယောင်မိတယ်။ အဲဒီတုန်းက ကိုယ့်တိုင်းပြည်ရဲ့ အခြေအနေဟာ ခုလို အဆင်းရဲဆုံးနိုင်ငံဘဝနဲ့ လျှောက်လှမ်းနေတာ မဟုတ်။ တက္ကသိုလ်က ထောက်ပံ့တဲ့ စတိုင်ပင် ၇၅ ကျပ်နဲ့ လောက်လောက်ငငကျောင်းတက်နိုင်ကြသေးတဲ့ အခြေအနေ။ လုပ်ခလစာ ၃ ကျပ် ၁၅ ပြားနဲ့ အလုပ်သမားတွေ ညဘက်မှာ လုပ်သားကောလိပ်တက်နိုင်ကြပါသေးတယ်။ ဆန်တပြည် ၄ ကျပ်နဲ့ ဝယ်စားတာတောင် အလွန်ဈေးကြီးတယ်ဆိုပြီး အလုပ်သမားတွေ ဆန္ဒပြကြတော့မယ့် အနေအထားမှာ ရှိနေတယ်။ ၁၉၇၄ ဇွန် ၆ အလုပ်သမားသပိတ်ကြီး ပေါ်ပေါက်ခဲ့တယ်။

အဲသလို ခေတ်အခြေအနေရှိနေတဲ့ အဲဒီညနေခင်းမှာ ကျွန်တော်တို့တတွေ ပင်မတက္ကသိုလ် ဦးချစ်လက်ဖက်ရည်ဆိုင်မှာ ထိုင်နေခိုက် ကမာရွတ်ဂတ်တဲကို ကျောင်းသားတွေ ဝိုင်းထားတယ်ဆိုတဲ့ အကြောင်း ကြားလိုက်ရတယ်။ အဲဒီနေရာကို အပြေးအလွှားသွားကြည့်တော့ ကျောင်းသားတွေ တောင်းဆိုချက်ကို ပြေလည်အောင် ဖြေရှင်းမပေးတဲ့အတွက် ကမာရွတ်ရဲစခန်းကို ကျောင်းသားတွေ ဝိုင်းထားကြတာ တွေ့ရတယ်။ ကျောင်းသားတွေရဲ့ ပြဿနာ မပြောနဲ့၊ ကားပေါ်က ခါးပိုက်နှိုက်ကိစ္စကိုတောင် ဖြေရှင်းမပေးနိုင်တဲ့ ရဲစခန်းမို့ နောက်ဆုံးမှာ အစိုးရအုပ်ချုပ်ရေး ယန္တရားရဲ့ ဒေါက်တိုင် ကမာရွတ်ရဲစခန်းကို မီးတိုက်လိုက်တာ ပြာကျသွားတဲ့အထိပါပဲ။ အဲဒါက လွှတ်တော်အကြိုညနေခင်း (နက်ဖြန်ဆို ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ ပထမဆုံးလွှတ်တော်ကို ကျင်းပတော့မှာ ဖြစ်တယ်) မှာ ဖြစ်ခဲ့တာပါ။ ဒါဟာ ၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကျဆုံးမယ့် ဗေဒင်ဆော်ဦးနိမိတ် ဖြစ်ပါတယ်။

ဒီအရေးအခင်းမှာ ဥပဒေဟောင်းကို ဖြိုဖျက်ပစ်မယ့် ဥပဒေကျောင်းသား ကိုနော်ရိန်းနဲ့ ကိုတင်မြင့်တို့ ထောင်ကျခဲ့တယ်။ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ သပိတ်တွေ ဆက်တိုက်။ နောက်ဆုံး ၁၉၈၈ ခုနှစ်မှာ အထွေထွေသပိတ်ကြီး ပေါက်ဖွားလာခဲ့ပါတယ်။

ကမာရွတ်ရဲစခန်းမီးတိုက်မှုအကြောင်း မျက်မြင်ကိုယ်တွေ့ဖြစ်တဲ့ ကျွန်တောတ်က ပြန်ပြောနေခိုက်မှာ "အေး... ဒီလိုဆိုရင် အခုလည်း ၂၀ဝ၈ အခြေခံဥပဒေရဲ့ အတိတ်နိမိတ်က ဘယ်လိုလာမယ်မှန်းမသိဘူးနော်"ဆိုပြီး ကျွန်တော့်သူငယ်ချင်းက အခုလည်း တခုခုဖြစ်တော့မလိုလို ကျွန်တော့်ကို ပြောလာပါတယ်။ "နက်ဖြန်ဆိုရင် ၂၀၁၁ ခုနှစ် ပထမဆုံး ပြည်သူ့လွှတ်တော်ကို ကျင်းပတော့မယ်ဆိုတော့" ကျွန်တော့်စကားမှ မဆုံးလိုက်သေး၊ ကျွန်တော်တို့စကားကို နားထောင်ရင်း အင်တာနက် တက်နေတဲ့ သူငယ်ချင်းနောက်တယောက်က "ဒီမှာ လာကြည့်၊ လာကြ–လာကြ။"တဲ့။ သူ့ကွန်ပျူတာရှေ့သွားပြီး သူပြတဲ့သတင်းကို ကြည့်လိုက်မိတော့...

(မိုင်တိုင်အမှတ် ၈၈/၇ သင်္ကန်းညီနောင် စစ်ဆေးရေးဂိတ်အနီးတွင် ယနေ့နံနက် ၈–၃၀ အချိန်က နအဖစစ်တပ်မှ ချောဆွဲလာသော အရပ်သားပိုင် ယာဉ်တစီး မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ပေ ၃၀ အနက် ချောက်ထဲ ထိုးကျသွားကြောင်း၊ ဗိုလ်ကြီးခင်မောင်ဝင်းနှင့် တပ်ကြပ်ကြီးတဦး၊ တပ်ကြပ်တဦး၊ ရဲဘော် ၃ ဦး ဒဏ်ရာ အပြင်းအထန် ရရှိသွားကြောင်း။ ယနေ့မနက်တွင် နအဖစစ်တပ်မှ ဗိုလ်မှူးအဆင့်ရှိသူတဦး အပါအဝင် ဒဏ်ရာရသူ ၆ ဦးအား ထိုင်းနိုင်ငံမြေမှ ဖြတ်သန်းပြီး မြဝတီသို့ သယ်ဆောင်သွားကြောင်း။ နိုဝင်ဘာ ရွေးကောက်ပွဲအပြီး တိုက်ပွဲစချိန်မှ ယနေ့အထိ နအဖစစ်တပ်မှ ၃၀၀ နီးပါး ကျဆုံးသွားပြီး ဒဏ်ရာရသူ အများအပြား ရှိနေကြောင်းကို သတင်းရရှိသည်။)(Freedom News Group, January 31, 2011)

မတရား မလွတ်လပ်တဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအတွင်းမှာပဲ မြဝတီမြို့ကို နအဖစစ်တပ် လက်လွှတ်ဆုံးရှုံးခဲ့တယ်။ အခုလည်း ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမဆုံးကျင်းပမယ့် ၂၀၁၀ ခုနှစ် ပထမဆုံး လွှတ်တော် မကျင်းပမီ တရက်အလိုမှာ အခုလို စစ်ရေးကိစ္စ ဖြစ်လာခဲ့တာပါ။ ၁၉၇၄ ခုနှစ်က လွှတ်တော်မကျင်းပမီ အကြိုနိမိတ်နဲ့ ယခု ၂၀ဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အတိတ်နိမိတ်တို့ ထပ်တူကျနေတယ်လို့ ထင်စရာပါပဲ။ နောင်လည်း နှိုင်းယှဉ်စရာ၊ ထပ်တူပြုစရာတွေ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်လာဦးမှာမို့ တာဝန်အရ ဖော်ထုတ်ဖို့သာ ပြင်ထားကြပါတော့။

၁၉၇၄ အခြေခံဥပဒေနဲ့ ၂၀ဝ၈ အခြခံဥပဒေတို့ဟာ အကြိုနိမိတ်များ တူညီနေသလို ကျဆုံးမှုလည်း တူညီကြမှာ မုချပါ။

မောင်အေးနိုင်
၃၁–၁–၂၀၁၀

ဝတ္ထုတို

# သားချော့တေး

နှင်းပန်းအိမ်



၉၃ ဒီဇင်ဘာ(၁၅)

**အေးမြမြ ညချမ်းကမ္ဘလာမှာ မွှေးလှလှ ပန်းသခင်မရယ်က သင်းရနံ့နဲ့အတူ ဆောင်ကြဉ်း အောက်စီဂျင် လေညင်းကို ကြေမွနေတဲ့ ငါ့နှလုံးသားထဲ ကြင်နာစွာနဲ့ သွန်းလောင်းပေးခဲ့တယ်။**

ကဗျာမမီ စာမမီတဲ့ ကဗျာတပုဒ်ကို ကျွန်မခင်ပွန်းက ကလေးမြို့အကျဉ်းထောင်ထဲမှာ အကျဉ်းကျနေတုန်း သားရဲ့ (၅) နှစ်ပြည့် မွေးနေ့မှာ ရေးပေးလိုက်တယ်။

စာရွက် ဘောပင် ထိတွေ့ကိုင်တွယ်ခွင့်မရရှာတဲ့ ခင်ပွန်းသည်က ထောင်ဝင်စာတွေ့ ခွင့်ရတဲ့ (၁၅) မိနစ်အတွင်းမှာ အမိအရ ပြောရတာပါ။ ဒီလို ပါးစပ်နဲ့ ပြောတာတောင် ထောင်ပိုင်က ခွင့်မပြုလို့ ကျွန်မနဲ့ခင်ပွန်းသည် ဘေးမှာရှိတဲ့ ထောက်လှမ်းရေးကို ‘လူမမယ်သားလေးအတွက် နိုင်ငံရေးအကျဉ်းသားဖခင်ရဲ့ မွေးနေ့လက်ဆောင်က ကဗျာတပုဒ်ပါ။ ပါးစပ်နဲ့ ရွတ်ပြတာတော့ ခွင့်ပြုသင့်တယ်။ ရှင်တို့(ခင်ဗျားတို့)မှာလည်း သားသမီး ရှိမှာပဲ။ ကိုယ်ချင်းစာပါ’ ဆိုတဲ့ စကားလုံးတွေနဲ့ ပစ်ပေါက်ပြီးမှ ခွင့်တောင်းခဲ့ရတာ။

အဲဒီအချိန်က ထောက်လှမ်းရေးက “ဟော့”ဆို ကွေ့နေတဲ့မြစ်တောင် ဖြောင့်သွားရတဲ့အချိန်။ ထောက်လှမ်းရေးက ခွင့်ပြုလိုက်ပါလို့ ပြောတဲ့အချိန်မှာ ကျွန်မနားနဲ့ အမိအရ ဖတ်လိုက်တာတောင် တပိုဒ်ပဲ မှတ်မိလိုက်တယ်။ သံတိုင်တွေနောက်က ဖြတ်လာတဲ့ ခင်ပွန်းသည်အသံ နည့်ပျော့ပျောင်းမှုတွေအပြည့်။ ပီပီသသ၊ ကြည်ကြည်ပျပျ။ ကျွန်မလည်း (၅) နှစ်ပြည့် သားလေးမွေးနေ့ကို ကဗျာလေးပဲ လက်ဆောင်ပေးနိုင်ခဲ့တယ်။ ဒီကဗျာကို ဆရာကြီး ဒဂုန်တာရာကို ပြောပြတော့ ကဗျာကောင်းတပုဒ် မဟုတ်ပေမယ့် ဖခင်စိတ်နဲ့ လှချင်တိုင်း လှနေတဲ့ကဗျာလို့ ပြောခဲ့တာ။

ဗုဒ္ဓဟူးနေ့က ကျွန်မတို့ရဲ့တဦးတည်းသော သားလေးကို ၁၉၉၃ ဒီဇင်ဘာ (၁၅) ရက် ညနေ ၉ နာရီ ၄၅ မိနစ်မှာ မွေးဖွားခဲ့ပါတယ်။ သားမမွေးခင်ကတည်းက သားယောကျ်ားလေး မွေးလာရင် ရှင်ရဲထွဋ်မှုလို့ ပေးမယ်လို့ စိတ်ကူးယဉ်ခဲ့တာ။ မြေရိုင်းပြင်မယ့်၊ မြစ်ရိုင်းဆန်မယ့် သားအဖြစ် အားကိုးချင်ခဲ့တာ။

ဘုရင့်နောင်ရဲ့ ငယ်နာမည် ရှင်ရဲထွဋ်မှုလို့ ပေးမယ်ဆိုတဲ့အတိုင်း ကျွန်မလည်း ဘုရင့်နောင် ဖောင်ဖျက်သလို အာဝေဏိက ဒုက္ခကို ခံစားခဲ့ရတာ၊ သားရဲ့မျက်နှာကို မြင် လိုက်ရတဲ့ အချိန်မှာတော့ လေးရက်လုံးလုံး အစာမဝင် ရေမဝင်ဘဲ၊ နေ့ညမနားရဘဲ ပင်ပန်း ထားရတာတွေ ပိန်းကြာရွက်ပေါ် ရေမတင်သလို လျှောကျ သွားခဲ့ရပါတယ်။

သားကို ကိုယ်ဝန်ဆောင်ကတည်းက ခင်ပွန်းသည်က အလုပ်သွားခါနီးတိုင်း ကျွန်မဗိုက်ပေါ် လက်တင်ပြီး မမြင်ရသေးတဲ့ ရင်သွေးကို နှုတ်ဆက်တတ်တယ်။ အဲဒီလို အချိန်မှာ သားတံတောင်ဆစ်နုနုလေးက သူ့ဖခင်လက်ဖဝါးကို ပြန်တွန်းပြီး အသိပေးတတ်တယ်လေ။ ကိုယ်ဝန်ဆောင်စဉ်မှာကတည်းက ရုပ်မမြင် အသံမကြားရသေးဘဲ သိပ်ချစ်တဲ့ မေတ္တာမျိုး မိဘရင်ထဲကလွဲလို့ ဘယ်မှာမှ ရှိမယ်မထင်ဘူး။

သားလေးနဲ့ ကျွန်မတို့ ဇနီးခင်ပွန်းက လောကဓံတိုက်ပွဲကို အတူတကွ ဆင်နွှဲခဲ့ရတဲ့ ရဲဘော်ရဲဘက်တွေပါ။

လောကမှာ ရွေးချယ်ခွင့်မရှိတဲ့ အရာတွေထဲမှာ သားသမီးနဲ့မိဘ ပါဝင်ပါတယ်။ ဘယ်မိဘကိုမှ လိုချင်ပါတယ်၊ ဘယ် သားသမီးကိုမှ လိုချင်ပါတယ်လို့ ရွေးချယ်ခွင့် မရှိပါဘူး။ ဝင်းဝင်းမြင့်(နန်းတော်ရှေ့) ရေးထားတဲ့ ကဗျာလေးတပုဒ် သားကိုယ်ဝန်ကြီးနဲ့ ကျွန်မ မဂ္ဂဇင်းတခုထဲမှာ ဖတ်ရဖူးတယ်။ ထူးထူးခြားခြား သန္ဓေသားလောင်းနေရာက ခံစားပြီး ရေးထားတဲ့ ကဗျာလေးပါ။

သန္ဓေသားလောင်းက သူ လူ့လောကထဲ ရောက်ခဲ့ရင် သူ့မိဘက ဆရာဝန်လား၊ အင်ဂျင်နီယာလား။ လက်လုပ်လက်စားလား။ မိခင်နို့လား၊ နို့ဘူးလား။ အနီးအကျီ ရှိရဲ့လား...တဲ့။ ဒီကဗျာထဲကလို ကျွန်မတို့ဇနီးမောင်နှံ ဆရာဝန် အင်ဂျင်နီယာ မဟုတ်ပေမယ့် မိခင်နို့နဲ့ အနီး အဝတ်အစား ပြည့်စုံခဲ့တယ်။ သားကို လောကကြီးကို ချစ်တတ်အောင်၊ လောကကြီးရဲ့ မိတ်ဆွေဖြစ်အောင် သွန်သင်ညွှန်ပြမယ့်စိတ်ကူးတွေ အများကြီး ရှိခဲ့တယ်။

ဗကသ (၇ ဇူလိုင်) ကျောင်းသားခေါင်းဆောင် ဦးလှရွှေနဲ့ ကျွန်မတို့က မနီးမဝေး အတူနေပြီး မိသားစုဆက်ဆံရေးက နှစ်ပေါင်းများစွာ ကြာခဲ့တာ။ ဦးလေး ဦးလှရွှေရဲ့ ‘အသိတရား ဘယ်ကလာလဲ–ပတ်ဝန်းကျင်က လာတယ်။ လူဆိုတာ ကိုယ့်ကိုယ်ကို နေရာချတတ်ရတယ်’ ဆိုတဲ့စကားနဲ့ ကျွန်မတို့ ကြီးပြင်းရသလို သားကို ဒီပတ်ဝန်းကျင်က ပြုစုပျိုးထောင်မယ်ပေါ့။

သားငယ်ငယ်မှာ သားကို ပခုံးထမ်းပြီး ဒေါ်အောင်ဆန်းစုကြည်နေအိမ်ခြံရှေ့ တရားပွဲကို အပတ်စဉ်သွားရောက် နားထောင်

ရင်း သားကို မြင်ရသူတွေက ချစ်စရာလေးလို့ ပြောတတ်ကြတယ်။ ဒီစကားကြောင့် ကျွန်မတို့ ပျော်ရတဲ့အပျော်ကလည်း ဘာနဲ့မှ မတူခဲ့ပါဘူး။ ဦးလေး ဦးလှရွှေက “ငါ့မြေး…ကမ္ဘာကြီးကို ကယ်တင်မှာလား။ ကိုယ့်ကိုယ်ကို ကယ်တင်မှာလား”လို့မေးရင်လည်း သားက “ကမ္ဘာကြီးကိုလည်း ကယ်တင်မယ်၊ ကိုယ့်ကိုယ်ကိုလည်း ကယ်တင်မယ်” လို့ ပြောတတ်သေးတယ်။

ကျွန်မတို့နိုင်ငံမှာ ခေတ်ဆိုးစနစ်ဆိုးက ကောင်းကင်လို မိုးထားပါတယ်။ မတရားတဲ့ လူ့ပတ်ဝန်းကျင်ကို တရားမျှတတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပုံဖော်ထုဆစ်ဖို့ဟာ လူသားရဲ့ သမိုင်းပေးတာဝန်ပါ။ ဒီသမိုင်းတာဝန်ကို ခင်ပွန်းသည်က ဘဝနဲ့ရင်းပြီး ထမ်းဆောင်လိုက်တယ်။ အဲဒီအချိန်မှာ သားလေးက (၄) နှစ်ပဲ ရှိပါသေးတယ်။ သူ့ကို နေ့စဉ် ချီပိုး၊ အဆိုတော်စံလင်းရဲ့ “ကဗျာမမီ စာမမီ”သီချင်းနဲ့ ချော့သိပ်တတ်တဲ့၊ အလုပ်က ပြန်လာရင် ကစားစရာနဲ့ မုန့်တွေ ဝယ် လာတတ်တဲ့ ဖခင်နဲ့သားရဲ့ချစ်ခြင်းကို ခေတ်စနစ်က ခွဲလိုက်ပါတော့တယ်။ သူ့အဖိုး ဦးလှရွှေရော၊ သူ့ဖခင်ကိုပါ မတွေ့တော့ သားက မေးပါတယ်။ သားကို ကျွန်မတို့က ‘ခရီးဝေး သွားနေကြတယ်’လို့ ဖြေခဲ့ကြတယ်။

လချီကြာပြီးနောက် သတင်းစာ ရှင်းလင်းပွဲမှာ ဦးလေးဦးလှရွှေ၊ ကိုခွန်စိုင်း၊ ကိုအောင်ထွန်း၊ ကိုဆက်အောင်နိုင်တို့နဲ့အတူ သားဖေဖေ အကြောင်း မြန်မာ့ရုပ်မြင်သံကြားက ပါလာတဲ့ အချိန်မှာ သားက အိပ်ပျော်နေပြီ။ နောက်နေ့ သတင်းစာဝယ်ပြီး ကျွန်မတို့လူကြီးတွေ ခေါင်းချင်းရိုက်နေတဲ့အချိန်မှာ သားက မုန့်စားရင်း ငေးကြည့်နေတယ်။ ပြီးတော့ ကျွန်မတို့ဆီ ရောက်လာပြီး လူအများကြီးထဲက သူ့ဖခင်ပုံကို လက်ညှိုးလေးနဲ့ ထောက်ပြရှာတယ်။

ငယ်ရွယ်နုနယ်သေးတဲ့ သားနှလုံးသား နုနုလေး စနစ်ဆိုးကြောင့် ကွဲရှနာကျင်ခဲ့ရတယ်။ အင်းစိန် အကျဉ်းထောင်ကို ထောင်ဝင်စာတွေ့ဖို့ ကြိုးစားရတော့လည်း သား ပါခဲ့တယ်။ ထောင်ဝင်စာ တကြိမ်မှ မတွေ့ရဘဲ နယ်ဝေးထောင်ကို ပို့လိုက်တော့ သားလေးက ဖခင်ကို ခွဲရတဲ့အပြင် မိခင်ကိုပါ ထပ်မံခွဲရပြန်ပါတယ်။

ရန်ကုန်ကနေ ကလေးမြို့အထိ သွားနိုင်ဖို့ လမ်းစရိတ်၊ ထောင်ဝင်စာပေးနိုင်ဖို့ငွေကြေး၊ ကျွန်မတို့သားအမိ သူ့ဖခင်နဲ့ (၁၄) နှစ်ကြာ ဝေးရမယ့်အချိန်မှာ ရပ်တည်နိုင်ဖို့ငွေကြေး… စတာတွေအတွက် ကျွန်မ ရုန်းကန်ရှာဖွေနိုင်ဖို့ သားကို ခွဲပြီး ကလေး–တမူးမှာ ဈေးရောင်းရင်း ထောင်ဝင်စာတွေ့နိုင်ဖို့ ကြိုးစားရပါတယ်။

ကျွန်မဒေါ်လေးက တမူးမှာ ဈေးရောင်းဖူးတာမို့ ကလေး–တမူးမှာ ဈေးရောင်းဖို့ အကြံ ပေးခဲ့တာပါ။ ရန်ကုန်ကနေ ကလေးဝတ်ဘောင်းဘီတွေ ဒါဇင်ရာချီပြီး ဝယ်သွားရပါတယ်။ ပစ္စည်းတွေ ထုပ်ပိုးနေချိန်မှာ သားက သူ့အဘွားနားကို ကပ်ပြောပါတယ်။ သူ သိပ်ကြိုက်တဲ့ ပါဝါရိန်းဂျား အရုပ်လေးကို ကိုင်ပြီး “ဘွားဘွား…ဖေကြီးနဲ့တွေ့ရင် ပါဝါရိန်းဂျား အရုပ်ကလေး ပေးလိုက်ပါနော်…။ သားကို သတိ ရတိုင်း ထုတ်ကြည့်လို့…”ပြောပါတယ်။ သား ရဲ့စကားက သူ့ဘွားလေး အသည်းနှလုံးကို ဆုပ်ကိုင်လိုက်သလိုပါပဲ။ အင်္ကျီလက်ဖျားနဲ့ မျက်ရည်သုတ်ရင်း “ငါ့မြေးလေး သနားလိုက်တာ။ အရွယ်နဲ့မမျှ လောကဓံ ခံရရှာတယ်” တဲ့။

လူမမယ် သားလေးကို ခွဲပြီး လောကသစ်ကို ရင်ဆိုင်ဖို့ ခရီးထွက်ခဲ့တဲ့အချိန်မှာ ဘွားအေနဲ့ ကျန်ခဲ့တဲ့ သားကို လွမ်းတဲ့စိတ်၊ တခါမှ ထောင်ဝင်စာမတွေ့ဘဲ နယ်ဝေးထောင်မှာ ရောက်နေတဲ့ ခင်ပွန်း…ဘယ်လို နေထိုင်မလဲ၊ ကျန်းမာရေးမှ ကောင်းပါ့မလား–ဆိုတဲ့စိတ်က သားနဲ့ခင်ပွန်းဆီ တလှည့်စီ ရောက်နေတယ်။ ရုပ်ကသာ ကား–ရထားပေါ်မှာ။ အတွေ့အကြုံသစ်၊ နေရာသစ်၊ ဒေသသစ်မှာ ကျွန်မအတွက် အားလုံး အားလုံး အသစ်အသစ်တွေပါပဲ။

ဇွန်လတာ မိုးဦးကျမို့ ဝါးလုံးထိုး စီးဆင်းနေတဲ့ ချင်းတွင်းမြစ်ကို လှေနဲ့ ကန့်လန့်ဖြတ်ကူးရတဲ့အချိန်ကို ကျွန်မ အခုနေ ပြန်စဉ်းစား အခု ကြောက်ရတဲ့အဖြစ်။ မြန်မာပြည်ရဲ့ အနောက်မြောက် ချင်းတောင်တွေကြားက ကလေးအကျဉ်းထောင်ဟာ မိသားစု ဘဝတွေကို ကြေမွပျက်စီးစေတဲ့ နေရာပါ။ ထောင်ဝင်စာ အသားတံဆိပ် ဖြစ်ပေါ်လာတဲ့အထိ တွေ့နိုင်ဖို့ ကျွန်မ အိန္ဒိယ–မြန်မာ နယ်စပ်မျဉ်းဘေးက နန်းဖာလုံဈေးမှာ ဈေးရောင်းခဲ့ရပါတယ်။

အိန္ဒိယပြည်နယ်(ဖ၀)က ကသည်း လူမျိုးအများစုကို ဈေးရောင်းနိုင်ဖို့ ကသည်း စကားကိုလည်း ကျွန်မ ကျက်ရပါတယ်။ ဒီလို မိုးရာသီမှာ သားလေး သွေးလွန်တုပ်ကွေးများ ဖြစ်နေမလား၊ အဖေအမေကို လွမ်းပြီး အားငယ်နေမလား။ ထောင်မှာ ဆေးမရှိ၊ အားရှိတဲ့ ဓာတ်စာမရှိ၊ ငှက်ဖျားဖြစ်နေကြတဲ့ ခင်ပွန်းသည်နဲ့အတူ ဘဝတူရဲဘော်တွေ အဖိတ်အစင် ဖြစ်ကုန်ရင်– –ဆိုတဲ့အတွေးဟာ ကျွန်မကိုတလှည့်စီ ခြောက်လှန့်နေပါတယ်။

သားနဲ့ခင်ပွန်းကို တလှည့်စီလွမ်းရင်း ကျလာတဲ့ မျက်ရည်ဟာ မိုးရည်အဖြစ်ပြောင်းပြီး သည်းသည်းမည်းမည်း ရွာလို့ အိန္ဒိယထဲက ‘မိုရေးတောင်ကြီး’တွေ ရွှဲရွှဲစိုခဲ့ရတယ်။ မြန်မာပြည်နဲ့ အိန္ဒိယနယ်စပ်ကို ခြားထားတဲ့ နန်းကသည်းချောင်းကြီးလည်း ပြည့်လျှံသွားခဲ့ရတယ်။ ကျွန်မတို့အားလုံး ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ တရားမျှတခြင်းတွေရှိတဲ့ အချိန်ကာလ နေရာဒေသတွေမှာ အကျိုးရှိတဲ့၊ စိတ်ချမ်းမြေ့ပျော်ရွှင်တဲ့ အလုပ်တွေသာ လုပ်နေရရင် ဘယ်လောက်ကြည်နူးဝမ်းသာစရာ ကောင်းလိုက်မလဲ။ အခုတော့ အဝေးပြေးလမ်းမကြီးမှာ အလွမ်းဒဏ်ရာတွေနဲ့ ကျွန်မ မနားမနေ ပြေးခဲ့ရတာ။ သားလေးလည်း မိခင်ဖခင်နဲ့အတူ ဝေမျှခံစားခဲ့ရတယ်၊

သားကို ကျောင်းစအပ်တဲ့နေ့မှာ သားဟာ တခြားကလေးတွေထက် ပိုလို့ ရဲရင့်နေတယ်။ ကျောင်းဝတ်စုံ အဖြူအစိမ်းနဲ့ ကျောပိုးအိတ်လွယ်၊ ထမင်းချိုင့်လက်ဆွဲထားတဲ့သားဟာ ကျောင်းထဲအထိ မိခင်ကျွန်မကို အဝင်မခံပါဘူး။ သူ့ကိုယ်သူ မာန်တင်းပြီး “မေကြီး… ပြန်တော့”ဆိုပြီး ကျွန်မကို စတင်ကျောခိုင်းသွားပါတယ်။ တခြားကလေးတွေကတော့ စာသင်ခန်းထဲ တယောက်တည်း မဝင်ချင်လို့ မိခင်ကို တွယ်ဖက်ပြီး ငိုတဲ့ကလေးက ငိုကြတယ်။ တချို့ ကလေးတွေက မိခင်ဖခင်ကို မပြန်နဲ့ဦးလို့ တားကြသေးတယ်။ သားရဲ့ သူငယ်တန်းဆရာမ ဒေါ်ပို့ပို့နဲ့ ကျွန်မ ရင်းနှီးခဲ့ရတာကလည်း သားကြောင့်ပါပဲ။ လုပ်သက် နှစ်(၂၀) ရှိပြီဖြစ်တဲ့ ဆရာမက သားရဲ့ထူးခြားတဲ့အမူအရာကို အကဲခတ်နိုင်ခဲ့တယ်။ “ရောင်စုံ ဘောလုံး…တလုံး ငါးပြား”ဆိုတဲ့ ကလေးကဗျာကို သားက လိုက်မဆိုဘူး။ ကလေးက တခြားကလေးတွေနဲ့ မတူဘူး။ ရွှင်ရွှင်လန်းလန်း မရှိဘူးတဲ့။ သားကို ကျွန်မက “ဘာလို့လိုက်မဆိုတာလဲ သားရဲ့… ကဗျာဆိုတာ ပျော်စရာကောင်းတယ်”လို့ ပြောတော့ “ဘောလုံးက တလုံးငါးပြားမှ မဟုတ်တာ–မေကြီးကလည်း။ တလုံးငါးဆယ်ပါ”တဲ့။ ဒီလို ကတ်သီးကတ်သတ်တွေကိုလည်း သားက ပြောတတ်တယ်။

ကျွန်မ ဈေးရောင်းပြီး ထောင်ဝင်စာတွေ့ရတဲ့ ဆယ်စုနှစ်တခုစာမှာ သားကို လခြားပြီး ခွဲရတာ အကြိမ်ကြိမ်ပါ။ အသက်နဲ့မမျှ ခွဲခွာခြင်းတွေကို ခံစားရတဲ့သားက ကျွန်မခရီးထွက်ရတဲ့ မနက်စောစောဆို နိုးနေတတ်တယ်။ “မေကြီး…တာ့တာ”လို့ အိမ်ပေါ်ထပ်ကနေ လက်ပြနှုတ်ဆက်တဲ့ သားအသံက တုန်တုန်ရီရီ။ ငိုသံမဲ့မဲ့နဲ့ နှုတ်ဆက်နေတဲ့သားကို ကျွန်မ အသံမပြုနိုင်ခဲ့ဘူး။ ဒီလိုသားက မနက်စောစောကြီး ကျွန်မချွတ်ခဲ့တဲ့ ညဝတ်အင်္ကျီကို သူ့ဖွားဖွား လျှော်မယ်ဆိုတော့ အလျှော်မခံပါဘူး။ “သား

ရယ်…ချေးနံ့တွေနဲ့နံတယ်။ ရွှံစရာ ကြီး''လို့ ပြောလည်း မရဘူး။ ''ဘွားဘွားရယ်… မေကြီး ချွေးနံ့ရတော့ သား အလွမ်းပြေတာပေါ့''တဲ့။ သားက ချွေးနံ့ထဲမှာ မေတ္တာတရားတွေ ရှိတယ်ဆိုတာ ကျွန်မကို အသိပေးခဲ့တဲ့ သူပေါ့။

သားက ထောင်ဝင်စာ သွားတွေ့မယ့် ကျွန်မကို သူ့ဖေဖေဆီ စာရေးပေးတတ်တယ်။ လေးကြောင်းမျဉ်းနဲ့ ရေးထားတဲ့ သားလက်ရေးတွေဟာ သိပ်ကို လှနေတတ်တယ်။ အကြောင်းအရာတွေထဲမှာ သူ့မှာ သူငယ်ချင်း ဘယ်နှစ်ယောက် ရှိတယ်။ သူ ဘောလုံးကစားတယ်။ ဖေကြီးနဲ့အတူ အားလုံး ကျန်းမာပါစေ၊ သားလည်း ကျန်းမာပါစေလို့ စာရေးပေးတတ်တယ်။ မေကြီးအပြန် အရုပ် ဝယ်ပေးလိုက်ပါ–လို့ ပူဆာရင် သူ့ဖေဖေ့ရဲဘော်တွေက ကာဘော်လစ်ဆပ်ပြာနဲ့ လုပ်ထားတဲ့ အရုပ်လေးတွေ ထောင်ဝင်စာမှာ ပေးတတ်တယ်။ ဒါကို သားက သူ့သူငယ်ချင်းတွေကို ပြပြီး ကြွားရတာ အမော။

ကျွန်မ ထောင်ဝင်စာက ပြန်လာရင် ဒေါ်အောင်ဆန်းစုကြည်ကို ကလေးအကျဉ်းထောင်နဲ့ ပတ်သက်တာတွေ ပြောပြရတယ်။ အန်တီစုကလည်း''သမီး ကလေးမြို့က ပြန်ရောက်တာနဲ့ အန်တီနဲ့ တွေ့ပါ''တဲ့။ ကျွန်မက ခရီးကအပြန် အထုပ်ချတာနဲ့ သားကို အတိုးချပြီး ဘယ်သွားသွား ခေါ်သွားတတ်တယ်။ ကျွန်မ မခေါ်လည်း သားက လိုက်တာပဲ။

ဒေါ်အောင်ဆန်းစုကြည်ကို ကလေး အကျဉ်းထောင်အကြောင်း အသေးစိတ်ပြောပြပြီး ''သမီးတို့ ပြန်လိုက်ပါဦးမယ်ရှင့်''လို့ နှုတ်ဆက်တဲ့အချိန်မှာ ဘေးကငြိမ်နေတဲ့သားက မထင်မှတ်တဲ့မေးခွန်း အန်တီစုကို မေးလိုက်ပါတယ်။ ''သားဖေကြီး ဘယ်တော့ ပြန်လွတ်မှာလဲ အန်တီ''။

မေးခွန်းတိုင်းကို ချက်ချင်း တုံ့ပြန်တတ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က ကလေးတယောက်ရဲ့ ခံစားချက်မေးခွန်းကို အချိန်ကြာကြာယူ စဉ်းစားပြီး သတိနဲ့ ဖြေလိုက်ပါတယ်။ ''သားဖေကြီး အမြန်ဆုံး လွတ်နိုင်ဖို့ အန်တီတို့ ကြိုးစားနေတယ်ဆိုရင် သားကျေနပ်မလား''ဆိုတော့ ''ဟုတ်ကဲ့ပါ''–တဲ့။ ဒီနောက်မှာတော့ ကျွန်မတို့ နိုင်ငံရေးအသိုင်းအဝိုင်းထဲမှာ သားကို ကလေးကိုယ်စားလှယ်–လို့ ချစ်စနိုး ခေါ်ကြတယ်။

နွေရာသီ ကျောင်းပိတ်ရက်ဆို သားက သိပ်ပျော်ပါတယ်။ တနှစ်တခါ သူ့ဖခင်နဲ့ ထောင်ဝင်စာ တွေ့ခွင့်ရလို့ပါပဲ။ မန္တလေးကနေ ကလေးမြို့ကို ကားနဲ့သွားရင် ဧရာဝတီမြစ်ကမ်းဘေးကနေ အမြဲဖြတ်ရပါတယ်။ ဂေါဝိန်ဆိပ်ဟာ သင်္ဘော၊ မော်တော်၊ ကုန်တင်ကုန်ချအလုပ်သမားတွေနဲ့ ရှုပ်ထွေးနေတတ်တယ်။ ဒီဂေါဝိန်ဆိပ်ဟာ သီပေါမင်းနဲ့ စုဖုရားလတ်တို့ ဘယ်တော့မှ မပြန်နိုင်တဲ့ ခွဲခွာခြင်းမျိုးနဲ့ ထွက်ခွာသွားရတဲ့ နေရာပါ။ ဂေါဝိန်ဆိပ်အကြောင်း သားကို ပြောထားလို့ သိနေပေမယ့် သားကို နေရာတကာ သိစေချင်၊ တတ်စေချင်စိတ် များတဲ့ မိခင်ကျွန်မက ကားပေါ်က မြင်ရတဲ့ ဂေါဝိန်ဆိပ်ကို လက်ညှိုးထိုး ပြမိတယ်။

သားက ချက်ချင်း ကျွန်မကို ပြန်မေးပါတယ်။ ''မေကြီး…ဘုရင်နဲ့ မိဖုရားကို ဘာလို့ ဖမ်းတာလဲ''တဲ့။ ကျွန်မက စာရေးသူပီပီ ''ပဒေသရာဇ်မန္တလေးကို ကိုလိုနီမန္တလေးဖြစ်အောင်လုပ်ဖို့ ဖမ်းတာပေါ့သားရဲ့''လို့ ဖြေမယ်စိတ်ကူးပေမယ့် မဖြေလိုက်ရပါဘူး။ ကားပြတင်းဝကနေ ဧရာဝတီကို သားငေးနေရာက''မပြောနဲ့မေကြီး…သားသိပြီ။ အရှုံးမပေးလို့ ဖမ်းတာ။ ကြောက်လို့ဖမ်းတာ''တဲ့။ ဒီစကားကို သားအဖ ပထမဆုံး တွေ့ရတဲ့နေ့က ထောင်ဝင်စာမှာ သူ့အဖေကို ပြောပြတော့ ထောက်လှမ်းရေးက သားကို မပြောဖို့ တားခဲ့သေးတယ်။

သံတိုင်၊ သံဇကာ နှစ်ထပ်နောက်က ခင်ပွန်းသည်ကတော့ စကားတတ်တဲ့သားကို ပြုံးရုံပဲ ပြုံးကြည့်နိုင်တယ်။ ဒါပေမဲ့ သားအဖေရဲ့ နှုတ်ခမ်းတွေက တကယ်ပြုံးမနေဘူးဆိုတာ ကျွန်မ သိတာပေါ့။ သုံးညနဲ့ လေးရက် ခရီးအပြင်းနှင်လာတဲ့ ကျွန်မတို့သားအမိနဲ့ ခင်ပွန်းသည်တို့ရဲ့ တွေ့ဆုံခြင်း ဆယ့်ငါးမိနစ်တာ ဆိုတာက တကယ့်ကို ခဏလေးပါ။ ထောင်ဝင်စာပိတ်ချိန် ပြန်ခါနီးသားက သူ့အဖေကို နမ်းချင်လို့ ခွင့်ပြုဖို့ အာဏာပိုင်ကို ပြောခဲ့ပါတယ်။

ထောင်ဝင်စာ ပစ္စည်းသွင်းတဲ့ တထွာသာသာ အပေါက်ကလေးကနေ သားက ခေါင်းလျှိုပေးရတာပါ။ သူ့အဖေ ငုံ့နမ်းပြီးတဲ့အချိန်မှာ သားခေါင်းလေး ပြန်ထုတ်လို့ မရတော့ဘူး။ သားအဖေကော ကျွန်မပါ လန့်သွားကြတယ်။ ထောင်ပိုင်တွေ၊ ထောက်လှမ်းရေးတွေလည်း ဘယ်လိုလုပ်ရမလဲလို့ အကြံအိုက်ကုန်ကြတယ်။ သားက ကလေးပီပီ လန့်ပြီး ငိုတာပေါ့။

သားအဖေက''သား…ဘာမှ မကြောက်နဲ့နော်။ စိတ်ကို ငြိမ်ငြိမ်ထား။ ခေါင်းလေးစောင်းပြီး ဖြည်းဖြည်းချင်းထုတ်။ တည့်တည့်မထုတ်နဲ့''ဆိုပြီး သားကို ချော့၊ သူ ကိုယ်တိုင် သားရဲ့ခေါင်းမနာအောင် လက်ချောင်းတွေနဲ့ ခုပေးထားတယ်။ အဲဒီမြင်ကွင်းကို ကြည့်ပြီး ခေတ်စနစ်ရဲ့ လောကခံလှိုင်းက ငါ့သားလေးကို ရိုက်ခတ်နေတာ တွေးမိပြီး နာနာကျင်ကျင် ခံစားလိုက်ရပါတယ်။

၂၀၀၂ နှစ်မှာ (၄၀၁) ကို လက်မှတ်ထိုးဖို့ ငြင်းဆန်ခဲ့တဲ့ သူ့ဖခင်အကြောင်း ကျွန်မကို သားက မေးပါတယ်။ ''မေကြီး…ဖေကြီးက သားကို မချစ်ဘူးလား''တဲ့။ သားက ချစ်ခြင်းဆိုတာကို အတူနေရခြင်း–လို့ ကလေးအတွေးနဲ့ ပုံဖော်ရှာတယ်။ သားကို ချစ်သလို သားလို ကလေးတွေကိုလည်း သိပ်ချစ်လို့ပေါ့ သားရယ်လို့။ သားကြီးရင်တော့ နားလည်မှာပါ။

၂၀၀၅ ခု၊ ဇူလိုင်(၆) ရက်မှာ သားဖခင် ပြန်လွတ်လာပါတယ်။ အဲဒီအချိန်မှာ သားက ၇–တန်း ကျောင်းသား ဖြစ်နေပါပြီ။ စစ်ကြောရေး၊ ထောင်တွင်းဖိနှိပ်မှုတွေကြောင့် သားဖခင်ဟာ နူးနူးညံ့ညံ့ ဖြစ်မလာတော့ပါဘူး။ ထောင်ထွက်တယောက်ရဲ့ အပြန်လမ်းဟာ လွမ်းစရာတွေ တနင့်တပိုးနဲ့ ပြန်လာခဲ့ရတယ်–ဆိုတဲ့ စကားအဓိပ္ပာယ်က သိပ်ကို ကျယ်ဝန်းပါတယ်။

မိသားစု ချစ်ခြင်းမေတ္တာတွေ၊ ပြည့်စုံသာယာခြင်းတွေကိုပါ စွန့်လွှတ်ခဲ့ရတာပါ။ ကျွန်မတို့ရဲ့ မပြည့်စုံခြင်းတွေကို သားက လူကြီးတယောက်လို နားလည်ပေးနိုင်ခဲ့တယ်။ အဲဒီအတွက် ကျွန်မတို့ ဇနီးခင်ပွန်းက သားကို ကျေးဇူးတင် လေးစားခဲ့ရပါတယ်။

သားက မိခင်ဖခင်ရဲ့ ဘဝလုံခြုံမှုကို အမြဲစိုးရိမ်နေရတဲ့ သူတယောက်ပါ။ ညဘက်ခွေးဟောင်ရင်…ဆိုင်ကယ်သံ ကြားရင်… မိဘတွေအရင် ခေါင်းထောင်တတ်တာ သားရဲ့ အကျင့်။ ''အိမ်ရှင်တို့''ဆိုတဲ့အသံက ခွဲခွာခြင်းရဲ့ နိမိတ်သံဆိုတာ အသွေးအသားထဲကနေ သားသိနေပါပြီ။

ဒီအဖြစ်ကို သားက ကျွန်မကို ဈေးသွားရင်း သူ့ခံစားချက်ကို ပြောပြတယ်။ ''မေကြီး –ဖေကြီးတို့ပြောတော့ ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်တယ်ဆို။ ဖေကြီးတို့ ကောင်းတာလုပ်တာ ခုထိလည်း ကောင်းကောင်း မနေရသေးဘူး'' သားမေးခွန်းကို ဖြေဖို့ သူ့အဖေကို လွှဲပေးလိုက်တယ်။

''သား…ဖေကြီးတို့ဖြစ်နေတာ ကံတရားကြောင့် မဟုတ်ဘူး။ စနစ်ကြောင့် ဖြစ်ရတာ။ သစ်သီးလေးတလုံး သီးနိုင်ဖို့ အချိန်တွေ အများကြီး ယူရတာ။ ပန်းကလေးတပွင့် ပွင့်ဖို့ အဆင့်ဆင့် တည်ဆောက်ရတာ။ တော်လှန်ရေးဆိုတာ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ စနစ်တခုကို စနစ်တကျ ဖြိုချဖျက်ဆီးပြီး စနစ်တကျ အသစ်

ပြန် တည်ဆောက်တာကို တော်လှန်ရေးလို့ ဆိုတယ်။ ဒီတော်လှန်ရေး မအောင်မြင်ခင်မှာတော့ သားတင် မဟုတ်ဘူး၊ မေကြီးတို့ ပြည်သူလူထုတွေရဲ့ဘဝ လုံခြုံမှုမရှိဘဲ ဆင်းရဲပင်ပန်းနေရဦးမှာ”

ခင်ပွန်းသည်ရဲ့ယုံကြည်ချက် အသည်းနှလုံး ပါးစပ်က ပွင့်ကျလာခဲ့ပါတယ်။ ဒီစကားကို စကားလို့ ကျွန်မ မယူဆနိုင်ခဲ့ပါဘူး။ ခင်ပွန်းသည်ရဲ့ ယုံကြည်ချက်အသည်းနှလုံးကို ထုတ်ပြလိုက်တာလို့ ကျွန်မ ယူဆလိုက်ပါတယ်။

ဒီလိုနဲ့ သားဟာ ၂၀၀၉ ဒီဇင်ဘာ(၁၅)ရက်မှာ ဆယ့်ခြောက်နှစ်တင်းတင်း ပြည့်ခဲ့ပါတယ်။ သားရဲ့ ဆယ့်ခြောက်နှစ်ပြည့်မွေးနေ့ကို ဒုက္ခသည်ဘဝနဲ့ ဖြတ်သန်းခဲ့ရပါပြီ။ သားက တော့ သူ့ရဲ့ဘဝကို နိုင်ငံရေးအကျဉ်းကျ မိသားစုဝင်အဖြစ် ဆယ်စုနှစ် ဖြတ်သန်းခဲ့ပြီး ယခုလည်း ဒုက္ခသည်ဘဝနဲ့ ဖြတ်သန်းနေရပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့ ဆင်းရဲဒုက္ခများက သားကို ရှင်သန်စေခဲ့ပါပြီ။

နိုင်ငံရေးသမားရဲ့ သားပီပီ သားရဲ့ဘဝဟာလည်း တည်ငြိမ်မှုမရှိခဲ့ပါဘူး။ လွတ်မြောက် နယ်မြေကို ကျွန်မတို့လာတဲ့အချိန်မှာ ကားပေါ်မှာ သားက ကျွန်မကို တိုးတိုးလေး ပြောပါ တယ်။ “မေကြီး…သားတို့ဘဝက ခုထိ မတည်ငြိမ်သေးဘူးနော်။ သားက ဆယ်တန်းမှာ ဂုဏ်ထူးအများကြီးရမယ်လို့ သူငယ်ချင်းတွေနဲ့ ပြိုင်နေကြတာ”တဲ့။ ကျောင်းစာအုပ်တွေတောင် ပါအောင် သယ်လာတဲ့ သားရဲ့ အနာဂတ်တွေကို ခိုင်မာစေရမယ်လို့ ကျွန်မ ကတိမပေးဝံ့ခဲ့ပါဘူး။

ခုလည်း ဆယ့်ခြောက်နှစ်ပြည့် သားရဲ့မွေးနေ့မှာ ဒုက္ခသည် မိဘနှစ်ပါးက မွေးနေ့လက်ဆောင် ရုပ်ဝတ္ထုပစ္စည်း ဘာမှ မပေးနိုင်ခဲ့ပါဘူး။ သားချော့တေးတပုဒ် ပေးနိုင်အောင် ကျွန်မတို့ ကြိုးစားရင်း သားမိဘနှစ်ပါး ဖြတ်သန်းနေတဲ့ ခေတ်ခရီးအတွေ့အကြုံကိုပဲ မွေးနေ့လက်ဆောင် ပေးပါရစေ။

“သားရေ…သားဟာ မေကြီးတို့နဲ့အတူ ခေတ်ခရီးကို အတူ လျှောက်နေရပြီ။ သား သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ…သားဟာ ခေတ်စနစ်ရဲ့ သားကောင်ပါပဲ။ ဒီခေတ်ခရီးမှာ သားအဘိုး၊ သားမိဘတွေဟာ လက်ဝါးဖြန့်သူတွေမဟုတ်၊ လက်သီး ဆုပ်သူတွေသာ ဖြစ်တယ်။ တောင်းခံသူတွေမဟုတ်။ တောင်းဆိုသူတွေသာ ဖြစ်တယ်။

လူသားဟာ မတရားဖိနှိပ်အုပ်ချုပ်တဲ့ ခေတ်ဆိုး စနစ်ဆိုးကို တွန်းလှန် အနိုင်ယူလို့ လူသားတယောက်ရဲ့ လွတ်လပ်ရှင်သန်မှုနဲ့အတူ လူ့တန်ဖိုးကို ဖော်ပြကြ တယ်။ သား လူ့တန်ဖိုးကို မှန်မှန်ကန်ကန် သိနိုင်ဖို့ အခြေခံအုတ်မြစ်ကို မိဘတွေက ချပေးခဲ့ပြီ။ အဆောက်အဦးကိုတော့ သားကိုယ်တိုင် ဆောက်ရလိမ့်မယ်”

နောင်လာမယ့် သားမွေးနေ့တွေမှာ နိုင်ငံမဲ့မွေးနေ့ရှင်အဖြစ် မဖြတ်သန်း စေချင်ပါဘူး။

ဒီစကား မှန်ကန်ခဲ့လျှင်… … … … …။

(၁၇)နှစ်ပြည့် သားမွေးနေ့သို့…

နှင်းပန်းအိမ်

စာမူရှင်များသို့

– ၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး၊ ပြည်သူ့အင်အားစုစည်းရေး ရည်မှန်းချက်ဖြင့် ‘အရေးတော်ပုံ ဂျာနယ်’ အတွက် စာမူများ ဖိတ်ခေါ်အပ်ပါတယ်။
– ‘အရေးတော်ပုံ ဂျာနယ်’ ကို တော်လှန်ရေးကာလတလျှောက် ရေရှည်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။
– ဆောင်းပါးများ၊ အနုပညာဖန်တီးမှုအမျိုးမျိုးနဲ့ ရသစာပေ၊ ကာတွန်းများ ပေးပို့နိုင်ပါတယ်။
– ဆောင်းပါးပါ အချက်အလက်များကတော့ ခိုင်မာတိကျဖို့ လိုပါတယ်။
ရည်ညွှန်း(Ref;) ဖို့ လိုရင် အတိအကျ ဖော်ပြဖို့လည်း လိုပါတယ်။
– စာမူပေးပို့ရင် swptbn@yahoo.com ဆိုတဲ့ လိပ်စာနဲ့ ပေးပို့နိုင်ပါတယ်။

လေးစားစွာဖြင့်…
စာတည်းအဖွဲ့

# နိုင်ဝင်းဆွေ သို့မဟုတ်

# အနုပညာမှော်ဝင်စားသူ



## အောင်ငြိမ်း

**နိုင်ဝင်းဆွေ သို့မဟုတ်**
**အနုပညာမှော်ဝင်စားသူ**

ကိုနိုင်ဝင်းဘဝစာမျက်နှာများရဲ့ နောက် ဆုံးခရီးကို ပြည့်ပြည့်စုံစုံသိမှ ကိုနိုင်ဝင်းကို မှန်မှန်ကန်ကန် နားလည်နိုင်မှာ ဖြစ်တဲ့အတွက် နိုင်ဝင်းဆွေရုပ်ပုံလွှာကို အလွမ်းခေါင်းခံနဲ့ရေးပါတယ်။

ကိုနိုင်ဝင်းဟာ တကယ်တော့ အနုပညာမှော်ဝင်စားသူပါ။ သူ့ရုပ်ပုံလွှာ တစိတ်တပိုင်းကို ပြည်ပမှာထုတ်ဝေတဲ့ နိုင်ဝင်းဆွေအမှတ်တရစာအုပ်မှာ "မိုင်းယန်းတိုက်ပွဲကြားက ကိုနိုင်ဝင်းဆွေ" ဆိုတဲ့ခေါင်းစဉ်နဲ့ ကျွန်တော် ဆောင်းပါးတပုဒ်ရေးခဲ့တယ်။ '၈' လေးလုံးကာလ စစ်ပွဲကြားမှာ ပျော်ရွှင်တက်ကြွလန်းဆန်းနေတဲ့ သူ့ရဲ့ပုံရိပ်ပါ။ စစ်ရဲ့အနိဋ္ဌာရုံတွေကြား ဖြတ်သန်းနေရသော်လည်း သူ့ရဲ့ဇာတိစိတ်က လွတ်လပ်မှုနဲ့ ငြိမ်းချမ်းရေးပါ။ သူဟာရိုးသားတယ် အနုပညာကိုချစ်တယ် စိတ်ခံစားလွယ်တယ် မကောက်ကျစ်ဘူး။ ဒါတွေကကိုနိုင်ဝင်းကို ချစ်ခင်နှစ်လို့ဖွယ် လူတယောက်ဖြစ်လာစေခဲ့တယ်လို့ကျွန်တော်ထင်တယ်။

၁၉၇၂ မြောက်ဥက္ကလာ ကျောက်ရေတွင်း ကိုနိုင်ဝင်းရဲ့ နှင်းဆီခြံမှာ သူ့ကိုကျွန်တော် စတင်သိကျွမ်းပါတယ်။ ဆရာဒဂုန်တာရာ ထိန်းကြောင်းပေးတဲ့ "ဆည်းဆာ" စာပေဝိုင်းမှာဖြစ်တယ်။ ထိုအချိန်က သူဟာ "မဟူရာမေတ္တာ" "မသိန်းရှင်" "နွေတည" "မြစ်ပယ်ရုံ" စတဲ့ ဝတ္ထုများနဲ့ ထင်ရှားနေသူပါ။ တောင်ငူ ကျေးလက်သားဖြစ်သော်လည်း အညာသား လို ညိုမှောင်တဲ့အသားအရေနဲ့ နှစ်လိုဖွယ်ပြုံးတတ်သူပါ။ ကျွန်တော်တို့ လူငယ်စိတ်နဲ့ ရဲဘော်လိုဆက်ဆံရင်း စာပေ အနုပညာ နိုင်ငံရေး မဓောနိုင်မပန်းနိုင် ဆွေးနွေးခဲ့ကြတယ်။ တယောက်နဲ့တယောက် ဘဝဖြတ်သန်းမှုများကိုလည်း ရိုးသားမှုအရင်းခံစိတ်နဲ့ ဖလှယ်ခဲ့ကြတယ်။

ဒီနောက်ကိုနိုင်ဝင်းတယောက် မော်စီတုန်းလက်ရွေးစင်ကျမ်း မြန်မာဘာသာပြန် လေးတွဲရှစ်အုပ်ကို သယ်ဆောင်ပြီး ရွာပြန်သွားတယ် ကြားရတယ်။ ပြန်တွေ့တဲ့အခါ ကျွန်တော့ဘဝဟာ အခုမှ အဓိပ္ပာယ်ရှိရှိနဲ့ စတင်တယ်လို့ ကိုနိုင်ဝင်းတယောက် တွေ့တဲ့ရဲဘော်တိုင်းကို ပြောနေတော့တယ်။ ကိုနိုင်ဝင်းတယောက် အနုပညာတင်မက နိုင်ငံရေးကိုပါ ဝင်စားသွားပါပြီ။ ၇၄-၇၅-၇၆ အုံကြွမှုများကို ဖြတ်သန်းလိုက်ရတဲ့အခါ ကိုနိုင်ဝင်းဟာ ခေတ်ပြိုင်လူငယ်တိုင်းလိုပဲ လူတန်းစားတိုက်ပွဲနဲ့ တော်လှန်ရေးကို စိတ်အားထက်သန်လာပါတယ်။

ဒီနောက်ကိုနိုင်ဝင်းတယောက် "မိုးကြိုးမုန်တိုင်း" ထဲမှာ လွင့်မျောသွားရင်း ကျွန်တော်တို့ အဆက်ပြတ်သွားတယ်။ ၁၉၈၀ နှစ်ကုန်ပိုင်းမှာ ကျွန်တော်တို့ 'ပန်ဆန်း' မှာပြန်ဆုံကြတယ်။ တခရီးထဲသွားနေကြရင် ဘယ်လမ်းကသွားသွား တနေရာမှာ ပြန်ဆုံကြတာပဲမဟုတ်လား။

(နှစ်)

ကိုနိုင်ဝင်းတယောက် ရဲဘော်ကျော်ဆိုင်အဖြစ် ပြည်သူ့အသံဆောင်းပါးရှင် စစ်သတင်းထောက် အမြောက်တပ်သား သုံ့ပန်းပညာပေးနိုင်ငံရေးကေဒါ၊ ပြဇာတ် ဒါရိုက်တာမင်းသား ကျေးလက်လူထုဘဝလေ့လာရေးစတဲ့ အလုပ်တာဝန်မျိုးစုံ ထမ်းဆောင်နေပါပြီ။ စစ်အာဏာရှင်စနစ်အောက် မတော်မတရားမှုများနဲ့ အဓမ္မမှုများကို ကြုံတွေ့ဖြတ်သန်းလာခဲ့ရတဲ့ ကျွန်တော်တို့မျိုးဆက်ဟာ လွတ်လပ်မှုနဲ့ ငြိမ်းချမ်းမှုကို လက်ဖြန့်ခံတောင်းနေလို့မရ တိုက်ယူမှရမယ် ဆိုတာကို ဘဝ အရသိမြင်လာကြတယ်။

ကိုနိုင်ဝင်းဟာ ၁၉၈၀ ဇူလိုင် မိုင်းယောင်းတိုက်ပွဲမှာ စစ်သတင်း ထောက် အဖြစ်ပါခဲ့တယ်။ မိုင်းယောင်းကို ဗကပ အရှေ့မြောက်တပ်က ခဏခဏတိုက်ခဲ့ဖူးတဲ့အနက် ယခုတိုက်ပွဲဟာ "မင်းရန်အောင်ထိုးစစ်" ကာလ တိုက်ပွဲကြီးတပွဲဖြစ်ပါတယ်။ မိုင်းယောင်း ၈၈၁ ဗျူဟာကုန်းကိုသိမ်းပြီး စစ်အစိုးရစစ်စခန်းများနဲ့ စစ်လက်နက်ယန္တရားများကို မီးတင်ရှို့ခဲ့တဲ့အတွက် မိုင်းယောင်းတမြို့လုံး မီးဟုန်းဟုန်းတောက်သွားတာကို သူဟာ

မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတယ်။ သို့ပန်းအမြောက်အမြား ဖမ်းမိတယ်။ လက်နက်တွေ သယ်နိုင်သမျှ သယ်ခဲ့တယ်။ ထိုစဉ်က ၈၈ တပ်မမှူးက ဗိုလ်သန်းရွှေ (ယခု တပ်ချုပ်ကြီး) ဖြစ်ပြီး ၈၈၁ ဗျူဟာမှူးက ဗိုလ်ထွန်းကြည် (အလယ်ပိုင်းတိုင်းမှူး– ငြိမ်း)ဖြစ်တယ်။

၁၉၈၂ လွယ်ပန်လုံတိုက်ပွဲမှာ ကိုနိုင်ဝင်းဟာ ၁၂၀ မမအမြောက် တပ်ဖွဲ့ဝင်အဖြစ် ၁၂၀ ကို ကိုယ်တိုင်ပစ်ခဲ့သူပါ။ လူတယောက် အမြောက်ကျည် တတောင့်သာ သယ်နိုင်အောင်လေးတဲ့ ၁၂၀ ကျည်များကို သူကိုယ်တိုင် ပြည်သူ့စစ်များနဲ့အတူ ရှေ့တန်းသို့ထမ်းပိုးပြီး ကိုယ်တိုင် ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ တခြားတိုက်ပွဲတွေလည်း ရှိပါသေးတယ်။ မမှတ်မိတော့ပါ။ စစ်ရဲ့အနိဋ္ဌာရုံကို စစ်သားတယောက်က ပိုသိပါတယ်။ စစ်နင်းခံရတဲ့လူထုတွေရဲ့ ဘဝကို အစာနာနိုင်ဆုံးနဲ့ မတရားမှုကိုအမုန်းတီးဆုံးလူဟာ ကိုနိုင်ဝင်းလို တော်လှန်ရေးစစ်သည်တဦး ဖြစ်နေတာ မထူးဆန်းပေဘူးလား။

ကိုနိုင်ဝင်းဟာ တော်လှန်ရေးထဲမှာ ပြဇာတ်တွေအများကြီး ကခဲ့တယ်။ သူကိုယ်တိုင်ရေး သူကိုယ်တိုင် ဒါရိုက် တာမင်းသားလုပ်ပြီး ကခဲ့တာတွေလည်း အများကြီးပါ။ သူ့ရဲ့အနုပညာစိတ် ကြီးမားမှုကို ဒီနေရာမှာတွေ့ရတယ်။ သူဟာ ဒါနဲ့တင် အားမရသေးဘူး။ စစ်နဲ့တော်လှန်ရေးကို ဖြတ်သန်းနေတဲ့ ခေတ်ပြိုင်ဂန္ထဝင်ဝတ္ထုကြီးမျိုးကိုလည်း ရေးလိုတယ်။ ဟဲမင်းဝေးရဲ့ “ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံ”ဆိုတဲ့ ဝတ္ထုမျိုး ဖြစ်ပါတယ်။ သူ့ရဲ့ညီညာတဲ့ လက်ရေးနဲ့ ရေးလက်စစာမူတချို့ကို ကျွန်တော့်ကိုဖတ်ဖို့လာပေးတယ်။ သူနဲ့ကျွန်တော်ဖြတ် သန်းခဲ့တဲ့ လူငယ်ဘဝစာပေလှုပ်ရှားမှု ပုံရိပ်များကိုလည်း ရေးဖို့ တိုက်တွန်းတယ်။ ဒါပေမဲ့ ကျွန်တော်မရေးဖြစ်ပါဘူး။ သူ့လောက် ကျွန်တော်အနုပညာမှော် မဝင်စားဘူး။

၁၉၈၄ ထဲမှာ ကိုနိုင်ဝင်းဟာ ဝတောင် ပန်မလန်းရွာသူ ဝအမျိုးသမီး မဂျုံနဲ့အိမ်ထောင်ကျတယ်။ သူတို့လင်မယား စပယ်တောစခန်းက ရဲဘော်တွေ ရှင်းလင်းပေးထားတဲ့ ရိက္ခာဂိုဒေါင်ဟောင်းမှာ လာနေကြတယ်။ မဂျုံဟာ အရပ်သူတယောက်ဖြစ်သော်လည်း အဖွဲ့အစည်းက ကိုနိုင်ဝင်းကို ထောက်ထားပြီး ရဲဘော်တယောက်ရသင့်တဲ့ ပုံစံအတိုင်း ရိက္ခာထုတ်ပေးပါတယ်။ ကျွန်တော်က သူ့အိမ်နဲ့တွဲလျက် အဖီချထားတဲ့ အခန်းလေးမှာနေနေတယ်။ ‘ကြားသုံးကြား’မဝင်နဲ့လို့ မြန်မာစကား ရှိသော်လည်း ကိုနိုင်ဝင်းဟာ သူတို့လင်မယားကြား ကျွန်တော့်ကို ဆွဲထည့်လေ့ရှိတယ်။ မဂျုံစိတ်ကောက်ရင် ကျွန်တော့ဆီလာ အပူကပ်တယ်။

“လုပ်ပါဦးဗျ ပြောပေးစမ်းပါဦး”

“ကျုပ်ကဘာပြောပေးရမှာလဲ၊ ခင်ဗျားမိန်းမ ခင်ဗျားချော့ပေါ့ဗျ”

“ကျုပ်ကလဲ မချော့တတ်ဘူးဗျ၊ ခင်ဗျားဝင်ပြောပေးစမ်းပါ”

“ကျုပ်က ဘာဝင်ပြောပေးရမှာလဲ”

“ဒီလိုဗျာ စခန်းထဲမှာ ရဲဘော်ချင်းရန်မဖြစ်ရဘူး၊ ရန်ဖြစ်ရင် အရေးယူခံရမယ်ပေါ့၊ ခင်ဗျားဟာ ဒီစခန်းမှာ ဗိုလ်လုံ(ဗိုလ်ကြီး) ဖြစ်တယ်လို့ ကျွန်တော်ပြောထားတယ်၊ ဗိုလ်လုံကပြောရင် သူကြောက်တယ်ဗျ၊ ကျွန်တော့ကိုတော့ သူမကြောက်ဘူး”

“ခင်ဗျားဟာက မဟုတ်သေးပါဘူး”

“ဟုတ်ဟုတ်၊ မဟုတ်ဟုတ်ဗျာ လုပ်စမ်းပါ”

ဒီလိုနဲ့သူတို့လင်မယားကြား ကျွန်တော်အရပ်လူကြီး မကြာခဏဝင်လုပ်ခဲ့ရတယ်။ ‘ကြား’ဝင်မိတဲ့ ကျွန်တော်ဟာ မကြာခင် ဒုက္ခတွေ့တော့တာပဲ။ ကျွန်တော့်အခန်းထဲမှာ စာဖတ်ရင်(အထူးသဖြင့် အင်္ဂလိပ်စာဖတ်ရင်) အသံတိုးတိုးထွက်ပြီး ဖတ်လေ့ရှိတယ်။ တနေ့တော့ မဂျုံဟာ ကျွန်တော့ကို ကြည့်ကွက်ကြည့်ကွက်နဲ့ ရယ်ရယ်နေတယ်။ ကိုနိုင်ဝင်းကလည်း ပြုံးဖြီးဖြီးလုပ်နေတယ်။ ဒီလင်မယား မှုမမှန်ဘူး ဘာဖြစ်နေပါလိမ့်၊ ကိုနိုင်ဝင်းကို မေးတော့…

“ခင်ဗျားဟာ စိတ်ကောင်းရှိပေမယ့် စိတ်သိပ်မမှန်ဘူး၊ ကြည့်ပါလား တယောက်တည်း စကားပြောပြောနေတာ၊ ဒါကြောင့်ခဏခဏ စိတ်ကောက်ပြီး ရန်မဖြစ်နဲ့၊ ကြောက်စရာကောင်းတယ်လို့ ကျွန်တော် ပြောထားတာ”

“လုပ်ပြီ ခင်ဗျားကတော့၊ နောက်မဂျုံစိတ်ကောက်ရင် ကျွန်တော့်လာမခေါ်နဲ့တော့”။ မဂျုံကလည်း ကြောက်တဲ့ အမူအယာ လုပ်ပြတယ်။ ကိုယ့်ဆရာ သဘောကျပြီး မျက်နှာကြီးပြဲနေအောင် ရယ်နေပါတော့တယ်။

(သုံး)

မဂျုံက ကိုနိုင်ဝင်းအပေါ်သာ စိတ်ကောက်တတ်တာဖြစ်ပြီး တခြားရဲဘော်များပေါ်မှာ စိတ်ကောက်တာ မရှိဘူး။ ခင်ခင်မင်မင်ရှိတယ်၊ ရိုးသားတယ်။ ရဲဘော်တိုင်းကခင်ကြတယ်။ မဂျုံဟာ ဗမာရဲဘော်တွေကြား အနေကြာတော့ ဗမာစကားကောင်းကောင်းတတ်လာတယ်။ ကိုနိုင်ဝင်းလည်း မဂျုံကို ချော့ရ (ဖြီးရ)ဖို့ ရှမ်းစကား တော်တော်ပြောတတ်လာတယ်။ ဒါပေမဲ့ ကိုနိုင်ဝင်းလည်း စိတ်ကောက်တတ်တာပဲ။ သူ့စိတ်နဲ့မတွေ့တဲ့အခါ သုန်သုန်မှုန်နဲ့ ဖြစ်တတ်တယ်။ ကျွန်တော် နှစ်ကြိမ်လောက် ကြုံဖူးတယ်။

တကြိမ်က သူ့ကို ကျွန်တော်က ဆရာကြီးလို့ ခေါ်မိတာကို မကျေနပ်လို့ ကလာပ်စည်းဆွေးနွေးပွဲမှာ “ဒါဟာ သဘောထားပြဿနာဖြစ်တယ်”ဆိုပြီး စွဲချက်တင်တော့တာပဲ။ သူ ဘာအခံနဲ့ ဒီလိုပြောသလဲ ကျွန်တော် မသိဘူး။ သူကကျွန်တော့်ကို ဆရာကြီးလို့ ခေါ်လိုက် ဗိုလ်လုံလို့ခေါ်လိုက် စိတ်ရှင်ရင်ရှင်သလို ခေါ်နေတာပါ။ ကျွန်တော်ကလည်း တခါတလေ ခင်မင်သမှုနဲ့ ခေါ်နေတာပဲ။ ကလာပ်စည်းအတွင်းရေးမှူးက ကျွန်တော့်ကို တောင်းပန်ဖို့ ပြောလာတော့ ကျွန်တော်လည်း ဒေါပွပြီး မတောင်းပန်နိုင်ကြောင်း၊ ဘာသဘောထားမှမရှိဘူး၊ ခါတိုင်းလည်း သူကောကိုယ်ကော ဒီလိုပဲ တခါတလေ ခင်မင်သမှုနဲ့ ခေါ်နေကြတာဖြစ်ကြောင်း ပြန်ပြောလိုက်တယ်။

နောက်တကြိမ်ကတော့ ကျွန်တော်ကောင်းကောင်းတောင် မမှတ်မိတော့ဘူး။ စကားထိုင်ပြောနေရင်းကနေ ကျွန်တော်က သူ့အနုပညာကို စော်ကားတယ်ဆိုပြီး ကျွန်တော့ကို ဒေါပွတော့တာပဲ။ ပြောနေကြတာတွေက အနုပညာအကြောင်းလည်း မဟုတ်ဘူး။ ရောက်တတ်ရာရာပြောနေကြတာပါ။ ကျွန်တော်လည်း တော်တော်အံ့အားသင့်သွားတယ်။ ဒီလူ ဘာအခံတွေရှိနေသလဲ မသိဘူးလို့စဉ်းစားမိပြီး ဒေါသကို ထိန်းလိုက်ရတယ်။

သူဟာထိုစဉ်က အနုပညာ မှော်ပေါက်နေတယ်လို့ ထင်ပါတယ်။ ‘သူ့ရဲ့အနုပညာဖြတ်သန်းမှု

အနှစ်နှစ်ဆယ်' မြောက်အထိမ်းအမှတ် သူ့အိမ်မှာ လုပ်တာကို ကျွန်တော့်ကိုမဖိတ်ဘူး။ သူ့စိတ်ထဲမှာ ကြည်နေသူတချို့ကိုပဲ ဖိတ်တယ်။ သူဟာ နိုင်ငံရေးဆန်ဆန် စာတမ်းတွေလည်း ရေးတယ်။ သူကြည်တဲ့လူကိုပဲ ပြတယ်။ အဆန်းတော့ မဟုတ်ပါဘူး။ ထိုစဉ်က ပါတီကိုယ်၌ကလည်း စစ်အေးခေတ် ကုန်ဆုံးခါနီး အပြောင်းအလဲတရပ်အတွက် တာစူနေတာပါ။

ဒါပေမဲ့ သူကောကျွန်တော်ကော နောက်ဆုံးအချိန်အထိ ဘာအခုအခံမှမရှိဘဲ ကျွန်တော်တို့ချင်းရဲ့ ရဲဘော်ရဲဘက် သံယောဇဉ်ဟာ ခိုင်မာနေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ပုဂ္ဂလိကခံစားမှုနဲ့ အခါအားလျော်စွာရေးထားတဲ့ ကဗျာတချို့ကို ဘယ်ကနေ သတင်းကြားသလဲ မသိဘူး၊ လာတောင်းဖတ်တယ်။ ပြီးတော့ "ခုမှပဲခင်ဗျားရဲ့ အရင်တုန်းက ပုံကိုပြန်တွေ့ရတော့တယ်"။ ကိုနိုင်ဝင်းရဲ့လှိုက်လှဲတဲ့အပြောကို ကျွန်တော်ဖြုံသွားတယ်။ အရင်တုန်းက အောင်မြင်မြိမ်းဟာ အခုလည်း ဒီအောင်မြိမ်းပါပဲ မပြောင်းလဲပါဘူး ကိုနိုင်ဝင်းရေ။

ကျွန်တော်သူ့ကို လက်ဆောင်ပေးထားတဲ့ ကုတ်အင်္ကျီကို စုတ်ချာသွားတဲ့အထိ ဝတ်တယ်။ "ကျေးဇူးပဲဗျို့၊ အင်္ကျီကကိုယ်နဲ့အမိပဲ"လို့ပြောတယ်။ ၁၉၈၇ ထဲမှာပါ။ ဆောင်းတွင်းကြီး သံလွင်မြစ်ကူးပြီးတိုက်တဲ့ တိုက်ပွဲတပွဲမှာ သူ့မှာ အနွေးထည်ပါမလာလို့ ကျွန်တော့်မှာပါတဲ့ ဆွယ်တာချိုင်းပြတ်နက်ပြာလေးတထည် ပေးလိုက်တယ်။ ပြန်တွေ့တော့ အင်္ကျီကောလို့မေးတော့၊ လေးလာတာနဲ့ လမ်းမှာလွှင့်ပစ်လိုက်ကြောင်းပြောတယ်။

"ကျွန်တော့်အဖေအင်္ကျီပဲ၊ အမေကိုယ်တိုင် ထိုးပေးထားတာ၊ ကျွန်တော် အမှတ်တရ ယူလာတာ"လို့ ပြောတော့ ကိုနိုင်ဝင်းဟာ ငိုင်သွားပြီး တော်တော်စိတ် မကောင်းဖြစ်ကာ ဝမ်းနည်းကြောင်းပြောပါတယ်။

၁၉၈၉ အေပြီ ၁၇၊ ပါတီတွင်းအရေးအခင်း ပေါ်လာတော့ ပါတီဗဟိုဟာ နမ့်ခချောင်းတဖက်ကိုကူးပြီး ဆုတ်ခွာသွားရတယ်။ နောက်တနေ့မှာ ချောင်းကူးပြီး ပါတီနောက်ကိုလိုက်လာတဲ့ ရဲဘော်တွေထဲမှာ ကိုနိုင်ဝင်းနဲ့ မဂျူလည်း ကျွန်တော်တို့နဲ့အတူပါပါတယ်။ ဒီအချိန်ဟာ အတွေးအခေါ် အရှုပ်ထွေးဆုံးကာလပဲ။ ရက်တချို့ကြာတဲ့တနေ့ ကိုနိုင်ဝင်းက သူတဖက်ကို ပြန်တော့မယ့် အကြောင်း ကျွန်တော့်ကိုပြောလာတယ်။ ကျွန်တော်လည်း ဘာမှ ပြန်မပြောတတ်ဘူး။ မရေရာတဲ့အနာဂတ်မှာ တယောက်နဲ့တယောက် ရိုင်းပင်းကူညီတာမှအပ အဆုံးအဖြတ် မပေးနိုင်ဘူး။ မဂျူကမပြန်ချင်ဘူး။ ကျွန်တော်တို့နဲ့ မခွဲချင်ဘူး။ မဂျူငိုပါတယ်။ ကိုနိုင်ဝင်းလည်း မျက်နှာမကောင်းဘူး။

"ပါတီက ကျွန်တော့်ကို ငွေနဲ့ဆန် ထောက်ပံ့ကူညီခဲ့တာကို ကျေးဇူးတင်ပါတယ်"တဲ့။ သူကျွန်တော့်ကို ပြောသွားတဲ့စကားပါ။ ဒီဘက်ကမ်းရောက်နေတဲ့ ရဲဘော်တိုင်းကို လောလောဆယ် စားရေးသောက်ရေးအတွက် ယွမ်ငွေတချို့နဲ့ ဆန်ထောက်ပံ့ပေးထားတာကို ရည်ညွှန်းပြောတာပါ။ ဆန်ကတော့ ခွဲတမ်းရယ်လို့တောင် မရှိပါဘူး။ အိမ်ထောင် လေးငါးစုအတွက် အိတ်လိုက် ချပေးထားတာပါ။ ပိုတဲ့ဆန်ကို ပြန်မအပ်တော့ဘဲ သူတည်းခိုနေထိုင်ခဲ့တဲ့ ရှမ်းရွာက အိမ်ရှင်ကို ပေးခဲ့ချင်တဲ့ အကြောင်းလည်း ပြောပါတယ်။ အရေးထဲ ကျွန်တော့်ကို လူကြီးလူကောင်း လာဆန်ပြနေသေးတယ်။ ကိုနိုင်ဝင်းနဲ့အတူ မဂျူဟာ မျက်ရည်စက်လက် တဖက်ကမ်း ပြန်ကူးသွားခဲ့ပါတယ်။

နောက်ပိုင်းမှ ပြန်ကြားရတာက တဖက်မှာကျန်ခဲ့တဲ့ ပုဂ္ဂိုလ်များက အနုပညာရှင်စာရေးဆရာနိုင်ဝင်းဆွေကို စာရေးဖိတ်ခေါ် ကြိုဆိုတဲ့အကြောင်း၊ ရဲဘော်ကျော်ဆိုင်မှ ပါတီဗဟိုသို့ နုတ်ထွက်ခွင့်ပြုရန် စာရေးခဲ့ကြောင်းတို့ပဲ ဖြစ်ပါတယ်။

(လေး)

၁၉၉၀ ဒီဇင်ဘာ ၁၈၊ ၁၉ မာနယ်ပလောမှာ ကိုနိုင်ဝင်းနဲ့ ကျွန်တော် ပြန်လည်ဆုံတွေ့ကြတယ်။ ဒါဟာကျွန်တော်တို့ချင်း နောက်ဆုံးဆုံတွေ့မှုလည်းဖြစ်သလို ကျွန်တော်ဟာ ကိုနိုင်ဝင်းနဲ့ နောက်ဆုံးဆုံတွေ့ခဲ့ရတဲ့ ရဲဘော်ဟောင်းတယောက်လည်း ဖြစ်မယ်ထင်ပါတယ်။

ပါတီဗဟို ကိုယ်စားလှယ်အဖွဲ့အနေနဲ့ မာနယ်ပလောသို့ ရောက်ရှိပြီး ABSDFရုံးမှာ ကျွန်တော်တို့ တည်းခိုနေတဲ့သတင်း ကြားလို့ ကိုနိုင်ဝင်းပေါက်ချလာတယ်။ နောက်တနေ့မှာ လျှိုလေး တခုခြားတဲ့ တောင်ကုန်းလေးတကုန်းပေါ်က သူ့တဲအိမ်လေးကို ကျွန်တော်တို့ သွားလည်ကြတယ်။ ကျောင်းသားရဲဘော်တချို့ လိုက်ပို့တယ်။ မဂျူဟာ ကျွန်တော့်ကိုတွေ့တာနဲ့ ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုပါတယ်။ ကိုနိုင်ဝင်းလည်း မျက်နှာမကောင်းဘူး။ နွမ်းလျအားငယ်မှုကြောင့် စကားတောင်မထွက်ဘူး။ မဂျူကပဲ တွေ့တွေ့ချင်း...

"ကိုအေးသန်း ဘာနဲ့လာသလဲ၊ ဘယ်တော့ပြန်မလဲ၊ ကျမလည်းလိုက်မယ်"။ ကျွန်တော့်ဇနီးကော နေကောင်းလား။ ဘယ်သူဘယ်ဝါ နေကောင်းလား စသဖြင့်မေးတယ်။ ကျွန်တော် ဘာ ဖြေရမယ်မသိဘူး။

"လေယဉ်ပျံနဲ့လာတာ၊ အဝေးကြီးပဲ၊ ဘယ်တော့ပြန်မယ် မသိသေးဘူး"။ ကျွန်တော်က စိတ်မကောင်းတဲ့ကြားက ရယ်ရွှန်းဖတ်ရွှန်းလုပ်ကာ စကားဝိုင်းကို ဟာသနှောပြီး ဖန်တီးလိုက်တယ်။ ကိုနိုင်ဝင်းပြောတာတွေ မေးတာတွေအများကြီးပဲ။ သူပြောတာက ဒီလိုပါ။

"ဉက္ကဋ္ဌ (သခင်ဗသိန်းတင်)နဲ့ တွေ့ချင်တယ်။ ဖုန်းနံပါတ်ပါသလား။ ဉက္ကဋ္ဌမှန်တယ်။ လက်နက်ကိုင်တော်လှန်ရေး မစွန့်လွှတ်တာမှန်တယ်။ ကျွန်တော် အလယ်ပိုင်း (ပါတီရဲ့ အလယ်ပိုင်းဗျူရိုဒေသကို ပြောတာပါ)ကို ပြန်လာချင်တယ်။ ရဲဘော်တွေ နေကောင်းကြရဲ့လား"။ နောက်ပြီးသူသိချင်တဲ့ လူတယောက်အကြောင်းကို မေးပါတယ်။

ကျွန်တော်ပြန်ပြောတာက "ဖုန်းနံပါတ်တော့ မပါဘူး။ ဘာတီးလစ်နာ(အရှေ့မြောက်ကို ရောက်ဖူးတဲ့ ဆွီဒင် သတင်းထောက်၊ ထိုစဉ်ကသူ မာနယ်ပလောရောက်နေတယ်)ထံမှာ တောင်းကြည့်ပါ။ ခင်ဗျား ဒီမှာ မပျော်ရင် အလယ်ပိုင်းကို အချိန်မရွေး ပြန်လာခဲ့။မာနယ်ပလောရောက်နေတဲ့ 'ရလလဖ'ကိုယ်စားလှယ်

အဖွဲ့ကို ကျွန်တော်ပြောထားမယ်။ ခင်ဗျားလည်း သူတို့နဲ့ရင်းနှီးတာပဲ။ ကျွန်တော်က ဘယ်တော့ပြန်ဖြစ်မယ် မသိသေးဘူး။”

သူသိချင်တဲ့လူအကြောင်းလည်း ကျွန်တော်သိသလောက် ပြောပြလိုက်တယ်။ သူတို့တသိုက် လက်နက်ချပြီး ဗမာပြည်ထဲ ဝင်သွားပြီ ဖြစ်ကြောင်း။ ကိုနိုင်ဝင်းငိုင်သွားတယ်။ မယုံနိုင်အောင်ဖြစ်နေတယ်၊ နောက်မှ သူကပြောတယ်။

“ကျွန်တော့်ကို ထိုင်းနယ်စပ်သွားပြီး ကျောင်းသားတွေကို စည်းရုံးဖို့ သူလွှတ်တာပဲ”။

သူ့ကို ကျွန်တော် လောလောဆယ် အကူအညီပေးနိုင်တာ ဒါလောက်ပဲ။ ကျွန်တော်ကိုယ်၌ကလည်း ရှေ့မှာ ဘာတွေကြုံတွေ့ရဦးမလဲ မရေရာဘူး။ ရဲဘော်တွေပြောပြလို့ သူ့သတင်းတချို့ကို ကျွန်တော် ကြားခဲ့ပြီးဖြစ်တယ်။ ဝနယ်မှာ သူအတော်လန့်သွားတယ်။ အိမ်ထဲက အိမ်ပြင် နောက်ဖေးနောက်ဖီသွားဖို့တောင် မထွက်ရဲဘူး။ ဗိုလ်ခင်ညွန့်က ဝခေါင်းဆောင်တွေကို ဗကပဟောင်းတွေကို လက်မခံဖို့ ဖိအားပေးတော့ သူတို့အနေမချောင်တော့ဘူး။ တပ်ပေါင်းစုတပ်ဖွဲ့နဲ့အတူ အလယ်ပိုင်းကို ရောက်လာတော့ အလယ်ပိုင်းဟာ သူထင်သလို မဟုတ်ဘူး။ ပါတီနဲ့အတူ တစည်းတလုံးတည်း ရပ်တည်နေကြတာ တွေ့ရတော့ သူတော်တော် ခြောက်ခြားသွားတယ်။ သူအသတ်ခံရတော့မယ်လို့ ထင်နေတယ်။

သူနဲ့ရင်းနှီးတဲ့ ရဲဘော်တယောက်ကို ကျွန်တော်တို့ချင်း ခုမှ သိကြတာမဟုတ်ဘူးနော်၊ ရင်းနှီးကြတာ ကြာပြီနော်လို့ ခဏခဏ လာလာပြောနေလို့၊ အဲဒီရဲဘော်က အခြေအနေကိုရိပ်မိပြီး၊ ခင်ဗျား ဘာမှ မဖြစ်စေရဘူး၊ စိတ်ချ။ ဟိုမှာမပျော်ရင် အချိန်မရွေးပြန်လာဖို့ နွေးနွေး ထွေးထွေး မှာလိုက်ကြောင်း ကျွန်တော်သိထားတယ်။ (ပါတီရဲ့ အရှေ့မြောက်ဒေသ ရာဇဝင်မှာ ဘယ်သူ့ကိုမှ ဖြုတ်ထုတ်သတ်လုပ်ခဲ့တာ မရှိဘူး။ ဥက္ကဋ္ဌသခင်ဗသိန်းတင်က သူမသိဘဲ ဘယ်ရဲဘော်ကိုမှ သတ်ဖြတ်အရေးယူတာ မလုပ်ရဘူးလို့ အမိန့်ထုတ်ထားတာ အရှေ့မြောက် ဖြတ်သန်းဖူးသူတိုင်း သိပါတယ်)

၁၉၉၁ မိုးအကုန်ဆောင်းအကူးမှာ ကျွန်တော်အလယ်ပိုင်းကို ပြန်ရောက်တယ်။ နောက်အတော်ကြာမှ မာနယ်ပလောမှပြန်လာတဲ့ ‘ရလလဖ’ကိုယ်စားလှယ်ဗိုလ်မှူးနဲ့ လူချင်းတွေ့တော့ ကိုနိုင်ဝင်းက သူအလယ်ပိုင်းကိုလာရင် လက်ခံမလားလို့ မေးကြောင်း၊ ရလလဖ ဗဟိုသို့ တင်ပြပေးပါမယ်လို့ ဖြေလိုက်ကြောင်း၊ ကျွန်တော့်ကိုစွလောက်နဲ့ ဗဟိုကို တင်ပြ မနေပါနဲ့လို့ပြောကြောင်း ပြန်ကြားရတယ်။ ကျွန်တော်ကလည်း ရလလဖကိုယ်စားလှယ်ကို ကြိုပြောမထားနိုင်ခဲ့ဘူး။ ကိုနိုင်ဝင်းရဲ့ ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခဲ့ဘူး။

ကိုနိုင်ဝင်းနဲ့အတူ မာနယ်ပလောပါသွားတဲ့ ရဲဘော်ဟောင်း တဦးနဲ့ အလယ်ပိုင်းမှာ ကျွန်တော်ဆုံတယ်။ ကျွန်တော်တို့ချင်း အခင်မင်မပျက် စကားတွေပြောဖြစ်ကြတယ်။ သူကယခုလိုပြောပြတယ်။

“ပါတီထဲမှာ ကျွန်တော်တို့ ပြောချင်တာပြော လုပ်ချင်တာလုပ် ဘာမှမဖြစ်ဘူး။ ပါတီက နားလည်ခွင့်လွှတ်တယ်။ ဟိုမှာက မချောင်ဘူး၊ ကိုယ့်ကိုနားလည်တာ မဟုတ်ဘူး၊ အပြောအဆိုမှားရင် ဒုက္ခရောက်သွားနိုင်တယ်။ ဒါကြောင့် ကျွန်တော်ပြန်ပြေးလာတာ။ ကျွန်တော်လည်း ပြန်စဉ်းစားကြည့်တယ်၊ ပါတီအပေါ် ကျွန်တော်တို့ လုပ်ပုံကိုင်ပုံတွေက မဟုတ်ဘူး။ ကျွန်တော်လည်း ဘာကောင်မှ မဟုတ်ပါဘူး၊ ခင်ဗျားလည်း သိမှာပါ။ ကိုကျော်ဆိုင်လည်း ဟိုမှာပျော်တာမဟုတ်ဘူး၊ ကျွန်တော် သိပါတယ်”။
(၄း)

ဒီနောက်ကြားရတဲ့ သတင်းတွေက စိတ်ထိခိုက်စရာပါ။ ကိုနိုင်ဝင်း ဘုန်းကြီးဝတ်တယ်။ စိတ်တည်ငြိမ်မှုကို ရှာတယ်။ နောက် လူဝတ်ပြန်လဲတယ်။ ဘယ်သူနဲ့မှ စကားမပြောတော့ဘူး။ မာနယ်ပလောကျတဲ့ ဗရုတ်ဗရက်ကာလ သောင်းရင်းမြစ်နံဘေးမှာ ဗုံးဆန်ထိမှန် ကျဆုံးသွားခဲ့ပါတယ်။

ကိုနိုင်ဝင်းဆုံးတော့ မဂျူ ရလလဖကို ရောက်လာတယ်။ ‘ငြိမ်း’ကာလပါ။ ကျွန်တော်လည်း မရှိတော့ဘူး။ ဘာကြောင့်လည်း မသိဘူး မဂျူက ဝနယ် မပြန်ချင်ဘူး။ ဝ တပ်မှူးတဦးက ဝအမျိုးသမီး ဝဒေသပြန်ရမယ်ဆိုပြီး ပြန်ခေါ်သွားလို့ မဂျူ ဝနယ်ပြန်ရောက်တယ်။ ၂၀၀၆ နှစ်လည်ပိုင်း ဝနယ်မှာ မဂျူဆုံးတဲ့သတင်း ကြားရတယ်။ ဘာ့ကြောင့်ဆုံးသလဲ အတိအကျ မသိရဘူး။ သူ့ရွာမှာလည်း သူမပျော်ဘူး။ နမ့်ပန်ချောင်းထဲလိမ့်ကျသလို ပျောက်ဆုံးသွားသလိုလည်း ကြားရပါတယ်။

မိုးသက်မုန်တိုင်းထန်တဲ့ တော်လှန်ရေးကွေ့ကြီး တကွေ့မှာ ကျွန်တော်တို့တတွေဟာ အညှာကကိုင်ယမ်း ခံလိုက်ရတဲ့ သစ်ပင်ကသစ်ရွက်တွေလို လူပ်ခါကုန်ကြပါတယ်။ လွတ်လပ်မှု တရားမျှတမှု ငြိမ်းချမ်းမှုကို ရှာကြံရင်း အနုပညာမှော်ဝင်စားနေတဲ့ ကိုနိုင်ဝင်းဟာ၊ မိုးသက်မုန်တိုင်းကြားမှာ သစ်ရွက်တရွက်လို လူပ်ခါလွင့်ပါးသွားခဲ့ပါတယ်။

ငြိမ်းချမ်းမှုကိုရှာ၏ ငြိမ်းချမ်းမှုကားမတွေ့။ စိတ်ကူးစံကို အနုပညာဖြင့်ဖော်ဆောင်ဖို့ ကြမ်းတမ်းတဲ့ တော်လှန်ရေးခရီးကို ဖြတ်သန်းရင်း သူ ရိုးသားစွာ ကြိုးစားခဲ့တယ်လို့ ကျွန်တော်ယုံတယ်။

ဗမာပြည်လူ့အဖွဲ့အစည်းက ရှုပ်ထွေးတယ်။ ဖိနှိပ်မှုက အညှာအတာကင်းတယ်။ တော်လှန်ရေးခရီးက ခက်ခဲကြမ်းတမ်းတယ်။ ကိုနိုင်ဝင်းရေးချင်တဲ့ တော်လှန်ရေး ဂန္ထဝင် ဝတ္ထုကြီးကို မျိုးဆက်သစ်များက ရေးနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ရပါတယ်။

(ဘယ်သူ့ကိုမှထိခိုက်စေဖို့ မရည်ရွယ်ပါ၊ သက်ရှိထင်ရှားရှိနေသူများ ဖြစ်တဲ့အတွက် ဘယ်သူ့အမည်ကိုမှ မဖော်ပြပါ။)

အောင်ငြိမ်း

( ၂၀ နိုဝင်ဘာ ၂၀၁၀)

# ဇော်တိကကို မာတင်ဂ် ဖြစ်စေတဲ့ '၂၁' ရာစု စစ်ပွဲ

(၁) ၂၁ ရာစုမှာ စစ်တိုက်ရတာ စရိတ်စက သိပ်ကြီးတယ်။ အီရတ်နဲ့ အာဖဂန်စစ်ပွဲမှာ အမေရိကန်သုံးတဲ့ စစ်စရိတ်က (၁ ဒသမ ၁) ထရီလျံကျော် ကုန်ကျခဲ့ပြီလို့ ဆိုတယ်။ ရှေ့တန်းစစ်မြေပြင်မှာ စစ်သားတယောက် ပို့ထားရတဲ့ စရိတ်က တနှစ်မှာ ဒေါ်လာ (၅) သိန်း ကုန်ကျသတဲ့။

အာဖဂန်နဲ့ အီရတ်ရောက် စစ်သားတယောက်ကို တပ်ဆင်ထားရတဲ့ လက်နက်ကိရိယာ ဒွါဒရာတွေကိုပဲ ကြည့်ပါ။ ခြေဆုံးခေါင်းဆုံး လက်နက် တပ်ဆင်ထားရတာပဲ။ စစ်သားတယောက်တိုင်းမှာ တပ်ဆင်ထားတဲ့ ခေတ်မီလျှပ်စစ်ပစ္စည်းတွေအတွက် သုံးရတဲ့ "ဓာတ်ခဲကလေးတွေကချည်း အလုံးပေါင်း (၂၂) ခဲ ရှိသတဲ့။

မောင်းသူမဲ့လေယာဉ်နဲ့ တိုက်ခိုက်ဖို့ကလည်း ကုန်ကျစရိတ် သိပ်ကြီးသတဲ့။ '၂၄' နာရီမပြတ် ပျံဝဲကင်းထောက် ပစ်မှတ်ရှာနေရတဲ့ ဂြိုဟ်တုတွေနဲ့ အားလုံးကို ထိန်းချုပ်ရတဲ့ ကွန်ပျူတာတွေ မနည်းဘူးဆိုပဲ။

ခရီးဝေး ပျံသန်းပြီး ဗုံးကြဲလေယာဉ်ကြီးတွေ လွှတ်ရတဲ့ စရိတ်စကဆိုရင် မနည်းမနောပဲ။

တခြား ကုန်ကျစရိတ်တွေကလည်း အနန္တဆိုတော့ သူ့ဌေးခွေးဖြစ်တဲ့ကိန်းဆိုက်တာ ဘာဆန်းမလဲ။

(၂) သမ္မတဟောင်း ဘုရှ် ရေးထုတ်တဲ့စာအုပ်မှာ သူအစိုးရိမ်ဆုံးက အီရတ်စစ်ပွဲဟာ ဗီယက်နမ်စစ်ပွဲလို အရှုံးနဲ့ အဆုံးသတ်ရမှာကို စိုးရိမ်တယ်လို့ ဝန်ခံထားတယ်။ သူ စိုးရိမ်သလို အခု ဖြစ်နေပါပြီ။

အီရတ်စစ်မှာ တကယ်နိုင်လိုက်သူက အီရန်ပဲလို့ အကဲခတ် သမားတွေက မှတ်ချက် ပေးနေကြတယ်။

အီရတ်မှာ ရွေးကောက်ပွဲပြီးနောက် (၈) လ တိုင်အောင် အစိုးရမဖွဲ့နိုင်ဘဲ ဖြစ်နေရာက နောက်ဆုံးဖွဲ့လိုက်တော့... အီရန်အကြိုက် အစိုးရပဲ ဖြစ်လာနေတယ်။ ဆက်ဒန်ဟူစိန် ပြုတ်ကျဖို့နဲ့ ကြိုးပေးသတ် နိုင်ဖို့ အမေရိကန်က ငွေကုန်ကြေးကျခံ၊ လူအသေခံပြီး လုပ်လိုက်ရတာ နောက်ဆုံး တော့လည်း အီရန်အတွက်ပဲ အမြတ်ထွက်သလို ဖြစ်တာပဲ။

(၃) ၂၁ ရာစုစစ်ပွဲက ဟိုအရင်က စစ်ပွဲတွေလို မဟုတ်တော့ဘူး။ စစ်ဝတ် စုံနဲ့ စစ်လက်နက်ထောက်ပံ့ပြီး ကဲ–သွားတိုက်ကြပေတော့၊ ရောက်ရာအရပ်က ရိက္ခာ လုစားကြပေတော့–လို့ လွှတ်လိုက်နိုင်တာ မဟုတ်ဘူး။

ရှေ့မှာ ရေးခဲ့သလို စစ်သားတယောက်အတွက် တနှစ်မှာ ဒေါ်လာ (၅) သိန်း သုံး နေရတယ်။ ဒါက ခြေလျင်စစ်သားတယောက်အတွက်ပဲ သုံးရတာ။ လေယာဉ်တင် သင်္ဘောကြီးတစင်း လွှတ်ထားရရင် စရိတ် ဘယ်လောက်ကုန်မလဲ။



## ဝီကီလိစ် ဆူနာမီ

ကောင်းဇံ

ဝီကီလိစ်ကြောင့် ဖြစ်လာတဲ့ ဆူနာမီက အမေရိကန်ကို ပိုပြီး ရိုက်ခတ်ပုံပေါ်တယ်။

အမေရိကန်အာဏာပိုင်တွေ အတော်လေး ဆတ်ဆတ်ခါ နာရုံမက ကသိကအောက် ဖြစ်သွားတယ်။ အမေရိကန်စစ်ဌာနချုပ် (ကာကွယ်ရေး ဝန်ကြီးဌာန) နဲ့ နိုင်ငံခြားရေးဝန်ကြီး ဌာနတို့က ဆတ်ဆတ်ခါ နာသွားတယ်။

ဝီကီလိစ်က အခု ထုတ်ပေးတာက အကင်းပဲ ရှိသေးတယ်။ ထုတ်ပေးစရာတွေ တပုံကြီး ရှိသေးတယ်လို့ ပြောနေတော့ (ခါတိုင်းလို) တင်းတင်းမာမာလည်း မပြောဝံ့ဘူး။

အဲဒီတော့ ဝီကီလိစ်ကို နှုတ်ပိတ်ဖို့ပဲ လုပ်နေတယ်။ မနိုင် နိုင်တာနဲ့ ကိုင်ဖို့ ဝီကီလိစ်ထူထောင်သူ ဂျူလီယာ အက်စ်ဆန်းကို အမှုဆင်နေရတယ်။ ဆွီဒင်အစိုးရက "တရားခံ"အဖြစ် အလိုရှိတယ်လို့ ဆိုတယ်။ အင်္ဂလိပ်အစိုးရက ဖမ်းတယ်။ နောက်တော့လည်း အာမခံနဲ့ လွှတ်ပေးထားရတယ်။ အမေရိကားကတော့ အသည်းအသန် လိုချင်နေတယ်။

ဒါပေမဲ့ ခက်နေတာက အက်စ်ဆန်းက မူဆလင် အာရပ်မဟုတ်ဘူး။ ဩစတြေးလျက လူဖြူ ဖြစ်နေတယ်။ ဂွမ်တာနာမိုကို ပို့ပြီး ချုပ်ထားလို့ မရဘူး။ ညှဉ်းပန်းပြီး စစ်ဆေးလို့လည်း မဖြစ်ဘူး။

အတော့်ကို ကသိကအောက်ဖြစ်မယ့် ကိစ္စကြီး ဖြစ်နေလို့ စီအိုင်အေက အောက်လမ်းနည်းသုံးပြီး နှုတ်ပိတ်ရမလို ဖြစ်နေပြီ။ ဝီကီလိစ် ဆူနာမီက ဗမာပြည်ကိုလည်း နည်းနည်း အဖျားခတ်တယ်။ နအဖ–စစ်အစိုးရကို ပြောပလောက်အောင်တော့ ထိခိုက်မှု မရှိဘူး။ အမေရိကန်ရဲ့ နှစ်ခွပေါ်လစီကြောင့် ကသိကအောက်ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ "ပြည်ပရောက် အတိုက်အခံ"တွေပဲ ကသိအအောက် ဖြစ်စရာ ရှိတယ်။

နိုင်ငံတကာ့ရေးရာ

# ပုဂ္ဂလိကပိုင်စစ်တပ်

ကြည်ဝင်း

အရင်းရှင်စနစ်မှာ ပုဂ္ဂလိကပိုင်လုပ်ငန်းတွေ တွင်ကျယ်တယ်။ ဘယ်လောက်အထိတောင် တွင်ကျယ်လာသလဲဆိုရင် အစိုးရယန္တရားတွေဖြစ်တဲ့ ထောင်တို့ စစ်တပ်တို့တောင်မှ ပုဂ္ဂလိကပိုင်လုပ်ငန်းတွေ ရှိတယ်။ အဲဒီအထဲက ပုဂ္ဂလိကစစ်ဘက်ရေးရာနဲ့လုံခြုံရေးရာ ကုမ္ပဏီတွေဟာ အတော်လေးကြီးထွားလာတာ တွေ့ရတယ်။

ပြီးခဲ့တဲ့ နှစ်(၂၀) အတွင်းမှာ ပုဂ္ဂလိကပိုင်စစ်တပ်(ဝါ) ကြေးစားတပ်ကို အသုံးပြုမှုဟာ အကြီးအကျယ် တိုးများလာခဲ့တယ်။ ၁၉၉၀ ခုနှစ်တွေတုန်းက ကိုလံဘီယာနိုင်ငံက ကိုကင်းစိုက်ခင်းတွေကို ဆေးဖျန်းဖျက်ဆီးဖို့၊ ကိုလံဘီယာတပ်မတော်ကို လေ့ကျင့်ပေးဖို့နဲ့ မူးယစ်ဆေးဝါးဂိုဏ်းတွေကို တိုက်ခိုက်ဖို့အတွက် ဒိုင်ကော်ပိုရေးရှင်း (Dyn Corp) ကို အမေရိကန်အစိုးရက ငှားရမ်းအသုံးပြုခဲ့ဖူးတယ်။ အခု ၂၀၁၀ ခု နှစ်လယ်မှာတော့ အီရတ်နဲ့အာဖဂန်နစ္စတန်နိုင်ငံတွေမှာ အမေရိကန်အစိုးရက ငှားရမ်းအသုံးပြုနေတဲ့ ကြေးစားစစ်သည်အရေအတွက်ဟာ ၂၁၀,၀၀၀ ရှိနေပြီ။ အဲဒီဒေသတွေမှာရှိတဲ့ အမေရိကန်ရဲ့ အမြဲတမ်းတပ်သားအရေအတွက်ထက် ၂၀% ပိုများနေတယ်။ ကမ္ဘာအနှံ့မှာ အမေရိကန်က အသုံးပြုထားတဲ့ အရေအတွက်ဟာ ၂၄၀,၀၀၀ ရှိတယ်။ အဲဒီအထဲက သုံးပုံနှစ်ပုံဟာ တပ်ကိုလက်ခံထားတဲ့နိုင်ငံနဲ့ အခြားတတိယနိုင်ငံက ဖြစ်တယ်။ အဓိကပုဂ္ဂလိကပိုင်စစ်တပ်ကုမ္ပဏီတွေဟာ အမေရိကန်နဲ့ဗြိတိသျှနိုင်ငံတွေက ဖြစ်တယ်။ အဲဒီကုမ္ပဏီတွေရဲ့ ဘုတ်အဖွဲ့ဝင် လူကြီးအများစုဟာ အမြဲတမ်းစစ်တပ်ရဲ့ ထိပ်ပိုင်းရာထူးတွေတလှည့် ပုဂ္ဂလိကစစ်ပွဲလုပ်ငန်းတလှည့် ကူးသန်းလုပ်ကိုင်နေကြသူတွေ ဖြစ်ကြတယ်။ ၂၀၀၁ ခုနှစ်မတိုင်မီက ဒီပုဂ္ဂလိကစစ်တပ်လုပ်ငန်းဟာ အသေးအမွှားလေးသာ ဖြစ်တယ်။ အခုတော့ တနှစ်ကို အမေရိကန်ဒေါ်လာ ဘီလျံ ၂၀၀ လောက်ရှိတဲ့ လုပ်ငန်းကြီး ဖြစ်လာနေပြီ။

အဲဒီပုဂ္ဂလိကစစ်ရေးနဲ့လုံခြုံရေးကုမ္ပဏီတွေဟာ နာမည်ဆိုးနဲ့ကျော်ကြားလှတယ်။ ဒါကြောင့် တချို့ဟာ သူတို့ကုမ္ပဏီနာမည်တွေကို ပြောင်းထားကြတယ်။ နာမည်ပျက်လှပြီဖြစ်တဲ့ ဘလက်ဝါးတားကုမ္ပဏီက အခုတော့ ရှီ (Xe) လို့ နာမည်ပြောင်းထားတယ်။



အဲဒီဘလက်ဝါးတားကုမ္ပဏီဟာ ဖာလူဂျာ (အာဖဂန်နစ္စတန်)မှာ ဖော်စဖရပ်စ်အဖြူကို ဓာတုလက်နက်အဖြစ်အသုံးပြုခဲ့တယ်။ အထက်မှာဖော်ပြခဲ့တဲ့ ဒိုင်ကော်ပိုရေးရှင်းဟာလည်း ကိုလံဘီယာမှာ ဆေးဖြန်းခဲ့တဲ့အတွက် အဲဒီဒေသက လူတွေဟာ ကင်ဆာအပါအဝင် နာတာရှည်ရောဂါတွေ ရခဲ့ကြတယ်။ ဒါပေမဲ့ အမေရိကန်အစိုးရက အဲဒီကုမ္ပဏီတွေ အမှုမဖြစ်အောင် ကာကွယ်ပေးခဲ့တယ်။ ခရိုအေးရှားမှာ အဲဒီကြေးစားတပ်ကုမ္ပဏီက အမှုထမ်းတွေဟာ မျိုးတုံးသတ်ဖြတ်မှုအတွက် တရားစွဲမခံရဘူး။ ခရိုအေးရှားအရာထမ်းအများအပြားကတော့ အဲဒီစွဲချက်နဲ့ တရားစွဲခံခဲ့ရတယ်။ အီရတ်မှာဆိုရင်လည်း ကြေးစားတပ်သားတွေဟာ ရာဇဝတ်မှုနဲ့ တရားစွဲခံရခြင်းမှ ကင်းလွတ်ခွင့်ရထားကြတယ်။ သူတို့ရဲ့ သားကောင်ဖြစ်ခဲ့ရသူတွေဟာ အမေရိကန် (သို့မဟုတ်) ဗြိတိန်နိုင်ငံတွေမှာ အဲဒီကြေးစားကုမ္ပဏီတွေကို ကိုယ့်စရိတ်နဲ့ကိုယ် တရားမမှုနဲ့ပဲ တရားစွဲလို့ရတယ်။ အဲဒီ ပုဂ္ဂလိကစစ်တပ်ကုမ္ပဏီရဲ့ အမှုထမ်းတွေကိုယ်တိုင်လည်း သားကောင်တွေ ဖြစ်ကြရတယ်။ သင်တန်းကောင်းကောင်းမပေးထားတာ၊ လက်နက်ကိရိယာညံ့ဖျင်းတာနဲ့ ကုမ္ပဏီတွေရဲ့ မတော်မတရားပြုကျင့်မှုတွေကြောင့် ဝန်ထမ်းတွေကိုယ်တိုင် သားကောင်ပြန်ဖြစ်ကြရတာပဲ။ သူတို့လည်း ကုမ္ပဏီကို ပြန်တရားစွဲရင် ကိုယ့်စရိတ်နဲ့ကိုယ် တရားမမှုအရပဲ တရားစွဲလို့ ရတယ်။

အဲဒီလို တရားစွဲခံရမယ့် အန္တရာယ်က ကင်းလွတ်ခွင့်ရထားတာကြောင့် (ဂျိမ်းစ်ဘွန်းလို လူသတ်လိုင်စင်ရထားတာကြောင့်) ဒီကုမ္ပဏီတွေဟာ သူတို့ရောက်ရာအရပ်မှာ ရမ်းချင်တိုင်းရမ်း ကြမ်းချင်တိုင်းကြမ်းနေကြတော့တယ်။ သံသယရှိသူတွေ၊ ဖမ်းမိသုံ့ပန်းတွေကို ညှဉ်းပန်းနှိပ်စက်တာ၊ စစ်ပွဲဆင်ရာမှာ အပြစ်မဲ့အရပ်သားတွေ အသက်ဆုံးရှုံးရတာတွေ ဖြစ်လာတယ်။

ပြည်တွင်းနဲ့ နိုင်ငံတကာဥပဒေတွေကို ရှောင်ကွင်းနိုင်ဖို့အတွက် အခုလို ကြေးစားတပ်ကုမ္ပဏီတွေကို ငှားရမ်းအသုံးပြုနေကြတာ ဖြစ်တယ်လို့ ဝေဖန်ကြပါတယ်။ ဥပမာ ခရိုအေးရှားနိုင်ငံကို လက်နက်တင်ပို့မှုပိတ်ပင်ထားတဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်ကို ရှောင်ကွင်းဖို့ အမေရိကန်နိုင်ငံဟာ ကြေးစားတပ်ကုမ္ပဏီကို ငှားရမ်းပြီး ခရိုအေးရှားတပ်မတော်ကို လေ့ကျင့်ပေးရေးနဲ့ လက်နက်တပ်ဆင်ရေး အတွက် အသုံးပြုခဲ့တယ်။

တကယ်တော့ အမေရိကန်နိုင်ငံဟာ ကမ္ဘာ့နံပါတ်တစ် စူပါပါဝါ ဖြစ်နေလို့သာ အခုလို လုပ်နိုင်တာ၊ လုပ်ဝံ့တာ ဖြစ်ပါတယ်။ အင်အားကြီးမဟုတ်တဲ့ နိုင်ငံငယ်လေးတခုကသာဆိုရင် အခုလို ဘယ်လုပ်လို့ ရပ့ါမလဲ။

# ငွေကြေးစစ်ပွဲ



အေးမြင့်


ပြီးခဲ့တဲ့ နိုဝင်ဘာလက ဆိုးလ်မြို့မှာ ဂျီ ၂၀ ထိပ်သီးအစည်းအဝေး ကျင်းပပြီးစီးသွားတဲ့အခါမှာ ထုံးစံအတိုင်း ထိပ်သီးခေါင်းဆောင်တွေဟာ ကမ္ဘာ့စီးပွားရေးတည်ငြိမ်ရေးအတွက် ပူးပေါင်းကြိုး စားလုပ်ဆောင်ကြမယ်လို့ ပြောကြပါတယ်။ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ မကျင့်သုံးဖို့ ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောကြဆိုကြပါတယ်။ ဒါပေမဲ့ ကျန်ကမ္ဘာ့နိုင်ငံအများစုကတော့ ဒီ အပေါ်မှာ စိတ်အားတက်ကြွကြတာ မတွေ့ရပါဘူး။ ဘာကြောင့်ပါလဲ။ ပူးပေါင်းဆောင်ရွက်ကြဖို့ ထိပ်သီးခေါင်းဆောင်ကြီးတွေဟာ လူသိရှင်ကြား ပြောကြဆိုကြပေမယ့် သူတို့အသီးသီးဟာ ကိုယ့်နိုင်ငံပြန်ရောက်တာနဲ့ ကိုယ့်နိုင်ငံရဲ့စီးပွားရေးကို ကာကွယ်ဖို့အတွက်ပဲ ကြိုးစားကြတော့တာ မဟုတ်လား။ ကိုယ့်ကြောင့် ကိုယ့်အိမ်နီးချင်းနိုင်ငံ ဘာပဲဖြစ်သွားဖြစ်သွား ဂရုစိုက်တော့တာ မဟုတ် ပါဘူး။

အမေရိကန်နိုင်ငံက ဒေါ်လာဘီလျံ ၆၀၀ တန်ဖိုးရှိတဲ့ ငွေစက္ကူအသစ်တွေ ရိုက်နှိပ် ထုတ်ဝေမယ်။ ဒီတော့ နဂိုကမှာ ဈေးကျနေတဲ့ ဒေါ်လာဟာ ပိုပြီးဈေးကျလာတယ်။ အဲဒီဒေါ်လာ တွေက အကျိုးအမြတ်ပိုရမယ့် ထွန်းသစ်စနိုင်ငံတွေဆီ လှိမ့်ဝင်ကြမယ်။ အဲဒီနိုင်ငံတွေက ငွေဈေးတွေ တက်မယ်။ အက်ဆက်ဈေးကွက်ပူဖောင်းတွေ ဖြစ်ပေါ်စေမယ်။ ကမ္ဘာ့ဈေးကွက်မှာ အဲဒီနိုင်ငံက ကုန်စည်တွေ (သူတို့ ငွေဈေးတွေမြင့်လာလို့) ဈေးကွက်ပျောက်မယ်။ အဲဒါကြောင့် နိုင်ငံတော်တော် များများကတော့ သူတို့နိုင်ငံရဲ့စီးပွားရေးကို ကာကွယ်ဖို့ ကြိုတင်ပြီး အရန်အတား တွေ လုပ်လာကြ တယ်။ ကိုယ့်ငွေဈေးတန်ဖိုးတွေကို ထိန်းသိမ်းထားဖို့ လုပ်လာကြတယ်။ ဒီလိုနဲ့ ငွေကြေးစစ်ပွဲတရပ် ဖြစ်လာပါတော့တယ်။

တရုတ်နိုင်ငံကလည်း သူ့ယွမ်ငွေတန်ဖိုးကို မမြင့်တက်အောင် ထိန်းထားနေတုန်းပဲ ဖြစ်တယ်။ ဒါမှ ကမ္ဘာ့ဈေးကွက်မှာ သူ့ကုန် စည်တွေအတွက် နေရာရှိမှာ ဖြစ်တယ်။ အဲဒီလို မထိန်းနိုင်တဲ့ နိုင်ငံငယ်လေးတွေကတော့ သူတောင်းစားခွက်ပျောက်တဲ့ကိန်းဆိုက်မှာပဲ ဖြစ်တယ်။ အခုလို ဖြစ်နေတဲ့ အခြေအနေနဲ့ ပတ်သက်ပြီး နယူးဇီလန်အရန်ငွေကြေးဘဏ်အကြီးအကဲ အလန်ဘိုလတ်ကတော့ အခုလို တိုတိုနဲ့ရှင်းရှင်း ပြောခဲ့တယ်။ ‘ဆင်ကြီးတွေ ချစ်တင်းနှော တာဖြစ်ဖြစ်၊ ရန်ဖြစ်ကြတာဖြစ်ဖြစ် မြက်ခင်းတွေကတော့ ကျေမွပျက်စီးရတာပါပဲ။ ဒါဟာ အခု အခြေအနေမှာ နိုင်ငံငယ်လေးတွေရဲ့ စီးပွားရေးတွေ ရင်ဆိုင်ရမယ့် အန္တရာယ်ပဲ ဖြစ်တယ်’ တဲ့။ ဗမာစကားပုံမှာ ကျွဲနှစ်ကောင် ခတ်တဲ့ကြားက မြေစာပင်လို့ ပြောကြတာမျိုးပေါ့။

ဗမာပြည်ရဲ့ ကျပ်ငွေဈေးလည်း ဒေါ်လာနဲ့ယှဉ်ရင် ဈေးတက်လာနေတယ်။ အဲဒါကြောင့် ဗမာပြည်ရဲ့ပို့ကုန်တွေအပေါ် ဘယ်လို ထိခိုက်မှု ရှိသလဲ။ ထိခိုက်မှုရှိတယ်ဆိုရင် ကာကွယ်ဖို့ ဘာတွေလုပ်ထားသလဲ။ ဘာတွေလုပ်မလဲ။ ဘာမှ မသိရပါ။ နအဖက ဘာမှ ထုတ်မပြောပါဘူး။ အစိုးရတရပ်ဟာ ပြည်သူကို အစီရင်ခံရဖို့ တာဝန်ရှိတယ်ဆိုတာကို နအဖက ဂရုမစိုက်ပါဘူး။ နိုင်ငံ တော်ဘတ်ဂျက်တောင် မထုတ်ပြန်တာ ကြာပါပြီ။ နောက်လာမယ့် ကြံ့ဖွတ်အစိုးရ လက်ထက်ကျရင် ဘယ်လိုပုံစံနဲ့လာမလဲ။ အသွင်တူတူပဲဖြစ်ပေမယ့် ဘယ်လို အဆင်ဆန်းမလဲ စောင့်ကြည့်ရပါမယ်။

နိုင်ငံတကာ့ရေးရာ



# ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင် (M.D.G) ပူဖောင်း လေလျော့သွားပြီ။

(၁) ပူဖောင်း ပေါက်ကွဲတာ မဟုတ်ပါ။ လေလျော့တာပဲ ဖြစ်တယ်။ တကယ်ပဲ ပေါက်ကွဲသွားရင်လည်း "ပေါက်ကွဲပါပြီ"လို့ ဝန်ခံကြမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီ (M.D.G) က ကမ္ဘာ့သူ ကမ္ဘာ့သားတွေ "ဆင်းရဲခြင်း လွတ်ကင်းအောင်" အရင်းရှင်ဂလိုဘယ်လိုက်ဇေးရှင်းက လုပ်ပေးပါမယ်လို့ ချော့မြှူထားလို့ပဲ။ မစားရ ဝခမန်း အာမခံထားလို့ပဲ။ "ပေါက်ကွဲသွားပြီ"လို့ ဝန်ခံလိုက်ရင် ကမ္ဘာ့အဖိနှိပ်ခံဆင်းရဲသားတွေရဲ့ ဒေါသအိုး ပေါက်ကွဲအောင် စနက်တံ မီးတို့ပေးသလို ဖြစ်တော့မှာပေါ့။

(၂) (M.D.G) က (၂၀၀၀) ပြည့်နှစ်က (၂၀၁၅) ခုနှစ်အထိ (၁၅) နှစ်အတွင်း လုပ်ပေးပါမယ်လို့ အာမခံထားတာတွေ က မနည်းဘူး။(၈) ချက် ရှိတယ်။ အာမခံတဲ့ လူတွေကလည်း ကမ္ဘာ့ထိပ်သီးကြီးတွေချည်းပဲ။ ပြောတဲ့နေရာကလည်း ကုလသမဂ္ဂစင်မြင့်မှာ ပြောထားတာ။

အာမခံထားတာတွေကလည်း ယေဘုယျမဟုတ်ဘူး။ အခိုင်အမာတွေ ဖြစ်တယ်။ (ငတ်ပြတ်နေသူတွေ သန်းပေါင်းတထောင်ကို ဘယ်လို ကူညီမယ်၊ မြို့ပြမှာရှိတဲ့ ဆင်းရဲသားရပ်ကွက် ပပျောက်စေရမယ်၊ ဆင်းရဲတွင်းနက်မှု ထက်ဝက် လျော့ချမယ်၊ ကလေးတိုင်း မူလတန်းပညာ တတ်မြောက်စေရမယ်၊ HIV, AIDS ထိန်းချုပ်သွားမယ်၊ ကူးစက်ရောဂါ တိုက်ဖျက်သွားမယ်...စတဲ့ စတဲ့ အခိုင်အမာတွေ အာမခံထားတာပဲ။ ဖွံ့နိမ့်နိုင်ငံ LDC တွေ၊ ကုန်းတွင်းပိတ်နဲ့ ကျွန်းနိုင်ငံတွေ၊ အကြွေးပင်လယ်ဝေနေတဲ့ တိုင်းပြည်တွေ ကယ်တင်မယ်ဆိုတာလည်း ပါတယ်။

ဘယ်လို ဘယ်လို လုပ်မယ်ဆိုတာကိုတောင် စနစ်နဲ့ ဇယားနဲ့ ပြောထားတာတွေပဲ။

(၃) (M.D.G) ချမှတ်ပြီး နောက်တနှစ်မှာပဲ (၉/၁၁) အရေးအခင်း အမေရိကားမှာ ပေါ်တယ်။ အမေရိကန်က အာဖဂန်စစ်၊ အီရတ်စစ်ဘက် လှည့်သွားတယ်။ နောက်တော့ အမေရိကားမှာ စီးပွားပျက်ကပ် ဆိုက်တယ်။ ကြွေး ပင်လယ်ဝေနေတဲ့ နိုင်ငံတကာတွေကို ကယ်ဖို့ နေနေသာသာ သူကိုယ်တိုင်က ကြွေး လည်ပင်းနစ်သွားတယ်၊

"(M.D.G)ပန်းတိုင်"ရောက်ဖို့ (၅)နှစ်သာ လိုတော့တဲ့အခါမှာတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေ ကိုယ်တိုင်မှာ အိုးမဲ့အိမ်မဲ့ အလုပ်လက်မဲ့တွေ၊ ဆင်းရဲသားတွေ များလာတယ်။ ခြိုးခြံချွေတာရေး လုပ်လာရတယ်။ အသက်(၆၀) မှာ ပင်စင်မယူနဲ့၊ (၆၂) နှစ်အထိ အလုပ် လုပ်ကြလို့ ဥပဒေ ထုတ်လာရတယ်။ အာဖရိက–က ဆင်းရဲသားကို ကယ်ဖို့ နေနေသာသာ ကိုယ့်ဆီက ဆင်းရဲသားကို ကယ်ဖို့ မနည်းလုပ်နေရပြီ။


အခုတော့ (M.D.G) ပြောသံ တိတ်သွားပြီ။ ကြားနေရတဲ့အသံတွေက "ကုန်သွယ်ရေးစစ်" "ငွေရေး ကြေးရေးစစ်" "ဆိုင်ဘာ (Cyber)စစ်" ဆိုတာတွေအပြင် "စစ်လေ့ကျင့်ပွဲ"တွေ၊ "စစ်လက်နက်တိုးချဲ့တဲ့ သတင်း" တွေပဲ ဖြစ်နေတယ်။

ကြိုးကြား ကြိုးကြားလည်း လူမျိုးရေးဖိနှိပ်မှုတွေ ကြားနေရတယ်။ ဂျစ်ပစီတွေကို ဖမ်းပြီး နယ်နှင်တဲ့သတင်း၊ ရွှေ့ပြောင်းလုပ်သားတွေကို နေရင်းတိုင်းပြည် အတင်းပြန်ပို့တဲ့သတင်းတွေ ကြားရတယ်။

(၁၉၃၀) စီးပွားပျက်ကပ်ကနေ ဒုတိယကမ္ဘာစစ်ကို ဖြစ်စေခဲ့သလို သမိုင်းက တပတ်ပြန်လည်လေမလားလို့ စိုးရိမ်စရာ ဖြစ်နေပါတယ်။

ဉာဏ်လှိုင်

# ၂၁ ရာစုဟာ အာရှရာစု ဖြစ်လာမလား



ရဲဘော်ရှုယဉ်

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလနောက်ပိုင်း နိုင်ငံအများအပြား စီးပွားရေးအဆင့်နေရာ အပြောင်းအလဲ ဖြစ်နေချိန် မှာ တရုတ်သမ္မတ ဟူကျင်းထောင်ဟာ အမေရိကန်ကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒီတခေါက် (၂၀၁၁ ဇန်နဝါရီအတွင်း) လည်ပတ် မှုဟာ ၂၀၀၆ ခုနှစ် ဧပြီလတုန်းက ဟူကျင်းထောင် သွားရောက်ခဲ့စဉ်ကနဲ့ အခြေအနေဟာ အတော်ကွာခြားသွားပါပြီ။ အဲဒီကာလတုန်း က ကမ္ဘာ့စီးပွားရေး ချိန်ခွင်ညှာဟာ အာရှကို စတင်တိမ်းညွတ်နေပြီ ဖြစ်ပေမယ့် အခုအချိန်လောက် ထင်ရှားပေါ်လွင်ခြင်းမရှိသေးပါဘူး။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနဲ့ အဲဒီက အကျိုးဆက်အဖြစ် ပေါ်ပေါက်ခဲ့တဲ့ အမေရိကန်နဲ့ ဥရောပ စီးပွားရေးကျဆင်းမှုများက ကမ္ဘာ့စီးပွားရေး ပြန်လည် နာလန်ထမှုမှာ အာရှတိုက်က ခေါင်းဆောင်မှုကို ရရှိစေခဲ့ပါတယ်။ မနှစ်ကစလို့ အာရှစီးပွားရေး အခြေအနေဟာ အလွန်ကို သိသာထင်ရှားစွာ တိုးတက်ခဲ့တာပါ။ ပိုတိကျစွာပြောရမယ်ဆိုရင် တရုတ်၊ အိန္ဒိယ၊ မလေးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ တခြားဒေသတွင်း စီးပွားရေးများပါဝင်တဲ့ "ဖွံ့ဖြိုးတိုးတက်ဆဲအာရှ" (developing Asia) က ဒီပြန်လည် နာလန်ထမှုကို ခေါင်းဆောင်ခဲ့တာဖြစ်ပါတယ်။

တကယ်လို့များ တရုတ်က ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ အိန္ဒိယက ၉ ဒသမ ၇ ရာခိုင်နှုန်းနဲ့ အရှေ့တောင်အာရှနိုင်ငံများ(ဥပမာ–အင်ဒိုနီးရှား၊ မလေးယား၊ ဖိလစ်ပိုင်) တို့က ၆ – ၇ ရာခိုင်နှုန်းအသီးသီး မတိုးတက်ခဲ့ကြဘူးဆိုရင် ကမ္ဘာ့စီးပွားရေးဟာ ၂၀၁၀ ခုနှစ် မှာ ၄ ဒသမ ၈ ရာခိုင်နှုန်း မတိုးတက်နိုင်ပါဘူး။

ဒါကြောင့်ပဲ အမေရိကန်သမ္မတ အိုဘားမားက တရုတ်သမ္မတ ဟူကျင်းထောင်ကို ဧည့်ခံကြိုဆို ဧည့်ဝတ်ပြုရာမှာ တရုတ်ပြည် ဟာ ကမ္ဘာ့ဒုတိယ အကြီးမားဆုံး စီးပွားရေးအင်အားအဖြစ် သဘောထားရုံမက သူ့ကို အမေရိကန်ရဲ့ အနာဂတ် စီးပွားရေး အလားအလာများ အဖြစ်လည်း သဘောထား ဆက်ဆံခဲ့တာ ဖြစ်ပါတယ်။

ဒီခရီးဟာ မျှော်လင့်ထားတဲ့အတိုင်းပဲ စီးပွားရေးပြဿနာတွေက လွှမ်းမိုးနေပါတယ်။ သိသာထင်ရှားတဲ့ စီးပွားရေးသဘောတူ ညီချက်တွေ တပုံကြီး ပေါ်လာခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံတန်ဖိုး ရှိတဲ့ သဘောတူညီချက်တွေ ချုပ်ဆိုပြီး၊ ဒါတွေကြောင့် အမေရိကန်က အလုပ်အကိုင်ပေါင်း ၂ သိန်းကျော်ကို ထောက်ပံ့ပေးနိုင်မယ်လို့ ဆိုပါတယ်။ ဒါတွေဟာ စီးပွားရေးကျဆင်းမှုကြောင့် လူထု ထောက်ခံမှု ကျဆင်းနေတဲ့ အိုဘားမားအတွက်တော့ အားဆေးတခွက်ပါပဲ။

ဒီလို အမေရိကန်နဲ့ တရုတ်ဆက်ဆံရေး ကောင်းမွန်လာမှုက အာရှဒေသတခုလုံးကိုလည်း သတင်းကောင်းတပုဒ် ဖြစ်စေပါတယ်။ ဘာကြောင့်ပါလဲ။

(၁) အာရှဒေသတခုလုံးရဲ့ စီးပွားရေးအခြေအနေ တိုးတက်မှုရဲ့ ရေသောက်မြစ်ဟာ တရုတ်ပြည်ရဲ့ စီးပွားရေးတိုးတက်မှုကို အခြေခံပါတယ်။ တရုတ်ဟာ လွန်ခဲ့တဲ့ ၁၀ စုနှစ်အတွင်း တနှစ်တနှစ်ကို ၁၀ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ပြီး၊ ကမ္ဘာ့တိုးတက်မှု ၂ ဒသမ ၆ ရာခိုင်နှုန်းနဲ့ စာရင် အများကြီးသာပါတယ်။ ဒီအချိန်အတွင်း အာရှရဲ့ တိုးတက်မှုဟာ ၆ ဒသမ ၇ ရာခိုင်နှုန်းပါ။ ဒါဟာ "ဖွံ့ဖြိုး တိုးတက်ဆဲ အာရှနိုင်ငံများ"ရဲ့ စုပေါင်း တိုးတက်မှုပါ။ ကမ္ဘာ့ အချမ်းသာဆုံးနိုင်ငံများဖြစ်တဲ့ ဂျီ –၇ (G.7) စုပေါင်း တိုးတက်မှုနှုန်းဟာ ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါတယ်။

ဒီအာရှတိုက် တိုးတက်မှုဟာ တရုတ်ရဲ့ ကြီးမားလှတဲ့ ထုတ်လုပ်ရေးကွန်ရက်နဲ့ အကျယ်အပြန့် ဆက်စပ်ထားမှုအပေါ် မူတည်တာပါ။ တကယ်လို့များ တရုတ်က အမေရိကန်နဲ့ စီးပွားရေးဆက်ဆံမှု အသစ်တွေ ပေါ်ပေါက်လာပြီး တရုတ်စီးပွားရေးတွေ ပိုမိုကျယ်ပြန့်တိုးတက်လာရင် ကျန်အာရှဒေသများက တိုင်းပြည်များအနေနဲ့ကလည်း အရှိန်နဲ့ လိုက်တိုးတက်နိုင်ပါတယ်။ အမေရိကန်ဒေါ်လာဈေး ကျလာမှု၊ တရုတ်ယွမ်ငွေခိုင်မာလာမှု၊ အမေရိကန်က အရင်းအနှီးဈေးတွေ ကျလာမှုစတာတွေကြောင့် အမေရိကန် ကုမ္ပဏီတွေကို တရုတ်ကုမ္ပဏီတွေက ဝယ်ယူတာ၊ ပူးပေါင်းသွားတာစတာတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ တရုတ်ကလည်း သူ့စီးပွားရေးပုံစံကို ထုတ်လုပ်ရေးသက်သက်အပေါ်သာ အာရုံထားနေရာက အဆင့်မြင့် ထွက်ကုန်တွေ ထုတ်လာဖို့ ရည်မှန်းထားတာပါ။ တကယ်လို့များ ဒီရည်ရွယ်ချက် အောင်မြင်သွားရင် တရုတ်ပြည်ရှိ အဆင့်နိမ့် ထုတ်လုပ်ရေး လုပ်ငန်းတွေဟာ ကျန်ဒေသတွေဖြစ်တဲ့ အိန္ဒိယ၊ ထိုင်း၊ မလေးယား၊ ဗီယက်နမ်စတာတွေဆီ ရွှေ့ပြောင်းသွားနိုင်ပါတယ်။

(၂) ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ပတ်ဝန်းကျင် ထိခိုက်မှုများကနေ သဘာဝဘေးအန္တရာယ်တွေ ကြီးကြီးမားမား ပေါ်လာရတဲ့အပေါ် အမေရိကန်နဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေက အရှိန်အဟုန်နဲ့ စီးပွားရေးတိုးတက်နေတဲ့ အာရှတိုက်အပေါ် ဖိအားတွေ အမျိုးမျိုးပေးနေပါတယ်။ ဒါကို တရုတ်က ဦးဆောင်ပြီး၊ အိန္ဒိယ၊ ဘရာဇီး၊ တောင်အာဖရိကနိုင်ငံများက အဲဒီဖိအားတွေကို တွန်းလှန်နေတာပါ။ ဒီပဋိပက္ခကြောင့်ပဲ ရာသီဥတုအပြောင်းအလဲတွေ လုပ်ဆောင်သင့်တာတွေ လုပ်ဆောင်ဖို့ နှောင့်နှေးနေခဲ့ပါတယ်။

တရုတ်နဲ့ အမေရိကကြား ပြဿနာအချို့ကို မဖြေရှင်းနိုင်ရင် ဒီရာသီဥတုပြောင်းလဲမှုအတွက်လည်း တိုးတက်အောင်လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီတခေါက် ဟူကျင်းထောင် ခရီးစဉ်အတွင်း အမေရိကန်စွမ်းအင်ကုမ္ပဏီ တချို့နဲ့ တရုတ်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီခဲ့ကြပြီး ကာဗွန်အထွက်နည်းတဲ့ သန့်ရှင်းတဲ့ စွမ်းအင်လုပ်ငန်းတွေ ပူးပေါင်းလုပ်ဆောင်ကြမှာဖြစ်ပါတယ်။ (အရင်က ဒီလိုအဆင့်မြင့် သိပ္ပံပညာရပ်တွေမှာ တရုတ်ကို ရောင်းချဖို့ ကန့်သတ်ထားခဲ့တာပါ၊)

ဒီသဘောတူညီချက်ကြောင့်ပဲ အာရှနိုင်ငံတွေအပေါ် ရာသီဥတုနဲ့ ပတ်သက်ပြီး အရင်းအမြစ် သုံးစွဲရေးလျှော့ချဖို့ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ ဖိအားလျော့လာနိုင်တယ်လို့ အာရှနိုင်ငံများက သုံးသပ်ကြပါတယ်။ တဆက်တည်း သူတို့နိုင်ငံများဘက်က လိုက်လျောစရာတွေလည်း လိုက်လျောလာလိမ့်မယ်လို့ မျှော်လင့်ကြပါတယ်။

ဒါကို လက်ခံလာဖို့ အချိန်ကာလတပိုင်းလိုပါတယ်။ ဒီအတောအတွင်း တရုတ်အပါအဝင် အာရှဒေသနိုင်ငံများကလည်း စီးပွားရေးအရ ခိုင်မာရင့်ကျက်တဲ့ စီးပွားရေးပုံစံတွေ၊ စီးပွားရေးအဆောက်အအုံတွေ ရှိရမှာဖြစ်ပြီး၊ မိမိတို့ရဲ့ စီးပွားရေးကို ရေရှည်တည်တံ့အောင် လုပ်ပြရမှာပါ။ ဒီနေရာမှာ တရုတ်က ရှေ့တန်းကနေပြီး ကျန်နိုင်ငံများကို ဆွဲခေါ်နိုင်ပါတယ်။

ဒီလိုနည်းနဲ့ပဲ အမေရိကန်နဲ့ အနောက်နိုင်ငံများ (ဘယ်လောက်ပဲ လက်မခံချင်၊ လက်မခံချင်) ၂၁ ရာစုဟာ အာရှတိုက်ရဲ့ ရာစုသာ ဖြစ်တယ်ဆိုတာ အသိအမှတ် ပြုလာရပါလိမ့်မယ်။

ရဲဘော်ရှုယဉ်
၁၃ ဖေဖော်ဝါရီ ၂၀၁၁။






# (နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု) ကွန်မြူနစ်များရဲ့ ၁၉ ကြိမ်မြောက် နှီးနှောဖလှယ်ပွဲ

**(သတင်းဆောင်းပါး)**

**စိမ်းမြမြဝိုင်း**

၂၀၁၀ မေ ၁၄–၁၅ က ဘယ်လ်ဂျီယံ ဘရပ်ဆဲမြို့မှာ ဘယ်လ်ဂျီယံအလုပ်သမားပါတီက ဦးစီးကျင်းပတဲ့ ကွန်မြူနစ်များရဲ့ ၁၉ ကြိမ်မြောက် နှီးနှောဖလှယ်ပွဲကို ၃ ရက်ကြာ ကျင်းပခဲ့တယ်။

ဆွေးနွေးပွဲရဲ့ အဓိက ခေါင်းစဉ်းမှာ "စီးပွားရေးအကျပ်အတည်းရဲ့ ဆိုးကျိုးများနဲ့ ကွန်မြူနစ်ပါတီများရဲ့ အခန်းကဏ္ဍ"ဖြစ်တယ်။ ဆွေးနွေးပွဲသို့ နိုင်ငံ ၃၇ နိုင်ငံမှ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီ ၄၀ ကျော်မှ ပါတီကိုယ်စားလှယ်များ တက်ရောက်ပါတယ်။

တက်ရောက်လာတဲ့ ပါတီများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) အာဖဂန် စည်းလုံးညီညွတ်သောပါတီ (၂) အယ်လ်ဘေးနီးယား ကွန်မြူနစ်ပါတီ (၃) အယ်လ်ဂျီးရီးယား ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်ဝါဒ ပါတီ (၄) ဘီလာရု ပြည်ထောင်စုအတွက်နဲ့ ပြည်ထောင်စု ကွန်မြူနစ်ပါတီ (၅) ဘယ်လ်ဂျီယံ အလုပ်သမားပါတီ (၆) ဘရာဇီး ကွန်မြူနစ်ပါတီ (၇) ကွန်ဂိုကွန်မြူနစ်ပါတီ (၈) ကော့စတာရီကာ ပြည်သူ့တပ်ဦးပါတီ (၉) ကျူးဘားကွန်မြူနစ်ပါတီ (၁၀) ဒိန်းမတ် ကွန်မြူနစ်ပါတီ (၁၁) အယ်လ်ဆာဗေဒို ကွန်မြူနစ်ပါတီ (၁၂) ပြင်သစ် တော်လှန်တဲ့ ကွန်မြူနစ်များရဲ့ မဟာမိတ် (၁၃) ပြန်လည်ဆန်းသစ်ထားတဲ့ ပြင်သစ် ကွန်မြူနစ်ပါတီ (၁၄) ဂရိ ကွန်မြူနစ်ပါတီ (၁၅) အီရန် ပြည်သူ့ပါတီ (၁၆) အီတလီ "ဝါဒဖြန့်သူများရဲ့ကွန်ရက်" (၁၇) လာအိုပြည်သူ့တော်လှန်ရေးပါတီ (၁၈) လတ်ဗီးယားဆိုရှယ်လစ်ပါတီ (၁၉) လစ်ဘန္နံ ကွန်မြူနစ်ပါတီ (၂၀) လူဇင်ဘတ် ကွန်မြူနစ်ပါတီ (၂၁) မောလ်တာ ကွန်မြူနစ်ပါတီ (၂၂) မော်ရိုကို "ဒီမိုကရေစီလမ်းကြောင်း"ပါတီ (၂၃) ဟော်လန် ကွန်မြူနစ်ပါတီသစ် (၂၄) ပါလက်စတိုင်း ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (၂၅) ပီရူးကွန်မြူနစ်ပါတီ (၂၀) ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ (၃၁) ရုရှားပြည်ထောင်စု ကွန်မြူ နစ်ပါတီ (၃၂) ရုရှား ကွန်မြူနစ်ဝါဒ အလုပ်သမားပါတီ (ကွန်မြူနစ်များရဲ့ တော်လှန်ရေးပါတီ) (၃၃) ရုရှား"ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ" (၃၄) စပိန်ပြည်သူ့ ကွန်မြူနစ်ပါတီ (၃၅) ဆွီဒင် ကွန်မြူနစ်ပါတီ (၃၆) ဆွစ်ဇာလန် လေဘာပါတီ (၃၇) ဆီးရီးယား ကွန်မြူနစ်ပါတီ (၃၈) တူနီးရှား ပြည်ချစ်ဒီမိုကရေစီ အလုပ်သမားပါတီ (၃၉) တူရကီ ကွန်မြူနစ်ပါတီ (၄၀) တူရကီ လေဘာပါတီ (၄၁) ယူကရိန်း "ကွန်မြူနစ်များရဲ့ မဟာမိတ်"(၄၂) ဗြိတိန်ကွန်မြူနစ်ပါတီ (မာ့က်စ်လီနင်ဝါဒ) (၄၃) အမေရိကန် "လွတ်လပ်ရေး လမ်းကြောင်း ဆိုရှယ်လစ်ဝါဒအဖွဲ့"(၄၄) ဗီယက်နမ်ကွန်မြူနစ်ပါတီနဲ့ (၄၅)) တရုတ်ပြည် လူမှုရေးသိပ္ပံကောလိပ်၊ မာ့က်စ်ဝါဒ သုတေသန အကယ်ဒမီမှ ကျော်ကြားတဲ့ ပညာရှင်များဟာ လေ့လာသူ များအဖြစ် တက်ရောက်ပါတယ်။

ဆွေးနွေးမှုများကို (၁) အဆက်မပြတ်နက်ရှိုင်းလာနေတဲ့ အရင်းရှင်စနစ် အကျပ်အတည်းကို ခွဲခြမ်း စိတ်ဖြာကြည့်ခြင်းနဲ့ (၂) ကွန်မြူနစ်ပါတီအသီးသီးရဲ့ သမိုင်းပေးတာဝန်များနဲ့ သေနင်္ဗျူဟာနည်းပရိယာယ်များဆိုပြီး ကဏ္ဍ ၂ ခု ခွဲ ဆွေးနွေးကြတယ်။

ကဏ္ဍ (၁) ကို ဆွေးနွေးရာမှာ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးစတဲ့ ဘက်အသီးသီးကနေ အဆက်မပြတ် နက်ရှိုင်းလာနေတဲ့ အရင်းရှင်စနစ်ရဲ့

အကျပ်အတည်းကို စူးစမ်းလေ့လာ ဆွေးနွေးကြတယ်။ ဆွေးနွေးရာမှာ (က) အရင်းရှင်စနစ် စီးပွားရေး အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်များ (ခ) ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်ရေး ပိုလျှံမှုကို ယခုအထိ အရင်းခံအားဖြင့် မဖြေရှင်းနိုင်သေးခြင်း (ဂ) စီးပွားရေးအကျပ်အတည်းကြောင့် နယ်ချဲ့နိုင်ငံများမှ အုပ်စိုးသူလူတန်းစားများရဲ့ နိုင်ငံရေး အကျပ်အတည်း (ဃ) စီးပွားရေး အကျပ်အတည်းကြောင့် နယ်ချဲ့နိုင်ငံအချင်းချင်းအကြား ပဋိပက္ခ ပိုမိုထက်မြက်သည်းသန်လာခြင်း (င) စီးပွားရေး အကျပ်အတည်းကြောင့် အမေရိကန်ဟာ စစ်ရေးပိုဆန်လာပြီး၊ စစ်ရေးအကြောင်းအချက်တွေ ပိုမိုစုစည်းလာခြင်း (စ) ဆိုရှယ်လစ်စနစ်သာ အရင်းရှင်စနစ် အကျပ်အတည်းက ရုန်းထွက်နိုင်ရေးအတွက် ရွေးချယ်စရာ တခုတည်းသော နည်းလမ်းဖြစ်တယ်ဆိုတဲ့ အချက်တွေကို စူးစမ်းလေ့လာ ဆွေးနွေးခဲ့ကြတယ်။

အထက်ပါ ဆွေးနွေးချက်များထဲမှ မျက်မှောက်ကာလမှာ အမေရိကန်ရဲ့ စစ်ရေးဆန်လာခြင်းနဲ့ စစ်ရေးအကြောင်းအချက်များ စုစည်းလာခြင်းဆိုတဲ့ ဆွေးနွေးမှုများကို ပြည့်ပြည့်စုံစုံ တင်ပြသွားလိုတယ်။

အမေရိကန်ဟာ ကမ္ဘာ့ ရေနံ အများဆုံးထွက်ရှိရာ ဒေသဖြစ်တဲ့ အရှေ့အလယ်ပိုင်းဆိုင်ရာ စစ်ရေးသေနင်္ဂဗျူဟာကို အကျယ်အပြန့် ဆက်လက်ကျင့်သုံးသွားလိမ့်မယ်။ ရည်ရွယ်ချက်ကတော့ အဓိကပြိုင်ဘက်ဖြစ်တဲ့ တရုတ်ပြည်ရဲ့ စွမ်းအင်အပေါ် ထိန်းချုပ်ရေးကို ပိုမို လုပ်ဆောင်သွားနိုင်ရေးအတွက် ဖြစ်တယ်။ အမေရိကန်အစိုးရဟာ အီရန်ပတ်ဝန်းကျင်မှာ စစ်ရေးအရ လက်နက်တပ်ဆင်မှုတွေ များ သထက်များလာနေတယ်။ ထောင်လိုက်သောင်းလိုက်ချီတဲ့ ဗုံးတွေကို အဲဒီမှာ စုပုံထားပါတယ်။ တချို့ဗုံးတွေဟာ မြေကြီးကို နက်နက်ရှိုင်းရှိုင်း ထိုးဖောက်သွားနိုင်ပြီး မြေအောက်တပ်ဆင်ထားမှုများကို ဖျက်ဆီးပစ်နိုင်တယ်။ ဒီအခြေအနေမျိုးဟာ အီရတ်ကို အလစ်အငိုက် တိုက်ခိုက်လိုက်တဲ့ ပုံစံမျိုးနဲ့ ဆင်ဆင်တူပါတယ်။ အနုမြူလက်နက်တည်ဆောက်ဖို့ ကြံရွယ်နေတဲ့ အီရန်ဟာ ဘာ အထောက်အထားမှ မတွေ့ရပေမယ့် အပြစ် တင်စွပ်စွဲခြင်းခံနေရတယ်။ အမေရိကန်ဟာ အစ္စရေးများရဲ့ ဂျူးနိုင်ငံပြန်လည်ထူထောင်ရေး ဇီယွန်ဝါဒကို ထောက်ခံအားပေး၊ ကာကွယ် ထိန်းသိမ်းပေးနေတယ်။ အဲဒီဒေသမှာ ဆီးရီးယားရဲ့ နယ်ချဲ့ဆန့်ကျင်ရေး ဆောင်ရွက်ချက်များကို စွန့်လွှတ်ဖို့ တောင်းဆိုပြီး အကြီးအကျယ် ဖိနှိပ်သွားရေးကို အားဖြည့်ဆောင်ရွက်နေတယ်။

လက်တင်အမေရိကဟာလည်း ၎င်းတို့အဓိက အလေးထားရာ နေရာတခုဖြစ်တယ်။ ဒါကြောင့် အမေရိကန်ရဲ့ စစ်ရေးအခြေခံစခန်းတွေနဲ့ စစ်ရေယာဉ်တွေ တိုးပြီးရင်းတိုးလာနေတဲ့ ဒေသဖြစ်လာတယ်။ အဲဒီဒေသမှာ အမေရိကန်ရဲ့ ရည်ရွယ်ချက်ကတော့ သယံဇာတ အရင်းအမြစ်များနဲ့ ဈေးကွက် ထိန်းချုပ်ရေးဖြစ်တယ်။ လက်တင်အမေရိကဒေသရဲ့ နယ်ချဲ့ဆန့်ကျင်ရေး တပေါင်းတစည်းတည်း ဖြစ်လာရေး အဆိုပြုချက်များကို အမေရိကန်က ဆန့်ကျင်ပါတယ်။ ဥပမာ–အမေရိကတိုက် ဘိုလီဗာ မဟာမိတ်အဖွဲ့ ထူထောင်ရေးကို ဆန့်ကျင်ခြင်း။ ဒါကြောင့် အမေရိကန်ဟာ အဲဒီဒေသရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ရေရှည်ခြိမ်းခြောက်ခဲ့သူ ဖြစ်ပါတယ်။

အာဖရိကတိုက်ရဲ့ အကြီးအကျယ်ပေါ်ကြွယ်လှတဲ့ ဥစ္စာနေတွေဟာလည်း နယ်ချဲ့သမားရဲ့ အတင်းလုယက်ရာ ပစ်ကွင်းဖြစ်နေပါတယ်။ အမေရိကန်ဟာ သူ့ရဲ့ စစ်ရေးအင်အားများ အားဖြည့်ထားရှိရေးနဲ့ အာဖရိက စစ်ဦးစီးဌာန ထူထောင်ထားရှိရေးကို အကြောင်းရှာနေတယ်။

အမေရိကန်ရဲ့ နျူကလီယားမဲ့ဖြစ်ပေါ်ရေး ရပ်တည်ချက်ဟာ တလျှောက်လုံး သူတော်ကောင်းယောင်ဆောင်ထားခြင်းသာ ဖြစ်တယ်။ ခေတ်မမီတော့တဲ့ လွှဲပစ်ဒုံးပျံ (Ballistic missile) ၁၀၀၀ ကို ဖျက်ဆီးခဲ့ပေမယ့် အဲဒီဒုံးမျိုး ၈,၀၀၀ ရှိနေပါသေးတယ်။ ဝါရှင်တန်ဟာ ဘယ်တော့မှ နျူကလီယားလက်နက်ကို အရင်ဆုံးမသုံးပါဘူးလို့ ကတိမပေးခဲ့ဖူးဘူး။ နျူကလီယားမဲ့နိုင်ငံတွေ နျူကလီယားလက်နက် သုံးစွဲလာမှာကိုသာ ရန်လုပ်နေတာဖြစ်တယ်။ ဥပမာ– အီရန်၊ မြောက်ကိုရီးယားစတဲ့နိုင်ငံများအပေါ် ရန်လုပ်နေခြင်း။

တချိန်တည်းမှာ အိုဘားမားဟာ ပိုမိုများပြားတဲ့ ငွေပင်ငွေရင်းများကို နျူကလီယားလက်နက်များ ခေတ်မီရေးကို သုံးစွဲရန် ခွဲတမ်းချခဲ့တယ်။ အသေးစား နျူကလီယားလက်နက်များ ဆက်လက်ထုတ်လုပ်ရေးကိုလည်း ဆောင်ရွက်နေတယ်။ သူ့ရဲ့ရည်မှန်းချက်ဟာ အမေရိကန်ရဲ့ စစ်ရေးအရ သာလွန်မှုအဆင့်နေရာကို ဆက်လက်ထိန်းသိမ်းသွားရေးဖြစ်တယ်။ (အမေရိကန်ရဲ့ စစ်သုံးစရိတ်ဟာ တကမ္ဘာလုံး စစ်သုံးစရိတ်ရဲ့ ၄၅ ရာခိုင်နှုန်းရှိနေတာကို သတိရှိနေသင့်ပါတယ်)။ အထူးသဖြင့် အမေရိကန်ဟာ အစုလိုက်အပြုံလိုက် သေကြေဒဏ်ရာရစေတဲ့ လက်နက်ဘက်မှာ သာလွန်ရေးကို အလေးထား လုပ်ဆောင်နေပါတယ်။ စီးပွားရေးရှုထောင့်က ကြည့်ရင် အမေရိကန်ဟာ ချည့်နဲ့လာပေမယ့် သူ့ရဲ့ နေတိုး အဖွဲ့ဝင် မဟာမိတ်များနဲ့အတူ ၎င်းတို့ရဲ့ စစ်ရေးစွမ်းရည် တောင့်တင်းရေးကို ဆောင်ရွက်နေတယ်လို့ သုံးသပ်ခဲ့ကြတယ်။

နိုင်ငံတကာ ကွန်မြူနစ်များရဲ့ ၁၉ ကြိမ်မြောက် ဆွေးနွေးပွဲဟာ အထက်မှာ ဖော်ပြခဲ့သလို ကွန်မြူနစ်ပါတီအသီးသီးရဲ့ သမိုင်း ပေးတာဝန်များနဲ့ မိမိတို့ရဲ့ သေနင်္ဂဗျူဟာနည်းပရိယာယ်များကိုလည်း ခုလို ဆွေးနွေးခဲ့ကြသေးတယ်။

အရင်းရှင်စနစ်ရဲ့ ကျယ်ပြောလှတဲ့ အကျပ်အတည်းဟာ ကွန်မြူနစ်ပါတီတွေကို မိမိတို့ရဲ့ အလုပ်သမားလူတန်းစား တပ်ဦးအခန်းကို အပြည့်အဝ ဖြစ်ထွန်းလာရေးအတွက် အကြောင်းအချက်တွေကို ဆောင်ကြဉ်းလာတယ်။ ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ရေးအတွက် ကွန်မြူနစ်များဟာ မိမိတို့ရှေ့မှောက်မှာ ရှိနေတဲ့ အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ရမယ်။ ခေတ်နောက်ကျတဲ့ အတွေးအခေါ်များအတိုင်း လုပ်ဆောင်နေမှုတွေကို စွန့်လွှတ်ပစ်ကြရမယ်။ ယခုအခါ ဘော်လ်ရှီဗစ်ပါတီများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ခိုင်မာရေးနဲ့ တည်ဆောက်ရေးအတွက် အခွင့်အလမ်းတွေ တည်ရှိနေတယ်။ တကယ်တော့ ဒီပါတီတွေဟာ လူတန်းစားတိုက်ပွဲ မီးတောက်အတွင်းမှာ အတွေ့အကြုံတွေ စုပုံလာနေပြီး မိမိကိုယ်ကိုယ် သံခဲတင်ကြရတာဖြစ်တယ်။ လူတန်းစားတိုက်ပွဲဟာ မျိုးဆက်သစ်ကေဒါများ မွေးမြူရေးအတွက် အလွန်ကောင်းတဲ့ အခွင့်အလမ်းကို ရရှိစေတယ်။ ဒီနေ့ လူငယ်အများစုနဲ့ ၁၉၈၉ နောက်ပိုင်း ကွန်မြူနစ်ဆန့်ကျင်ရေးဒီလှိုင်းကို သိရှိနားလည်ထားတဲ့ အဲဒီမျိုးဆက်များဟာ ဘယ်တုန်းကမှ ဒီလိုအတိုင်းအတာကြီးမားလှပြီး ပြင်းထန်လှတဲ့ ကပ်ဘေးမျိုးကို မကြုံခဲ့ဖူးသေးပါဘူး။ ဒီနေ့ ဒီမျိုးဆက်တွေဟာ သူတို့ရဲ့အနာဂတ် နောင်နှစ်ဆယ်အချို့ တော်လှန်ရေးသမိုင်းပေးတာဝန်များကို ထမ်းဆောင်နိုင်ရေး ပြင်ဆင်နေကြပါပြီ။

ကွန်မြူနစ်ပါတီတိုင်းဟာ အရင်းရှင်စနစ်ရဲ့ စနစ်လက္ခဏာဆောင်တဲ့ အကျပ်အတည်းကို ကြုံတွေ့ရင်ဆိုင်နေရပြီး နက်နက် ရှိုင်းရှိုင်းနားလည်နေရတယ်။ မာ့က်စ်ဝါဒရဲ့ ရှေ့ဆောင်ညွှန်ပြမှုဖြင့် ၎င်းရဲ့ စိန်ခေါ်မှုများကို လေ့လာခွဲခြမ်း

စိတ်ဖြာကြတယ်။ မာ့က်စ်၊ လီနင်တို့ရဲ့ ကျမ်းများမှာ မျက်မှောက် အကျပ်အတည်းရဲ့ နက်ရှိုင်းတဲ့ရေသောက်မြစ်ကို သိမြင်နားလည်ပြီး ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးရေး တင်ပြခဲ့တဲ့ အဆိုပြုချက်တွေဟာ လေးနက်တဲ့ လက်တွေ့အဓိပ္ပာယ်ဆောင်ပါတယ်။ ဒီနေ့ ကွန်မြူနစ် ပါတီနဲ့ အလုပ်သမားပါတီများအတွက် အင်အားတောင့်တင်းရေးနဲ့ လူထုနဲ့ဆက်သွယ်ရေးအတွက် အလွန်ကောင်းတဲ့ အခွင့်အလမ်း တရပ် ရရှိနေပါတယ်။ လူထုကြီးတရပ်လုံး ကျယ်ကျယ်ပြန့်ပြန့်နဲ့ နက် နက်ရှိုင်းရှိုင်း နိုးကြားလာရေးဟာ ကွန်မြူနစ်တွေရဲ့ လူထုအတွင်း ဝင် ရောက် အလုပ်လုပ်ခြင်း၊ အထူးသဖြင့် လူတန်းစားတိုက်ပွဲအတွင်း ပါဝင်မှုပေါ်မှာ တည်ပါတယ်။ ကွန်မြူနစ်များဟာ လူတန်းစားတိုက်ပွဲ တိုင်းမှာ တက်တက်ကြွကြွ ပါဝင်ရမယ်။ အလုပ်သမားများရဲ့ တင်ပြ တောင်းဆိုချက်တွေကို ထောက်ခံရမယ်။ ဒီတောင်းဆိုချက်တွေနဲ့ အခိုင်အမာ ဆောင်ရွက်ချက်တွေကို လုပ်ရှားတိုက်ပွဲဝင်နေတဲ့ အင် အားများဖြင့်သာ အကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အရင်းရှင်စနစ်အောက်မှာ ဒီရလဒ်တွေဟာလည်း ယာယီသာဖြစ်ပြီး မတည်မြဲနိုင်ပါဘူး။ ဘယ်လို အရင်းခံကျတဲ့ အပြောင်းအလဲမဆို ပြည် သူလူထုကြီးကို လှုံ့ဆော်စည်းရုံးနိုင်တဲ့အပေါ်မှာ မူတည်ပါတယ်။ အရင်းရှင်စနစ်အောက်မှာ လူတန်းစားတိုက်ပွဲဖြင့်သာ အောင်ပွဲကို ရရှိနိုင်ပါတယ်။ ကွန်မြူနစ်ပါတီများဟာ လွှတ်တော်နည်းများကို မှီခိုရမှာမဟုတ်ဘဲ လွှတ်တော်ပြင်ပ လုပ်ရှားမှုများကို ဖြစ်ထွန်းတိုးတက် လာစေရပါမယ်။

ပါတီတည်ဆောက်ရေး အားဖြည့်သွားရေးဟာ အထူး အလေးထားရန် လိုအပ်တဲ့ ပြဿနာဖြစ်တယ်။ ကွန်မြူနစ်ပါတီအသီး သီးဟာ ပါတီဝင်သစ်များကို စည်းရုံးသိမ်းသွင်းရမယ်။ သူတို့ကို နားဝင်အောင်ရှင်းပြပြီး စည်းရုံးရမယ်။ ပါတီအာဘော် စာစောင်တွေရဲ့ အရေးပါမှုဟာ အစားထိုးမရနိုင်ဘူး။ ဒါတွေဟာ လူထုလုပ်ငန်းအတွက် အရေးပါတဲ့ ကိရိယာဖြစ်တယ်။ ဒ့ါအပြင် ကွန်မြူနစ်ပါတီများရဲ့ ဝါဒ ဖြန့်ချိရေးလုပ်ငန်းဟာ နည်းပညာသစ်တွေကို အသုံးပြုပြီး ဆက်သွယ် မှုတွေကို တိုးချဲ့သွားရမယ်။

ကွန်မြူနစ်လှုပ်ရှားမှုရဲ့ အဓိကတာဝန်ဟာ အရှေ့ဥရောပ နိုင်ငံတွေက ဆိုရှယ်လစ်တည်ဆောက်မှု အတွေ့အကြုံသင်ခန်းစာ များကို စုပ်ယူပြီး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးနဲ့ ၎င်းရဲ့ မပြောင်း လဲတဲ့ မူချလက္ခဏာကို ကာကွယ်ထိန်းသိမ်းသွားရမယ်။ ကွန်မြူနစ် တွေဟာ ကွန်မြူနစ်ဆန့်ကျင်ရေး၊ လှုပ်ရှားမှုနဲ့ မုသားစကားများဖြင့် သမိုင်းကို ပြုပြင်ရေးသား လုပ်ကြံမှုများကို ပြတ်ပြတ်သားသား ဆန့် ကျင်သွားရမယ်။ ကွန်မြူနစ်ပါတီတွေဟာ ၂၀ ရာစု ဆိုရှယ်လစ်စနစ် အတွေ့အကြုံများနဲ့ အောင်မြင်မှုများကို နည်းသဏ္ဌာန်မျိုးစုံဖြင့် စောင့် ထိန်းကာကွယ်သွားကြရမယ်။ ဒီအတွေ့အကြုံများအပေါ် နယ်ချဲ့သမားရဲ့ သွားပုပ်လေလွင့် ပြောဆိုချက်များနဲ့ ကွန်မြူနစ်လှုပ်ရှားမှုကို ဖိနှိပ်တဲ့ ဖြီးလုံး ဖြန်းလုံးတွေကို ဖွင့်ချသွားရမယ်။

ကွန်မြူနစ်ပါတီတွေဟာ နယ်ချဲ့သမားက ပြည်သူတွေကို အလစ် အငိုက် တိုက်ခိုက်နေတဲ့ စစ်ကြောင်းအသီးသီးအား ဆန့်ကျင်မှုများတွင် ပါ ဝင်ရမယ်။ အထူးသဖြင့် နေတိုးအဖွဲ့ရဲ့အခန်းကဏ္ဍ တိုးချဲ့လာမှုကို တုံ့ပြန် ကြရမယ်။ ဆိုလိုတာက ကျင်းပပြီးစီးသွားခဲ့တဲ့ နေတိုးထိပ်သီးအစည်းအဝေး များမှာ ကျူးကျော်ရေးလက္ခဏာ ပိုမိုရှိတဲ့“သေနင်္ဗျူဟာ”တွေကို တင်ပြ လာပြီး၊ အဲဒီကတဆင့် စစ်ရေးအရ ခြိမ်းခြောက်မှုတွေကို တိုးချဲ့လာတယ်။ နေတိုးရဲ့ အဲဒီသေနင်္ဗျူဟာတွေကို စိန်ခေါ်သွားရမယ်။ နိုင်ငံတကာ လှုပ် ရှားမှုကို ဆင်နွှဲသွားရေး အခွင့်အလမ်းတွေဟာ ရင့်မှည့်လာနေပါပြီ။ ဒီအ ချက်ကနေ နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီများဟာ နိုင်ငံတကာအစီအစဉ် အရ အားဖြည့်ပူးပေါင်းဆောင်ရွက်သွားရေး၊ လှုပ်ရှားမှုအမျိုးမျိုးမှာ ပါဝင် ဆောင်ရွက်သွားရေးကို တောင်းဆိုနေပါပြီလို့ ဆွေးနွေးခဲ့ကြတယ်။

တက်ရောက်လာတဲ့ ကိုယ်စားလှယ်အသီးသီးက အကြိမ် ၂၀ မြောက် ကွန်မြူနစ်များရဲ့ နှီးနှောဖလှယ်ပွဲကို ၂၀၁၁ မေလ ၁၃ မှ ၁၅ ရက် အထိ ဘရပ်ဆဲလ်မြို့မှာ ၃ ရက်ကြာ ကျင်းပသွားရေးနဲ့ အဓိက ခေါင်းစည်း အဖြစ် “အရင်းရှင်စနစ်ရဲ့ စနစ်လက္ခဏာဆောင်တဲ့ အကျပ်အတည်း တနေ့ တခြား နက်ရှိုင်းလာတဲ့ခေတ်မှာ ကွန်မြူနစ်ပါတီများ အင်အားတောင့်တင်း လာခြင်း” ဆိုတာကို ဆွေးနွေးသွားရန် သတ်မှတ်ထားပါတယ်။

စိမ်းမြမြဝိုင်း

၂၀၁၁၊ ဇန်နဝါရီ ၁၂။



# ၂၁ ရာစု ပထမ ၁၀ စုနှစ်အတွင်း အပြောင်းအလဲများနဲ့ လာမယ့် ၁၀ စုနှစ်ကို မျှော်ကြည့်ခြင်း



ခင်အေးကြည်မြ

၂၁ ရာစု ပထမ ၁၀ စုနှစ်နှစ်အတွင်း အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုအတွင်း "မမျှော်လင့်တဲ့ ဖြစ်ရပ် ၁၀ ခု" ဖြစ်ပေါ်ခဲ့တယ်။

၁။ ခေါ်ဆိုလေ့ရှိတဲ့ စစ်အေးခေတ်ကာလများက "အောင်ပွဲရရှိသူကြီး" ဟာ မျက်မှောက်ကာလမှာ "ရှုံးနိမ့်သူ" ဖြစ်လာနေခြင်း

၂။ ဆိုဗီယက်နဲ့ အရှေ့ဥရောပ ပြိုကျသွားပြီးနောက် " အနောက်အုပ်စုရဲ့ ဘေးကျပ်နံကျပ် အခြေအနေနဲ့ သူ့အပေါ် ကမ္ဘာ့ခေါင်း ဆောင်အဖြစ် မှားယွင်းစွာ အသိအမှတ်ပြုထားမှု စတင်ကျဆင်းလာခြင်း"

၃။ ရုရှားဟာ "အနောက်တိုင်းအင်အားစုများနဲ့ အနောက်တိုင်း တန်ဖိုး တရားအမြင်များကို ခုခံဆန့်ကျင်တတ်" လို့ နောက်ဆုံးမှာ အနောက်တိုင်းဟာ ဆုတ်ခွာလာရခြင်း

၄။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံရဲ့ အချက်အချာသို့ ထွန်းသစ်စ အင်အားကြီး နိုင်ငံများ အလျင်အမြန် ရောက်ရှိလာခြင်း

၅။ တရုတ်ပြည်ဟာ ဆိုဗီယက်လို "ပြိုကျ" မသွားဘဲ၊ ဒါနဲ့ပြောင်းပြန် ကမ္ဘာ့ အလယ်မှာ ပေါ်လွင်ထင်ရှားလာခြင်း

၆။ "သမိုင်းနိဂုံးချုပ်သွားပြီဆိုတဲ့ သဘောတရား" ဟာ "သမိုင်းစိတ်ကူး ယဉ်မှုအမှတ်လက္ခဏာ" ဖြစ်သွားခြင်း

၇။ အရင်းရှင်စနစ်တွေးခေါ်ယူဆမှုက ကမ္ဘာကြီးအား ဝါးမျိုပစ်မယ်ဆိုတဲ့ စိတ်ကူးယဉ်မှု ရိုက်ချိုးခံလိုက်ရခြင်း

၈။ ဘဏ္ဍာငွေကြေး အကျပ်အတည်းက "အမေရိကန်ပုံစံ" "ဝါရှင်တန် သဘောတူညီချက်" တို့ရဲ့ ဂုဏ်သိက္ခာနဲ့အရှိန်အဝါများကို လုံးဝလွင့်ပါး ပျောက်ကွယ်သွားစေခဲ့ခြင်း

၉။ ဒီ ၁၀ နှစ်ဟာ "အမေရိကန် နဖူးကွဲ ဒူးပြဲဖြစ်ရတဲ့ ၁၀ နှစ်တာ" နဲ့ "အနောက်တိုင်း ရှုံးနိမ့်ရတဲ့ ၁၀ နှစ်တာ" ဖြစ်သွားခြင်း

၁၀။ အမေရိကန်က ကမ္ဘာကြီးကို ပြုပြင်ပြောင်း လဲရေးထက် ကမ္ဘာကြီးက အမေရိကန်အား ပြုပြင် ပြောင်းလဲရေးက အဝေးကြီး ကျော်လွန်ခရီးရောက်နေ ခြင်း... ...တို့ဖြစ်တယ်။

အမေရိကန်နဲ့ အနောက်တိုင်းရဲ့ "မမျှော်လင့်တဲ့ ဖြစ်ရပ် ၁၀ ခု" ဟာ ရောမ ရှုံးနိမ့်မှု၊ အကျပ်အတည်းတွေကနေ ပေါက်ဖွား ပေါ်ထွက်လာတာဖြစ်တယ်။ တုံ့ဆိုင်းနောက်ကျမှုနဲ့ အဆင်မပြေမှု အနာရောဂါတွေ အဖြစ် သိမြင်နားလည်ရတယ်။ ရာစုသစ်ရဲ့ နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ် ရေစီးကြောင်း တစတစ ပြောင်းလဲမှုနဲ့ နိုင်ငံတကာ နိုင်ငံရေးအင်အားစုတွေ နှိုင်းယှဉ်ခြင်းအားဖြင့် ပြောင်းလဲမှုဟာ အမေရိကန်နဲ့ အနောက်တိုင်းရဲ့ အကျိုးစီးပွားတွေနဲ့ ကိုက်ညီမှုမရှိတာတွေ ပေါ်လွင်ထင်ရှားလာတယ်။ ကမ္ဘာလုံး ဆိုင်ရာ သေနင်္ဂဗျူဟာ ချိန်ခွင်ညှာကို ချိုးဖျက်ပစ်လိုက်တယ်။ "ကမ္ဘာကြီးဟာ အစီအစဉ်သစ်ကို ထပ်မံတည်ဆောက်နေဆဲဖြစ်တယ်"။ အမေရိကန်နဲ့ အနောက်တိုင်းဟာ စိုးရွံ့ထိတ်လန့်၊ မတည်မငြိမ်ဖြစ်နေတယ်။ ချက်ချင်းဆိုသလို "အိပ်မက်ဆိုး" က လန့်နိုးလာသလို သူတို့ရဲ့ ပြည်တွင်းပြည်ပ သေနင်္ဂဗျူဟာကို ပြန်လည်စဉ်းစားတာ ထိန်းညှိတာတွေကို အသီးသီးလုပ်နေရတယ်။

၂၀၀၁ မှာ ဖြစ်ပွားခဲ့တဲ့ ၉,၁၁ အဖြစ်အပျက်ဟာ ရာစုသစ်ရဲ့ ပထမ ၁၀ စုနှစ် ထဲကို လှမ်းဝင်ခြင်းရဲ့ "အားကောင်းတဲ့ အရှိန်မြှင့်ကိရိယာ" နဲ့ "ထင်ရှားတဲ့ အမှတ်လက္ခဏာ" ဖြစ်တယ်။ ဒါဟာ ၂၀ ရာစု ၉၀ ခုနှစ်များက အမေရိကန်နဲ့ အနောက်တိုင်းရဲ့ "မပူမပင် မကြောင့်မကြဖြစ်ကြရတဲ့ စစ်အေးလွန်တေး" နဲ့ "စိတ်ကူးယဉ်မှုများနဲ့ ပြည့်လျှမ်းနေတဲ့ ကြားခံတေး" တွေဟာ ၂၁ ရာစုသို့ ကမ္ဘာကြီး လှမ်းဝင်ဝင်ချင်း ပထဝီနိုင်ငံရေးရဲ့ အမှတ်လက္ခဏာ အဖြစ်အပျက်တွေဖြစ်တယ်။ ကမ္ဘာ့ ပထဝီ နိုင်ငံရေး၊ စီးပွားရေးနယ်နိမိတ်မှာ အမေရိကန်နဲ့ အနောက်တိုင်းက မမြင်လိုတဲ့ လက်တွေ့တွေ၊ လက်မခံလိုတဲ့ အကျိုးဆက်တွေနဲ့ အသိအမှတ်ပြုဖို့ စိတ်သ

ဘောထားမရှိတဲ့ အလားအလားတွေ ပေါ်ထွက်လာခဲ့တယ်။

အမေရိကန်နဲ့ အနောက်တိုင်း ကွန်ဆာဗေး တစ်ဝါဒ ကိုယ်ကျင့်တရားအခြေခံတွေနဲ့ လေးနက်မှုတွေဟာ ယိမ်းယိုင်လာတယ်။ လစ်ဘရယ်ဝါဒသစ်ဟာ အမေရိကန်နဲ့ အနောက်တိုင်းကို "တွေးခေါ်ယူဆမှု အကျပ်အတည်း"ဆိုက်ရောက်စေတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံရေး၊ စီးပွားရေး ပုံစံအမျိုးမျိုး ပေါ်ထွက်လာနေမှုက အမေရိကန်နဲ့ အနောက်တိုင်းကို မတည်ငြိမ်မှုဖြစ်စေတယ်။ တရုတ်ပြည်ရဲ့ ထူးခြားတဲ့ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ထွန်းတိုးတက်မှုပုံစံက အမေရိကန်နဲ့ အနောက်တိုင်းကို "အကြီးအကျယ် ခြိမ်းခြောက်မှု"လို့ ခံစားသွားစေတယ်။

သမိုင်းရဲ့ ကြေးမုံပြင်ထဲမှာ အနာဂတ်လမ်းကြောင်းရဲ့ အလင်းရောင် ရောင်ပြန်ဟပ်နေတယ်။ ဒီရာစုရဲ့ ဒုတိယ ၁၀ စုနှစ်အတွင်း နိုင်ငံတကာ နိုင်ငံရေး အခြေအနေတွေဟာ ပထမ ၁၀ စုနှစ်အတွင်းမှာ ပြောင်းလဲခဲ့တဲ့ အခြေခံအုတ်မြစ်အရ ဆက်လက် တစတစ ပြောင်းလဲသွားလိမ့်မယ်။ ကမ္ဘာတခု၊ စနစ်အမျိုးမျိုး၊ အတူတကွ တည်ရှိပါလိမ့်မယ်။ ကမ္ဘာမှာ ဝင်ရိုးအများအပြား ဖြစ်ထွန်းရေးဟာ နိုင်ငံတကာ နိုင်ငံရေးအစီအစဉ်အဖြစ် ဖြစ်ထွန်းတိုးတက်နေတဲ့ အခြေခံဦးတည်ချက်အတိုင်း ဆက်လက် ဖြစ်လာပါလိမ့်မယ်။ လူ့အဖွဲ့အစည်း စနစ်အမျိုးမျိုးနဲ့ ဖွံ့ဖြိုး တိုးတက်ရေးပုံစံ အမျိုးမျိုးတို့ဟာ အပြန်အလှန် မှီခို တည်ရှိသွားလိမ့်မယ်။ ပြုပြင်ပြောင်းလဲမှု ထိန်းညှိရေး၊ ဖြစ်ထွန်း တိုးတက်ရေးမှာ အပြန်အလှန်ပြိုင်ဆိုင်မှုတို့ဟာ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအလားအလာ ဖြစ်လာလိမ့်မယ်။ အမေရိကန်နဲ့ အနောက်တိုင်းဟာ ပါဝါအပျော့၊ ပါဝါအမာ ၂ မျိုးစလုံး နှိုင်းယှဉ်ခြင်းအားဖြင့် ချည့်နဲ့လာလိမ့်မယ်။ ဒါပေမဲ့ ဒါကို လုံးဝထိုင်ကြည့်နေလိုစိတ် ရှိမှာမဟုတ်ဘူး။ ဆိုလိုတာက မိမိရဲ့ သာလွန်မှုနဲ့ ရှေ့ဆောင်ခွင့်တွေ ဆုံးရှုံးသွားမှာကို လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။ နိုင်ငံတကာ နိုင်ငံရေးအင်အားစု အချိုးအစားများအတွင်း အမေရိကန်ရဲ့ အကြွင်းမဲ့ သာလွန်မှုတွေ ဆုံးရှုံးသွားပေမယ့် တခုတည်းသော အင်အားလွန်နိုင်ငံဖြစ်မြဲ ဖြစ်နေတယ်။ ကမ္ဘာ့စနစ်ရဲ့ ထိပ်ဆုံးမှာ ရှိမြဲရှိနေတယ်။ တရုတ်ပြည်လမ်းကြောင်း၊ တရုတ်ပြည်ပုံစံတို့က ဝင်ရိုးအများအပြား ဖြစ်ထွန်းရေးမှာ အင် အားတောင့်တင်းရေး၊ ဩဇာမြင့်တက်ရေးနဲ့ နိုင်ငံတကာ နိုင်ငံရေးအတွင်း ရေပန်းစားတဲ့ အကြောင်းအရာ ဖြစ်လာရေးတို့ကို တွန်းဆော်ပေးပါတယ်။

တရုတ်ပြည်ဟာ ဂုဏ်သိက္ခာများစွာရှိတဲ့ နိုင်ငံတနိုင်ငံအနေနဲ့ ကမ္ဘာ့စနစ်ထဲကို ဝင်ရောက်ခဲ့တာပါ။ အထူးသဖြင့် "တရုတ် ပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ဆိုရှယ်လစ်နိုင်ငံတနိုင်ငံအနေနဲ့ နိုင်ငံတကာ နိုင်ငံရေးစနစ်အဆောက်အအုံ"ကို ပြောင်း လဲပစ်ခဲ့တယ်။

တရုတ်ပြည်ကို ကမ္ဘာကြီးက မတူတဲ့အသံအမျိုးမျိုးနဲ့ ဝေဖန်မှုတွေ ဖြစ်ပေါ်နေတယ်။ မတူတဲ့ ရပ်တည်ချက်တွေကနေ တရုတ်ပြည်ကို ကြည့်နေကြတယ်။ မတူတဲ့သဘောထားတွေအရ တရုတ်ပြည်နဲ့ ဆက်ဆံနေကြတယ်။ မတူတဲ့ နိုင်ငံအမျိုးအစားအလိုက် နေရာအားလုံးက တရုတ်ပြည်ကို အာရုံစူးစိုက်လာနေကြတယ်။ ထောက်ခံသူ၊ မျှော်လင့်အားထားသူ၊ မြှောက်ပင့်သူ၊ လုပ်ကြံသူ၊ သကော်မကင်းသူ၊ ပူပင်ကြောင့်ကြသူ၊ ချုပ်ငင်ထားလိုသူ၊ ရန်လိုမုန်းထားသူ၊ ဝိုင်းပတ်ပိတ်ဆို့လိုသူစသဖြင့် အမျိုးမျိုးအဖုံဖုံ ရှိနေပါတယ်။ "တရုတ်ပုံစံ"ဟာ နိုင်ငံတကာ နိုင်ငံရေးအတွင်း လူကြိုက်များတဲ့ ၊ ခေတ်စားတဲ့ အကြောင်းအရာ ဖြစ်လာနေတယ်။

တရုတ်ပြည်နဲ့ ကမ္ဘာကြီးရဲ့ ဆက်စပ်မှုဟာ ဆက်လက်နက်ရှိုင်းလာနေတယ်။ ကြုံတွေ့နေရတဲ့ အခွင့် အလမ်းတွေနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဟာ အဆက်မပြတ် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာနေ တယ်။

ရာစုသစ်ဟာ ဒုတိယ ၁၀ စုနှစ်ရဲ့ သမိုင်းချိတက်ရာလမ်းခရီးသို့ တက်လှမ်းသွားနေပါပြီ။ မိမိအရေးကိစ္စတွေကို မိမိတို့ဘာသာ ဂရုတစိုက်နဲ့ ကောင်းအောင်လုပ်သွားရန် အထူးလိုပါတယ်။

ရှေ့ချီတက်ရမယ့်လမ်းကြောင်းကို ရှင်းအောင် ကြည့်မြင်တတ်ကြဖို့ လိုအပ်ပါလိမ့်မယ်။

ခင်အေးကြည်မြ
၂၀၁၁၊ ဇန်နဝါရီ ၁၃။




# သရုပ်ပြစာမျက်နှာ



## လမ်းပေါ်ကနိုင်ငံရေး တခေတ်ဆန်းပြီ

## ပြည်သူလူထုက သမိုင်းကို ဖန်တီးတယ် ပြည်သူလူထုဟာ သူရဲကောင်း။

အာဖရိကမြောက်ပိုင်း နိုင်ငံတနိုင်ငံဖြစ်တဲ့ တူနီရှားက ၂၀၁၁ ဇန်နဝါရီ (၁၃) ကစတင်လိုက်တဲ့ အာဏာရှင်စနစ် ဆန့်ကျင်ရေး လမ်းပေါ်ထွက် လူထုတိုက်ပွဲများဟာ ဒီနေ့အထိ ရပ်တံ့မသွားဘဲ အီဂျစ်၊ အယ်လ်ဂျီးယား၊ ယီမင်၊ ဘာရိန်း၊ လစ်ဗျား၊ ဂျော်ဒန်၊ အီရန်စသဖြင့် ပင်လယ်ကွေ့နိုင်ငံများသို့ ကူးစက်ပျံ့နှံ့ နေပါတယ်။ဒီနေ့အထိ အဆုံးမသတ်သေး ... ...



တူနီးရှားသမ္မတနိုင်ငံ



ဇန်နဝါရီ (၁၈) ရက်နေ့က ဆက်လက်တိုက်ပွဲဝင်နေတဲ့ တူနီရှား ပြည်သူမျ



ဇန်နဝါရီ ၂၀ ရက်



ဇန်နဝါရီ ၁၃ ရက်

# သရုပ်ပြစာမျက်နှာ



လမ်းပေါ်ထွက် ဆန္ဒပြ အီဂျစ်ပြည်သူများ (ဖေဖော်ဝါရီ ၁၂ စနေ၊ ၂၀၁၁)



အီဂျစ်



ဖေဖော်ဝါရီ ၄

## ပြည်သူလူထုက သမိုင်းကို ဖန်တီးတယ်

## ပြည်သူလူထုဟာ သူရဲကောင်း။

လမ်းပေါ်ထွက် ဆန္ဒပြနေကြတဲ့ ယီမင်ပြည်သူများ (၂၀၁၁ ဖေဖော်ဝါရီ ၃)






ယီမင်ပြည်ထောင်စုသမ္မတနိုင်ငံတော်

## လမ်းပေါ်ကနိုင်ငံရေး တခေတ်ဆန်းပြီ



ယီမင်မြို့တော် စန်နာတက္ကသိုလ်တွင် ဆန္ဒပြနေသော ကျောင်းသားများ (၂၀၁၁ ဖေဖော်ဝါရီ ၁၆)

# သရုပ်ပြစာမျက်နှာ



အယ်လ်ဂျီးရီးယား



၂၀၁၁ ဖေဖော်ဝါရီ ၁၃ အယ်လ်ဂျီးရီးယား ဆန္ဒပြပွဲ

ဖေဖော်ဝါရီ ၁၂





## လမ်းပေါ်ကနိုင်ငံရေး တခေတ်ဆန်းပြီ

လစ်ဗျား






၂၀၁၁ ဖေဖော်ဝါရီ ၁၉

ပြည်သူလူထုက သမိုင်းကို ဖန်တီးတယ်
ပြည်သူလူထုဟာ သူရဲကောင်း။



ဘာရိန်း

# ပြည်သူလူထုက သမိုင်းကို ဖန်တီးတယ် ပြည်သူလူထုဟာ သူ့ရဲကောင်း။








## သရုပ်ပြစာမျက်နှာ



## လမ်းပေါ်ကနိုင်ငံရေး တခေတ်ဆန်းပြီ



မော်ရိုကို ဖေဖော်ဝါရီ ၉ -၂၀





# သရုပ်ပြစာမျက်နှာ



ဂျော်ဒန်



ပြည်သူလူထုက သမိုင်းကို ဖန်တီးတယ်
ပြည်သူလူထုဟာ သူရဲကောင်း။



ဖေဖော်ဝါရီ ၁၇ အီရန် လူထုလှုပ်ရှားမှုများ



အီရန်



ဖေဖော်ဝါရီ ၁၈

## လမ်းပေါ်ကနိုင်ငံရေး တခေတ်ဆန်းပြီ

# စာတည်းအဖွဲ့ အမှာ

## “ကာကွယ်ရေးဦးစီးချုပ်နေရာ”

(၁)

၂၀၀၈ အခြေခံဥပဒေအရ အာဏာအရှိဆုံးရာထူး (၂) နေရာ ပေါ်ထွက်လာခဲ့တယ်။ သမ္မတရာထူးနဲ့ ကာ ကွယ်ရေးဦးစီးချုပ်ရာထူး –

ပင်စင်သက် မနီးသေးတဲ့ ဗိုလ်ချုပ်ကြီးငယ်များကတော့ ကာကွယ်ရေးဦးစီးချုပ်ရာထူးကို ပိုမက်မော ကြပါလိမ့်မယ်။ ဗမာပြည်ရဲ့ ထူးခြားချက်အဖြစ် သူက ‘လိုအပ်မယ်ထင်ရင်’ အချိန်မရွေးအာဏာသိမ်းခွင့်တောင် ခွင့်ပြုထားလို့ပဲ။

အားလုံးအတွက် အသက်ဘူး အပ်ထားရတဲ့ရာထူး – ဒါကြောင့်လည်း ဒီရာထူး ‘နတ်ကြီး’ နေပုံရတယ်။

(၂)

နံပါတ်ဝမ်းကြီးကိုယ်တိုင်က ‘နောင်တက်မယ့် ကာကွယ်ရေးဦးစီးချုပ်အသစ် ကြည့်ထားကြ’ လို့ ရှာရိုးကိုး ပေါက် လျှောက်ပြထားတာက တယောက်။

ဒီတယောက်ဟာ အာဏာစက်ကြီးလှတဲ့ တွင်း/၁ ကြီး ဗိုလ်ခင်ညွန့်ကို ဖယ်ရှားစဉ်က “ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူး” လို့ ရဲရဲဝံ့ဝံ့ ကြွေးကြော်ခဲ့သူ ဖြစ်တယ်။

ခုတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရာထူးလောက်နဲ့ပဲ “ဩ– ဥပဒေအထက်မှာ နံပါတ်ဝမ်းကြီး ရှိပါကလား” လို့ သဘောပေါက်လောက်ပါပြီ။

(၃)

နောက်တယောက် –

တပ်ချုပ်ကြီး အမိန့်ပေးသမျှ ဘာမဆိုလုပ်ပေးခဲ့သူ – ဒါကြောင့်လည်း အတက်မြန်ခဲ့တယ်။ ခု စစ်ရေးချုပ် – ကာ/ချုပ် အဖြစ် တက်လှမ်းဖို့ အဆင်သင့်ဖြစ်နေချိန် – အားလုံးကလည်း ‘မလွဲနိုင်’ ဟု ‘တစ်’ ပေးထားချိန်–

‘ကာကွယ်ရေးဝန်ကြီးပဲ လုပ်တော့’ ဟု အမိန့်ထွက်လာပါတယ်။ သူက ငြင်းဆန်လို့ အဖမ်းခံနေရပြီ ဆိုတဲ့သတင်း ပြန့်နေပါတယ်။ ဟုတ်/မဟုတ် မသိ။

(၄)

နအဖရဲ့ ပထမဆုံးလွှတ်တော်မှာ မရှင်းမရှင်းတွေ များလှတယ်။ ဘာတွေလုပ်နေမှန်း ထိပ်ပိုင်းစစ်အရာ ရှိကြီးတွေကိုယ်တိုင်မသိ – ကြိုပြောနိုင်ဟန် မရှိ။

တပ်ချုပ်ကြီး ဘာတွေစဉ်းစားနေသလဲ –

တိုင်းပြည်အတွက်လား၊ တပ်အတွက်လား၊ စားမဝသေးတဲ့ သူ့မိသားစုအတွက်လား။

ပြည်သူတွေကတော့ သိတယ်။ ‘တို့အတွက် မပါနိုင်ဘူး’ ဆိုတာ။

(၅)

ကျွန်တော်တို့ကတော့ “ဖွင့်မယ့်ပေါက်ကောင် ကြည့်ရအောင်” လုပ်မနေနိုင်ပါဘူး။ ဂျာနယ်ထွက်ရက် နောက်ကျသွားမယ်။

ကျွန်တော်တို့ ပိုစိတ်ဝင်စားတာက သူတို့တတွေ “နိုင်ငံရေးစုဘူးကြီး” အဖြစ် အကျဉ်းထောင်တွေထဲ ပိတ် လှောင်ထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ဘယ်တော့လွှတ်လာမလဲ ဆိုတာကိုပဲ –

စာတည်းအဖွဲ့

၁၇၊ ၂၊ ၂၀၁၁





# မာတိကာ


ရှေ့ခရီးအတွက်စဉ်းစားချက် ၁
'နတ်ကရာ ကြည့်မော'နေလို့ မဖြစ် ၂
စစ်အာဏာရှင်စနစ်မှာ မဏ္ဍိုင်တခုတည်း ရှိတယ် ၃
ကိုချစ်လှိုင်မောင်စူးစမ်း သခင်တင်မြနဲ့ သခင်လှကွန်းတို့သို့တုံ့ပြန်စာ ၄
သတင်းနဲ့မှတ်ချက် ၇
စစ်အုပ်စုရေးဆွဲထားတဲ့ စစ်မှုထမ်းဥပဒေက ဘာလဲ ၈
စစ်အုပ်စုရဲ့ နောက်ကွယ်မှာ "ဘွဲ့ဖြူလက်နက်" ရှိနေတယ် ၁၀
လွှတ်တော်လွှန်ကာလမှာမှ ပွဲကြမ်းလာလိမ့်မယ်။ ညိုစိန်ဝင်း ၁၁
၂၀၁၁ နှစ်ဦးမှာ ဗမာပြည် ပြည်သူလူထုရဲ့ တိုက်ပွဲများကို ကြိုဆိုဂုဏ်ပြုလိုက်ပါတယ် ၁၂
ရန်ကုန်ဆင်းရဲသားရပ်ကွက်နဲ့ညှော်စာရင်းဒုက္ခ ၁၃
ဆိုဗီယက်ဘာကြောင့် ကျဆုံးသလဲ ၁၇
ကျွန်မဆက်ရေးချင်သော ဖေဖေ့အကြောင်း (အမှတ် ၂၁) ၂၀
ကိုကိုးကျွန်း ဆရာ–ရာဂျန်နှင့် ...ဆရာကတော် ၂၂
ကျွန်တော်မမေ့နိုင်တဲ့ လေထီးဗိုလ်အုန်းမောင် ၂၃
ရခိုင်ရိုးမနှင့် တသသ ...ဗိုလ်ဇေယျ ၂၅
ငြိမ်းချမ်းရေးအလံကို မြင့်မြင့်မားမားလွှင့်ထူကြ ၃၀
စာရင်းဇယားတွေ ပြန်တွေ့လာရပြီ ၃၂
စစ်မှုထမ်းဥပဒေ ခေါင်းပေါင်းလွှတ်တော်နဲ့ အေးစက်လေထု ၃၃
သဏ္ဌာန်တူ မှတ်တမ်းရဲ့ နိမိတ်ပုံ ၃၆
သားချော့တေး (ဝတ္ထုတို) ၃၇
နိုင်ဝင်းဆွေ သို့မဟုတ် အနုပညာမှော်ဝင်စားသူ ၄၁
နိုင်ငံတကာ့ရေးရာ ၄၅
၂၁ ရာစုဟာ အာရှရာစု ဖြစ်လာမလား ၄၉
ကွန်မြူနစ်များရဲ့ ၁၉ ကြိမ်မြောက် နီးနှောဖလှယ်ပွဲ ၅၁
၂၁ ရာစု ပထမ ၁၀ စုနှစ်အတွင်း အပြောင်းအလဲများနဲ့ လာမယ့် ၁၀ စုနှစ်ကို မျှော်ကြည့်ခြင်း ၅၄
သရုပ်ပြစာမျက်နှာ ၅၆
စာတည်းအဖွဲ့ အမှာ ၆၁

